The
# Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 43 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 9 , 2015



## ဆန်စပါးဈေးနှုန်းကောင်းတိုင်း တကယ်လယ်စိုက်တဲ့ တောင်သူလယ်သမားအားလုံး အကျိုးရှိရဲ့လား

မျိုးသု – DTPCA

၂၀

ဆီထွက်သီးနှံဈေးကွက်ထဲမှာ ဘုတလင်နေကြာဆီ ဈေးမြောက်လာ ၆

စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည့် “ရန်ကုန်စတော့အိတ်ချိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု အလားအလာ” အကြောင်း ဟောပြောဆွေးနွေးမည် ၁၅



## Supply Chain မှ Value Chain သို့ တစ်ဆင့်တက်လှမ်းတော့မယ့် ပဲတီစိမ်းပို့ကုန်လုပ်ငန်း

၁၄

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






- ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝင်ဝပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။



- မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်နေသည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ခိုင်မာစွာ ရရှိနိုင်မည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
- ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ Pile - Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦးတိုင်းတွင် 2500 sq-ftခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။



900 sq-ft for 2 Bedrooms
1260 sq-ft for 3 Bedrooms

- အဆောက်အဦးတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး စုပေါင်းအိမ်ရာဝင်း တစ်ခုလုံးအတွင်း Underground Cable များ ကိုသာအသုံးပြုသွားပါမည်။
- ရေကူးကန်များ ၊ စားသောက်ဆိုင်၊ Fitness Center, SPA, Steam, Sauna , Jacuzzi, Convenience Store၊ ကလေးကစားကွင်း နှင့် လူ (၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမကျယ်များ ပါဝင်သည့် Clubhouse တစ်ခု ပါရှိပါမည်။



- (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများ၊ အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။







**တစ်ပေပတ်လည်လျှင် ၇၅၀၀၀/- နှုန်း မှစတင်၍.. ရောင်းချပေးနေပါပြီ**

**DEVELOPER-**

GRAND STYLE CO.,LTD.၊ အမှတ်(၂၄၅)၊ ဗားကရာလမ်း (မြေနီကုန်းဂမုန်းပွင့်) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 797332211, 09 797221133
09 799332211, 09 799221133

# မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ ကျင်းပ



မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေနှင့် စပ်လျဉ်းပြီး မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားကို နိုဝင်ဘာလ ၅ ရက်နေ့ ၁၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အစိုးရသစ် တာဝန်ယူပြီးကာလနောက်ပိုင်း ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် တိုးတက်မှုအခြေအနေများ၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ နိုင်ငံ၏ စီးပွားရေး တိုးတက်မှုမှာ ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုပေါ်တွင် များစွာ မူတည်နေသည့်အတွက် မိမိတို့နိုင်ငံ၏ ကုန်သွယ်မှု တိုးတက်ရေးကို လုပ်ဆောင်ရာတွင် ကုန်သွယ်မှုနည်းလမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သော တစ်ဆင့်ပြန်လည်တင်ပို့ခြင်း(Re-export)စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်နေမှု အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများအပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုနှင့် စီးပွား ရေးကဏ္ဍရှိ အခက်အခဲများအား ဖြေရှင်းအဖြေရှာသည့်ပုဂ္ဂလိကနှင့်အစိုးရဌာနများ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်း (Private-Public-Dialogue-PPD) များကို စီစဉ်ခဲ့ရာ (၃၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး တင်ပြချက်များကို သက်ဆိုင်ရာဌာနများမှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် လွယ်ကူမှု Ease of Doing Business Ranking နှိုင်းယှဉ်ချက်ကို နှစ်စဉ်အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ရာ ၂၀၁၄ ခုနှစ်၌ အဆင့် ၁၈၂ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အဆင့် ၁၇၇ နှင့် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၇ သို့အသီးသီး မြင့်တက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် စပ်လျဉ်းပြီး ပြောကြားလိုသည့်အချက်မှာ မိမိတို့နိုင်ငံ၏ ကုန်သွယ်မှု ပမာဏများကို ဖော်ပြရာတွင် ကုန်စည် ကုန်သွယ်မှု (Trade in goods) ကိုသာ ထည့်သွင်းထားပြီး ဝန်ဆောင်မှု ကုန်သွယ်မှု (Trade in services) များ မပါဝင်သည့်အတွက် အကြမ်းဖျဉ်းအားဖြင့် ကုန်သွယ်မှုလိုငွေ (Trade Deficit) ဖြစ်သည်ဟု ပြောကြခြင်းဖြစ်ပါကြောင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသား အကျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး ကုန်သွယ်ရေးဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး အဖွဲ့တာဝန်ယူဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) များ မြို့ကြီးများတွင် ဖွင့်လှစ်သွားမည့် အခြေအနေများနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန (MYANTRADE) ဖွဲ့စည်းရန် စီစဉ်နေမှုများကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသည့် သတင်းမီဒီယာများမှ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် အမြဲတမ်းအတွင်းဝန်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းမှုအား ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ပြီး သတင်းမီဒီယာ ၁၆ ခုမှ သတင်းထောက် စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းနှင့် BTOS and Hardware Maintenance သင်တန်းဆင်းပွဲများသို့ တက်ရောက်အမှာစကားပြောကြား



ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် BTOS and Hard-ware Maintenance သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက် ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာအမြဲတမ်းအတွင်းဝန်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးတွင် ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမျိုးမျိုးအား ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိကြောင်း၊ စွမ်းဆောင်ရည် မြင့်မားမှသာ ဥပဒေလုပ်ထုံးလုပ်နည်းများကိုသိရှိပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့အောင်မြင်မှာဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို သိရှိလိုက်နာပြီး စွမ်းဆောင်ရည် အမြဲတမ်း မြင့်မားနေစေရန် ကြိုးစားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လုပ်ငန်းများလျှင်မြန်စွာ တိုးတက်စေရန်အတွက် သတင်းအချက်အလက် နည်းပညာဌာနခွဲမှ ကွန်ပျူတာပညာရပ်များအား သင်ကြားပေးခဲ့ပြီး လက်တွေ့နယ်ပယ်၌ အတွေ့အကြုံရှိသူများကလည်း ဆောင်ရန်ရှောင်ရန်များကို သင်ကြားပေးသဖြင့် လုပ်ငန်းခွင်၌ စွမ်းဆောင်ရည် မြင့်မားစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ထပ်ဆင့်မှာကြားပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုများအသီးသီး ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား/သူ ၉၈ ဦး တက်ရောက်ခဲ့ ကြကြောင်း သတင်းရရှိသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.43 Monday November 9 2015

# ယခုနှစ် မိုးစပါး (ကောက်စော)အထွက်နှုန်းနှင့် ပြောင်းလဲလာသော ရောင်းဝယ်မှုအခြေအနေ

ဖျာပုံခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ Trade Promotion Information Service - TPIS ဝန်ထမ်းများဟာ ယခုလက်ရှိ မိုးစပါး (ကောက်စော) အထွက်နှုန်း၊ အကျိုးအမြတ်နဲ့ ပြောင်းလဲလာသော ဝယ်ယူရောင်းချမှုပုံစံတို့အားလေ့လာရန် ဖျာပုံမြို့ သလိပ်ကြီးကျေးရွာအုပ်စု၊ သလိပ်ချောင်းကျေးရွာနှင့် ဖိုးစွာကျေးရွာများသို့ နိုဝင်ဘာလ ပထမအပတ်က ကွင်းဆင်းခဲ့ကြတယ်လို့ သိရပါတယ်။

"အခုကောက်စောအနေနဲ့ သီးထပ်ရင်စပါး ရိတ်သိမ်းကြတာပါ။ တစ်ဧကအထွက်နှုန်းကတော့ အခြောက်တင်း ၅၀ နှုန်းထွက်ပါတယ်။ မနှစ်ထက်စာရင် ငါးတင်းပိုထွက်ပါတယ်။ ဒီနှစ်ရာသီဥတုက ကောင်းမွန်တာကြောင့်ပါ၊ မိုးစပါးတစ်ဧကကုန်ကျစရိတ်ကတော့ ၁၄၅၀၀၀ ကျပ်ခန့်ရှိပါတယ်။ စပါးရောင်းဈေးက စပါးအခြောက်ပေါင် ၅၀ ကိုက် စပါးတစ်တင်းကို ၆၂၀၀ ကျပ်နဲ့ စက်ပိုင်များကိုယ်တိုင်လာရောက် ဝယ်ယူကြပါတယ်။ အရင်နှစ်တွေကဆို ဆန်စက်ကို သွားရောင်းရပါတယ်။ အခုဆိုရင် ကိုယ်တိုင်သွားရောင်းစရာ မလိုတော့ပါဘူး။ စက်ပိုင်ကိုယ်တိုင်လာရင်လာ ကိုယ်တိုင်မလာရင် စက်ပိုင်ရဲ့ ကိုယ်စားလှယ်တွေ လာဝယ်ကြပါ တယ်။ အခုလို စက်ပိုင်က ကွင်းထဲအထိ တိုက်ရိုက်လာဝယ်တဲ့အတွက် တောင်သူတွေအနေနဲ့ ယာဉ်ခ၊ တင်ခ၊ ချခ၊ အလုပ်သမားစရိတ်နဲ့ အချိန်ကုန်သက်သာပြီး နွေစပါးစိုက်ပျိုးဖို့ အချိန်ပိုရသလို တွက်ချေကိုက်မှုလည်း ရှိပါတယ်။ ဒီမြို့မှာ အခြားအရပ်ဒေသကလာပြီး ဝယ်ယူတဲ့အခါပုံစံသစ်ဖြစ်တဲ့ ခြွေလှေ့စက်နဲ့ အလုပ်သမားတွေ သယ်လာပြီး တောင်သူရိတ်ပြီးသား စပါးအစိုတွေကို ကိုယ်တိုင်ခြွေယူချိန်တွယ် ဝယ်ယူတာမျိုးတော့မရှိပါဘူး။

ဒီမှာက မိရိုးဖလာအတိုင်း ရိတ်သိမ်းခြွေလှေ့ပြီး စပါးကို နှစ်နေ အခြောက်လှမ်းပြီးမှ ရောင်းချတာမျိုးပဲရှိပါတယ်။ စပါးရောင်းဝယ်သူ ပွဲစားဆိုတာ သီးခြားမရှိတော့ပါဘူး။ စက်ပိုင်၊ ပွဲစားနဲ့ လယ်ဧကများများ လုပ်ကိုင်သူ လယ်သမားကြီးတွေက ပွဲစားပဲဖြစ်ပါတယ်။ အကျိုးအမြတ်အနေနဲ့ တစ်ဧကကုန်ကျစရိတ် ၁၄၅၀၀၀ ကျပ်၊ စပါးရောင်းဈေးက ပေါင် ၅၀ ကိုက်၊ တင်း ၁၀၀ ကို၆၂၀၀၀၀ ကျပ်ဆိုတော့ တစ်ဧကထွက်ရှိမှုအပေါ်မှာ တောင်သူအတွက် ၁၆၅၀၀၀ ကျပ် အကျိုးအမြတ်ရရှိပါတယ်"လို့ သလိပ်ကြီး ကျေးရွာအုပ်စုရှိ တောင်သူများဖြစ်တဲ့ ဦးအောင်ဆန်း၊ ဦးစိုးဝင်းနဲ့ ဒေါ်ယဉ်ယဉ်လှတို့ထံက သိရပါတယ်။ ဆက်လက်ပြီး တောင်သူများရောင်းချခဲ့တဲ့ "လှတိုးမင်း" ဟာလာဆန်စက်သို့ သွားရောက်ကာ ယခုမိုးစပါး (ကောက်စော) ဝယ်ယူကြိတ်ခွဲမှုများ ဆောင်ရွက်ပြီးနောက်ပိုင်း စက်ပိုင်၏ အကျိုးအမြတ်ရရှိမှုတို့ကို လေ့လာခဲ့ကြပါတယ်။

" ကျွန်တော်တို့ဆီမှာ စပါးအစို လာပြီးရောင်းချတာမရှိသလို ဝယ်ယူမှုလည်း မရှိပါဘူး။ အခုဝယ်ထားတဲ့ စပါးတွေက သီးထပ်ရင် အခြောက်တွေပါ၊ ပေါင် ၅၀ ကိုက် စပါးတင်း ၁၀၀ ကို ၆၂၀၀၀၀ ကျပ်နဲ့ ဝယ်ပါတယ်။ စပါးအစို မဝယ်တာက ကျွန်တော်ဆန်စက်မှာ စပါးအခြောက်ခံစက်မရှိလို့ပါ။ ပေါင် ၅၀ ကိုက် စပါးတင်း ၁၀၀ ကြိတ်ခွဲမယ်ဆိုရင် အလတ်စဆန် ၂၆ အိတ်၊ ဆန်ကွဲ ၄ အိတ်၊ ဖွဲနု ၃၆၀ ပေါင်နဲ့ ဖွဲကြမ်းတို့ ထွက်ပါတယ်။

စပါးတင်း ၁၀၀ ကြိတ်ခွဲတဲ့အပေါ် ကုန်ကျစရိတ်ဆိုတာ ရှိပါတယ်။ တင်ခ၊ ချခ၊ အိတ်ခွံခ၊ ပီနန်ကြိုးခ စတဲ့ကုန်ကျစရိတ်တွေကတော့ ပျမ်းမျှ ၈၇၅၀ ကျပ်ရှိပါတယ်။ ကြိတ်ခွဲပြီးဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဆန်နှင့် ဆန်ထွက်ပစ္စည်း ပြန်လည်ရောင်းချရရှိမှုမှာ ဆန်တစ်အိတ်ကို ၂၂၀၀၀ ကျပ်၊ ဆန်ကွဲတစ်အိတ်ကို ၁၆၀၀၀ ကျပ်၊ ဖွဲနုတစ်ပေါင်ကို ၁၂၀ ကျပ်ရောင်းရပါတယ်။

အဲဒီတော့ စပါးအခြောက် တင်း ၁၀၀ ဈေးက ၆၂၀၀၀၀ ကျပ်၊ ကြိတ်ခွဲမှု ကုန်ကျစရိတ်က ၈၇၅၀ ကျပ်၊ စုစုပေါင်း ၆၂၈၇၅၀ ကျပ်ဖြစ်ပြီး ဆန်နှင့်ဆန်ထွက်ပစ္စည်း ရောင်းရငွေ ၆၇၉၂၀၀ ကျပ်ဆိုတော့ မိမိတို့စက်ပိုင်ရဲ့ အကျိုးအမြတ်က စပါးတင်း ၁၀၀ ကြိတ်ခွဲပြီးတိုင်း ၅၀၀၀၀ ကျပ်ရရှိလို့ တွက်ချေကိုက်ပါတယ်။

အချို့ နဝလီ စပါးလာကြိတ်ရင် စက်ကြိတ်ခ စပါးတင်း ၁၀၀ ကို ၃၀၀၀၀ ကျပ်ယူပါတယ်။ လာရောက် နဝလီကြိတ်ခွဲသူက ဖွဲနုနဲ့ ဖွဲကြမ်း ပြန်မယူဘူးဆိုရင် စက်ကြိတ်ခ မပေးရပါဘူး။ အခမဲ့ ကြိတ်ခွဲပေးပါတယ်"လို့ သလိပ်ကြီးကျေးရွာမှ လှတိုးမင်း ဆန်စက်ပိုင်ရှင် ဦးမင်းအောင်က ရှင်းပြပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

# ဆန်ချောအဟောင်းရောင်းလိုအားများပြီး ဆန်ချောအသစ်ကို စားသုံးသူမကြိုက်လို့ ဈေးအေး၊ အရောင်းအဝယ် အေးနေပေမယ့် ဆန်ကြမ်းဈေးကတော့မာ

ရန်ကုန်မြို့၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ နိုဝင်ဘာလ ၆ ရက်နေ့ ဈေးနှုန်းအရ ဆန်ဟောင်းတွေဖြစ်တဲ့ ဖျာပုံပေါ်ဆန်း ထိပ်စ တစ်အိတ် ၃၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းထိပ်စ တစ်အိတ် ၄၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၉၅၀၀ ကျပ်တို့ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ နယ်စုံပေါ်ဆန်းအဟောင်း ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်ဖြစ်လို့ ယခင်အပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးကျခဲ့ပြီး ပေါ်ဆန်းသစ် နိုဝင်ဘာလ ၆ ရက်နေ့ဈေးမှာ တစ်အိတ်ကို ၂၆၀၀၀ ကျပ်မှ ၂၇၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို၄၀၀၀ ကျပ်ခန့်ဈေးကျလာခဲ့ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ချောအဟောင်းမှာ သိုလှောင်မှုကာလကြာမြင့်ပြီဖြစ်၍ ဆန်သားပွကာ လိုအပ်သည်ထက် ပိုမိုဝယ်ယူထားမည့်သူမရှိဘဲ ရောင်းလိုအားကများနေခြင်း ဆန်ချောအသစ်များလည်း ဝင်ရောက်လာနေပြီဖြစ်ပြီး၊ ဆန်ချောအသစ်ကို လက်လီဆိုင်သမားနှင့် စားသုံးသူက မကြိုက်သေးလို့ ဈေးမလိုက်ဘဲ ဈေးအေး၊ အရောင်းအဝယ်လည်း အေးကာ ဈေးကျလာရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ဆန်ကြမ်း အဟောင်းဖြစ်တဲ့ ဧည့်မထ ထိပ်စ တစ်အိတ် ၂၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၄၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့်ဈေးတက်လာတာ တွေ့ရပြီး ကုန်စည်ဒိုင်သို့ ဆန်ကြမ်းအသစ်တွေ ဝင်လာနေပြီး အကြမ်းအဟောင်းက မဝင်သလောက်ဖြစ်နေလို့ ဈေးတက်လာရတာဖြစ်ကြောင်း၊ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်ပုံမှန်ဝင်နေသော်လည်း အရောင်းအဝယ်က အေးနေကြောင်း ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် ၁၀၈ ပေါင် တစ်အိတ်ကို ဆန်သစ် ၁၉၀၀၀ ကျပ်ခန့်ရှိပြီး၊ ဆန်ဟောင်းဆိုပါက တစ်အိတ်ကို ၂၁၀၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်နေပြီး ဈေးကွက်သို့ ဆန်သစ်သာ အဝင်များလာပြီး ဆန်ကြမ်းအဟောင်းက မဝင်သလောက်ဖြစ်နေကြောင်း၊ ဧည့်မထ MYANMAR 25 % FOB (Yangon) ဈေး (310-315 )မှ (330-340 ) USD / MT ခန့်ဈေးနှုန်းရှိကြောင်း၊ သက်ဆိုင်ရာအသင်းအဖွဲ့များထံမှ သိရှိရပါတယ်။ ပြည်တွင်းဆန် ပေါက်ဈေးမကိုက်၍ ရန်ကုန် FOB တင်ပို့နိုင်မှုနည်းပါးနေကာ တန်းမြင့်ဆန်အချို့သာ တင်ပို့မှုရှိကြောင်း၊ တရုတ်-မူဆယ်လိုင်းကို ရန်ကုန်မှ ငစိန်ဆန်အသစ်များ တင်ပို့မှုရှိနေကြောင်း ဆန်ဈေးကွက်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ နိုဝင်ဘာလ ၆ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီ တစ်အိတ်ကို ၁၄၀-၁၄၄ ယွမ်၊ မနောသုခ ၅ မှတ် ၁၃၇-၁၄၀ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီ ၁၃၆-၁၄၀ ယွမ်နဲ့ မနောသုခ တစ်အိတ်ကို ၅ မှတ် ၁၃၅-၁၃၇ ယွမ်၊ ဧည့်မထ ၁၅ မှတ် ရတနာတိုး တစ်အိတ် ၁၃၂-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် ရတနာတိုး တစ်အိတ် ၁၂၈-၁၃၁ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရတနာတိုးနဲ့ မနောသုခ တစ်အိတ်ကို ၁၂၆-၁၂၈ ယွမ်၊ ငစိန် ၅ မှတ် ၁၄၄-၁၄၇ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၇-၁၄၀ ယွမ်၊ ငစိန် ၂၅ မှတ် ၁၃၂-၁၃၅ ယွမ်ဈေး အသီးသီးဖြစ်ခဲ့ကြပြီး၊ နိုဝင်ဘာ ၆ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၁ ဒသမ ၈ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်ယွမ်ကို ၂ ဒသမ ၂ ကျပ်ခန့် ဈေးတက်လာခဲ့ကြောင်း၊ တရုတ်ဘက်မှ ဖမ်းဆီးမည်ဟု သတင်းကြားရင် တင်ပို့မှုခေတ္တရပ်နားလေ့ရှိပြီး၊ အရောင်းအဝယ်မှာတော့ ကောင်းလျက်ရှိတယ်လို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်တန် ၁၅၇၈၇ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန်တန် ၅၃၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ မူဆယ်သို့ ဆန်တင်ဆောင်ခ တစ်တန်ကို ၉၀၀၀၀ ကျပ်ခန့် ရှိနေကြောင်း မူဆယ်ဆန်ဈေးကွက်နှင့် ကုန်တင်ကားဂိတ်များမှ သိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာ ၃၀ ရက်နေ့အထိ တန်ချိန် ၇၈၆၀၅၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇၄ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၇၇၆၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၈ သန်းကျော်ဖိုး တင်ပို့နိုင်မှု ပမာဏနှင့် တန်ဖိုးလျော့နည်းလျက်ရှိကြောင်း သိရှိရပါတယ်။

**MIRT - YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၂ | ၃၈၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၇၁ | △ | ၃၇၀ | ၃၇၀ | □ | ၃၅၀ | ၃၄၅ | ▽ | ၃၀၅ | ၃၁၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၁ | ၃၆၂ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၂၅ | ▽ | ၂၈၀ | ၂၈၅ | △ |
| ပေါင်းဆန် | ၃၆၀ | ၃၅၀ | ▽ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၀ | ၄၉၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၆-၁၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | △ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၅၀၀ | □ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၆၀၀ | △ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၇၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | △ | - | - | ၃၅၀၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | □ | ၂၆၅၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၃၀၀၀ | △ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၁၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၁၀ | ၆/၁၁ | ပြောင်းလဲမှု | ၃၀/၁၀ | ၆/၁၁ | ပြောင်းလဲမှု | ၃၀/၁၀ | ၆/၁၁ | ပြောင်းလဲမှု | ၃၀/၁၀ | ၆/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၆၃၇ | ၃၅၆၈ | ▼ | - | - | - | ၃၆၀၀ | ၃၆၀၀ | ■ | ၃၅၀၀ | ၃၆၀၀ | ▲ |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | - | - | - | ၃၃၅၀ | ၃၃၅၀ | ■ |
| ၃ | ပဲတီစိမ်း | ၂၂၅၀ | ၂၁၃၀ | ▼ | - | - | - | ၁၈၄၂ | ၁၈၄၂ | ■ | ၁၈၉၅ | ၁၉၂၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၅၀ | ၂၄၅၀ | ▼ | - | - | - | - | - | - | ၁၉၇၅ | ၁၉၇၅ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၁၅ | ▼ | - | - | - | - | - | - | ၁၀၅၀ | ၁၁၆၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၀၀ | ▼ | ၉၄၂ | ၉၂၄ | ▼ | - | - | - | ၇၆၅ | ၇၆၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၆-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၉/၁၀ | ၅/၁၁ | ပြောင်းလဲမှု | ၂၉/၁၀ | ၅/၁၁ | ပြောင်းလဲမှု | ၂၉/၁၀ | ၅/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၃၀ | ၁၇၀၀ | ▼ | - | - | - | ၁၃၈၁ | ၁၃၇၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၅၇၀ | ■ | - | - | - | ၁၇၅၀ | ၁၆၁၄ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | - | - | - | ၁၁၉၇ | ၁၁၈၈ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၉၀ | ၇၉၂ | ▲ | ၇၅၂ | ၇၆၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၄၊၁၀၊၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၃၁၊၁၀၊၁၅)ထိ | ပြည်ပတင်ပို့မှု (၁၊၄၊၁၅) မှ (၃၁၊၁၀၊၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၄၁၆ | ၁၇၀၅ | ၃၈၄၂၆၃ |
| ပဲတီစိမ်း | ၂၂၅၉ | ၆၈၀ | ၁၀၈၂၄၉ |
| ပဲစင်းငုံ | ၇၁၈ | ၅၉ | ၁၁၅၅၇၅ |
| ကုလားပဲ | - | ၄၁ | ၂၃၂၀၇ |
| ပဲလွန်းဖြူ | ၄၀၇ | ၄၄ | ၁၂၅၀၃ |
| မြေထောက်ပဲ | ၈၇ | ၈၁ | ၁၂၁၈၇ |

# မုံရွာငုံနီကြိုပွိုင့်ဈေးကွက် ဝယ်လက်ရဲပေမယ့် ရောင်းလက်ကျဲ

မုံရွာကုန်စည်ဒိုင် ပဲစင်းငုံနီဈေးကွက်မှာ နိုဝင်ဘာ ပထမပတ်အတွင်း တစ်တင်း ၃၅၀၀၀ ကျပ်နဲ့ ဈေးသာဖွင့်နိုင်ခဲ့ပြီး ပဲလက်ကျန်မရှိသလောက်နည်းနေလို့ ရောင်းလက်မရှိသလို အရောင်းအဝယ်လည်း မဖြစ်သလောက်သာရှိတယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ငုံနီ လက်ငင်းအရောင်းအဝယ်ဈေးကွက် ပြီးဆုံးသလောက်ရှိပေမယ့် ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းနေတဲ့ ပဲစင်းငုံတွေ အပွင့်ဝင်စ ယခုရက်သတ္တပတ်မှာ တော့ တစ်တင်း ၅၀၀၀၀ ကျပ်နှုန်း၊ ၁၀ ရာခိုင်နှုန်း ကြိုတင်ငွေချေစနစ်နဲ့ ရန်ကုန်ဝယ်လက်အချို့ ဈေးမြှင့်ဝယ်လိုခဲ့ကြပေမယ့် ဒေသခံကုန်သည်တွေ မရောင်းရဲကြဘူးလို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ပြီးခဲ့တဲ့ ရာသီငုံနီပဲသစ်ပေါ်ချိန်၊ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအနေနဲ့ ၂၀၁၅ ဇန်နဝါရီလထဲမှာ တစ်တင်းကို အမြင့်ဆုံး ၂၅၈၀၀ ကျပ်၊ ဖေဖော်ဝါရီလထဲမှာ တစ်တင်းကို အမြင့်ဆုံး ၂၉၄၀၀ ကျပ်နဲ့ မတ်လအတွင်း တစ်တင်းကိုအမြင့်ဆုံး ၂၉၆၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ ဒေသအသီးသီးက ပဲစင်းငုံတောင်သူတွေရဲ့ အမြင်မှာတော့ အခုအခြေအနေအတိုင်း ရာသီဥတုမှန်ကန်ခဲ့ရင် ပုံမှန်အထွက်နှုန်းထက် မလျော့နိုင်ဘူးလို့ လေ့လာကြားသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မန်းကုန်စည်ဒိုင် ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ယခုတစ်ပတ်ဈေးနှုန်းနဲ့ ယခင်လကာလတူဈေးနှုန်းများ နှိုင်းယှဉ်ခြင်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ နိုဝင်ဘာလ ပထမပတ်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့မြေပဲဆန်တို့ရဲ့ ဈေးနှုန်းများကို ယခင်လကာလတူဈေးနှုန်းနဲ့နှိုင်းယှဉ်ပါက -

| စဉ် | သီးနှံအမည် | ၂. ၁၀. ၂၀၁၅ နိမ့် | ၂. ၁၀. ၂၀၁၅ မြင့် | ၄. ၁၁. ၂၀၁၅ နိမ့် | ၄. ၁၁. ၂၀၁၅ မြင့် |
|---|---|---|---|---|---|
| ၁။ | ပဲတီစိမ်း | ၁၆၀၀ | ၂၁၈၇ | ၁၂၄၄ | ၁၉၂၀ |
| ၂။ | ပဲကြီး | ၁၇၁၉ | ၁၉၀၀ | - | ၁၉၀၀ |
| ၃။ | ပဲပုပ် (ရှမ်း) | ၉၂၀ | ၉၉၅ | ၉၉၅ | ၁၀၈၉ |
| ၄။ | ပဲပုပ် (ဗမာ) | ၁၀၁၄ | ၁၀၃၃ | ၁၀၁၄ | ၁၀၂၃ |
| ၅။ | ပဲယင်း | ၈၅၀ | ၈၆၇ | - | ၉၀၀ |
| ၆။ | ထောပတ်ပဲ | ၉၆၀ | ၁၀၁၃ | ၉၂၄ | ၉၇၈ |
| ၇။ | နိုင်လွန်ပဲ | ၁၀၁၃ | ၁၀၆၃ | ၁၀၉၇ | ၁၁၄၈ |
| ၈။ | ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၂၆ | ၄၁၇ | ၄၂၆ |
| ၉။ | ပြောင်းဖူးစေ့ (CP) | ၄၂၆ | ၄၃၅ | ၄၂၆ | ၄၃၀ |
| ၁၀။ | အထွက်တိုးပြောင်း | - | ၆၂၃ | - | ၅၆၆ |
| ၁၁။ | နှမ်းဖြူ | ၂၂၆၇ | ၂၅၁၁ | ၂၂၂၂ | ၂၄၄၄ |
| ၁၂။ | နှမ်းညို | ၂၀၀၀ | ၂၀၆၇ | - | ၁၈၈၉ |
| ၁၃။ | နှမ်းနက် | ၃၂၂၂ | ၃၅၅၆ | ၃၀၀၀ | ၃၆၆၇ |
| ၁၄။ | နှမ်းနက် (စမုံ) | ၄၃၃၃ | ၄၈၈၉ | ၄၄၄၄ | ၄၉၃၃ |
| ၁၅။ | ပန်းနှမ်း | ၂၆၆၇ | ၂၇၇၈ | ၂၀၀၀ | ၂၁၁၁ |
| ၁၆။ | မြေပဲဆန် (S1) | ၂၇၇၅ | ၂၈၅၀ | ၂၆၀၀ | ၂၇၀၀ |

ယခုတစ်ပတ်မှာ ပဲတီစိမ်းတစ်ပိဿာ ၁၉၂၀ ကျပ် (တစ်တန် ၁၁၇၅၇၈၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၂၅၈ ကျပ် (တစ်တန် ၁၅၇၉၉၇ ကျပ်) ဈေးအေးသွားသလို အရောင်းအဝယ်လည်းအေးတဲ့အတွက် နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ရှိပါတယ်။ ပဲကြီး တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ ယခင်လကာလတူဈေးနှုန်းအတိုင်း မပြောင်းလဲဘဲ နေ့စဉ်သုံးတင်းအိတ် ၁၂၀ ခန့် အရောင်းအဝယ်ရှိကြောင်းသိရပါတယ်။ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၂၃ ကျပ်(တစ်တန် ၆၂၆၄၇၅ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပဲယင်းတစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းထက် တစ်ပိဿာ ၃၃ ကျပ် (တစ်တန် ၂၀၂၀၉ ကျပ်) ဈေးမာပြီး နေ့စဉ်သုံးတင်း အိတ် ၁၅၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက် တစ်ပိဿာ ၃၅ ကျပ် (တစ်တန် ၂၁၄၃၄ ကျပ်) ဈေးအေးပြီး၊ နေ့စဉ်သုံးတင်းအိတ် အိတ် ၅၀ ခန့်၊ နိုင်လွန်ပဲတစ်ပိဿာ ၁၁၄၈ ကျပ် (တစ်တန် ၇၀၃၀၂၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လဈေးနှုန်းထက် တစ်ပိဿာ ၈၅ ကျပ် (တစ်တန် ၅၂၀၅၃ ကျပ်) ဈေးမြင့်တက်လာပြီး နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပဝယ်လိုအားလည်းရှိနေတဲ့ ပြောင်းဖူးစေ့များမှာ ပြည်တွင်းအစာစပ်လုပ်ငန်း၊ အရက်ချက်လုပ်ငန်းများမှ ပုံမှန်ဝယ်ယူမှုရှိနေပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၃၀ ကျပ် (တစ်တန် ၂၆၃၃၃၀ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၆၆ ကျပ် (တစ်တန် ၃၄၆၆၁၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းနဲ့ ကွာဟမှုအနည်းငယ်သာရှိပြီး နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းများအနက် ယခင်လကာလတူဈေးနှုန်းများနဲ့နှိုင်းယှဉ်ပါက နှမ်းဖြူ နှမ်းညိုနဲ့ ပန်းနှမ်းများ ဈေးအနည်းငယ်အေးသွားပြီး နှမ်းနက်နဲ့နှမ်းနက် (စမုံ) မှာ ဈေးမာလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၈၁ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၈၈၉ ကျပ် (တစ်တန် ၁၁၅၆၈၀၅ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)၊ နှမ်းနက်စမုံတစ်ပိဿာ ၄၉၃၃ ကျပ် (တစ်တန် ၃၀၂၀၉၂၀ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၂၁၁၁ ကျပ် (တစ်တန် ၁၂၉၂၇၅၅ ကျပ် )နဲ့ နေ့စဉ်နှမ်းရောင်စုံ သုံးတင်းအိတ် ၂၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး၊ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၇၀၀ ကျပ် (တစ်တန် ၁၆၅၃၄၅၃ ကျပ်) နဲ့ ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးအောက် တစ်ပိဿာ ၁၅၀ ကျပ် (တစ်တန် ၉၁၈၅၉ ကျပ်) လျော့နည်းကြောင်းသိရပါတယ်။

မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ဖြတ် စာရင်းအရ ၂၀၁၅ အောက်တိုဘာလ ပဲ၊ ပြောင်း၊ နှမ်းစီးထွက်မှု တန်ချိန်မှာ -

| စဉ် | သီးနှံအမည် | ၂၀၁၅ အောက်တိုဘာလ စုစုပေါင်း | ၂၀၁၅ အောက်တိုဘာလ တစ်ရက်ပျမ်းမျှ |
|---|---|---|---|
| ၁။ | ပဲတီစိမ်း | ၅၁၇ | ၁၆. ၆၈ |
| ၂။ | ပဲပုပ် | ၈၇. ၅ | ၂. ၈၂ |
| ၃။ | ပဲယင်း | ၄၀၇. ၈၈ | ၁၃. ၁၆ |
| ၄။ | ထောက်ပတ်ပဲ | ၁၁၆. ၇၅ | ၃. ၇၈ |
| ၅။ | ပြောင်းဖူးစေ့ | ၃၃၆၈. ၂ | ၁၀၈. ၆၅ |
| ၆။ | နှမ်းဖြူ/ညို | ၂၆၇၉. ၁၂ | ၈၆. ၄၂ |
| ၇။ | နှမ်းနက်/နှမ်းနက် (စမုံ) | ၇၉၇၁. ၅၆ | ၂၅၇. ၁၅ |
| ၈။ | မြေပဲဆန် (SI လုံးဆန်) | ၇၀၅. ၀၉ | ၂၂. ၇၄၄ |

၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ဖြတ်စာရင်းအရ ပဲမျိုးစုံနဲ့မြေပဲဆန်၊ ပြောင်းဖူးစေ့များစီးထွက်မှု သိသာစွာလျော့နည်းပြီး နှမ်းမျိုးစုံတစ်ခုတည်းသာ ပုံမှန်စီးထွက်သွားကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

# စစ်ကိုင်း မိုးမြေပဲဖော် ဆောင်းမြေပဲစိုက်နေပြီ

စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၅-၁၆ ခုနှစ် မိုးမြေပဲဧက နှစ်သိန်းခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး၊ ဆောင်းမြေပဲလျာထားစိုက်ဧက လေးသိန်းလေးသောင်းကျော်မှာ ဧက ခြောက်သောင်းကျော်စိုက်ပြီးလို့ ၁၄ ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း သိရပါတယ်။ ချောင်းဦးမြို့နယ် ခင်မွန်၊ ကျီကုန်း၊ အင်းမ၊ ကင်မွန်းတော်၊ ကုလားကြီး၊ ကံဇီး၊ တောချောင်းလေး၊ ဝယာ စတဲ့ကျေးရွာများမှာ တစ်ဧကအထွက်နှုန်း တင်း ၅၀ ကျော်ထွက်တဲ့ မြေပဲ SP-၁၂၁ မျိုးကို မုံရွာကုန်စည်ဒိုင်မှ တစ်တင်းကို ၄၃၀၀၀ ကျပ်နှုန်းနဲ့ ဝယ်ယူကာ ဆောင်းမြေပဲများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

မိုးမြေပဲများထွက်ပေါ်သော ဘုတလင်၊ အရာတော်၊ ဝက်လက်၊ ရွှေဘို၊ တန့်ဆည်မြို့နယ်များမှ မြေပဲတောင့် တင်း ၅၀၀ ကျော်နဲ့ မြေပဲဆန်ပိဿာ ၅၀၀၀ မှ ၇၀၀၀ ထိ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်လျက်ရှိရာ ဝင်ရောက်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်တစ်ဦးက ပြောပြပါတယ်။ နိုဝင်ဘာလ ပထမပတ်အတွင်း မုံရွာကုန်စည်ဒိုင်မှာ မြေပဲတစ်ပိဿာ ပေါက်ဈေးနှုန်းများမှာ မြေပဲဆန်နီ ၃၀၀၀ ကျပ်၊ မြေပဲဆန်ဖြူ ၂၅၅၀ ကျပ်၊ ၂၆၀၀ ကျပ်၊ ပဲဆီ ၄၄၀၀ ကျပ်၊ ပဲဖတ် ၁၁၄၅ ကျပ် ဈေးအသီးသီးဖြင့် ဈေးငြိမ်နေကြောင်းသိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပြည်ပဲနီပြား လက်လီသာ အဝယ်ရှိပေမယ့် ဈေးမြင့်ရ

ပြည်ပဲဈေးကွက်မှာ နိုဝင်ဘာလဆန်းရက် လက်လီပဲဈေးအချို့ မြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ပဲနီပြားသီးနှံဟာ လက်လီသာ အရောင်းအဝယ်ဖြစ်ပေမယ့် တစ်ရက်အိတ် ၂၀ ကျော် ၂၅ အိတ်အထိ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ၂၇၀၀၀ ကျပ်ရရှိခဲ့ပါတယ်။

နိုဝင်ဘာလအတွင်း လဆန်းရက်မှာ တစ်တင်း ၂၃၀၀၀ ကျပ်ရရှိခဲ့ရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ လကုန်ရက်မှာ တစ်တင်း ၂၆၅၀၀ ကျပ်ထိရရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံဟာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများ ရှိခဲ့လို့ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း - ပြည်**

# ပြည်ပဲပုပ် ဈေးဆက်ငြိမ်လျက်ရှိ

ယခုနိုဝင်ဘာလဆန်းရက် ပြည်ပဲဈေးကွက်မှာ ပဲဈေးအချို့ ဈေးမြင့်လာသော်လည်း ပဲပုပ်သီးနှံကတော့ ဈေးငြိမ်လျက်ရှိနေခဲ့ပါတယ်။ လက်ကျန်အနည်းငယ်ရှိလို့ လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ရက် ၁၀ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲဈေးမှာ ဈေးအတက်အကျသိပ်မဖြစ်ဘဲ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အခြားပဲများ ဈေးမြင့်တက်လာပေမယ့် ယခုနှစ်အတွင်းပဲပုပ်သီးနှံကတော့ ဈေးအေးခဲ့တဲ့ သီးနှံဖြစ်သလို ယခုလိုအချိန်မှာလည်း အရောင်းအဝယ်ဖြစ်မှု ပမာဏအနေဖြင့်လည်း နည်းခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ဆီထွက်သီးနှံဈေးကွက်ထဲမှာ ဘုတလင်နေကြာဆီ ဈေးမြောက်လာ

မုံရွာကုန်စည်ဒိုင်ဆီဈေးကွက်မှာ ပြီးခဲ့တဲ့ အောက်တိုဘာလဆန်းက တစ်ပိဿာ ၄၇၀၀ ကျပ်အထိ ဈေးအမြင့်ဆုံးဖြစ်ခဲ့ရာက ဒိုင်မှာမြေပဲဆန် လျှံလျှံဝင်ခဲ့လို့ ပဲဆီဈေးလည်း တဖြည်းဖြည်းကျဆင်းလာခဲ့ရာ နိုဝင်ဘာ ပထမပတ်ထဲ တစ်ပိဿာ ၄၄၀၀ ကျပ်အထိ ဖြစ်ပေါ်ခဲ့ပါတယ်။

နယ်အသီးသီးမှာ နှမ်းအထွက် ပုံမှန်သာရှိပြီး ဒိုင်ကို ပုံမှန်အဝင်ရှိတဲ့ နှမ်းဈေးတည်ငြိမ်မှုကြောင့် နှမ်းဆီကလည်း တစ်ပိဿာ ၃၉၀၀ ကျပ်မှာ ဈေးတန့်နေတာ တွေ့ရပါတယ်။ ဒိုင်ပြင်ပ လက်လီဈေးကွက်မှာတော့ ပဲဆီသန့် တစ်ပိဿာ ၆၅၀၀ ကျပ်မှ ၇၀၀၀ ကျပ်နဲ့ နှမ်းဆီသန့် တစ်ပိဿာ ၅၀၀၀ ကျပ်မှ ၅၅၀၀ ကျပ်ကြား ဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။

နေကြာဆီကတော့ မနှစ်က ဆီထွက်သီးနှံပေါ်ချိန်မှာ တစ်ပိဿာ ၃၂၀၀ ကျပ်သာရှိခဲ့ရာက ဒေသတွင်း စားသုံးမှု မြင့်တက်လာခြင်း၊ လောလောဆယ် နေကြာကုန်ကြမ်းနည်းပါးခြင်းတို့ကြောင့် နေကြာဆီအဓိက ကြိတ်ခွဲထုတ်လုပ်ရာ ဘုတလင်မြို့ပေါ်က ဆီဈေးကွက်မှာပင် လက်ကား တစ်ပိဿာ ၃၈၀၀ ကျပ်နဲ့ လက်လီ တစ်ပိဿာ ၄၂၀၀ ကျပ်အထိ ဈေးမြောက်လာခဲ့တာ တွေ့ရပါတယ်။

ဘုတလင်မြို့နယ်ဟာ မုံရွာခရိုင်အတွင်းမှာ နေကြာအများဆုံး စိုက်ပျိုးထွက်ရှိရာ ဒေသတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း မိုးစိုက်နဲ့ ဆောင်းစိုက်နှစ်မျိုးပေါင်း ဧက ခုနစ်သောင်းကျော်ရှိတယ်လို့ သိရပါတယ်။ မျိုး၊ မြေနဲ့ စိုက်ပျိုးနည်းစနစ် ကွဲပြားကြသလို အထွက်နှုန်းလည်းမတူညီဘဲ တစ်ဧက အနည်းဆုံး ၁၅ တင်းနဲ့ အများဆုံး ၂၅ တင်းကြား ထွက်ရှိတယ်လို့ နေကြာတောင်သူတွေက ဆိုပါတယ်။

တောင်သူ အားလုံးနီးပါးက နေကြာကို ကုန်ကြမ်းအတိုင်းရောင်းချမှုမရှိသလောက် နည်းပါးပြီး၊ ဘုတလင်ဆီစက်တွေမှာ ကုန်ကြမ်းပေးကုန်ချောယူစနစ်နဲ့ နေကြာဆီယူခြင်း၊ ဆီပေါက်ဈေးအတိုင်း ရောင်းခြင်း ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

နေကြာတစ်တင်းကို ဆီ ၃ ဒသမ ၅၀ ပိဿာမှ ၄ ပိဿာကြား သတ်မှတ်နှုန်းနဲ့ စက်ပိုင်တွေက ကြိတ်ခတစ်တင်း ၁၀၀၀ ကျပ်နဲ့ တောင်သူကို ပြန်အပ်တဲ့ စနစ်ကျင့်သုံးလျက်ရှိလို့ တစ်ဧကစိုက်ရင် နေကြာဆီ ပိဿာ ၆၀ ခန့်ကနေ ၉၀ ပိဿာခန့်အထိ ရရှိတဲ့အတွက် လောလောဆယ် လက်ကားဈေး ၃၈၀၀ ကျပ်နဲ့ဆိုရင် တစ်ဧကဝင်ငွေဟာ (ဆီ+နေကြာဖတ်) အပါအဝင် ကျပ် သုံးသိန်းမှ လေးသိန်းအထိ ရရှိနိုင်လို့ တွက်ခြေကိုက်မှုရှိတယ်လို့ ဘုတလင်မြို့နယ်က နေကြာစိုက်တောင်သူတွေထံက ကြားသိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**



# ယာမြေတွင်သဲတင်၍ မြေပဲစိုက်နည်းအကြောင်းရှင်းလင်းပြောကြား

ယင်းမာပင်ခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနဲ့အဖွဲ့ဟာ အောက်တိုဘာ ၂၇ ရက်က ယင်းမာပင်မြို့နယ်၊ ဇီးတောကျေးရွာအုပ်စု၊ ဇီးတောမြောက်ရွာ၊ အုန်းတောရွာသို့လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်က ဆားလင်းကြီးမြို့နယ်၊ ကျိုင်းခမောက်ကျေးရွာအုပ်စု၊ ကျိုင်းခမောက်ရွာ၊ ကျွန်းဖိုပင်ရွာများသို့ လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်က ဆားလင်းကြီးမြို့နယ်၊ ချောင်းရိုးကျေးရွာအုပ်စု၊ ချောင်းရိုးကျေးရွာများသို့လည်းကောင်း သွားရောက်ကာ အမျိုးသားပို့ကုန်မဟာဗျူဟာအတွက် နှမ်းနဲ့ မြေပဲစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ ပဲမျိုးစုံသီးနှံစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ စားသုံးသူရေးရာ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ပြီး၊ ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်၊ အက်တောကျေးရွာအုပ်စု သဲကုန်းကျေးရွာဘက်သို့ ကွင်းဆင်းခဲ့ရာတွင် ယာမြေ(တစ်နယ်)ပေါ်တွင် သဲများတင်၍ မြေပဲစိုက်ပျိုးသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ သဲတင်သည်ဆိုသည်မှာ သဲထု ၄ လက်မ (သို့) ၆ လက်မမှာ စိုက်ကြောင်းဆွဲကာ စိုက်ပျိုးသဖြင့် ပင်မမြေတွင် အမြစ်များဆင်းကာ အပင်ရှင်သန်ပြီး ပွင့်သည့်မြေပဲစွယ်သည် သဲထဲတွင် ဥစေသည့်အတွက် အသီးဖြစ်ထွန်း အောင်မြင်ကြောင်း၊ တစ်ဧကကို သဲလှည်းအစီးရေ ၁၅၀၀ ခန့်ချရကာ ၃ နှစ်မှ ၅ နှစ်အထိ လုပ်ကိုင်နိုင်ကြောင်း၊ ယာမြေ (တစ်နယ်)တွင် စိုက်ပါက အထွက်သည် ၄၅ တင်းခန့်သာ အထွက်ရှိပြီး သဲမြေတွင် စိုက်ပါကမိုးရာသီတွင် တင်းရေ ၈၀ ခန့်နှင့် ဆောင်းရာသီတွင် ၁၀၀ ခန့်ထွက်သဖြင့် အထွက်နှစ်ဆပိုလာကြောင်း၊ သွင်းအားစုသည်လည်း ပုံမှန်ဖြစ်ကာ ဤကဲ့သို့ စွန့်ဦးတီထွင်လုပ်ကိုင်ခဲ့သဖြင့် တောင်သူဦးရွှေသည် ယခုအချိန်တွင် ဆီစက်ပိုင်၊ ကားပိုင်ဖြစ်လာခဲ့ကြောင်း၊ ဒီဒေသသည်လည်း ယမားချောင်းမှသဲမြေများ ရရှိနိုင်သဖြင့် စိုက်ပျိုးအောင်မြင်နိုင်ကြောင်းတို့ကို ဆင့်ပွားနည်းပညာပေးခဲ့ပြီး ကျန်ဒေသများသို့လည်း ဆက်လက်ရှင်းလင်းပြောကြားသွားမယ်လို့ သိရပါတယ်။

**သန်းပို-ယင်းမာပင်**



## ၂-၁၁-၂၀၁၅ မှ ၆-၁၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 216 | 14,085,703.617 |
| 2 | Form D | 29 | 1,659,441.640 |
| 3 | Form E | 64 | 1,546,587.120 |
| 4 | Korea GSP | 4 | 57,582.000 |
| 5 | Form AK | 80 | 3,284,482.790 |
| 6 | Form AJ | 12 | 338,851.668 |
| 7 | Form AI | 55 | 2,663,723.368 |
| 8 | Form AANZ | 2 | 22,178.220 |
| 9 | Form DFTP | - | - |
| Grand Total | | 462 | 23,658,550.423 |

## ချင်း



### အောင်ပန်းချင်းဈေးကွက်သို့ ချင်းအဝင်ပုံမှန်ရှိ

အောင်ပန်းဈေးကွက်မှာ ချင်းအဝင်က ပုံမှန်ရှိနေပါတယ်။ ချင်းအသစ်ပေါ်တဲ့အချိန်ဖြစ်တာကြောင့် အောင်ပန်းဈေးကွက်မှာ တောင်ပိုင်းဒေသဖြစ်တဲ့ ပင်လောင်း၊ တီကျစ်စတဲ့ မြို့တွေရယ်၊ မြောက်ပိုင်းဒေသဖြစ်တဲ့ ပင်းတယ၊ ပွေးလှစတဲ့ မြို့တွေမှ ချင်းအသစ်တွေဝင်နေတာကြောင့် တစ်ပတ်ကို ပိဿာချိန် ၁၅၀၀၀ ခန့် အဝင်ရှိနေပါတယ်။ ပြည်ပဝယ်လက်ကတော့ အခုထိ မရှိသေးပါဘူး၊ ပြည်တွင်းသုံးဈေးပတ်သမားတွေသာ ရှိနေပါတယ်။ ရောင်းအားကလည်း တစ်ရက်ကို ပိဿာချိန် ၁၀၀၀-၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။ ချင်းထိုးသမားတွေကသာ အဓိကဝယ်ယူနေပြီး မကွေး၊ မန္တလေး၊ ရန်ကုန်ဝယ်လက်တွေက အဝယ်များတယ်လို့ သိရပါတယ်။

အခုလောလောဆယ်ဝယ်နေတဲ့ ဝယ်လက်တွေကလည်း ချင်းအသစ်ကို ပိုပြီးကြိုက်ကြတယ်လို့ ဆိုပါတယ်။ ချင်းဥမကိုတော့ အဝယ်နည်းလာတာကြောင့် လက်ကျန်လည်း ရှိနေပါတယ်။ အောင်ပန်းဈေးကွက်မှာတင် ချင်းဥမက ပိဿာချိန် ၅၀၀၀ ခန့် ကျန်ရှိနေသေးတယ်လို့လည်း သိရပါတယ်။ ချင်းသစ်ဈေးနဲ့ ဥမဈေးကလည်း မကွာတော့ ဝယ်လက်တွေက ချင်းအသစ်ကို ပိုပြီး ဝယ်ယူကြပါတယ်။ ချင်းတစ်ပိဿာ ပေါက်ဈေးက ၅၀၀ ကျပ်မှ ၅၅၀ ကျပ်ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ အရောင်းအဝယ်လည်း သိပ်ပြီးမဖြစ်ပါဘူး၊ ဈေးနှုန်းကလည်း တစ်ပိဿာကို ၃၀၀၀ ကျပ်ဈေးနဲ့ ဈေးငြိမ်နေတယ်လို့ အောင်ပန်းချင်းပွဲရုံ တွေထံက သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### အောက်တိုဘာမှာ ပင်လယ်ရေကြောင်းမှ ၃၅ တန်ကျော် တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း ချင်း ၁၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတစ်ဆင့် ပါကစ္စတန်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၉၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာလအတွင်း ချင်းတင်ပို့မှုကိုကြည့်ရင် မလေးရှားနဲ့ စင်ကာပူနိုင်ငံသို့ စုစုပေါင်း တန်ချိန်မှာ ၃၅ ဒသမ ၂၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာလ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၅၅၆၄၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက်တွင် ချင်းရင့်ချိန် လှောင်လက်အဝယ်သွက်

ယခုအချိန်ဟာ အောင်ပန်းချင်းများ အရင့်ဆုံးအချိန်ဖြစ်ပြီး သိုလှောင်အထားခံတဲ့အတွက် ပြည်ချင်းဈေးကွက်ရှိ ချင်းရောင်းဝယ်သူများအနေနဲ့ ပိုမိုမှာယူခြင်းကြောင့် အဝင်လည်းများလာတာ တွေ့ရပါတယ်။ ယခင်က တစ်ပတ်ကို ပိဿာ ၃၀ ဝင် အိတ် ၂၀၀ ခန့်အထိသာ ဝင်ပြီး၊ ယခုတစ်ပတ်မှာ အိတ် ၃၀၀ အထိ အဝင်ရှိလာတယ်လို့ သိရပါတယ်။ ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့် တင်ပို့ကြောင်း သိရပါတယ်။

ချင်းဈေးမှာ ယခင်တစ်ပတ်အတိုင်း လက်ကားဈေး တစ်ပိဿာ ၆၀၀ ကျပ်-၇၀၀ ကျပ်၊ လက်လီဈေး တစ်ပိဿာ ၉၀၀ ကျပ်-၁၀၀၀ ကျပ်ဖြင့် ပုံမှန်ဈေးရှိကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## မန်ကျည်း

### အောက်တိုဘာလအတွင်း မန်ကျည်း ၉၇ တန်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မန်ကျည်း တင်ပို့မှုပျောက်ခဲ့ပါတယ်။ အောက်တိုဘာလအတွင်း မန်ကျည်းတင်ပို့မှုကိုကြည့်မယ်ဆိုရင် စင်ကာပူနိုင်ငံကို ၄၇ တန်နဲ့ ဘင်္ဂလားဒေ့ရှ်ကို တန်ချိန် ၅၀တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ စုစုပေါင်းတင်ပို့ခဲ့တဲ့ တန်ချိန်မှာ ၉၇ တန်ရှိခဲ့ပါတယ်။ အောက်တိုဘာလအတွင်း မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ၃၁၅၀၀ ရရှိခဲ့ပါတယ်။ စက်တင်ဘာလမန်ကျည်းတင်ပို့မှုနဲ့ ယှဉ်ရင်တန်ချိန် ၂၀၀ နီးပါးတင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### နနွင်းတက် တန်ချိန် ၁၅၀ နီးပါးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ ၂၃၅၇၂ တန်ဖိုးရှိ နနွင်းတက် ၃၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၆ တန်ခွဲနဲ့ မြဝတီမှ ၂၁ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်ရဲ့ နနွင်းတင်ပို့မှု လျော့နည်းခဲ့ပါတယ်။ အောက်တိုဘာလအတွင်းမှာ မူဆယ်နဲ့ မြဝတီစခန်း နှစ်ခုပေါင်းမှ နနွင်းတက်တင်ပို့မှု ၁၄၇ တန်ရှိပါတယ်။ ဧပြီလမှ အောက်တိုဘာလကုန်ထိ နယ်စပ်မှ နနွင်းတက် တင်ပို့မှုမှာ တန်ချိန် ၁၆၀၀ ကျော်ရှိပြီလို့သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်း ပြည်တွင်းသုံးဝယ်လက်သာရှိ

သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတွေဆိုရင် အလှူပွဲတွေက ဆက်နေတာကြောင့် ငွေလိုတဲ့ တောင်သူတွေက ပစ္စည်းတွေကို ထုတ်ရောင်းနေကြလို့ အရောင်းအဝယ်ကလည်း နည်းနည်းပါးပါးဖြစ်နေပါတယ်။ ပြည်တွင်းသုံး ဝယ်လက်တွေကပဲ အဝယ်ရှိနေပါတယ်။ နယ်အစုံကဈေးပတ်သမားတွေက အမှာရှိတာကြောင့် တစ်လမှာ နှစ်ကြိမ်၊ သုံးကြိမ်တော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးပတ်သမားတွေက တစ်ခါဝယ်ယူရင် ပိဿာချိန် ၆၀၀၀ မှ ၇၅၀၀ ခန့်ဝယ်ယူလေ့ရှိတာကြောင့် တစ်လဆိုရင်တော့ တန်ချိန်နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း ဈေးကွက်က သိရှိရပါတယ်။ ဈေးနှုန်းကတော့ တောင်ပို့လစဆိုရင် ၁၀၀၀ ကျပ်မှ ၁၆၅၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်ဈေးရှိပါတယ်။

ဒီနှစ်ကတော့ ဟိုပုံးချင်းက အောင်ပန်းချင်းထက် အရောင်းအဝယ်ပိုပြီး ဖြစ်ပါတယ်။ အရည်အသွေး အကောင်းဆုံး ဆင်တောင်နနွင်းကိုတော့ ဈေးကြီးလို့ သိပ်မဝယ်ပေမယ့် ဟိုပုံးနနွင်းက ဆင်တောင်ပြီးရင် ဒုတိယအရည်အသွေး ကောင်းမွန်တာရယ်၊ ဈေးကလည်း ဆင်တောင်နနွင်းလောက် မကြီးတာရယ်ကြောင့် ဝယ်လက်တွေကလည်းပိုပြီးကြိုက်ကြတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်လည်း တောင်ကုတ်ဝယ်လက်တွေ ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန် လေးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာ ပေါက်ဈေးကတော့ ၁၅၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### နနွင်း ၆၁ တန်ကျော် တင်ပို့

အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်း နနွင်း ၆၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံကို ၄၅ တန်နဲ့စင်ကာပူနိုင်ငံကို ၁၆ဒသမ ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၂တန်နီးပါး သာတင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၄၁၆၀ ရရှိခဲ့ ပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် စက်တင်ဘာလနနွင်း တင်ပို့မှုမှာ တန်ချိန် ၄၈၁ ဒသမ ၁၇ တန်ရှိခဲ့ပြီး အောက်တိုဘာလမှာ ၂၅၂ ဒသမ ဝ၂၅ တန်ရှိခဲ့တာကြောင့် အောက်တိုဘာလမှာ ၂၂၉ တန်ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## ဝဥ

### ဝဥခြောက် တန်ချိန် ရှစ်ဆယ်နီးပါးတင်ပို့

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ဝဥများကို ၁၉၇၂ ခုနှစ်ကတည်းက ပြည်ပနိုင်ငံများမှ စတင်စိတ်ဝင်စားလာကြောင်း၊ မြန်မာနိုင်ငံမှ ဝဥသည် အင်ဒိုနီးရှားနိုင်ငံမှ ထွက်ရှိတဲ့ ဝဥထက် အရည်အသွေးပိုကောင်းလို့ ဂျပန်နိုင်ငံမှ ယနေ့တိုင် ရသလောက်ဝယ်ယူကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကနေ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ သုညဒသမ ၁၄၆ သန်းဖိုးရှိ ဝဥခြောက် ၇၉ တန် တင်ပို့ခဲ့ပါတယ်။ အောက်တိုဘာ တစ်လလုံးမှာတော့ တရုတ်ပြည်သို့ မူဆယ်နယ်စပ်မှ တစ်ဆင့် ဝဥခြောက် ၁၂၈ တန်ကျော်ထိ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

ဝဥပင်မှာ လူတစ်ရပ်ခန့်ရှိပြီး ပန်းရောင်၊ အဖြူရောင်နဲ့ အဝါရောင် သုံးမျိုးရှိပေမယ့် ပန်းရောင်ကတော့ ပြည်ပဈေးကွက်အကောင်းဆုံးလို့သိရပါတယ်။ ဝဥဟာ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ အူမကြီးရောဂါနဲ့ အဝလွန်ရောဂါတွေကို တိုက်ဖျက်ကာကွယ်ပေးပါတယ်။ ယနေ့ခေတ်အချိန်အခါတွင် ပူပြင်းခြောက်သွေ့တဲ့ ဒေသတွေမှလွဲပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတယ်လို့ သိရှိရပါတယ်။ **မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်၊ မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ သီဟိုဠ်စေ့တန် ၅၀ ခန့်တင်ပို့

မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၀၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၅၀ ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၇၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၃ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၃၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၆၁၃ ကီလိုဂရမ် ပိုမိုတင်ပို့ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုတစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်း မရှိခဲ့ဘူးလို့ သတင်းရရှိပါတယ်။ **ခင်မြနွယ်**

## ကြက်သွန်

### တာချီလိတ်မှ ကြက်သွန်နီရော အဖြူပါ တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးမှ အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ ၄၁၀၀၂ တန်ဖိုးရှိ ကြက်သွန်နီ တန် ၇၀ နဲ့ ကန်ဒေါ်လာ ၁၄၁၀၉၃ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ပုံမှန်တင်ပို့နေကျဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ ၁၅၃၄၃ တန်ဖိုးရှိကြက်သွန်နီ ၃၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တာချီလိတ်မှ ကြက်သွန်တင်ပို့မှု မရှိခဲ့ဘဲ မြဝတီမှ ကြက်သွန်နီ ၁၇၂ တန်ခွဲ တင်ပို့ခဲ့တာတွေ့ရပါတယ်။ အောက်တိုဘာလအတွင်း မြဝတီနဲ့ တာချီလိတ်မှ ကြက်သွန်နီ တန် ၈၀၀ ထိတင်ပို့နိုင်ခဲ့ပြီး မူဆယ်မှ ကြက်သွန်နီ ၅ တန်သာ တင်ပို့မှုရှိခဲ့ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးကတော့ ကြက်သွန်ဖြူ တန် ၁၅၀ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**



Vol: 15, No.43 Monday November 9 2015



# မန်နေဂျာတွေက ဝန်ထမ်းကောင်းတွေ မောင်းထုတ်

ခင်မောင်ညို (ဘောဂဗေဒ)

ဒီဆောင်းပါးလေးကို ဘာသာပြန်မယ်လုပ်တော့ ဒီမှာဖြစ်တတ်တာလေးတစ်ခုကို သွားသတိရမိတယ်။ အများအားဖြင့် ကိုယ့်ကိုယ်ကိုဆိုပိုတတ်၊ သူများဆိုလျှော့တွက်တတ်ကြတာဆိုတော့ ကိုယ့်ကိုယ်ကို ဝန်ထမ်းကောင်းလို့ပဲ တွက်ဆတတ်ကြတယ်။ တခြားအကြောင်းတွေကြောင့် အလုပ်ကထွက်တာ အလုပ်မကြာခဏပြောင်းတာတွေကတော့ ဒီဘာသာပြန်နဲ့ သိပ်ပြီး မသက်ဆိုင်လှဘူးလို့ သတိပေးချင်တာပါ။ တချို့ဝန်ထမ်းတွေ ထွက်သွားတာကို မန်နေဂျာတွေက ဝမ်းမနည်းတတ်တဲ့အပြင် ဝမ်းသာတာတွေကိုလည်း တွေ့ရပါတယ်။

ဟုတ်ပါတယ်။ မန်နေဂျာတွေက သူတို့ဆီက အတော်ဆုံးဝန်ထမ်းတွေ ထွက်ထွက်သွားကြတဲ့အတွက် ညည်းညူကြတာတွေကို မကြာခဏ ကြားကြရပါတယ်။ ဒီတော့ ဝန်ထမ်းကောင်းတွေ ဆုံးရှုံးသလို ဝန်ထမ်းသစ်တွေ ရှာရဖွေရ အလုပ်တွေပျက် စရိတ်တွေတက်။ မန်နေဂျာတွေက အခုလို ဖြစ်ရတာဟာ ဘာကြောင့်ညာကြောင့်ဆိုပြီး အကြောင်းမျိုးစုံ ပြတတ်ကြတယ်။ တစ်ခါတစ်လေကျတော့ အလုပ်က ထွက်တာဟာ အလုပ်ကို မကြိုက်လို့မဟုတ် မန်နေဂျာကို မကြိုက်လို့ ထွက်သွားတာမျိုးလည်း ဖြစ်နေတတ်ပါတယ်။ မန်နေဂျာတွေကြောင့် ထွက်သွားရတာဆိုရင် အခုလို အကြောင်းတရား ကိုးမျိုးကြောင့် ဖြစ်နိုင်ပါတယ်။

## (၁) မတရားခိုင်းလို့

ဝန်ထမ်းကောင်းတွေကို ခိုင်းကောင်းတိုင်း မတရားသဖြင့်ခိုင်းရင်၊ ဝန်ထမ်းတွေ ခြေကုန်လက်ပန်းကျတဲ့အဆုံး၊ အလုပ်ကထွက်တဲ့ နည်းလမ်းကိုပဲ ရွေးချယ်စရာ ကျန်တော့တယ်။ အလုပ်ကောင်းကောင်းလုပ်တဲ့သူကို များများခိုင်းတော့ ယုံကြည်တာ၊ စိတ်ချရတာ၊ အားကိုးရတာနဲ့ မတူဘဲ ဒဏ်ပေးတာနဲ့ တူနေပါတယ်။ ဒီတော့လည်း ကောင်းကျိုးထက်ဆိုးကျိုးက များလာသလို ဝန်ထမ်းရဲ့ စွမ်းရည်တွေကိုလည်း ကျဆင်းစေပါတယ်။ သုတေသနတွေအရ အလုပ်လုပ်ရတဲ့အချိန်များလာရင် ဝန်ထမ်းတစ်ယောက်ရဲ့ စွမ်းရည်တွေ ကျဆင်းလာတယ်လို့ သိရပါတယ်။ တော်တဲ့ဝန်ထမ်းတွေကို ချီးမြှင့်ချင်ရင် သူတို့ရဲ့ အဆင့်အတန်းကိုလည်း မြှင့်တင်ပေးရပါမယ်။ အစွမ်းအစရှိတဲ့သူတွေဟာ တာဝန်ကြီးတွေယူဖို့ ဝန်မလေးပေးမယ့် ထွက်ပေါက်မရှိ မွန်းကျပ်နေတဲ့ ဘဝမျိုးကိုတော့ ပျော်မွေ့မှာ မဟုတ်ဘူး။ လစာတိုးတာ၊ ရာထူးတိုးတာ၊ ရာထူးပြောင်းပေးတာတွေဟာ ဝန်ထမ်းရဲ့စွမ်းရည်ကို မြင့်မားစေနိုင်တဲ့နည်းပါ။ တခြားဘာမှအပြောင်းအလဲ လုပ်မပေးဘဲ တာဝန်တွေပဲပိုပေးရင်တော့ သူတို့နဲ့ ထိုက်တန်တဲ့ အခြားအလုပ်ကို ပြောင်းဖို့ ကြိုးစားကြမှာ အသေအချာပါပဲ။

## (၂) လုပ်ပေးတာကို အသိအမှတ်မပြု၊ ကောင်းကောင်းလုပ်ပေးတာကို မချီးမြှင့်

နဂိုမူလကတည်းက လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့သူတွေကို အနည်းဆုံး ပုခုံးလေးပုတ်ပေးတာကလည်း အများကြီးတာသွားပါတယ်။ လူတိုင်းက အသိအမှတ်ပြုခံချင်ကြ၊ ချီးကျူးခံချင်ကြရာမှာ သူများထက်ပိုပြီး အလုပ်လုပ်တတ်၊ အားသွန်ခွန်စိုက် အလုပ်လုပ်တတ်တဲ့ သူတွေကလည်း သူများထက် အသိအမှတ်ပြုခံချင်တာမှာ လျော့မယ်မထင်ဘူး။ သူတို့နဲ့ ထိတွေ့ဆက်ဆံပြီး သူတို့ဘာကြိုက်တတ်သလဲ၊ လစာလား၊ ရာထူးလား၊ အများပြည်သူရှေ့ အသိအမှတ်ပြုခံချင်တာလား ဆိုတာကိုကြည့်ပြီး သူတို့လုပ်ပေးထားတာတွေအတွက် ချီးမြှင့်သင့်ပါတယ်။ မလုပ်ပေးရင်တော့ ထွက်ပြီးပြောင်းကြမှာပါ။

## (၃) ဝန်ထမ်းတွေကို ဂရုမစိုက်လို့

အလုပ်ထွက်ကြတဲ့သူ တစ်ဝက်ကျော်ကျော်ဟာ သူတို့ရဲ့အထက်လူကြီးနဲ့ မတည့်လို့ ထွက်ကြတာပါ။ ထက်မြက်တဲ့ ကုမ္ပဏီတွေက တစ်ဖက်မှာ လုပ်ငန်းခွင်ဆန်မှုနဲ့ တစ်ဖက်က လူသားဆန်မှုကို မျှတအောင် ထိန်းညှိပေးတတ်ကြပါတယ်။ ဝန်ထမ်းတွေရဲ့ အောင်မြင်မှုကို ဂုဏ်ပြုတာ၊ အခက်အခဲကြုံတွေ့နေတဲ့ ဝန်ထမ်းတွေကို စာနာတာ၊ သူတို့ရဲ့စွမ်းရည်တွေကို ဆွဲထုတ်တာစတဲ့ အရည်အချင်းတွေရှိတဲ့ မန်နေဂျာတွေ လိုအပ်ပါတယ်။ ဝန်ထမ်းတွေကို အမှန်တကယ် ဂရုမစိုက်ရင် ထွက်တဲ့သူများတာပေါ့။ အလုပ်ပြီးဖို့ကလွဲလို့ ဘာတစ်ခုမှဂရုမစိုက်တဲ့သူတစ်ယောက်အတွက် တစ်နေ့တာ အလုပ်လုပ်ပေးဖို့ဆိုတာ အခက်ကြီးပါ။

## (၄) ကတိမတည်

ကတိတွေပေးထားတာဟာ တစ်ဖက်ကပျော်ရွှင်မှုနဲ့ တစ်ဖက်မှာအလုပ်ခွင်က ထွက်ခွာမှုဆိုတဲ့ကြားက မျဉ်းကြောင်းတစ်ခုနဲ့ တူပါတယ်။ ကတိတည်ရင် ယုံကြည်ထိုက် အားကိုးထိုက်တဲ့သူ ဂုဏ်သရေရှိ လူကြီးလူကောင်းလို့ အမြင်ခံရမယ်။ ကိုယ်ပေးထားတဲ့ကတိ မတည်နိုင်ရင် ဂရုမစိုက်တဲ့သူ၊ မလေးစားထိုက်တဲ့သူလို့ မြင်မယ်။ အထက်လူကမှ ကတိမတည်ရင် ဘယ်သူကတိတည်နေစရာလိုသေးသလဲ။

## (၅) မသင့်တော်တဲ့သူတွေခန့်

ကောင်းမွန်တဲ့၊ ကြိုးစားတဲ့ ဝန်ထမ်းတွေဟာ သူတို့လို စိတ်တူကိုယ်တူ ဝန်ထမ်းတွေနဲ့ပဲ ပေါင်းသင်းဆက်ဆံ အလုပ်လုပ်ကိုင်ချင်တယ်။ မန်နေဂျာတွေက လူကောင်းတွေကို ကြိုးစားပမ်းစား ရှာဖွေခြင်းမလုပ်ရင် အလုပ်ခွင်ထဲရောက်လာတဲ့လူသစ်တွေနဲ့ တွဲလုပ်ဖို့ဆိုတာ အတော်ခက်ခဲတဲ့ကိစ္စပါ။ မသင့်တော်တဲ့သူကို ရာထူးတိုးပေးမယ်ဆိုရင် ပိုဆိုးသွားပြီ။ အလုပ်လုပ်တဲ့သူ၊ တော်တဲ့သူကို တိုးမပေး၊ ညံ့တဲ့သူ၊ အလုပ်မလုပ်တဲ့သူကို ရာထူးတိုးပေးမယ်ဆိုရင် အလုပ်လုပ်တဲ့သူ၊ တော်တဲ့သူတွေကို စော်ကားတာနဲ့ တူတယ်။ ဒီတော့လည်း ကောင်းတဲ့သူ၊ တော်တဲ့သူအတွက် ထွက်တာကလွဲလို့တခြားလမ်းမရှိ။

## (၆) စွဲလမ်းတာ၊ အလုပ်လုပ်ခွင့်မပေး

အစွမ်းအစရှိတဲ့ သူတွေဟာ သူတို့စိတ်ဝင်စားတာကို စွဲစွဲလမ်းလမ်း၊ အရူးအမူး လုပ်တတ်တဲ့သူတွေ ဖြစ်တယ်။ သူတို့စွဲလမ်းတာကို လုပ်ခွင့်ပေးရင်၊ လုပ်ငန်းခွင်မှာလည်း ကျေနပ်မှုရတယ်။ သူတို့ရဲ့ လုပ်ရည်ကိုင်ရည်လည်း ပိုတက်လာတယ်။ ဒါပေမယ့် မန်နေဂျာ အတော်များများကတော့ အမြင်ကျဉ်းတယ်။ သူတို့လုပ်ချင်တာတွေ လုပ်ခွင့်ပေးလိုက်ရင် လုပ်ငန်းကိုထိခိုက်မှာ စိုးရိမ်ကြတယ်။ တကယ်တော့ ဒါဟာအစိုးရိမ်လွန်တာပါ။ ကိုယ်စွဲလမ်းတာလုပ်ခွင့်ရနေတဲ့သူတွေရဲ့ ပီတိကြောင့် သာမန်ထက် ငါးဆလောက် လုပ်ရည်ကိုင်ရည် တက်လာတယ်လို့ သုတေသနတစ်ခုက ဆိုပါတယ်။

## (၇) လူတွေရဲ့ ကျွမ်းကျင်မှုကို မြှင့်တင်မပေး

မန်နေဂျာတွေ ဘာလို့ ဝန်ထမ်းတွေကို ဂရုမစိုက်တာလဲလို့ မေးရင် အကြောင်းအမျိုးမျိုး၊ ဆင်ခြေအမျိုးမျိုး ပြလေ့ရှိတယ်။ “ယုံကြည်မှု”တို့၊ “လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်”တို့၊ “လုပ်ငန်းလုပ်ပိုင်ခွင့်လွှဲအပ်ထားတယ်” တို့ဆိုတဲ့ ဝေါဟာရတွေကို သုံးလေ့ရှိတယ်။ ဒါတွေဟာ တကယ်တော့ အဓိပ္ပါယ်မရှိဘူး။ ဝန်ထမ်းတွေဘယ်လောက်ပဲတော်နေနေ မန်နေဂျာကောင်း တစ်ယောက်ဟာ စီမံခန့်ခွဲရတာပါပဲ။ သူတို့ကိုဂရုစိုက်ရတယ်။ နားထောင်ရတယ်။ ပြန်ပြီး သုံးသပ်ပြောဆိုရတယ်။ စီမံခန့်ခွဲတယ်ဆိုတာ အစပဲရှိသေးတယ်။ ဘယ်တော့မှလည်း ဆုံးမှာမဟုတ်ဘူး။ လက်စလက်နရှိတဲ့ ဝန်ထမ်းတစ်ယောက်ကိုရရင် သူ့စွမ်းရည်တွေ တက်လာအောင်၊ ဘယ်လိုလုပ်ပေးနိုင်မယ်ဆိုတာ အမြဲတမ်းရှာဖွေကြံဆသင့်တယ်။ အစွမ်းအစအရှိဆုံး ဝန်ထမ်းက သူ့ကို သုံးသပ်ဝေဖန်ပြတာကို အလွန်တန်ဖိုးထားတယ်။ အစွမ်းအစရှိတဲ့ သူတွေကို မြေတောင်မြှောက်ပေးရင် သူတို့ကိုယ့်ဆီရောက်လာကြမှာဖြစ်ပြီး တခြားသူတွေလည်း ကိုယ့်ဆီလာချင်ကြမယ်။ ကိုယ်ကသူတို့အတွက် အခွင့်အလမ်းတွေ ရှာမပေးနိုင် မလုပ်ပေးနိုင်ဘူးဆိုရင် ပျင်းပြီးထွက်သွားကြလိမ့်မယ်။

## (၈) ဖန်တီးနိုင်စွမ်းကို အသုံးမချနိုင်

အစွမ်းအစရှိတဲ့သူတွေက ဘာလေးလုပ်ရလုပ်ရ ဒီထက်ပိုကောင်းအောင် လုပ်ချင်ကြတယ်။ အဲဒီလို အခြေအနေမှာ ကိုယ်ကနေမြဲတိုင်း သက်သောင့်သက်သာ နေချင်တယ်ဆိုရင်သူ တို့ရဲ့ပြောင်းလဲနိုင်စွမ်း အစစအရာရာ ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်စွမ်းတွေကို အသုံးချခွင့်ရကြမှာ မဟုတ်ဘူး။ သူတို့လည်း အလုပ်လုပ်ရတာ ပျော်ကြမှာ မဟုတ်ဘူး။ သူတို့ရဲ့ဖန်တီးနိုင်စွမ်းတွေကို ကန့်သတ်ထားရင် သူတို့ကိုသာ ချုပ်ချယ်တာမဟုတ်။ ကိုယ့် ကိုယ်ကိုပါ ချုပ်ချယ်ရာရောက်တယ်။

## (၉) အသိဉာဏ်ကို စိန်မခေါ်နိုင်

အထက်လူကြီးကောင်းတွေက သူတို့ရဲ့ ဝန်ထမ်းတွေကို အစပထမမှာ မဖြစ်နိုင်ဘူးလို့ ထင်ရတာတွေ ခိုင်းလေ့ရှိတယ်။ လွယ်လွယ်ကူကူ ခပ်နိမ့်နိမ့် ရည်မှန်းချက်တွေ ဖြည်းဖြည်းချင်းလုပ်လို့ရတဲ့ ရည်မှန်းချက်တွေကို ချမပေးဘဲ မြင့်မားတဲ့ ပန်းတိုင်တွေကို ချပေးတတ်တယ်။ လူတွေ အေးအေးဆေးဆေး မနေရအောင် လုပ်ပေးတယ်။ ပြီးတော့မှ မန်နေဂျာကောင်း တစ်ယောက်ဟာ သူတို့တစ်တွေ အောင်မြင်မှုရအောင် အတတ်နိုင်ဆုံး လုပ်ပေးတယ်။ ထက်မြက်တဲ့ အစွမ်းအစရှိတဲ့သူတွေက လွယ်လွယ်ပေါ့ပေါ့ လုပ်ရမှာမျိုးဆို ပျင်းကြတယ်။ စိတ်မဝင်စားဘူး။ ဒီတော့သူတို့ရဲ့စွမ်းရည်နဲ့ ဉာဏ်ပညာကို စိန်ခေါ်တဲ့ အလုပ်ဘက်ကို ထွက်သွားတတ်ကြတယ်။

အတော်ဆုံးလူတွေ ကိုယ့်ဆီမှာ ရှိနေစေချင်ရင် သူတို့ကို ဘယ်လိုဆက်ဆံမယ်ဆိုတာ သေသေချာချာ စဉ်းစားသင့်တယ်။ ဝန်ထမ်းကောင်းတွေဟာ မာကျောသလို အစွမ်းအစရှိတဲ့ သူတွေဆိုတော့ ရွေးချယ်စရာတွေက များတယ်။ သူတို့ကို ကိုယ့်အတွက် အလုပ်လုပ်ပေးချင် စိတ်ပေါက်အောင် လုပ်ပေးဖို့လိုတယ်။

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ဒီဇယ် တန်ချိန် ၅၇၀ ကျော်ဝင်

အောက်တိုဘာလ ၂၅ ရက် မှ ၃၁ ရက်သီတင်းပတ် အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၂၃၈၀၄၈၂၀ ဒသမ ၇၄ တန်ဖိုးရှိ ဒီဇယ် ၃၄၃ ဒသမ ၅၅၈ တန်နဲ့ ကန်ဒေါ်လာ ၁၅၆၉၆၀၁၁ တန်ဖိုးရှိ ဓာတ်ဆီ ၂၂၆ ဒသမ ၆၃ တန်ကို တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ဒီဇယ် စုစုပေါင်း အဝင်မှာ ၅၇၀ ဒသမ ၁၈၈ တန်ရှိခဲ့ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဓာတ်ဆီ အဝင်စုစုပေါင်းမှာ ၈ တန်ကျော်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၁၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၃၀ သာရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင်တန်ချိန် ၃၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် စက်တင်ဘာလ ဓာတ်ဆီ၊ ဒီဇယ်အဝင် စုစုပေါင်းမှာ တန်ချိန် ၁၀၅၀ ကျော်ရှိခဲ့ပြီး အောက်တိုဘာလမှာ တန်ချိန် ၁၃၆၀ ကျော်ရှိခဲ့တာကြောင့် အောက်တိုဘာလမှာ တန်ချိန် ၃၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ နိုဝင်ဘာ ၂ ရက်နေ့မှ ၆ ရက်အတွင်းရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်ပြီး၊ ဒီဇယ်ဈေး ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂ ရက် ဓာတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ရောင်းဈေး ၁၅၆၀၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး ၂၀၀၀ ကျပ်၊ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ဒီဇယ်ဈေးမှာ နိုဝင်ဘာလ ၂ ရက်မှာ ဝယ်ဈေး ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၄၀၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး၃ ရက်နေ့တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀ ကျပ်ဈေးမြင့်လာခဲ့ပြီး နောက်ရက်များတွင် ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်း အဝယ်သမားတစ်ဦးထံမှသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ဓာတ်ဆီဈေးငြိမ်နေပြီး အောက်တိန်းနဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာလ ၂ ရက်နေ့မှာဒီဇယ်ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၃ ရက်နေ့တွင် ဝယ်ဈေး၊ ရောင်းဈေး၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ နိုဝင်ဘာလ ၂ ရက်နေ့ မှာ ဝယ်ဈေး ၁၄၉၀၀၀ ကျပ်၊ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ၃ ရက်တွင် ဝယ်ဈေး မပြောင်းသော်လည်းရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၀၀၀ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန်အရောင်းအဝယ်ဖြစ်ပေမယ့် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့အရောင်း အဝယ် ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ**ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီမှာဈေးငြိမ်နေပြီး ဒီဇယ်မှာ ဈေးမြင့်ပြီး အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၂၈၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၅၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

**MIRT-DOT**

| Energy NYMEX 6-11-2015 | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.44 | 0.24 | 0.53 |
| Brent Crude Futr (USD/bbl) | 48.26 | 0.28 | 0.58 |
| Gasoline Rbob Fut (Cent/gal) | 137.39 | 1.29 | 0.95 |
| Natural Gas Futr (USD/MMBtu) | 2.36 | -0.00 | -0.0 8 |
| Heating Oil Futr (Cent/gal) | 149.57 | 0.85 | 0.57 |



### ရွေးကောက်ပွဲကာလကြောင့် ပြည်တွင်းငွေလဲနှုန်းများ တက်ရိပ်ပြလာ

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ကျရိပ်သမ်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် တက်ရိပ်ပြလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ရွေးကောက်ပွဲကာလနီးကပ်လာသဖြင့် ပြည်တွင်းငွေလဲနှုန်းများ တက်ရိပ်ပြလာသော်လည်း အများကြီးတက်လာနိုင်ခြေမရှိကြောင်း၊ ဈေးအနည်းငယ်မြင့်တက်လာသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးစက်နေကြောင်းဖြင့် ငွေလဲစင်တာတစ်ခုမှ ပြောပြချက်အရ သိရသည်။

“ပြည်တွင်းငွေလဲနှုန်းက နည်းနည်းတော့ တက်ရိပ်ပြလာတယ်။ သိပ်အတက်ကြီးတော့မဟုတ်ပါဘူး။ ဒီတစ်ပတ်ထဲမှာဆို ရှစ်ကျပ်လောက်တော့ တက်လာတယ်။ ရွေးကောက်ပွဲကာလ နီးကပ်လာတော့ တချို့တွေက နည်းနည်းစိုးရိမ်ကြတဲ့အတွက် လာဝယ်ကြ တာတွေရှိတယ်။ ဒါပေမယ့် ပုံမှန်ဝယ်နေကျဆိုတာထက် ပိုဝယ်တာတွေ တွေ့နေရတော့ ဈေးတက်သွားတာပါ။ ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို နိုဝင်ဘာ ၆ ရက်က ၁၁၈၁ ကျပ်လို့ သတ်မှတ်လိုက်တော့ အပြင်ဈေးကွက်မှာ ဈေးနည်းနည်းတက်လာတာပါ”ဟု ၎င်းက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် နိုဝင်ဘာ ၂ ရက်က ရောင်းဈေး ၁၂၇၅ ကျပ်၊ ဝယ်ဈေး ၁၂၇၂ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ ၄ ရက်တွင် ရောင်းဈေး ၁၂၈၀ ကျပ်၊ ဝယ်ဈေး ၁၂၇၆ ကျပ်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၆ ရက်တွင် ရောင်းဈေး ၁၂၈၅ကျပ်၊ ဝယ်ဈေး ၁၂၈၀ ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်မှလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို နိုဝင်ဘာလ ၂ ရက်နေ့က ၁၂၇၇ ကျပ်သတ်မှတ်ခဲ့သော်လည်း နိုဝင်ဘာ ၆ ရက်တွင် ၁၂၈၁ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။

### တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ် တစ်သောင်းခွဲနီးပါး ကျဆင်းလာ

ပြီးခဲ့သည့် အောက်တိုဘာလကုန်ပိုင်းကတည်းက ကျဆင်းခဲ့သည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလျက်ရှိရာ ယခုတစ်ပတ်အတွင်း ကျပ်တစ်သောင်းခွဲနီးပါး ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးစက်လျက်ရှိနေသည့်အပြင် ကမ္ဘာ့ရွှေဈေးပါကျဆင်းလျက်ရှိနေသဖြင့် မြန်မာ့ရွှေဈေးပါ လိုက်ပါကျဆင်းရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

“မြန်မာ့ရွှေဈေးက ဒီတစ်ပတ်ထဲမှာ တစ်သောင်း ခွဲနီးပါးလောက်ကျသွားတယ်။ ရွေးကောက်ပွဲကလည်း နီးလာတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်က မရှိသလောက်ကို ဖြစ်နေတာ။ ပြီးတော့ ကမ္ဘာ့ရွှေဈေးကလည်း နေ့စဉ်ရက်ဆက်ကျနေတယ်။ ပြည်တွင်းငွေလဲနှုန်းကလည်း သိပ်ပြီး ပြောပလောက်အောင် အတက်အကျ နည်းတဲ့အခါကျတော့ ပြည်တွင်းရွှေဈေးက ကျဆင်းလာခဲ့တာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်က ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် နိုဝင်ဘာလ ၂ ရက်နေ့က ကျပ် ၇၈၃၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျပ် ၇၇၄၀၀၀ သို့ကျဆင်းခဲ့ပြီး နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျပ် ၇၆၉၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၂ ရက်နေ့တွင် ၁၁၄၀ ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၄ ရက်တွင် ၁၁၂၀ ဒေါ်လာ သို့လည်းကောင်း၊ နိုဝင်ဘာလ ၅ ရက်တွင် ၁၁၀၉ ဒေါ်လာသို့လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ၁၁၀၇ ဒေါ်လာ သို့လည်းကောင်း ဆက်တိုက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

November 6, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.40 |
| BDT | Bangladesh Taka | 78.21 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.35 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 65.77 |
| I DR | Indonesia Rupiahs | 13555.87 |
| JPY | Japan Yen | 121.81 |
| MYR | Malaysia | 4.31 |
| PKR | Pakistan Rupees | 105.43 |
| PHP | Philippines Pesos | 46.92 |
| RUB | Russia Rubles | 63.66 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1142.80 |
| LKR | Sri Lanka Rupe | 141.41 |
| THB | Thailand Baht | 35.57 |
| GBP | United Kingdom Pounds | 0.66 |
| VND | VietnamDon | 22351.36 |

*Source : xe.com*

## World Gold Price

November, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1136 | 1136 | 1136 |
| 3 | 1135 | 1135 | 1139 |
| 4 | 1119 | 1118 | 1118 |
| 5 | 1108 | 1106 | 1108 |
| 6 | 1108 | 1108 | 1107 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-11- 2015 | 783.30 | 783.30 |
| 3-11- 2015 | 783.50 | 783.50 |
| 4-11- 2015 | 777.00 | 776.90 |
| 5-11- 2015 | 774.00 | 771.50 |
| 6-11- 2015 | 770.00 | 770.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 6 .34 | 35.58 | 77.95 | 65.57 |
| 3 | 6. 33 | 35.54 | 77.83 | 65.46 |
| 4 | 6 34 | 35.53 | 78.15 | 65.57 |
| 5 | 6 .35 | 35.61 | 79.27 | 65.72 |
| 6 | 6.35 | 35.57 | 78.21 | 65.77 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2- November | 15.42 | 1707.55 | 1477.50 | 5219.87 | 974.00 |
| 3- November | 15.42 | 1695.01 | 1499.90 | 5225.92 | 980.00 |
| 4- November | 15.26 | 1701.95 | 1495.20 | 5287.74 | 962.00 |
| 5- November | 14.98 | 1670.14 | 1487.58 | 5221.66 | 951.00 |
| 6- November | 15.02 | 1666.78 | 1496.99 | 5149.98 | 958.00 |

Source:kitco.com

## ဘိလပ်မြေ

### ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်နည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း တန်ဖိုးကန်ဒေါ်လာ ၂၂၉၄၅၁၀ ရှိ ဘိလပ်မြေ ၂၈၀၂၅ ဒသမ ၁၈ တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၁၈၈၁၅ ဒသမ ၁၈တန်၊ ဗီယက်နမ် မှ ၁၀ တန်နဲ့ စင်ကာပူမှ ၉၂၀၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်မှာ တန်ချိန် ၃၃၈၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် ၅၈၃၀ တန် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် စက်တင်ဘာလဘိလပ်မြေအဝင်စုစုပေါင်းမှာ တန်ချိန်နှစ်သိန်းကိုးသောင်းကျော်ရှိခဲ့ပြီး အောက်တိုဘာလမှာ တန်ချိန်တစ်သိန်းလေးသောင်းကျော် အဝင်ရှိခဲ့တာကြောင့် အောက်တိုဘာလမှာ ဘိလပ်မြေ တန်ချိန် ၁၄၈၀၀၀ ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ဈေးငြိမ်ပြီးအရောင်းသွက်

အောက်တိုဘာ ၂၅ ရက် မှ ၃၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၂၈၀၂၅ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်မှာ ၃၃၈၆၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၅၈၃၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၅၇၅၃ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၄၇၉၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၅၀ ကျော် အဝင်ပိုခဲ့တယ် လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းသွက်ပေမယ့် ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန်(ထိုင်း) ၇၀၀၀ ကျပ်၊ အေသုံးလုံး ၅၄၀၀ ကျပ်၊ မြန်မာ ဆင် ၄၇၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းသွက်လာတယ်လို့သိရပါတယ်။ ပွင့်လင်းရာသီရောက်လာတာကြောင့် ရောင်းအားကောင်းပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေခဲ့တယ်လို့ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၇၅၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ထက်ကောင်းနေပေမဲ့ ဈေးကသိပ်မပြောင်းဘူး။ ဈေးကွက်ထဲခြသေ့်က ပစ္စည်းပြတ်ပြီး အေသုံးလုံးက ဈေးကွက်ထဲဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ စိန် ၇၃၀၀ကျပ်၊ဆင် ၇၁၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ကျပ်၊အပါချီ ၅၁၀၀ ကျပ်၊ကမ္ဘောဇ ၄၆၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### မြေဩဇာ တန်ချိန် ၁၂၀၀ ကျော်သာတင်သွင်း

အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၂၅၃၆၅ တန်ဖိုးရှိ မြေဩဇာ ၁၂၂၆ ဒသမ ၈၉၈ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၁၅ ဒသမ ၈၉၈တန်၊ တရုတ်နိုင်ငံမှ ၁၀၀၁ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယား ဆာလဖိတ်၊ ဩဂဲနစ်၊ **Kenfolan Foliar** စတဲ့ မြေဆီအမျိုးအစားများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၆၀၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန်၄၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် စက်တင်ဘာလ မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းကိုးထောင်ကျော်ရှိခဲ့ပြီး အောက်တိုဘာလမှာ တန်ချိန် တစ်သောင်းငါးထောင်ကျော် ရှိခဲ့တာကြောင့် အောက်တိုဘာလမှာ တန်ချိန် သုံးထောင့်ခြောက်ရာကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### မြေဩဇာ အဝင်လျော့

အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေဩဇာ ၁၂၂၆ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၆၀၈၄ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၈၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၂၄၃၆ တန်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၁၂၉၉၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၆၂ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာက အရောင်းသွက်နေဆဲလို့ သိရပါတယ်။ ဆောင်းသီးနှံအတွက် ချောင်းဆုံ၊ ရွာလွတ်၊ ဘီလူးကျွန်းဘက်က နယ်အဆွဲတွေ ဆင်းတယ်။ ဒါကြောင့် ရောင်းအားက ကောင်းတယ်။ ရောင်းအားကောင်းပေမယ့် မြေဩဇာဈေးငြိမ်နေခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက ရာသီချိန် မဟုတ်သေးတာကြောင့် အရောင်းအဝယ်ပါးတယ်။ ဒီအချိန်က ရိတ်သိမ်း ချိန်ရောက်နေတာကြောင့် မြေဩဇာအသုံးနည်းတယ်။ ဆောင်းသီးနှံအတွက် အဝယ်လည်းနည်းနေတာကြောင့် ရောင်းအားကျတယ်လို့သိရပါတယ်။ ရောင်းအား ကျသလို ဈေးလည်းနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း ဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)၁၉၆၀၀ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်)၂၀၃၀၀ကျပ်၊ တီစူပါ (**GTSP** ၄၆%တရုတ်) ၁၉၅၀၀ ကျပ်၊ တီစူပါ(**GSSP**၁၆%တရုတ်) ၁၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၆၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ယူရီးယား၊ ကွန်ပေါင်းနဲ့ တီစူပါကဈေးငြိမ်နေပြီး ပိုတက်က၅၀၀ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား(နေရွက်လှေ-တရုတ်) ၂၄၅၀၀ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၂၄၅၀၀ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၂၂၀၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၄၀၀၀ကျပ်၊ ကွန်ပေါင်း(နေရွက်လှေ-တရုတ်) ၁၅း၁၅း၁၅ ၃၄၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့်အဝင်နား

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အတွင်း နို့ဆီ၊ နို့စိမ်း အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒ့ါအပြင် နို့မှုန့်လည်း အဝင်မရှိဘူးလို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် စက်တင်ဘာလ နို့ဆီအဝင်စုစုပေါင်းမှာ တန်ချိန် ၁၃၄၀ ကျော်ရှိခဲ့ပြီး အောက်တိုဘာလမှာ တန်ချိန် ၇၂၀ ကျော် ရှိခဲ့တာကြောင့် အောက်တိုဘာလမှာ တန်ချိန် ၆၂၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ထို့အတူ နို့မှုန့်အဝင်စုစုပေါင်းမှာ စက်တင်ဘာလမှာ တန်ချိန် ၅၀၀ ကျော်ရှိခဲ့ပြီး အောက်တိုဘာလမှာ တန်ချိန် ၄၅၀ ကျော်ရှိခဲ့တာကြောင့် အောက်တိုဘာလမှာ တန်ချိန် ၅၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက စိုက်ပျိုးရာသီချိန်လည်း မဟုတ်တာကြောင့် အရောင်းအဝယ်က အေးတယ်။ ကြက်သွန်ဖြူပြန်စိုက်ချိန်ကျမှ အရောင်းအဝယ်ကောင်းနိုင်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောခဲ့ပါတယ်။ အရောင်းအေးပေမယ့် ယူရီးယား မြေဩဇာက ၅၀၀ကျပ်ဈေးမြင့်ခဲ့ပြီး ပိုတက် က ၃၀၀ ကျပ်ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၃၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၀၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၆၅၀၀ကျပ်၊ တီစူပါ၁၀း၁၀း၅(တရုတ်) ၁၇၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၆၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၀ မှ ၃၀/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၀ မှ ၂၃/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၃၇.၀၀ | ၇၂၈.၅၀ | (+) | ၈.၅၀ |
| ၂။ | လွယ်ဂျယ် | ၆၁၆.၀၀ | ၅၅၀.၀၀ | (+) | ၆၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၀၀.၀၀ | - | (+) | ၃၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၃၉၂.၀၀ | ၂၄၈၅.၀၀ | (-) | ၉၃.၀၀ |
| ၅။ | တာချီလိတ် | ၁၅၁၀.၀၀ | ၁၂၀၀.၀၀ | (+) | ၃၁၀.၀၀ |
| ၆။ | မြဝတီ | ၃၃၆.၄၀ | ၁၀၈၁.၂၀ | (-) | ၇၄၄.၈၀ |
| ၇။ | ကော့သောင်း | ၆၅၂၇.၅၀ | ၈၆၀၀.၀၀ | (-) | ၂၀၇၂.၅၀ |
| ၈။ | မြိတ် | ၃၃၃၅.၀၀ | ၁၅၀.၀၀ | (+) | ၃၁၈၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၅၇၅၃.၉၀ | ၁၄၇၉၄.၇၀ | (+) | ၉၅၉.၂၀ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၀ မှ ၃၀/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၀ မှ ၂၃/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၂၆.၀၅၀ | ၉၄၃၅.၁၀၀ | (+) | ၈၃၂.၉၅၀ |
| ၂။ | လွယ်ဂျယ် | ၉၉.၀၀၀ | ၈၅.၀၀၀ | (+) | ၁၄.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၈၄.၇၅၀ | ၅၁.၇၅၀ | (+) | ၃၃၃.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၁၁၂၄.၅၂၅ | ၃၁၄၁.၆၀၀ | (-) | ၂၀၁၇.၀၇၅ |
| ၆။ | ကော့သောင်း | ၁၁၀.၀၀၀ | - | (+) | ၁၁၀.၀၀၀ |
| ၇။ | မြိတ် | ၁၅၀.၀၀၀ | ၁၈၅.၀၀၀ | (-) | ၃၅.၀၀၀ |
| ၈။ | ရိဒ် | ၃၀၀.၀၀၀ | - | (+) | ၃၀၀.၀၀၀ |
| | စုစုပေါင်း | ၁၂၄၃၆.၃၂၅ | ၁၂၉၉၈.၄၅၀ | (-) | ၅၆၂.၁၂၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/ပဲပုပ်

### ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၈ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ နှမ်းဖြူ ၁၉၈၄ တန်ခွဲ၊နှမ်းနက် ၄၄၇၉ တန်နဲ့ နှမ်းညို ၁၂၃ တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းနက် ၁၅၀၂ တန်သာ တင်ပို့မှုရှိခဲ့လို့ ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှုမှာ ပိုမိုလာတယ်လို့ ဆိုရပါမယ်။မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုးရှိ နှမ်းဖြူ ၁၇ တန်ခွဲနဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၉၁ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်)၅၈ တန်တင်ပို့ခဲ့ပါတယ်။

အောက်တိုဘာလ တစ်လလုံးအနေနဲ့ မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၉၁၀၂ တန်ကျော်နဲ့ တာချီလိတ်မှ နှမ်းဖြူ ၁၅ တန်တင်ပို့မှုရှိခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ဈေး ၁၇၈၆၇၂၇ ကျပ်မှ ယခုတစ်ပတ်တွင် ၁၇၉၀၃၀၀ ကျပ်သို့ လည်းကောင်း၊နှမ်းနက်တစ်တန် ၂၁၈၅၉၂၈ ကျပ်မှ ၂၁၉၀၃၀၀ ကျပ်သို့လည်းကောင်း ဈေးများ ပြန်လည်မြင့်တက်သွားခဲ့ပါတယ်။ မန္တလေး-မူဆယ်ကုန်သယ်ခအနေနဲ့ နှမ်းတစ်ပိဿာကို ယခင်တစ်ပတ်က ၆၀-၅၈ ကျပ်မှ ယခုတစ်ပတ်မှာတော့ ၅၉-၆၁ ကျပ်ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### နှမ်းဆီဈေးတက်လို့ ပဲပုပ်ဆီအရောင်းသွက်

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်လို့ နှမ်းဈေးမြင့်တက်နေသဖြင့် နှမ်းဆီအစား ပဲပုပ်ဆီအရောင်းသွက်လာကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရှိရပါတယ်။ နှမ်းကို တရုတ်နိုင်ငံက အဝယ်လိုက်နေတဲ့အတွက် ဈေးကောင်းရနေတာကြောင့် ဆီကြိတ်မယ့်အစား နှမ်းစေ့အတိုင်း ရောင်းချနေကြတဲ့အတွက် နှမ်းဆီဈေးတက်နေတာဖြစ်ပါတယ်။

ပဲပုပ်ထွက်ရှိတဲ့ကာလမှာ ဧပြီလမှ ဇွန်လထိဖြစ်ပြီး ပဲပုပ်စေ့ဖတ်မှာ ပြည်တွင်း မွေးမြူရေးလုပ်ငန်းရှင်များအတွက် အစားအစာအဖြစ် အသုံးပြုရာမှာ ပြည်တွင်း လိုအပ်ချက်အရ အိန္ဒိယမှဝယ်ယူမှုရှိကြောင်း မွေးမြူရေးအစားအစာ လုပ်ငန်းရှင်အချို့က ပြောကြားပါတယ်။ အောက်တိုဘာ နောက်ဆုံးပတ်မှာတော့ ကန်ဒေါ်လာ ၂၂၈၅၀ တန်ဖိုးရှိပဲပုပ်ဆီ ၁၁၄ တန်ကျော်ကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ တရုတ်ပြည်မှ တင်သွင်းလာခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# အင်ဒိုနီးရှားနိုင်ငံက ဇီဝလောင်စာဆီထုတ်လုပ်မှုကို အတည်ပြုပြီးနောက်ပိုင်း မလေးရှားစားအုန်းဆီဈေးမြင့်တက်

အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း စွမ်းအင်ကုမ္ပဏီ ပါတီမီနာကုမ္ပဏီက ဇီဝလောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းကို အတည်ပြုထားကြောင်း သတင်းများ ထွက်ပေါ်ပြီးနောက် နိုဝင်ဘာ ၅ ရက်မှာ မလေးရှားစားအုန်းဆီဈေး မြင့်တက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။



ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဇန်နဝါရီလအတွက် စာချုပ်ချုပ်ဆိုတဲ့ မလေးရှားစားအုန်းဆီရဲ့ အခြေခံစံထားဈေးနှုန်းက နိုဝင်ဘာ ၄ ရက်နေ့ ဈေးပိတ်ချိန်မှာ တစ်တန် ကို ၂၃၆၂ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၄ ဒသမ ၀၇)ရှိတဲ့အတွက် ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

တစ်ရက်တာရောင်းချခဲ့တဲ့ပမာဏက ၂၅ တန်ရှိအတွဲ ၅၉၇၀၃တွဲရှိတဲ့အတွက် ပုံမှန်တစ်နေ့ပျမ်းမျှ ရောင်းချနေတဲ့အတွဲ ၃၅၀၀၀ အထက် အများကြီး ကျော်လွန်နေတာကိုတွေ့ရပါတယ်။

အစိုးရရဲ့ ထောက်ခံအတည်ပြုချက်အပေါ် အခြေခံပြီး ပါတာမီနာကုမ္ပဏီက ဇီဝလောင်စာဆီ ပေးသွင်းမှုကို လက်ခံရယူသွားမှာဖြစ်ကြောင်း၊ ကုမ္ပဏီက နိုဝင်ဘာ ၄ရက် က အတည်ပြုပြောကြားခဲ့တယ်လို့ ဘလွမ်းဘတ်ရဲ့သတင်းမှာ ဖော်ပြပါတယ်။ ဇီဝဒီဇယ်အသုံးပြုမှုက အများအားဖြင့် စားအုန်းဆီ ဝယ်လိုအားကို မြင့်တက်စေပြီးဈေးနှုန်းမြင့်တက်ဖို့အထောက် အကူဖြစ်စေခဲ့ပါတယ်။

“အင်ဒိုနီးရှားက ထွက်ပေါ်လာတဲ့သတင်းတွေကြောင့် ဒီနေ့ စားအုန်းဆီဈေးကွက်က အတော်မာလာပါတယ်။ ဈေးကွက်တွေက ဝယ်လိုအားတိုးလာမယ့် သတင်းကိုပဲ နားစွင့်နေကြပါတယ်။ ဒီကနေ့ဈေးကွက်မှာ ဈေးတက်စေမယ့် အလားအလာအချို့ကို တွေ့ရပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံက ဝယ်လိုအားခိုင်ခိုင်မာမာ မြင့်တက်မလာရင်တော့ ဈေးပြန်ကျလာနိုင်ပါတယ်”လို့ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

တကယ်လို့ စားအုန်းဆီဈေးတွေက တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၅၀ အောက်ကျမယ်ဆိုရင် အစိုးရအခွန်နှုန်းကို လျှော့ချပေးဖို့ စဉ်းစားမှာဖြစ်ကြောင်း စားအုန်းဆီတင်ပို့မှုခွန် အသစ်ကောက်ခံရေး တာဝန်ခံအဖြစ် ဆောင်ရွက်တဲ့ အင်ဒိုနီးရှားအေဂျင်စီရဲ့ ဦးစီးမှူးက နိုဝင်ဘာ ၄ရက်နေ့က ပြောပါတယ်။

ရိုက်တာသတင်းဌာနမှ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုရဲ့အဆိုအရ မလေးရှားစားအုန်းဆီ ဈေးက တစ်တန်ကို အမြင့်ဆုံး ၂၃၇၃ ရင်းဂစ်ထိ ရောက်နိုင်တယ်လို့ ခန့်မှန်းပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနှုန်းနှေးကွေးမှုကြောင့် စားအုန်းဆီစားသုံးမှုအများဆုံးဖြစ်တဲ့ တရုတ်နိုင်ငံဈေးကွက်မှ ဝယ်လိုအား ကျတဲ့အတွက် ဇီဝလောင်စာဆီထုတ်လုပ်မှုကို ထောက်ပံ့ဖို့အတွက် ဇူလိုင်လကစပြီး စားအုန်းဆီကြမ်းတင်ပို့မှုကို အင်ဒိုနီးရှားအစိုးရက အခွန်ကောက်ခံခဲ့ပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ အမေရိကန်ပဲပုပ်ဆီဈေးကွက်မှာ ဒီဇင်ဘာအတွက် ပဲပုပ်ဆီ စာချုပ်ဈေးက ၁ ဒသမ ၁ မြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက် (Dalian Commodity Exchange) မှာ ပဲပုပ်ဆီဈေးက ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၆-၁၁-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၈၀၀ | △ | ၃၈၀၀ | ၄၀၀၀ | △ | ၁၆၅၀ | ၁၆၀၀ | ▽ |
| ရန်ကုန် | ၅၇၀၀ | ၅၇၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၈၅ | ၁၃၉၀ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၉၀ | ၁၄၈၀ | ▽ |
| ပဲခူး | ၃၀၀၀ | ၃၀၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၈၀ | ၁၄၈၀ | □ |
| မကွေး | ၄၈၀၀ | ၅၀၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၇၀၀ | △ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၃၀ | ၁၅၃၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၁၀-၂၀၁၅ US$/Ton

| အမျိုးအစား | အောက်တိုဘာလစတုတ္ထပတ် | နိုဝင်ဘာလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၅၂.၅၀ | ၅၄၄.၅၀ | ▽ |
| RBD P.Olein | ၅၇၃.၀၀ | ၅၆၂.၅၀ | ▽ |
| RBD P.Strarin | ၄၆၄.၅၀ | ၄၅၆.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆- ၁၁ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၇၆.၈၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၈၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၉၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၄၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၄.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၁၀.၃၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၆-၁၁-၂၀၁၅နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၁၀ ဒေါ်လာ၊ FOB ၅၈၅ ဒေါ်လာ နှင့် USD ဈေး ၁၂၈၁ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၆- ၁-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့်ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စီးပွားရေးလုပ်ကိုင်ရာတွင် ကိုရီးယားနိုင်ငံက အလွယ်ကူဆုံးနိုင်ငံများအနက် အဆင့်(၄)တွင်ရှိ

ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်မှု လွယ်ကူခြင်းအဆင့် (To do business list) သတ်မှတ်ရာတွင် ကိုရီးယားသမ္မတနိုင်ငံသည် အဆင့် (၄) တွင် ရပ်တည်နေသည်။ ယင်းသို့အဆင့် သတ်မှတ်ချက်ကို ကမ္ဘာ့ဘဏ်က နှစ်စဉ် ထုတ်ပြန်သည့် 'Doing Business Report' တွင် ဖော်ပြထားရှိရာ ကိုရီးယားသမ္မတနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့ကို မကျော်နိုင်သော်လည်း ဟောင်ကောင်ကိုမူ နောက်ချန် ထားခဲ့နိုင်သည်။ 'Doing Business Report' တွင် ၂၀၁၅ ခုနှစ်အတွက် အဆင့် (၁) ရရှိသည့်နိုင်ငံသည် စင်ကာပူနိုင်ငံဖြစ်ပြီး၊ ယင်းနောက်တွင် နယူးဇီလန်နှင့် ဒိန်းမတ်နိုင်ငံတို့ရှိနေသည်။

ကိုရီးယားသမ္မတနိုင်ငံအား ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် အဆင့် (၄) ပေးထားခြင်းနှင့် ပတ်သက်၍ ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် နားမလည်နိုင်စရာဖြစ်ခဲ့ပါသည်။ ၎င်းတို့အဆိုအရ ကိုရီးယားသည် ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ရန် အလွယ်ကူဆုံး အဆင့် (၄) ရသည့် နိုင်ငံ ဖြစ်နေပါလျှင် နိုင်ငံစုံကုမ္ပဏီကြီးများ (Multinational corporations) ဘာကြောင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှု မရှိပါသနည်းဆိုသည့် မေးခွန်းကြီးတစ်ခု မေးစရာပေါ်လာနေပါသည်။ ကမ္ဘာ့ဘဏ်၏ 'Doing Business Report' ၂၀၁၅ ခုနှစ် အတွက် စာရင်းသတ်မှတ်ချက် မထုတ်ပြန်မီက Forbes magazine က ဖော်ပြခဲ့သည့် ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ရန် အကောင်းဆုံးနိုင်ငံများ စာရင်းအား အစဉ်လိုက်ဖော်ပြရာတွင် ကိုရီးယားသမ္မတနိုင်ငံသည် အဆင့် (၃၂) တွင် ရပ်တည်နေခဲ့ကြောင်းသိရသည်။

ကမ္ဘာ့ဘဏ်က ကောက်ယူခဲ့သော 'Doing Business Report' နှင့် ကမ္ဘာ့စီးပွားရေးမဂ္ဂဇင်းဖြစ်သည့် Forbes magazine တို့က ကောက်ယူခဲ့သည့် အဆင့်တို့ကွာဟလျက်ရှိနေသည်ကို တွေ့ရသည်။

ကမ္ဘာ့ဘဏ်၏ Doing business annual report ကို ၂၀၀၃ ခုနှစ်ကတည်းကစတင် စစ်တမ်းကောက်ယူလာခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် အဆင့်(၁၆) သာရှိခဲ့ရာမှ နှစ်စဉ် အဆင့်တက်လာခဲ့ပြီး ယခုနှစ်တွင် အဆင့်(၄) ရရှိခဲ့သည်။ ကမ္ဘာ့ဘဏ်က အဆင့်သတ်မှတ်ရာတွင် စီးပွားရေးလုပ်ငန်းများကိုလွယ်ကူလျင်မြန်စေသည့် အခြေခံအဆောက်အဦပိုင်းကိုများစွာ အကဲဖြတ်သုံးသပ်ပါသည်။ အခြေခံအဆောက်အဦပိုင်းတွင် ဆန်းစစ်ချက် ၁၀ရပ်အနက် 'Construction permit, getting electricity, registering property and enforcing contracts' တို့ပါဝင်နေပြီး ယင်းနယ်ပယ်များတွင် ကိုရီးယားသည် အခိုင်မာဆုံး အဆင့်ရှိနေ၍ အမှတ်များရနေခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်သုံးသပ်ချက်တွင် ကိုရီးယားကော်ပိုရေးရှင်းများ တစ်စတစ်စပြိုလဲနေခြင်းကိုထည့်သွင်းတိုင်းတာခြင်းမပြုသလို ကော်ပိုရေးရှင်းများနှင့် လုပ်သား/လုပ်အားတို့၏ ဆက်နွယ်မှုကိုလည်း သုံးသပ်အကဲဖြတ်ထားခြင်းမရှိချေ။

Forbes က နိုင်ငံပေါင်း ၁၂၀ ၏ ငွေဖောင်းပွမှု၊ အလုပ်လက်မဲ့ပြဿနာ၊ အခွန်အခများ၊ ကော်ပိုရိတ်များ လိုက်နာနိုင်မည့် လွယ်ကူရှင်းလင်းသည့် မူဝါဒများ၊ စီးပွားရေးအခြေအနေကို တိုင်းတာသည့် ညွှန်ကိန်းများ၊ ကျွမ်းကျင်သူများ၏ သဘောထား မှတ်ချက်များကို အထူးပြုဆန်းစစ်ပြီး၊ နိုင်ငံအလိုက် အဆင့်သတ်မှတ်ပေးခြင်း ဖြစ်သည်။ အဆိုပါညွှန်ကိန်းများသည် ကမ္ဘာ့ဘဏ်၏ ဆန်းစစ်ချက်များတွင် ပါဝင်ခြင်းမရှိချေ။ ကမ္ဘာ့သိ အဖွဲ့အစည်း ကြီးများ၏ နိုင်ငံတွင်း စီးပွားရေးလုပ်ရန် လွယ်ကူမှု စစ်တမ်းများကို လေ့လာကြည့်ပါက ကိုရီးယားသမ္မတနိုင်ငံသည် အဆင့်နိမ့်နေဆဲ (Low grade) ဖြစ်သည်ကို တွေ့ရှိရပေသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အီးယူ အလုပ်လက်မဲ့နှုန်း ကျဆင်း

အီးယူ၌ အလုပ်လက်မဲ့နှုန်းသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ၉ ဒသမ ၄ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ၉ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ အလားတူ ယူရိုဇုန်၌ အလုပ်လက်မဲ့နှုန်းသည် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ၁၀ ဒသမ ၉ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ၁၀ ဒသမ ၈ရာခိုင် နှုန်းသို့ကျဆင်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် အီးယူ၌ အလုပ် လက်မဲ့ ဦးရေ ၂၂ ဒသမ ၆၁ သန်းခန့်ရှိပြီး ယူရိုဇုန်၌ အလုပ်လက်မဲ့ဦးရေ ၁၇ ဒသမ ၃၂ သန်းခန့် ရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် အီးယူအဖွဲ့ဝင်နိုင်ငံများအနက် အလုပ်လက်မဲ့နှုန်း အနိမ့်ဆုံး နိုင်ငံများမှာ ဂျာမနီနိုင်ငံ ၄ ဒသမ ၅ရာခိုင်နှုန်း၊ ချက်ပြည်သူ့သမ္မတ နိုင်ငံ ၄ ဒသမ ၈ရာခိုင်နှုန်း ၊ မော်လ်တာ နိုင်ငံ ၅ ဒသမ ၁ရာခိုင်နှုန်း နှင့် ဗြိတိန် နိုင်ငံ ၅ ဒသမ ၃ရာခိုင်နှုန်း တို့ဖြစ်ပြီး အလုပ်လက်မဲ့နှုန်းအမြင့်ဆုံး နိုင်ငံများမှာ ဂရိနိုင်ငံ ၂၅ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံ ၂၁ ဒသမ ၆ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း အီးယူ စာရင်းအင်းရုံးကထုတ်ပြန်ခဲ့သည့် ကိန်း ဂဏန်းအချက်အလက်များအရ သိရှိရ ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# တောင်ကိုရီးယားတွင် အမည်မသိ အအေးမိရောဂါတစ်မျိုး ခံစားနေရသူ ကျောင်းသား/သူ ၃၁ ဦးရှိလာ

ကိုရီးယားသမ္မတနိုင်ငံ Konkuk University's Seoul Campus တွင် အမည်တပ်ရန်ခက်ခဲ သော အအေးမိရောဂါတစ်မျိုး (Mysterious pneumonia) ခံစားနေရသူ ကျောင်းသား/သူ ၁၀ဦး ထပ်မံ တွေ့ရှိ၍ ယခုအခါ ကျောင်းသား/သူပေါင်း ၃၁ ဦး ရှိသွားပြီဖြစ်သည်။ ယင်းတို့အနက် လူနာ ၂၁ ဦး သည် ရောဂါလက္ခဏာတူညီနေပြီး ယင်းရောဂါလက္ခဏာများသည် အမည်သတ်မှတ်ထားပြီးဖြစ်သည့် အအေးမိရောဂါ ၁၂ မျိုးခန့်တွင် အကျုံးဝင်ခြင်းမရှိချေ။ ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက မည်သည့် ရောဂါမျိုးဖြစ်ကြောင်း ဆက်လက် ရှာဖွေလျက်ရှိသည်။

ရောဂါခံစားနေကြရသည့်ကျောင်းသား၊ ကျောင်းသူများမှာ တိရစ္ဆာန်ရောဂါကုသိပ္ပံဌာနမှ ဖြစ်ကြပြီး၊ အချို့မှာ ရောဂါလက္ခဏာ အပျော့စား အဆင့်တွင်ရှိနေကြောင်း ပြောဆိုကြသည်။ လူနာ ၂၃ဦးကို ဆေးရုံတွင် သီးသန့်ခွဲထားပြီး၊ ရောဂါလက္ခဏာ အပျော့စား အဆင့်တွင်ရှိသူ ရှစ်ဦးကို အိမ်တွင်နေစေ၍ စောင့်ကြည့်ကုသပေးနေသည်။ လူနာ ၃၁ ဦးစလုံးသည် Brucellosis, Q fever, Legionella စသည့် ရောဂါများတွင် အကျုံးမဝင်ကြဘဲ Mycoplasma, Chlamydia နှင့် MERS ရောဂါများအတွက် စမ်းသပ်ရာတွင်လည်း ရောဂါပိုးမရှိကြောင်း negative ပြနေသည်။ လွန်ခဲ့သည့် နိုဝင်ဘာ ၁ ရက်နေ့က SK Group သည် ယင်းကျောင်းဌာနတွင် ဝန်ထမ်းခန့်ထားရန် စစ်ဆေးမှုပြုလုပ်ခဲ့သည်။ ယင်းကာလတွင် အဆိုပါရောဂါသည် ပျံ့နှံ့လျက်ရှိနေပြီဖြစ်သည်။ ဝန်ထမ်းသစ်ခန့်ထားခြင်း စစ်ဆေးမှုတွင် ပါဝင်ကြသည့် လူ ၅၀၀ ဦးအား ၎င်းတို့သည် ပြင်းထန်အဖျားရောဂါလက္ခဏာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာသို့သတင်းပို့ကြရန် နှိုးဆော်ထားသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဥရောပသမဂ္ဂနှင့် နယူးဇီလန်နိုင်ငံအကြားလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများအတွက် လုပ်ငန်းစဉ်များစတင်ရန်သဘောတူညီ

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဂျင်းကလော့ဒ်ယန်သည် ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဒေါ်နယ်လ်ထရာ့စ်၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဂျွန်ကီးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂနှင့် နယူးဇီလန်နိုင်ငံအကြားနိုင်ငံရေး၊ လုံခြုံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများအား မြှင့်တင်ရန်နှင့် ဥရောပသမဂ္ဂနှင့် နယူးဇီလန်နိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများအတွက် လုပ်ငန်းစဉ်များ စတင်ရန်တို့အား သဘောတူခဲ့ကြပါသည်။

ထို့အပြင်နှစ်ဦးနှစ်ဖက် လွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုလုပ်ငန်း စဉ်များ စတင်နိုင်ရေးအတွက် ဆွေးနွေးရန် ဥရောပသမဂ္ဂကုန်သွယ်ရေး ကော်မရှင်နာ Ms. Cecilia Malmstrom နှင့် နယူးဇီလန်ကုန်သွယ်ရေးဝန်ကြီး မစ္စတာတင်(မ်) ဂရိုဆာတို့သည် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံခဲ့ကြပါသည်။

၂၀၁၄ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့် နယူးဇီလန်နိုင်ငံအကြား ကုန်စည်ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းသည် ယူရို ၇ ဒသမ ၉ ဘီလီယံခန့် ရှိခဲ့ပါသည်။ နယူးဇီလန်နိုင်ငံသည် ဥရောပသမဂ္ဂ၏ ၅၁ နိုင်ငံမြောက် အရေးအပါဆုံး/အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂသည် ဩစတြေးလျနိုင်ငံနှင့် တရုတ်နိုင်ငံပြီးနောက် နယူးဇီလန်နိုင်ငံ၏ တတိယမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူဘဏ်များ၏ချေးငွေထုတ်ပေးမှု နှုန်းထားကျဆင်းလျက်ရှိ

စင်ကာပူနိုင်ငံ၌ ထုတ်ကုန်ဈေးနှုန်းမခိုင်မာမှုနှင့် စီးပွားရေးလုပ်ကိုင်ရန်ခက်ခဲမှုများကငွေချေးယူမည့် ကော်ပိုရိတ်လုပ်ငန်းများနှင့် စားသုံးသူများအပေါ်ဝန်ထုပ်ဝန်ပိုးများဖြစ်ပေါ်လျက်ရှိရာယခုနှစ်တတိယသုံးလပတ်ကာလအတွင်းချေးငွေလိုလားချက်ကျဆင်းမှုနှင့် အားပျော့သည့်ရပိုင်ခွင့်များ (အက်ဆက်များ) သည် စင်ကာပူပြည်တွင်းဘဏ်လုပ်ငန်းများအတွက် ရင်ဆိုင်ဖြေရှင်းရမည့်ကိစ္စရပ်များအဖြစ် ကြုံတွေ့လျက်ရှိပါသည်။

စင်ကာပူအခြေစိုက် ဘဏ်လုပ်ငန်းသုံးခုလုံးကဒုတိယသုံးလနှင့်နှိုင်းယှဉ်ပါကစက်တင်ဘာလကုန်ဆုံးသည့်သုံးလတာအတွင်းဘဏ်ချေးငွေတိုးတက်မှုနှုန်းမှာ ခုဂဏန်းကျော်ရုံမျှသာရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ OCBC ဘဏ်၏ သုံးလပတ်အလိုက် ဘဏ်ချေးငွေတိုးတက်နှုန်းမှာ တစ် ရာခိုင်နှုန်းရှိချိန်တွင် UOB ဘဏ်မှာသုညဒသမ ၄ ရာခိုင်နှုန်းမျှသာတိုးတက်မှုရရှိခဲ့ပါသည်။ DBS ဘဏ်၏ နိုဝင်ဘာ ၂ ရက် နေ့အစီရင်ခံစာတွင် ယခုနှစ်တတိယသုံးလ၌ဘဏ်မှငွေထုတ်ချေးပေးမှုမှာ နှစ်ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ငွေကြေးဈေးနှုန်းများ၏အကျိုးသက်ရောက်မှုကအတန်အသင့်အထောက်အပံ့ပြုသော်လည်းစင်ကာပူဘဏ်များ၏နှစ်အလိုက်ချေးငွေထုတ်ပေးမှုတိုးတက်နှုန်းမှာ ၃ ဒသမ ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ ကျဆင်းနေဆဲဖြစ်ပါသည်။

စီးပွားရေးနှေးကွေးကျဆင်းခြင်းကဘဏ်များ၏ ဒေသတွင်းဈေးကွက်၌ဂယက်ရိုက်ခတ်မှုကို ဖြစ်ပေါ်စေရာကုမ္ပဏီလုပ်ငန်းများ၏ ငွေကြေးချေးငှားရယူလိုမှုမှာလည်း ကာလတိုအတွင်းမြင့်တက်လာဖွယ်မရှိကြောင်း၊ ၎င်းတို့အနေဖြင့် ချေးငွေတိုးတက်မှုနှုန်းမှာယခုနှစ်ကုန်ကာလအထိ ခုဂဏန်းမျှသာရှိနေဦးမည်ဟုမှန်းဆထားကြောင်းဖြင့် OCBC ဘဏ်ကပြောဆိုပါသည်။ DBS ဘဏ်ကမူချေးငွေထုတ်ပေးမှုတိုးတက်နှုန်း ငါးရာခိုင်နှုန်း မှ ခြောက် ရာခိုင်နှုန်းအထိရရှိရန် မျှော်မှန်းလျက်ရှိပါသည်။

စင်ကာပူဗဟိုဘဏ်အဖွဲ့အစည်းဖြစ်သော MAS က ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ဘဏ်များအားလုံး၏ ငွေထုတ်ချေးပေးမှုမှာဩဂုတ်လနှင့်နှိုင်းယှဉ်လျှင် သုညဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက သုညဒသမ ၆ ရာခိုင်နှုန်းသာတိုးတက်မှုရှိကြောင်း ဖော်ပြပါသည်။ သို့ရာတွင် ချေးငွေအင်အားပိုမိုအလေးသာသောပထမတန်းဘဏ်များအကြား ချေးငွေအတိုးနှုန်းနှင့် ငွေကြေးဖလှယ်မှုကမ်းလှမ်းအတိုးနှုန်းများဖြင့်ချိတ်ဆက်၍ ဈေးနှုန်းပြန်လည်သတ်မှတ်ခဲ့ခြင်းကဘဏ်များအတွက် သက်သာမှုရရှိစေခဲ့ပါသည်။ စင်ကာပူဘဏ်များအကြား သုံးလချေးငွေအတိုးနှုန်း (Sibor) မှာ တစ်ရာခိုင်နှုန်းအထက်တွင်တည်ရှိနေခဲ့ရာ ယခင် လေးနှစ်တာကာလကနှုန်းထားထက် သုညဒသမ ၄ ရာခိုင်နှုန်းပိုမိုမြင့်တက်ခဲ့ပါသည်။ The Straits Times သတင်းဌာန၏ဖော်ပြချက်အရ ချေးငွေပေါ်မှအသားတင်အစွန်းထွက် အမြတ်ရရှိမှုမှာ UOB ဘဏ်သည် ၁ ဒသမ ၇၇ ရာခိုင်နှုန်းနှင့်DBS ဘဏ် သည် ၁ ဒသမ ၇၈ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ကြောင်း၊ ဤနှုန်းထားသည် DBS အတွက် လေးနှစ်အတွင်း အမြင့်ဆုံးဖြစ်ကြောင်းသိရှိရပါသည်။

အသားတင်အစွန်းထွက် အမြတ်၌တိုးတက်မှုရရှိခဲ့ခြင်းသည် ရှေ့လာမည့်သုံးလပတ်များအတွင်း ဘဏ်များ၏ဝင်ငွေတည်ရှိမှုအတွက်အဓိကကျသည့် အချက်တစ်ရပ်ဖြစ်ကြောင်း၊ စင်ကာပူရှိရရန်ပိုင်ခွင့်များအပေါ်မှ အကျိုးအမြတ်ရရှိမှုမှာ အတိုးနှုန်းမြင့်မားမှုအပေါ်မူတည်လျက်ရှိရာ အစွန်းထွက်အမြတ်တိုးချဲ့မှုမရှိပါက ဒေသတွင်းချေးငွေထုတ်ပေးနိုင်မှု နှေးကွေးခြင်းသည်ဘဏ်များ၏ဝင်ငွေရလမ်းကိုကျဉ်းမြောင်းသွားစေမည်ဖြစ်ကြောင်း Nomura Aseanဘဏ်၏သုတေသနဌာနအကြီးအကဲ Jaj Singh က ပြောကြားပါသည်။

စင်ကာပူဘဏ်များ အနေဖြင့် အစွန်းထွက်အကျိုးအမြတ်ကိုသာမကသတ်မှတ်ကာလစေ့ရောက်ချိန်၌ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသည့် (Non-performing loans, NPL) ချေးငွေများ ရေရှည်မြင့်တက်မှုကို တုံ့ပြန်ရန်အတွက် ၎င်းတို့၏ရရန်ပိုင်ခွင့်များအားဂရုပြုစောင့်ကြည့် စစ်ဆေးလျက်ရှိပါသည်။ OCBC ဘဏ်နှင့် UOB ဘဏ်တို့၏ NPL အချိုးများမှာ သုည ဒသမ ၉ ရာခိုင်နှုန်း နှင့် ၁ ဒသမ ၃ ရာခိုင်နှုန်းအသီးသီးရှိကြပြီး တစ်နှစ်ထက်တစ်နှစ်ပိုမိုမြင့်တက်လာကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍရှိကုမ္ပဏီနှစ်ခု၏ ချေးငွေပြန်လည်ပေးဆပ်နိုင်မှုနည်းပါးခြင်း က UOB ဘဏ်၏ NPL အချိုးကို မြင့်မားလာစေသည့် အဓိကအချက်ဖြစ်ကြောင်း The Straits Times သတင်းဌာနက ဖော်ပြပါသည်။ သို့ရာတွင် DBS ဘဏ်၏ NPL အချိုးများမှာမူ ပြောင်းလဲခြင်းမရှိဘဲ သုည ဒသမ ၉ ရာခိုင်နှုန်း၌ တည်ငြိမ်နေခဲ့ပါသည်။

လေ့လာဆန်းစစ်သူများ၏ ပြောကြားချက်အရ စင်ကာပူအခြေစိုက်ဘဏ်လုပ်ငန်းများအနေဖြင့် လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ပြည်ပကုမ္ပဏီများ၏ ငွေချေးယူရန် ကြိုတင်အမှာစာများ ကျဆင်းမှုကို တွေ့ကြုံခဲ့ရပြီး ယခုမကြာသေးမီကာလအတွင်း ပြည်တွင်းလုပ်ငန်းများထံမှ ချေးငွေလိုလားချက်နည်းပါးမှုနှင့် ရင်ဆိုင်လာရခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ဈေးနှုန်း မခိုင်မာမှုကစင်ကာပူဘဏ်များ၏ ချေးငွေစုစုပေါင်း၌ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိသော ဒေသခံရေနံထွက်ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများကိုများစွာ သက်ရောက်မှုရှိကြောင်း၊ စင်ကာပူဘဏ်များ၏ ရရန်ပိုင်ခွင့်များ အရည်အသွေးသည် ရေနံဈေးနှုန်းများအပေါ်မူတည်လျက်ရှိသော်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## တောင်ကိုရီးယား သက်ကြီးအလုပ်သမားများအချိုးသည် အိုအီးစီဒီနိုင်ငံများထက် မြင့်မားနေ

ကိုရီးယားသမ္မတနိုင်ငံတွင် လက်ရှိအလုပ်လုပ်လျက်ရှိကြသော သက်ကြီး ရွယ်အိုများ အရေအတွက် အချိုးအစား သည် OECD တိုင်းပြည်များရှိ ပျမ်းမျှ သတ်မှတ်ချက်ထက် သာလွန်နေခြင်းသည် နိုင်ငံအတွင်း အငြိမ်းစားယူပြီး နောက်ပိုင်းအထိ ဘဝနေဝင်ချိန်များ ကောင်းမွန်စေရန် ရုန်းကန် လှုပ်ရှားရမှု များပြားလျက်ရှိကြောင်း ပြဆိုလျက်ရှိသည်။ OECD ၏ သုံးလပတ်အစီရင်ခံ စာအရ အသက် ၅၅ နှစ်မှ ၆၄ နှစ်ကြား အလုပ်လုပ်နေသူ သက်ကြီးများအချိုးအစားသည် ယခုနှစ် ဒုတိယ သုံးလပတ်တွင် ၆၅ ဒသမ ၅ ရာခိုင်နှုန်းရှိ၍ OECD ၏ ပျမ်းမျှအချိုးအစား ၅၈ ရာခိုင်နှုန်း ထက်သာလွန်နေသည်ကို တွေ့ရသည်။ နိုင်ငံတွင်းသက်ကြီးများ အချိုးအစားသည်လည်း ၇၈ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်၍ OECD ပျမ်းမျှအချိုးထက် ၁၀ ရာခိုင်နှုန်း ပိုများနေသည့်အပြင် အဖွဲ့ဝင်နိုင်ငံ ၃၄ နိုင်ငံတွင် ခြောက်နိုင်ငံမြောက် အမြင့်ဆုံးဖြစ်နေသည်။ ကိုရီးယား အမျိုးသမီး သက်ကြီးများသည် OECD ပျမ်းမျှအချိုးထက် အလုပ်အကိုင်ပိုမိုရရှိကြသည်။ ယင်းသက်ကြီး လုပ်သားများမှ ထက်ဝက်ခန့်သည် အချိန်ပိုင်းလုပ်သားများ၊ (သို့မဟုတ်) ယာယီ လုပ်သားများဖြစ်ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တရုတ်စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးလာ

မကြာသေးမီကာလအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် သိသိသာသာ နှေးကွေးလျက်ရှိသည်။ ယခုနှစ် ဇွန်လက ပေါ်ပေါက်ခဲ့သည့်စတော့ရှယ်ယာဈေးကွက် လှုပ်လှုပ်ခတ်ခတ် ဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံသည် လူလတ်တန်းစားများများပြားစုံပြုလာခြင်း အန္တရာယ်ထောင်ချောက် (Middle income trap) တွင်းသို့ ကျရောက်တော့မည်လားဆိုသည့် စိုးရိမ်မကင်းမှုများ တိုးပွားလာခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးမှု ပြန်လည်ရရှိရန် အစိုးရက စီးပွားရေး လှုံ့ဆော်အားပေးမှုအစီအမံများ (stimulus measures) များစွာ ဆောင်ရွက်ခဲ့သော်လည်း တရုတ်စီးပွားရေးဖွံ့ဖြိုးမှုသည်ယခုနှစ်ပထမခြောက်လအတွင်း ၇ ရာခိုင်နှုန်းသာ တိုးတက်ရရှိခဲ့သည်။ ယခုနှစ်၏ ဖွံ့ဖြိုးမှုနှုန်းသည် ၇ ရာခိုင်နှုန်းအောက်သာရှိမည်ဟု ခန့်မှန်းထားခဲ့နိုင်ကြသည်။ အိုအီးစီဒီ၏ ခန့်မှန်းချက်အရ ၂၀၂၂ ခုနှစ်တွင် တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၄ ဒသမ ၈၇ ရာခိုင်နှုန်းထိလည်းကောင်း၊ ၂၀၂၆ ခုနှစ်တွင် ၃ ဒသမ ၈၇ ရာခိုင်နှုန်းသို့လည်းကောင်းကျဆင်းမည်ဟုခန့်မှန်းထားခဲ့သည်။

Middle income trap အား ကမ္ဘာ့စီးပွားရေးပညာရှင်များက အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း ဖြစ်စဉ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးလာပြီး လူလတ်တန်းစားများ များပြားလာသော်လည်း နိုင်ငံတွင်း အလုပ်သမားခများ မြင့်တက်လျက်ရှိခြင်း၊ ကုန်ထုတ်လုပ်မှု ကျဆင်းလာခြင်းတို့ကြောင့် ဝင်ငွေမြင့် လူတန်းစားတစ်ရပ် (high income statue) ပီပီပြင်ပြင် ထွက်ပေါ်လာရန် အချိန်ကြာမြင့်ခြင်းကိုဆိုလိုပါသည်။ ၁၉၈၇ ခုနှစ်ကတည်းက ကမ္ဘာ့ဘဏ်သည် ကမ္ဘာ့နိုင်ငံများအား ဝင်ငွေအနိမ့်အမြင့်ပေါ် မူတည်၍ အတန်းအစားခွဲခြားခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သည်။ ကမ္ဘာ့ဘဏ်က ဝင်ငွေအတန်းအစားဖြင့် နိုင်ငံများအုပ်စု ခွဲခြင်းပြုလုပ်ရာတွင် ၂၀၁၄ ခုနှစ် အဓိပ္ပာယ်သတ်မှတ်ချက်အရ (Middle income) ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများ၏ နိုင်ငံသားတစ်ဦးချင်း ဝင်ငွေ GNI သည် အမေရိကန်ဒေါ်လာ ၁၂,၇၃၅ နှင့် ၁,၀၄၆ ကြားရှိရမည်ဖြစ်သည်။

လတ်တလောတွင် ကမ္ဘာ့နိုင်ငံများကြား Middle income country မှ High income country အခြေအနေသို့ လွယ်လွယ်ကူကူကူးပြောင်း ရောက်ရှိသွားသည့် နိုင်ငံအနည်းငယ်သာရှိခဲ့သည်။ ကမ္ဘာ့ဘဏ်၏ ဆန်းစစ်ချက်အရ ၁၉၆၀ ခုနှစ်တွင် Middle income country အခြေအနေကို ရရှိခဲ့ကြသည့် ၁၀၁ နိုင်ငံတို့အနက် ၂၀၀၈ ခုနှစ်တွင် High income country အဆင့်သို့ ကိုရီးယားသမ္မတနိုင်ငံ အပါအဝင် ၁၃ နိုင်ငံသာ ရောက်ရှိ/ရရှိခဲ့ကြသည်။ အာရှဒေသတွင် ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ ဟောင်ကောင်နှင့် တရုတ် (တိုင်ပေ) တို့သည် Middle income country မှ High income country အခြေအနေသို့ လွယ်လွယ်ကူကူ ကူးပြောင်းရောက်ရှိသွားသည့် နိုင်ငံများဖြစ်ကြပြီး၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် Middle income trap ထဲတွင် ရှိနေဆဲနိုင်ငံများ ဖြစ်ကြကြောင်း ဆန်းစစ်ချက်အများစုက ဖော်ပြထားခဲ့ကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း သွက်သွက်လက်လက်ဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ရယူလာခဲ့သည့် တရုတ်နိုင်ငံသည် ယခုအခါ ဖွံ့ဖြိုးမှု အရှိန်အဟုန်ရပ်တန့်နေသည့်သဘောကို တွေ့မြင်နေရပါသည်။ တရုတ်နိုင်ငံသည် Middle income trap ထဲသို့ ကျဆင်းနေပြီလားဆိုသည့် စိုးရိမ်မကင်း ဖြစ်မှုများလည်း ဖြစ်ပေါ်လာပါသည်။ သို့သော် ထိုသို့ Middle income trap ထဲသို့ ကျရောက်နိုင်မှု အန္တရာယ်များစွာ နိမ့်ပါးနေပါသည်။ တစ်ဘက်က အစိုးရက စီးပွားရေး ဖွံ့ဖြိုးမှု ပြန်လည်ရရှိလာအောင် ကျယ်ကျယ်ပြန့်ပြန့်အားစိုက် ဆောင်ရွက်နေသည်လည်း ရှိနေပါသည်။ တရုတ်အစိုးရအနေဖြင့် ယခုကြိုးပမ်းဆောင်ရွက်မှုများ အပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ပိုမို ရင်းနှီးမြှုပ်နှံသွားရန်၊ စီမံခန့် ခွဲမှုယန္တရားအား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်၊ လုပ်သားအခြေပြု စီးပွားရေး လုပ်ငန်းများမှ အသိပညာအခြေပြု/နည်းပညာ အခြေပြုစီးပွားရေးလုပ်ငန်းများသို့ပြောင်းလဲ တိုးတက်ဆောင်ရွက်သွားရန်တို့လည်း လိုအပ်လျက်ရှိပါကြောင်းနှင့် ဝင်ငွေမညီမျှချက်ကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားရမည်လည်း ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# Supply Chain မှ Value Chain သို့ တစ်ဆင့်တက်လှမ်းတော့မယ့် ပဲတီစိမ်းပို့ကုန်လုပ်ငန်း

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ပဲတင်ပို့တဲ့ ထိပ်တန်းနိုင်ငံများစာရင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပပဲဈေးကွက်သို့ နှစ်စဉ် တန်ချိန် ၁ သန်းကျော်တင်ပို့ရောင်းချရလျက်ရှိပါတယ်။ ပဲမျိုးစုံ တင်ပို့လျက်ရှိရာမှာ ပဲတီစိမ်းကို တရုတ်နဲ့ ဗီယက်နမ်နိုင်ငံတို့ကို အများဆုံးတင်ပို့လျက်ရှိပါတယ်။ အဆိုပါ နိုင်ငံများဟာ မြန်မာ့ပဲတီစိမ်းများကို ဥရောပဈေးကွက်သို့ ယင်းတို့ရဲ့ ထုတ်ကုန်အဖြစ် တစ်ဆင့်ခံပြောင်းလဲတင်ပို့၍ အကျိုးအမြတ်ရလျက်ရှိရာ မြန်မာ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ ဥရောပဈေးကွက်သို့ တိုက်ရိုက်ချိတ်ဆက်တင်ပို့နိုင်ပါက မြန်မာ့ပဲလောက တိုးတက်ဖွံ့ဖြိုးလာပြီး Supply Chain မှ Value Chain သို့ ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းနယ်ပယ်အတွင်း ကျင်လည်နေသူ အားလုံးလည်း အကျိုးအမြတ်ပိုမိုရရှိစေမှာဖြစ်ပါတယ်။

Supply Chain ဆိုတာက စိုက်ပျိုးသူကစိုက်ပျိုး၊ ဝယ်သူကဝယ်၊ တင်ပို့ရောင်းချသူကရောင်း တစ်ဦးနဲ့ တစ်ဦး မှီခိုမှုမရှိပါဘူး။ ဖောက်သည်များကလည်းလိုအပ်သည်များကို တောင်းဆိုမှုမရှိပါဘူး၊ Value Chain ကတော့ စားသုံးသူရဲ့ လိုအပ်ချက်အရ ထုတ်လုပ်ရောင်းချပြီး အရည်အသွေးကောင်းတယ်၊ နောက်ကြောင်းပြန် စစ်ဆေးနိုင်တယ်၊ တန်ဖိုးကြီးကြီးရရှိတယ်၊ ဒါကြောင့် ဥရောပသမဂ္ဂသို့ Supply Chain နဲ့ တင်ပို့ခြင်းအစား Value Chain နဲ့ တင်ပို့နိုင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Value Chain ဟာ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူ၊ တစ်ဆင့်ခံကုန်သည်ပြုပြင်ထုပ်ပိုးသူနဲ့ တင်ပို့သူများကိုပါ အကျိုးရှိစေသောကြောင့် အောင်မြင်စွာ လုပ်ကိုင်နိုင်ဖို့လိုပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ပြီး ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲမျိုးစုံးတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနဲ့ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှစ်ခု ပူးပေါင်းပြီး ကုန်သွယ်မှုအပိုင်းနဲ့ ပုဂ္ဂလိကအပိုင်းဆောင်ရွက်မှုများ အရှိန်အဟုန်နဲ့ တိုးတက်လာစေရန် ဥရောပသမဂ္ဂသို့ ပဲတင်ပို့ရာမှာ ပို့ကုန်တင်ပို့သူများအနေနဲ့ ရရှိထားတဲ့ ဈေးကွက်ခိုင်မာစေရန်နဲ့ ဈေးကွက်အသစ်များ တိုးတက်ရရှိစေရန် ဥရောပသမဂ္ဂ စစ်ဆေးရေးအဖွဲ့(EU Audit) မြန်မာနိုင်ငံသို့လာရောက်စစ်ဆေးစဉ်ကာလအတွင်း ပဲများရဲ့အရည်အသွေးထိန်းချုပ်မှုစနစ်များ၊ Regulation No-208, 209, 211/2013 တို့အား လိုက်နာဆောင်ရွက်မှုအခြေအနေတို့ကို လေ့လာစစ်ဆေးခဲ့ပြီး အကြံပြုချက်များထုတ်ပြန်ပေးခဲ့ပါတယ်။ အကြံပြုချက်များအပေါ် မူတည်ပြီး အစားအသောက်လုံခြုံမှု ထိန်းချုပ်နိုင်ရေး (Food Safety Control) အတွက်ထွက်ရှိမှု၊ စုဆောင်းမှု၊ သယ်ယူပို့ဆောင်မှု၊ ထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုစတဲ့ အဆင့်အားလုံးမှာ လိုအပ်တဲ့ ကောင်းမွန်တဲ့ စိုက်ပျိုးမှုအလေ့အကျင့် (GAP)၊ ကောင်းမွန်သော ထုတ်လုပ်မှုအလေ့အကျင့် (GMP)၊ Traceability System၊ Sampling System ဓာတ်ခွဲခန်းတို့အား ဥရောပ ဈေးကွက်ကလက်ခံနိုင်တဲ့အဆင့် တည်ဆောက်နိုင်ဖို့အတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနဲ့ နှမ်းကုန်သည်များအသင်း ဘုရင့်နောင်ကုန်စည်ဒိုင်တို့ရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ရှေ့ပြေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါတယ်။

ဥရောပသမဂ္ဂသို့ တင်ပို့တဲ့ အစားအစာများနဲ့ လယ်ယာ ထွက်ကုန်များမှာ အနုဇီဝပစ္စည်းများ ပါဝင်မှုကို ထိန်းချုပ်ခြင်းစနစ်များအားလေ့လာဆန်းစစ်ရန် ဥရောပသမဂ္ဂမှ ကျွမ်းကျင်သူများပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၆ ရက်နေ့အထိ လာရောက်ခဲ့ပြီး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ပြုပြင်ကြိတ်ခွဲ သိုလှောင်ခြင်းနဲ့ အရည်အသွေးစမ်းသပ် စစ်ဆေးခြင်းဆောင်ရွက်တဲ့ နေရာများကို ကွင်းဆင်းလေ့လာခြင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(အပင်ပိုးမွှားကာကွယ်ရေးဌာန)၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) အစရှိတဲ့ ဌာနဆိုင်ရာများနဲ့ တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့တယ်လို့သိရပါတယ်။

ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းစဉ်များမှာဥရောပသမဂ္ဂ သတ်မှတ်ချက်နဲ့ ကိုက်ညီစေရေး၊ အသင့်စားသုံးနိုင်တဲ့ ပဲပင်ပေါက်ဖောက်မည့် ပဲများစိုက်ပျိုးမည့် လယ်ကွင်းများကို တရားဝင်အစားအစာလုံခြုံမှုထိန်းချုပ်စေရေး၊ GAP , GHP စနစ်များ လိုက်နာကျင့်သုံးရေး အတွက် ဒေသခံဝန်ထမ်း များအား လေ့ကျင့်သင်တန်းပေးခြင်း၊ထိုမှတစ်ဆင့် ဒေသခံများကို ဆင့်ပွားသင်တန်းများ ပို့ချခြင်း၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနယ်ပယ်တွင် ပါဝင်လျက်ရှိသူများအချင်းချင်း ကွန်ရက်ဖွဲ့ ဆောင်ရွက်နိုင်မည့် ပုဂ္ဂလိကအစိုးရပူးပေါင်းမှုကွန်ရက်ပေါ်ပေါက်စေရေး၊ ထုတ်လုပ်မှုအဆင့်ဆင့်နဲ့ သိုလှောင်မှုအပိုင်းတွင် ပိုးမွှားများ၊ မှိုများဝင်ရောက်ခြင်းမှ ကာကွယ်ထားရှိရေးနဲ့ စက်ရုံများမှာ HACCP ရတဲ့ အဆင့်ထိ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါတယ်။



၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းမှာ ဥရောပသမဂ္ဂသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် ပဲတီစိမ်း တင်ပို့ရာမှာ ကြိုတင်ဆောင်ရွက်ရန်လိုအပ်တဲ့ကိစ္စရပ်များအတွက် အလုပ်ရုံဆွေးနွေးပွဲငယ်တစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ယခင်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (ယခု ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန) အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပြီး အီးယူရဲ့လိုအပ်ချက်များကို သုံးသပ်ခြင်း၊ အီးယူအသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းများ၊ Inspection & Sampling for Bean Sprouting, ESSA ရဲ့ ထုတ်လုပ်မှုနည်းစနစ်အပေါ်ကြီးကြပ်ဆောင်ရွက်မယ့် အစီအစဉ်၊ တောင်သူ/ပွဲစား/ထုတ်လုပ်တင်ပို့သူ ကဏ္ဍသုံးခုအပေါ် အသိပညာပေးမယ့် အစီအစဉ်၊ ဓာတ်ခွဲခန်းလက်မှတ်များထုတ်ပေးခြင်း၊ အချိန်ဇယားရေးဆွဲခြင်းနဲ့ လုပ်ငန်းစဉ်များ သတ်မှတ်ခြင်းစတဲ့ ခေါင်းစဉ်များနဲ့ဌာနဆိုင်ရာနဲ့ ပုဂ္ဂလိက ကဏ္ဍတို့မှ ကျွမ်းကျင်သူများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ကုန်သွယ်မှုမှာ ပို့ကုန်တွန်းအားအနေနဲ့ ပို့ကုန်များများ တင်ပို့နိုင်ဖို့ လိုသလို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များထုတ်လုပ်တင်ပို့ရန် လိုအပ်ပါတယ်။ ဒ့ါအပြင် ဈေးကွက်အသစ်များ ထပ်မံရရှိရန်၊ ပဲပင်ပေါက်ဖောက်၍ ပဲတင်ပို့မှုကဲ့သို့အမယ်သစ်သဘောမျိုး တင်ပို့ရာမှာလည်း ရေရှည်ဈေးကွက်တည်တံ့ခိုင်မြဲဖို့လိုအပ်လျက်ရှိပါတယ်၊ Supply Chain မှ Value Chain သို့ဦးတည်သွားရာမှာ ထုတ်လုပ်တင်ပို့ရောင်းချသည့်ဘက်တွင်သာမက ဝယ်ယူသူရဲ့ အားသာချက်ကိုရယူကာ မိမိတို့ဘက်မှလည်း အားနည်းချက်များကို ဖြည့်ဆည်းရမှာဖြစ်ပြီး Value Chain ကို သွားရာမှာ သီအိုရီပိုင်းသာမက လက်တွေ့ကျကျ ဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာပညာရှင်များ၊ ဌာနဆိုင်ရာများအားလုံးပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပဲလောက ရှင်သန်အောင်မြင်လာမယ်လို့ ဒုတိယဝန်ကြီးက အကြံပြုပြောကြားထားပါတယ်။

ဥရောပသမဂ္ဂသို့ပဲပင်ပေါက်ဖောက်ရန်အတွက် ပဲတီစိမ်း တင်ပို့ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊ ဥရောပသမဂ္ဂမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံပြီး နှစ်ဖက်ညှိနှိုင်းချက်အရ ဆောင်ရွက်သွားမယ့်အစီအစဉ်များအား သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီများကို အချိန်နဲ့တစ်ပြေးညီချပြကြီးကြပ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းဆပ်ကော်မတီအလိုက်ရေးဆွဲထားသော လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း၊ အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်ခြင်းများဆောင်ရွက်ရန်၊ တွေ့ကြုံရသော အခက်အခဲများအပေါ် သက်ဆိုင်ရာ ဖြန့်ဖြူးရေးအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များ၊ အသင်းအဖွဲ့များနဲ့ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်၊ ကြီးကြပ်ရေးကော်မတီနဲ့ လုပ်ငန်းဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ကြရန်လည်း တာဝန်ပေးအပ်ထားခဲ့ပြီးဖြစ်ပါတယ်။

ဥရောပသမဂ္ဂသို့ ပဲတီစိမ်း တင်ပို့ရာမှာ တင်ပို့မယ့် ကုမ္ပဏီများအနေနဲ့ တောင်သူများနဲ့ တိုက်ရိုက်တွေ့ဆုံပြီး တောင်သူဦးရေ၊ စိုက်ပျိုးမယ့်ဧက၊ စိုက်ပျိုးမယ့်ကျေးရွာ၊ ကွင်းအမှတ်၊ မြို့နယ်၊ ထွက်ရှိလာမယ့်သီးနှံများကို တာဝန်ယူ ကြီးကြပ်စုဆောင်းပေးမယ့် နယ်တာဝန်ခံများအနေနဲ့ ဖော်ပြပါရှိတဲ့ လုပ်ငန်းစီမံချက်များ တင်ပြနိုင်ခြင်း၊ ဥရောပသမဂ္ဂမှ သတ်မှတ်ထားသော စည်းကမ်းချက်များ လိုက်နာဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုးချိန်မှစပြီး ထွက်ရှိတဲ့ အချိန်အထိ လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျ မှတ်တမ်းထားရှိပြီး သက်ဆိုင်ရာအသင်းအဖွဲ့ ဌာနဆိုင်ရာများနဲ့ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း၊ ယခင်နှစ်များအတွင်း ဥရောပသမဂ္ဂသို့ တင်ပို့တဲ့ အတွေ့အကြုံရှိခြင်း သို့မဟုတ် ဝယ်ယူမယ့် ကုမ္ပဏီများရဲ့ အမည်နဲ့ လိုအပ်ချက်၊ တန်ချိန် (ခန့်မှန်း) နဲ့စပ်လျဉ်းပြီး အထောက်အထားတင်ပြနိုင်ခြင်း၊ နောင်မှာ တောင်သူလယ်သမားများနဲ့ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်နဲ့ အရည်အသွေးအာမခံ ချက်ရှိတဲ့ ပဲတီစိမ်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်၍ ဥရောပသမဂ္ဂ နိုင်ငံများနဲ့ အခြားအလားအလာရှိတဲ့ ဈေးကွက်များသို့တင်ပို့ရန် ရည်ရွယ်ချက်ထားရှိပြီး အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုရှိခြင်း၊ မိမိရဲ့ သိုလှောင်ရုံနဲ့ သန့်စင်စက်များကို ဥရောပသမဂ္ဂရဲ့သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက် ပေးနိုင်ခြင်း၊ EU Audit မှ တောင်းဆိုလာပါက မိမိရဲ့ သိုလှောင်ရုံ၊ သန့်စင်စက်များကို အချိန်မရွေး စစ်ဆေးစိစစ်ခံနိုင်မှုရှိခြင်းနဲ့ စိုက်ပျိုးထွက်ရှိရာ ဒေသမှသင်္ဘောတင်ပို့တဲ့အထိ အဆင့်ဆင့် သယ်ယူပို့ဆောင်ရာမှာ မှတ်တမ်းများ စနစ် တကျ ထားရှိနိုင်ခြင်းစတဲ့ အချက်များကို အခြေခံပြီး ဥရောပသမဂ္ဂကို ပဲတင်ပို့မယ့် ကုမ္ပဏီများအား စိစစ်ရွေးချယ်လျက်ရှိပါတယ်။

မိမိတို့နိုင်ငံမှ ဥရောပသမဂ္ဂသို့တင်ပို့သောပဲများ၊အထူးသဖြင့် ပဲပင်ပေါက်ဖောက်ရန် တင်ပို့တဲ့ ပဲတီစိမ်းမှာ Shinga အဆိပ်ဓါတ်ထုတ်လွှတ်သောအီကိုလိုင်နဲ့ အခြားဘေးဖြစ် စေတတ်တဲ့ဘက်တီးရီးယားများ ပါရှိမလာစေရန်အတွက် ဥရောပသမဂ္ဂကကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ဥပဒေ၊ သတ်မှတ်ချက်များနဲ့ ကိုက်ညီအောင် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုနှစ်ပဲပင်ပေါက်အတွက် ပဲတီစိမ်း တင်ပို့ရာမှာ ဥရောပသမဂ္ဂ သတ်မှတ်ချက်၊ စံချိန်စံညွှန်း၊ အရည်အသွေးများကိုက်ညီစေရေးနဲ့ သီးနှံအရည်အသွေးမြှင့်မားရေးအတွက် GAP စနစ်နဲ့ စိုက်ပျိုးရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ကစပြီး ကျောက်တန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ကဝ၊ သနပ်ပင်၊ပဲခူးတို့မှာ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ၇ သုတ်ခွဲပြီး တောင်သူ ၁၁၈၅ ဦးကို သင်တန်းပို့ချပေးနေပြီဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စိုက်ပျိုး ရေးရာသီနှစ်မှာ ကဝ၊ သနပ်ပင်၊ ကျောက်တန်း၊ သုံးခွနဲ့ ခရမ်းမြို့ နယ်များမှ တောင်သူ ၉၄၂ ဦးကို တောင်သူပညာပေး ငါးကြိမ်၊ တစ်ဆင့်အဝယ်တော် (Collector) ၁၅ ဦးကို တစ်ကြိမ်နဲ့ စစ်ဆေးရေး မှူး တာဝန်ယူမယ့်သူ ၂၉ ဦးကို တစ်ကြိမ် သင်တန်းများ ပေးထားခဲ့ပြီး ဖြစ်ပါတယ်။နှစ်အလိုက် ဥရောပသမဂ္ဂသို့ ပဲတင်ပို့မှုကို ကြည့်တဲ့ အခါ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၂၄၁၃ တန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၃၅၁၄ တန်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဩဂုတ်လကုန်ထိ ၇၄၃၈ တန်တင်ပို့ပြီးဖြစ်ပါတယ်။ယခုနှစ်မှာ ကုမ္ပဏီခြောက်ခုက တင်ပို့ခဲ့တာဖြစ်ပြီး အနိမ့်ဆုံး တန်ချိန် ၃၆၀မှ အမြင့်ဆုံး ၂၉၀၄ တန်ထိ တင်ပို့လျက်ရှိပါတယ်။

ယမန်နှစ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက နှစ်ဆ တိုးတက်တင်ပို့နိုင်ပြီး ပုံမှန်ဈေးကွက်ပေါက်ဈေးထက်လည်း ၅၀ ရာခိုင်နှုန်းခန့် ပိုရလာတယ်လို့ သိရပါတယ်။ (Hygiene Certificate ရယူပြီးမှသာ ဥရောပသမဂ္ဂသို့ တင်ပို့ခြင်းဖြစ်တဲ့အတွက် အပင်ပိုးမွှား ကာကွယ်ရေးဌာနရဲ့ အသိအမှတ်ပြုလက်မှတ် ရယူထားတဲ့ တန်ချိန် အရေအတွက်အရ ကိန်းဂဏန်းများကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။)

မြန်မာ့ပဲများတင်ပို့မှုကို ဥရောပသမဂ္ဂ ဈေးကွက်မှ တရားဝင်လက်ခံလိုက်ပြီဖြစ်တဲ့အတွက် တရုတ်ဈေးကွက်ဝယ်လိုအားလည်း မြင့်တက်လာပါတယ်။ဒါဟာနိုင်ငံတော်နဲ့ ပုဂ္ဂလိကတို့ ပူးပေါင်းကြိုးပမ်းမှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာထုတ်ကုန်များတင်ပို့နိုင်မယ့် အလားအလာကောင်းများ ရရှိနိုင်ကြစေရန် အပြုသဘောနဲ့ တင်ပြလိုက်ရပါတယ်။

**MIRT**

# CO Form ဆိုင်ရာ Self-Certification System သင်တန်းများ ဆက်လက်ဖွင့်လှစ်မည်

အာဆီယံ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Certificate of Origin -CO Form (FormD)) ဆိုင်ရာ Self-Certification System အသိပညာပေး သင်တန်း အမှတ်စဉ် (၁/၂၀၁၅)ကို ကုန်သွယ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ သင်တန်းခန်းမတွင် အောက်တိုဘာ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

လက်ရှိ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်တင်ပို့သူများမှ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန် သက်သာခွင့်အတွက် လာရောက်လျှောက်ထားလျက်ရှိသည့် CO Form (FormD) အစား ပို့ကုန်တင်ပို့သူ ကိုယ်တိုင်က အရောင်းပြေစာပေါ်တွင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ်ဖြစ်သည့် Self-Certification System ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်။

ပို့ကုန်တင်ပို့သူသည် အဆိုပါစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနတွင် အတည်ပြု ပို့ကုန်တင်ပို့သူ (Certified Exporter-CE) အဖြစ် မှတ်ပုံတင်ရမည် ဖြစ်ပါသည်။ မှတ်ပုံတင် လက်မှတ် ရရှိပြီးသော အတည်ပြု ပို့ကုန် တင်ပို့သူများအနေဖြင့် ပို့ကုန်များကို ကိုယ်တိုင် ပင်ရင်းထုတ်ကုန်အဖြစ် ကြေညာနိုင်မည်ဖြစ်၍ အချိန်၊ ငွေနှင့် ဝန်ထမ်းအင်အား လိုအပ်ချက်များကို သက်သာစေမည်ဖြစ်သည်။

ဖွင့်လှစ်ခဲ့သော သင်တန်းတွင် ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်များအကြောင်း၊ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်လိုင်းများ၊ အတည်ပြု ပို့ကုန်တင်ပို့သူများအနေဖြင့် သိရှိထားရမည့်အချက်အလက်များနှင့် အတည်ပြုပို့ကုန် တင်ပို့သူဆိုင်ရာ Criteria များ၊ စည်းကမ်းချက်များကို ရှင်းလင်းပေးခဲ့ပါသည်။

သင်တန်းသို့ လက်ရှိ ATIGA Form-D လျှောက်ထား အသုံးပြုလျက်ရှိသော ကုမ္ပဏီ ၂၃ ခုမှ ဒါရိုက်တာနှင့် ဝန်ထမ်းဦးရေ (၅၆)ဦးတက်ရောက်ခဲ့ပြီး လေ့ကျင့်စစ်ဆေးခြင်းများ ပြုလုပ်ကာ သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ပေးခဲ့ပြီး၊ သင်တန်း တက်ရောက်အောင်မြင်ပြီးသော ကုမ္ပဏီများမှ ပုဂ္ဂိုလ်များကို အတည်ပြုပို့ကုန်တင်ပို့သူအဖြစ် မှတ်ပုံတင် လျှောက်ထားလိုပါက ခွင့်ပြုပေးမည်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအနေ ဖြင့် Self-Certification System အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုအပ်သော Legal Instrument ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး၊ Legal Instrument ထုတ်ပြန်ပြီး နောက်ပိုင်း မကြာမီကာလအတွင်း အဆိုပါ စနစ်စတင်အသက်ဝင်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးရာတွင် အဆင်သင့်ဖြစ်စေရေးအတွက် အသိပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထပ်မံ၍ သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပါကြောင်း အသိပေး ရေးသားလိုက်ရပါသည်။

**လေးလေးစု**

## စပါးစိုက်တောင်သူများကို ထိုင်းအစိုးရက ဘတ် ၄၀ ဘီလီယံ ထောက်ပံ့တော့မည်

ထိုင်းအစိုးရအဖွဲ့က ဘတ် ဘီလီယံ ၄၀ (ဒေါ်လာ ၁ ဒသမ ၁၃ ဘီလီယံ)ကို လယ်သမားများအား ကူညီရန်အတွက် သဘောတူလိုက်ပြီလို့ အစိုးရပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာလ နောက်ဆုံးပတ်မှာ ပြောကြားလိုက်ပါတယ်။ လာမယ့်ရိတ်သိမ်းချိန်မှာ လယ်သမားများအား အကူအညီပေးတော့ မယ်လို့ အစိုးရက မီးစိမ်းပြလိုက်ပြီး ချေးငွေများဆိုင်ငံ့ပေးခြင်း၊ သက်သာ သော အတိုးနှုန်းသို့ လျှော့ချပေးခြင်းတို့နဲ့ ကူညီသွားမယ်လို့ ၎င်းက ထပ်မံ ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ပိုင် စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးနှင့်ဆိုင်သော သမဝါယမဘဏ် (Agriculture & Agricultural Cooperatives -BAAC)က လယ်သမားမိသားစုတစ်သန်းအား အတိုးချပြီး ထုတ်ချေးပေးလိုက်တာဖြစ်ပါတယ်။နိုင်ငံမြောက်ပိုင်းနဲ့ အရှေ့မြောက်ပိုင်းရှိ လယ်သမားများကို ထောက်ပံ့ကြေးပေးသွားမှာဖြစ်ပြီး ဈေးကွက်များသို့ တင်ပို့ရန်အတွက်ပါ ကူညီပေးသွားမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံစစ်အစိုးရ၏ ပံ့ပိုးသည့်အစီအစဉ်(Subsidy Programme) ပြီးဆုံးချိန်မှာ စပါးနဲ့ ရော်ဘာ စိုက်တောင်သူများအတွက် ဆန်နဲ့ ရော်ဘာဈေးကွက်မှာ ဈေးနှုန်းကျဆင်းနေတဲ့အတွက် ဝေဖန်မှုများပေါ် ထွက်လာတာကြောင့် ယခုစစ်အစိုးရက စိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးသွားရန် စီစဉ်လိုက်ခြင်းဖြစ်ပါတယ်။

ထိုင်းစစ်အစိုးရအနေနဲ့ ဆင်ခြေဖုံးဒေသများအတွက် ပေးနေတဲ့ ထောက်ပံ့ကြေးကို ၂၀၁၄ခုနှစ်ကစပြီး လျှော့ချလိုက်တာဖြစ်ပါတယ်။ ပို့ကုန်ကျဆင်းခြင်း၊ ကမ္ဘာ့ကုန်စည်ဈေးကွက်မှာ ဈေးကျဆင်းနေခြင်းကြောင့်လည်း ထိုင်းနိုင်ငံရဲ့ရော်ဘာဈေးပါ ကျဆင်းနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က လယ်သမားနဲ့ ရော်ဘာစိုက်တောင်သူများကို သုည ဒသမ ၁၇ ဧကလျှင် ဘတ် ၁၀၀၀နှုန်း (၂၈ ဒသမ ၁၈ ဒေါ်လာ) ထောက်ပံ့ထုတ်ပေးခဲ့တာဖြစ်ပါတယ်။

**CMK**

## စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည့် "ရန်ကုန်စတော့အိတ်ချိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု အလားအလာ" အကြောင်း ဟောပြောဆွေးနွေးမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (Trade Traininining Institute) တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၇) ကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ အဆိုပါ သင်တန်းကျောင်းတွင် လက်ရှိတက်ရောက်လျက်ရှိသော သင်တန်းသားများ အပါအဝင် သင်တန်းဆင်းကျောင်းသား/သူများနှင့်စီးပွားရေး၊ ကုန်သွယ်ရေး၊ ငွေရေးကြေးရေး ကိစ္စရပ်များတွင် စိတ်ဝင်စားသူများအတွက် ရည်ရွယ်၍ " ရန်ကုန်စတော့အိတ်ချိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ" ခေါင်းစဉ်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဆွေးနွေးဟောပြောမည်ဖြစ်ပါသည်။

အဆိုပါဆွေးနွေးဟောပြောပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါကြောင်း သတင်းရရှိပါသည်။

| | | |
|---|---|---|
| ဆွေးနွေးမည့် အကြောင်းအရာ | - | ရန်ကုန်စတော့အိတ်ချိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှု အလားအလာ |
| ဆွေးနွေးမည့်ပုဂ္ဂိုလ် | - | ဒေါက်တာမောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန |
| နေ့ရက်နှင့်အချိန် | - | ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် (စနေနေ့)၊ နံနက် ၉ နာရီခွဲ |
| နေရာ | - | ညီလာခံခန်းမ၊ ပဥ္စမထပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့ |

## ပြည်ဆီထွက်သီးနှံဈေးကွက် ဝယ်လက်ပျောက်၍ဈေးအေး

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် ဆီထွက်သီးနှံများဝယ်လက်ပျောက်၍ ဈေးအေးနေပါတယ်။ နှမ်းနဲ့ မြေပဲဆန်ဈေးမှာ အဝယ်သိပ်မရှိသဖြင့် ဈေးကျနေတာတွေ့ရပါတယ်။ နှမ်းအဝင်မှာ တစ်နေ့ကို အိတ် ၃၀၀-၄၀၀ ခန့် သာရှိပြီး ဆီစက်သမားများသာ အနည်းငယ်အဝယ်ရှိပါတယ်။ မြေပဲဆန်မှာလည်း တစ်နေ့ကို အိတ် ၅၀၀ သာအဝယ်ရှိကာ လုံးဆန်ကို မကွေးနဲ့ မန္တလေးဝယ်လက်များက အဝယ်ရှိသော်လည်း ဈေးမတက်ဘဲ အရောင်းအဝယ်အနည်းငယ်သာဖြစ်ပါတယ်။ ဝယ်လက်အဝယ်ပျောက်နေလို့ပြည်ဈေးကွက်မှာ ယခုအပတ်၌ ဆီထွက်သီးနှံဈေးကျလာပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၃၁၆၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၄၁၆၀၀ ကျပ်နဲ့ စမုံနှမ်းနက် တစ်တင်း ၆၃၀၀၀ ကျပ်ဈေးဖြင့် ယခင်အပတ်ထက် ဈေးလျော့သလို မြေပဲဆန်ဈေးမှာလည်း မြေပဲဆီဆန် တစ်ပိဿာ ၂၁၀၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာ ၂၅၀၀ ကျပ်ဈေးမြင့် ဈေးအေးနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း- ပြည်**

## ဗီယက်နမ်ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမမှာကျင်းပပြုလုပ်မယ့် ဗီယက်နမ်ကုန်စည်ပြပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမှာဖြစ်ကြောင်း သတင်း ရရှိပါတယ်။

ကုန်စည်ပြပွဲကို ဗီယက်နမ်စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံး၊ ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီ (VIETRADE) တို့ ပူးပေါင်းကျင်းပသွားမှာဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှ အကြီးဆုံးကုမ္ပဏီများ အပါအဝင် လုပ်ငန်းရှင် ၆၀ ကျော် ပါဝင်ပြသမှာဖြစ်ပါတယ်။ အဓိက စီးပွားရေးမိတ်ဖက်များနဲ့ တွေ့ဆုံခွင့်၊ မဟာဗျူဟာကျ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခွင့်များကို ရရှိနိုင်မယ့် ပြပွဲတစ်ပွဲဖြစ်တယ်လို့ သိရပါတယ်။

အဲဒီပြပွဲမှာ ပြခန်းပေါင်း ၁၂၀ ခန့်ပါဝင်ပြသမှာဖြစ်ပြီး ဗီယက်နမ်လုပ်ငန်းရှင်များက အရည်အသွေးမြင့်ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုများကို ပြသသွားမှာဖြစ်ပါတယ်။ ပြသမယ့်ကုန်ပစ္စည်းတွေကတော့ အစားအစာနဲ့ အဖျော်ယမကာ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ စက်ပစ္စည်းများနဲ့ စက်ယန္တရားများ၊ ဆေးဝါးနဲ့ အလှကုန်များကိုပြသသွားမှာဖြစ်ပြီး ကုန်စည်ပြပွဲနဲ့အတူ Business Matching ကိုလည်း တစ်ပါတည်း လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမျိုးသန့်က ယခင်က ပြည်ပထုတ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများလိုအပ်ပါက ပြည်ပသို့ ကိုယ်တိုင်သွားရကြောင်း၊ ယခုလို ကုန်စည်ပြပွဲများကို လက်ခံကျင်းပပေးခြင်းအားဖြင့် လိုအပ်တာကိုကြည့်ပြီး ဝယ်ယူနိုင်ရေးအတွက် မိမိပြည်တွင်းမှာပဲ ကုန်ရောင်းသူနဲ့ တွေ့ဆုံဆွေးနွေးဝယ်ယူမှုတွေ လုပ်လို့ရနေပြီလို့ ပြောကြားခဲ့ပါတယ်။

**MIRT**

Commodity Exchange News
Vol: 15, No.43 Monday November 9 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၉–၁၁–၂၀၁၅)

ခင်မောင်မောင်အုန်း



## အိန္ဒိယအဝယ်ပါးလို့ ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးကျလာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC)ကို အိန္ဒိယက ဝယ်လိုအား ပြန်အေးသွားတာကြောင့် ဈေးက အကျဘက်ကို ဦးတည်နေကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် နည်းလာသလို အိန္ဒိယဘက်မှလည်း ဝယ်လိုအား အေးနေကြောင်း လက်ရှိဈေးကတော့ တစ်တန်ကို ၂၂ သိန်းကျပ်ဝန်းကျင်နှင့်သာ ဈေးဖွင့်အဝယ်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲလက်ကျန်လက်ဝယ်ရှိနေတဲ့ ပဲကုန်သည်တချို့ကလည်း တက်ဈေးမျှော်ပြီး ဈေးကွက်မျှော်လင့်ချက်ဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်နေကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းပုံမှန်ဝင်ရောက်ပြီး မန္တလေး ပုံမှန်အဝယ်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး နယ်အဝင်ပုံမှန်ရှိသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ်မူတည်ပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၄၇၈၀ ကျပ်)ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးသေးကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၂၇၀ ကျပ်(တစ်တန်ကို ၁၃၉၀၁၂၅ ကျပ်)ဈေးဖြင့် ဝယ်လိုအား အထိုက်အလျောက် ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်လျှိုင် တရုတ် အဝယ်ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ နယ်စုံမှ တစ်ပတ်အတွင်း ပြောင်းသီးနှံ တန်ချိန် ၂၉၅၀၀ ခန့် ဝင်ရောက်ခဲ့တာကြောင့် ပြောင်းအဝင်ပမာဏ ပိုများလာကြောင်း အစိုဓာတ်ကင်းတဲ့ ပြောင်းသီးနှံကတော့ ဈေးကောင်းရခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၈၀ ယွမ်မှ အမြင့်ဆုံး ၈၅ ယွမ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မန္တလေးဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ပစ္စည်း လက်ကျန်နည်း၊ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပြီး ရန်ကုန်အဝယ်အေးကာ ခွဲစက်နှင့် မျိုးအတွက် ပြန်လည်ဝယ်ယူသူများသာ အဝယ်အနည်းငယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၃၅၀၀ ကျပ် (တစ်တန်ကို ၂၁၄၃၃၆၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ပစ္စည်းလက်ကျန်ပြတ်သလောက် ဖြစ်နေတာကြောင့် ပဲအရောင်းအဝယ် အေးခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ)ကို တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး တစ်ပိဿာကို ၂၀၄၄ ကျပ် (တစ်တန်ကို ၁၂၅၁၇၂၅ ကျပ်)ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲ အရောင်း အဝယ်ပုံမှန်ရှိ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိပေမယ့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၈၄၀ ကျပ် (တစ်တန်ကို ၁၁၂၆၇၉၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များနှင့် လုပ်ငန်းသုံးသမားများက ဝယ်လိုအား ပုံမှန်ရှိသလို မျိုးအတွက်ပြန်လည်ဝယ်ယူသူများကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးကို တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာကို ၁၉၇၄ ကျပ် (တစ်တန်ကို ၁၂၀၈၈၅၇ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ မိုးပဲတီစိမ်း(သစ်) ပုံမှန်ဝင်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် မိုးပဲတီစိမ်း (သစ်)တွေ ပုံမှန်ဝင်ရောက်လာသလို မန္တလေးဝယ်လက်ကလည်း တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကိုတော့ ရန်ကုန်၊ မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၆၆၇ ကျပ်နှင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် မိုးပဲတီစိမ်း(သစ်)တွေ ပုံမှန်ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း တစ်ပိဿာ ၂၀၅၅ ကျပ် (တစ်တန်ကို ၁၂၅၈၄၆၀ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်နှင့် လုပ်ငန်းသုံးသမားများက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးအနည်းငယ်ပြန်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၇၅ ကျပ် (တစ်တန်ကို ၁၂၀၉၄၇၀ ကျပ်)ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်ပါး၊ ပြောင်းကို ရန်ကုန်ဝယ်လိုအားပျော့

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် ပြတ်သလောက်ဖြစ်နေပြီး ပဲလက်ကျန်အနည်းငယ်ရှိတဲ့ ပဲကုန်သည်တချို့ကလည်း ဝယ်ဈေးမကြိုက်လို့ အရောင်းမရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၄၀၀ ကျပ် (တစ်တန်ကို ၂၀၈၂၁၂၆ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၂၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ဝယ်လိုအားထက် ရောင်းလိုအားများ

ဒီတစ်ပတ် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကြီးဈေးကွက်မှာ ပြောင်းဝင်ရောက်မှု နည်းပေမယ့် ဝယ်လိုအားထက် ရောင်းလိုအား များခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ မူဆယ်နှင့် အစာစပ်လုပ်ငန်းရှင်များက တစ်ပိဿာကို ၄၀၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သုံးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်း(သစ်)ပုံမှန်အဝင်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံ(သစ်)တွေ အဝင်များလာသလို တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၃၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ခြောက်သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲ အရောင်းအဝယ် ခပ်ပါးပါးဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို မျိုးအဖြစ် ပြန်လည်စိုက်ပျိုးမယ့်သူများက ဝယ်လိုအား အနည်းငယ်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၀၀ ကျပ် (တစ်တန်ကို ၂၁၄၃၃၅၆ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအား နည်းပေမယ့် မျိုးအဖြစ် ပြန်လည်ဝယ်ယူသူများက တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ ခန့် ပုံမှန် [illegible]



# "Environmental Impacts on River Water Eco-system at Ayeyarwady Delta Region" အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာန (Department of Research and Innovation -DRI) နှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (Renewable Energy Association Myanmar-REAM) တို့ ပူးပေါင်း၍ "Environmental Impacts on River Water Eco-system at Ayeyarwady Delta Region" အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၃၁ ရက် နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ အမှတ်(၆) ကမ္ဘာအေးဘုရားလမ်းရှိ သိပ္ပံ နှင့်နည်းပညာ ဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (Renewable Energy Association Myanmar-REAM) သည် သုတေသနနှင့်တီထွင်စမ်းသပ်မှုဦးစီးဌာန (Department of Research and Innovation -DRI) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏ္ဏဝါသိပ္ပံဌာန(မော်လမြိုင်တက္ကသိုလ်)၊ ပထဝီဌာန( ရန်ကုန်တက္ကသိုလ်)၊ မြန်မာ့အဏ္ဏဝါ သိပ္ပံအသင်းတို့နှင့်ပူးပေါင်းပြီး ထိုင်းနိုင်ငံ Mekong Energy and Ecological Network (MEE Net) ၏ အကူအညီဖြင့် "Research on Changes and Effects of River-water Quality and Quantity Caused by Human Activities at Kyaw Zan Village Tract and Its Vicinity, Mawlamyine Gyun Township, Ayeyarwady Deltaregion" ပရောဂျက်ကို ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၊ ကျော်ဇံကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရွာနှင့်ဝန်းကျင်ဒေသများတွင် အကြိမ်ကြိမ် ကွင်းဆင်း၍ ၎င်းကျေးရွာ အုပ်စု မှီခိုနေရသော ဧရာဝတီ မြစ်လက်တက်တစ်ခုဖြစ်သည့် ဝါးရခိုင်မြစ်ရေကို ဓါတ်ခွဲစမ်းသပ်ခြင်း၊ လိုအပ်သော တိုင်းတာမှုများပြုလုပ်ခြင်း၊ ကျေးရွာလူထုတို့နှင့်ဆွေးနွေးခြင်းတို့ကို ဒေသခံရွာများ၏ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ နှင့် ပူးပေါင်း၍ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကိုးလတာ သုတေသနပြုဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါသုတေသနတွေ့ရှိချက်များကိုပူးပေါင်းပါဝင်ကြသော သက်ဆိုင်ရာဌာနများနှင့် ပြည်သူ့အခြေပြုအဖွဲ့အစည်းများမှ ပညာရှင်များ၊ သုတေသီများစုပေါင်းသုံးသပ်ကြပြီးရလဒ်အနှစ်ချုပ် ဆွေးနွေး တင်ပြသည့်အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါသည်။




ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ Mekong Energy and Ecological Network (MEE Net )နှင့် GIZ မှ ကိုယ်စားလှယ်များ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)၊ မန္တလေးနည်းပညာတက္ကသိုလ် (MTU)၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင် တက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာနတို့မှ ပညာရှင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေ အဖွဲ့(မြန်မာ)မှ ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကျော်ဇံကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ စပါးခွံဓာတ်ငွေ့သုံးလျှပ်စစ်ထုတ်စက် ထုတ်လုပ် သောလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း (၇၀)ကျော်ခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင် စမ်းသပ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ထိုင်း နိုင်ငံ Mekong Energy and Ecological Network (MEE Net )မှ ဒါရိုက်တာနှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ အထွေထွေအတွင်းရေးမှူးတို့က အမှာစကားများ ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအစပြုရာနေရာတစ်နေရာဖြစ်သည့် မော်လမြိုင်ကျွန်းမြို့နယ် ကျော်ဇံကျေးရွာအုပ်စု ဝန်းကျင်တွင် သက်ဆိုင်ရာပညာရှင်များကလေ့လာတွေ့ရှိချက် များကို Geomorphology Group, Biological Group နှင့် Bio-gasification Inpact Study Group ဟု သုံးပိုင်းခွဲပြီး ဆွေးနွေး တင်ပြခဲ့ကြပါသည်။

တက်ရောက်လာသူများနှင့်ပြန်လှန်ဆွေးနွေးခြင်းအပိုင်းတွင်လည်း Panel ( 1) Geomorphology and Bio-Resources နှင့် Panel ( 2) Bio-Gasification and Pollution ဟူ၍နှစ်ပိုင်းခွဲပြီးဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာ အနှစ်ချုပ်များကို ဦးဆောင်ဆွေးနွေးသည့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင် အသင်း (REAM)က မှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်မာကြည်**

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးရေးရာဦးစီးဌာန မကွေးတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး၌ " MJC One day Regional Seminar" ကျင်းပ

မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ အောက်တိုဘာလ ၃၀ ရက်နေ့နံနက် ၉း၀၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC )၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI )၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA )တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ဗဟိုဌာန၏ MJC- One day Regional Seminar အထူးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။ ၎င်းအထူးဟောပြောပွဲမှာ အခမ်းအနားအစီအစဉ် ၈ ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားမှာ မကွေးတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ မြန်မာ-ဂျပန်စင်တာမှ ဒေါ်ချိုမာနိုင်မှ " Creative Thinking for Policy Making " ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ပါဝင်သောအဖွဲ့များမှ တစ်ဦးချင်းစီအလိုက် ပို့ကုန်မြှင့်တင်ရေးအတွက် အရေးကြီးတဲ့ ထုတ်ကုန်အကြောင်း အချက်အလက်များ ရေးချကြရပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးထုတ်လုပ်မှုခေါင်းစဉ်ကို အဖွဲ့ထဲမှာပါတဲ့ အဖွဲ့ဝင်တစ်ဦးချင်းအလိုက်ရေးချကြရပါတယ်။ ပြီးတော့မှ ပါဝင်သော အချက်များကို တိုက်ဆိုင်စစ်ဆေးကြပြီး တူရာတူရာ ပူးပေါင်း၊ မတူတာတွေကို ချရေးပြကြ၊ ရှင်းကြရပါတယ်။ အဖွဲ့ အလိုက် ဘယ်အဖွဲ့က အချက်အလက်ဘယ်လောက်ရသလဲ၊ အဖွဲ့ခြောက်ဖွဲ့မှာ တူရာအချက်ကို စုလိုက်ရင် ဘယ်လောက် ပြည့်စုံသလဲ၊ စိုက်ပျိုးထုတ်လုပ်ဖို့ပြည့်စုံပြီလားဆိုတာ ညှိနှိုင်း တိုင်ပင်ဆွေးနွေးကြပါတယ်။ အဲ့ဒီမှာ ဘာသွားတွေ့ရသလဲဆိုတော့ တော်တော်များများ ပြီးပြည့်စုံသလောက်ရှိနေတာကို တွေ့ရပါတယ်။ ဒီလိုဖြစ်ခြင်းဟာ တစ်ဦးချင်း၏ အတွေးအမြင်၊ အယူအဆ၊ လုပ်သင့်တာ၊ လုပ်ထိုက်တာ၊ လုပ်နေတာတွေကို တစ်ဦးချင်းမှသည်အစုအဖွဲ့ နောက်အစုအဖွဲ့ခြင်း ပေါင်းစည်းလိုက်တဲ့ အခါမှာ အလုပ်တစ်ခုကိုပြီးပြည့်စုံသလောက် လုပ်ဆောင်နေ၊ လုပ်ဆောင်သင့်တာတွေကို အဖြေတစ်ခုရသွားတာပါ။ ပူးပေါင်း ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးလို့ ပြောရမှာပါ။

နောက်တစ်ခါ သင်တန်းဆရာ Mr. Makoto TAKEI မှ အဖွဲ့လိုက်ခေါင်းစဉ် နှစ်မျိုးကို တစ်ပြိုင်တည်း ဆောင်ရွက်စေပါတယ်။ ခေါင်းစဉ်တစ်ခုက အားကစားခေါင်းစဉ်၊ နောက်တစ်ခုက စိတ် ဝင်စားသော အသေးစားအလတ်စား စက်မှုလုပ်ငန်း ခေါင်းစဉ်ချပေးပါတယ်။ အဖွဲ့တစ်ခုခြင်း စိတ်ဝင်စားစွာ တွေးကြ၊ စဉ်းစားကြ၊ ရေးကြနဲ့ပေါ့ဗျာ။ အချိန်စေ့တော့ သင်တန်းဆရာနှင့် ဘာသာပြန် ဆရာမကို အပ်နှံရပါတယ်။ သင်တန်းဆရာကလည်း စိတ်ဝင်စား စွာဖတ်ပြီး နောက်တစ်ဆင့်တက်လာတာက အရင်စဉ်းစားခဲ့တဲ့ ရေးသားတင်ပြတဲ့အပေါ်မှာ နောက်ထပ်ခေါင်းစဉ်နှစ်ခုထဲက ဘယ်အချက်တွေ ထပ်ဖြည့်ရင်ရမှာလည်း စဉ်းစားစေပါတယ်။ ဆိုလိုတာက ပထမဆုံးစိုက်ပျိုးထုတ်လုပ်မှုမှသည် ပြည်ပပို့ဖို့၊ နောက်ခေါင်းစဉ် နှစ်ခုက "အားကစား" နှင့် " စိတ်ဝင်စားသော အသေးစား အလတ်စားလုပ်ငန်း" ကိုယ့်စိတ်ထဲမှာ ဘာဆိုင်သလဲ၊ ဘာမှမသက်ဆိုင်ဘူးဆိုပေမယ့် လုပ်ငန်းတစ်ခုနှင့်တစ်ခု ခေါင်းစဉ် အရမတူပေမယ့် ဆက်စပ်တွေးခေါ် စဉ်းစားတဲ့နေရာမှာ သက်ဆိုင် လာတယ်ဆိုတဲ့ အသိပညာတစ်ခုထပ်ရလိုက်ရပါတယ်။ ဥပမာ " အားကစားကိစ္စ" မှာ ပံ့ပိုးမှုသည် စိုက်ပျိုးရေးမှာ " သွင်းအားနဲ့ ပံ့ပိုးမှု" အသေးစားအလတ်စားလုပ်ငန်းတွေမှာ နည်းပညာ-ငွေကြေး (အတိုးနှုန်းနည်းသော) ဆိုတာတွေမှာ ဆက်စပ်စဉ်းစား စရာဆိုတာ သိသာပေါ်လွင်ထင်ရှားလာပါတယ်။ တက်ရောက်တဲ့ သင်တန်းသား၊ သူတွေအဖို့ တန်ဖိုးမဖြတ်နိုင် တဲ့ အသိပညာတစ်ခုပါ။ ဒီနေရာမှာ ဆင်ခြေပေးလာစရာရှိပါတယ်။ ဒါတွေငါတို့လည်း သိနေတာပဲဆိုပေမယ့် စနစ်တကျသိနေတတ်နေတာလားဆိုတာ စဉ်းစားစရာရှိလာပါတယ်။ သင်တန်း (သို့) ဆွေးနွေးပွဲ တစ်ခု ပြီးတိုင်း ကိုယ်ရဲ့အသိဉာဏ်ပညာစိတ်ဓာတ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှု အမြင်ကျယ်လာတယ်ဆိုတာ မငြင်းနိုင်တဲ့ အရာတစ်ခုလို့ပြောရမှာပါ။

သင်တန်းမှာ တိုင်းအဆင့်အရာရှိမြှင့်တင်စားသုံးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဌာန၊ ပြည်တွင်းအခွန်၊ မြို့နယ်သမအသင်းစု၊ ခရိုင်အဆင့်ဝန်ထမ်းများ၊ အခြားအဆင့်ဝန်ထမ်းများ အပါအဝင် ဝန်ထမ်းပေါင်း ၄၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြင့်ဦး - ပခုက္ကူ**

# ကုန်သွယ်မှုအတွက်ရော ခရီးသွားလုပ်ငန်းအတွက်ပါ အလားအလာကောင်းလာစေမယ့် မောတောင် ကုန်သွယ်ရေးစခန်း

မြိတ်ဒေသသည် ရေထွက်ကုန် ကုန်သွယ်မှုအပေါ် အဓိကထားဆောင်ရွက်လျက်ရှိတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ယခုအခါ မောတောင်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်လိုက်ပြီဖြစ်၍ ရေထွက်ကုန်များကို ယခင်ထိုင်းနိုင်ငံရနောင်းကိုသာ မှီခိုရာမှ ယခုအခါ ဗန်ကောက်သို့ အချိန်တိုအတွင်းတင်ပို့နိုင်တော့မှာဖြစ်လို့ ရေထွက်ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ အခွင့်အလမ်းကောင်းများပိုမိုရရှိလာတော့မှာဖြစ်ကြောင်း၊ ဒါကြောင့် မြိတ်ခရိုင်ကုန်သည်များနဲ့ စက်မှုလက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ကြဖို့ အသင်းအတွင်းရေးမှူးဦးထွန်းထွန်းမှ အောက်တိုဘာလ ၃၀ ရက်နေ့မှာ မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ပြောကြားပါတယ်။

မြိတ် FOB မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့တဲ့ လှိုင်းဖြူလှေများဟာ ပထမအခေါက် မြိတ်မှတစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ပြီး အပြန်တွင် ပင်လယ်ပြင်အတွင်းရှိ လိုင်းနီငါးဖမ်းလှေမှ ငါးများအား တိုက်ရိုက်ဆောင်ကဲ့ယူ၍ ကော့သောင်း FOB မှတစ်ဖက်နိုင်ငံသို့ ဒုတိယအခေါက်အဖြစ်တင်ပို့လျက်ရှိသဖြင့် မြိတ် FOB ၌ ရေထွက်ကုန်များကျဆင်းနေရတယ်လို့ သိရပါတယ်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်လိုက်တဲ့အတွက် ခရီးသွားလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမှာဖြစ်၍ နိုင်ငံတော်အတွက်ရော ဒေသအတွက်ပါ အလွန်အကျိုးကျေးဇူးများလာတော့မယ်လို့ မြိတ်ဒေသခံများက ဝမ်းပမ်းသာလျက်ရှိနေကြပါတယ်။

**MIRT**

# ကန်ပိုက်တီးနယ်စပ်က အနီးစပ်ဆုံးကာလထက်ရော ယခင်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပမာဏပိုမိုဆောင်ရွက်

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းသည် အောက်တိုဘာလ ၁ ရက်မှ ၂၅ ရက်ထိကာလအတွင်း ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၄၆၉ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၄ ဒသမ ၇၃၀ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅ ဒသမ ၁၉၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်တင်ပို့မှုမပြောင်းလဲသော်လည်း သွင်းကုန်ပိုင်းမှာ ကန်ဒေါ်လာ ၂ ဒသမ ၀၇၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၁၀၈ သန်း သွင်းကုန်ကန်ဒေါ်လာ ၂ ဒသမ ၄၉၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။ကန်ပိုက်တီးကုန်သွယ်ရေးစခန်းသည် ပို့ကုန်ပိုင်းမှာ တစ်ရှူးငှက်ပျောနဲ့ ပြောင်းအပို့ရှိပြီး သွင်းကုန်ပိုင်းမှာ ဖားကန့်ကျောက်မျော်လုပ်ငန်းများ ပြန်လည်စတင်ချိန်ဖြစ်၍ ယာဉ်၊ ယန္တရား တင်သွင်းမှုပိုမိုလာတဲ့အတွက် သွင်းကုန်ပိုမိုဆောင်ရွက်နိုင်တာနဲ့အမျှ ကုန်သွယ်မှုများ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုလျက်ရှိပါတယ်။

ပုံမှန်တင်ပို့နေတဲ့ ပြောင်း၊တစ်ရှူး ငှက်ပျောအပြင် ဒေသထွက်ဆန် တင်ပို့နိုင်ရေး၊ သွင်းကုန်ပိုင်းမှာလည်း ယာဉ်ယန္တရားအပြင် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများ တိုးချဲ့တင်သွင်းနိုင်ရေး ကုန်သည်လုပ်ငန်းစဉ်များ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ ကုန်သွယ်မှုလျာထားချက်များ ပြည့်မီကျော်လွန်နိုင်မည် ဖြစ်ကြောင်း ကန်ပိုက်တီးကုန်သွယ်ရေးစခန်းတာဝန်ခံက အောက်တိုဘာလအတွက် ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ကုန်သည်လုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# အာရှလမ်းမကြီးဖွင့်လှစ်ပြီး ကုန်သွယ်မှုတိုးတက်လာတာနဲ့အမျှ ယာဉ်စီးရေများပြားလာသဖြင့် လမ်းပိတ်ဆို့မှုမြင့်တက်

အာရှလမ်းမကြီး ဖွင့်လှစ်ပြီးနောက် ဖြတ်သန်းသွားလာတဲ့ ယာဉ်စီးရေမှာ ဩဂုတ်လအတွင်း တစ်ရက်ပျမ်းမျှ ၁၆၆ စီးမှ ယခု အောက်တိုဘာလ ၂၅ ရက်အတွင်း ၂၆၀ စီးထိ တိုးတက်များပြားလာပြီး ၂၂ ဘီးတွဲကားများပါ သွားလာနိုင်နေပြီဖြစ်ပါတယ်။ ယခုလို ယာဉ်စီးရေများပြားတဲ့ အတွက် အားသာချက်၊ အားနည်းချက်များလည်း ကြုံတွေ့နေရပြီး အဓိကအားနည်းချက်ကတော့ လမ်းပိတ်ဆို့နေခြင်းပင်ဖြစ်ကြောင်း အောက်တိုဘာလဆန်းပိုင်းမှာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်တိုင် လာရောက်ဝိုင်းဝန်းဖြေရှင်းပေးတဲ့အတွက် ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှု မရှိတော့ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ မြဝတီကုန်သွယ် ရေးဇုန်တာဝန်ခံကပြောကြားခဲ့ပါတယ်။

ယာဉ်ကြောပိတ်ရတဲ့ အဓိကအကြောင်းရင်းမှာ စာရွက်စာတမ်းမစုံတဲ့ကားများ လမ်းမပေါ်တက်တန်းစီရပ်နားစောင့်ဆိုင်းနေခြင်းကြောင့်ဖြစ်ကြောင်း၊ ကုမ္ပဏီကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ ယာဉ်များအား မိမိတို့ဂိုဒေါင်များမှာသာရပ်နားထားစေပြီး စာရွက်စာတမ်းစုံလင်မှသာ ကုန်သွယ်ရေးဇုန်သို့ တိုက်ရိုက် ဝင်ရောက် အစစ်ဆေးခံခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။

ခရိုင်အုပ်ချုပ်ရေးမှူးက ယာဉ်ကြော ပိတ်ဆို့မှုမဖြစ်စေရေးအတွက် OSS အဖွဲ့ဝင်ဌာနများ ပေါင်းစပ်ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုအခါ လမ်းပိတ်ဆို့မှုမရှိတော့ဘဲ လမ်းပွင့်သွားပြီဖြစ်တဲ့အတွက် ၂၂ ဘီးတွဲယာဉ်များပါ သွားလာနိုင်နေတာကို တွေ့ရကြောင်း၊ သို့သော်ယာဉ်များတန်ပိုတင်တာကို တွေ့နေရကြောင်း၊ တရားမဝင် သွားလာနေတဲ့ ကိစ္စများကိုလည်း ဝိုင်းဝန်းထိန်းသိမ်းပြီး လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ကြစေ လိုကြောင်း၊ အုပ်ချုပ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးများကောင်းမွန်လာပြီဖြစ်၍ ယခင်လိုထင်ရာမစိုင်းကြစေ လိုကြောင်း၊ လုပ်ငန်းများလျှင်မြန်ဖို့အတွက် ဌာနပေါင်းစုံမှ ဆောင်ရွက်ပေးနေကြောင်း၊ လမ်းကြောင်းမှန်ပေါ်က စနစ်တကျသွားလျှင် လုပ်ငန်းများ မြန်ဆန်စွာ အဆင်ပြေချောမွေ့မှာဖြစ်တဲ့အတွက် ကုန်သည်များ တရားဝင်လမ်းကြောင်း မှကုန်စည်စီးဆင်းရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# မော်လမြိုင်မြို့ မောင်ငံဈေးတွင် တားမြစ်ကုန်စည်များ စစ်ဆေးခြင်းနဲ့ အသိပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်



မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသည် မွန်ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား အစဉ်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၃၀ ရက် နေ့၌ မော်လမြိုင်မြို့၊ မောင်ငံဈေးတွင် စားသုံးရန်/သုံးစွဲရန် မသင့် တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိစစ်ဆေးခြင်း၊ အသိပေးစာစောင်များ၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်အတူ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန်၊ လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များဖြစ်သော တားမြစ်ကုန်စည်များ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်းကို ဈေးဆိုင်တစ်ဆိုင်ချင်း ရှင်းလင်းဆွေးနွေးခြင်း၊ ထပ်မံမရောင်းချရန် တားမြစ်ခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာများ ရှင်းလင်းဆွေးနွေးခြင်းတို့အား ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဦးချိုဝင်း၊ ဦးဝင်းမြတ်၊ ဦးသူရဇော် တို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တွင် မောင်ငံဈေးရှိ စီးပွားရေးလုပ်ငန်းရှင်၊ ဈေးဆိုင်ပိုင်ရှင်များက မိမိတို့အတွက် နစ်နာဆုံးရှုံးမှုများအား အကာအကွယ် ပေးရာရောက်ခြင်း၊ ဘေးဥပဒ် အန္တရာယ် ကင်းရှင်းစေ၍ အသိပညာများရရှိခြင်း တို့ကြောင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းအား စိတ်ဝင်စားမှုများ ရှိလာခြင်း၊ ယခုကဲ့သို့ လာရောက်ဆွေးနွေး ခြင်းအတွက် အလွန်ကျေးဇူးတင် ရှိပါကြောင်း တုံ့ပြန်မှုများရရှိခဲ့တယ်လို့ သိရပါတယ်။

**Cho Win (MON )**

# စစ်တွေကုန်သွယ်ရေးစခန်းမှ အောက်တိုဘာလတွင် ရေထွက်ကုန်ပစ္စည်းအများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကန်ဒေါ်လာ သုည ဒသမ ၃၉၂ သန်း တန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းဖြစ်တဲ့ ရေချိုငါး (ငါးမြစ်ချင်း၊ ငါးခေါင်းပွ)တန်ချိန် ၃၉၀ ကျော် အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ယခင် စက်တင်ဘာလက တန်ချိန် ၃၀၀ ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၃၁၃ သန်းဖိုးတင်ပို့နိုင်ခဲ့လို့ ယခုလမှာတော့ ကန်ဒေါ်လာ သုည ဒသမ၀၇၉ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ရေထွက်ကုန်ပစ္စည်းများအပြင် ကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်း တန်ဖိုးရှိ လယ်ယာထွက်ကုန်ပစ္စည်း တန်ချိန် ၂၅၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန် ပစ္စည်းများကတော့ မန်ကျည်းစေ့ ၁၅၆ တန်၊ ဆီးဖတ် ၄၉ တန်၊ ဆီးသီးခြောက်တန် ၂၀၊ ဖန်ခါးသီးတန် ၂၀၊ ချင်းအစို ၄ တန်နဲ့ ကွမ်းသီး ၂ တန်တို့ဖြစ်ပြီး ကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်း တန်ဖိုးရှိ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၄၈ တန်တို့ကို တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## သိမ်းဆည်းရမိ နိုင်ငံခြားအရက်များ ဖျက်ဆီးမြေမြှုပ်

မိုးကုတ်-မတ္တရာ-မန္တလေး လမ်းကြောင်းတွင် စစ်ဆေးရေးတာဝန်ထမ်းဆောင်နေသော မိုဘိုင်းအဖွဲ့သည် စက်တင်ဘာလ ၃၀ ရက် ၁၁း၃၀ ချိန်က မန္တလေးမှ ဖားကန့်သို့ ထွက်ခွာတဲ့ ခြောက်ဘီး ကုန်တင်ယာဉ်ပေါ်မှ ကန့်သတ် ကုန်ပစ္စည်းများဖြစ်တဲ့ နိုင်ငံခြားအရက် Dunfife သုည ဒသမ ၇၀ လီတာ [(၁ x ၁၂)x၂၀ပါကင်]၂၄၀ ပုလင်းအား စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ အရက်ပုလင်းများအား မတ္တရာမြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဌာန သိုလှောင်ရုံဝင်းအတွင်း၌ မိုဘိုင်းအဖွဲ့စုံ ရှေ့မှောက်မှာ ဖျက်ဆီးမြေမြှုပ်ခြင်းကို အောက်တိုဘာလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ဖျက်ဆီးမြေမြှုပ်ခဲ့သော အရက်ပုလင်း ၂၄၀ ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၉၂၀၀၀၀ ရှိတယ်လို့ သိရပါတယ်။

**MIRT**

## သတင်းပေးတိုင်ကြားချက်အရ စားသုံးရန်မသင့်တဲ့ အကောက်ခွန်မဲ့ပစ္စည်းများ မန္တလေးလှုပ်ရှားအဖွဲ့မှ စစ်ဆေးတွေ့ရှိ

မန္တလေးလှုပ်ရှားအဖွဲ့က နိုဝင်ဘာလ ၂ ရက်နေ့ ၁၂း၀၀ ချိန်တွင် မိမိသတင်းပေးမှ ဖုန်းဖြင့် ဆက်သွယ်သတင်းပေးတိုင်ကြားချက်အရ မန္တလေးမြို့ ပြည်ကြီးမျက်ရှင်ကားကြီးဝင်း လမ်း ၆၀ ၊ ၃၇ လမ်းနဲ့ ၃၈ လမ်းကြား ရှမ်းမြောက် မန္တလေးကားဝင်း၌ အများပြည်သူများ စားသုံးရန်မသင့်တဲ့ တစ်ဖက်နိုင်ငံထုတ်စားသောက်ကုန်များအား မြို့တွင်းသို့ ပို့ဆောင်ရန် ကင်တာခြောက်ဘီး မြို့တွင်းခေါက်တိုသယ်ယာဉ်အမှတ် 8F/ xxxx ပေါ်သို့ တင်ဆောင်နေ ကြောင်းသိရှိရ၍ သွားရောက်စစ်ဆေးရာ အဆိုပါယာဉ်အားသတင်းပေးနေရာ၌ မတွေ့၍ ထပ်မံစုံစမ်းရာ ၇၁ လမ်း ၃၃ လမ်းနဲ့ ၃၄ လမ်းကြားတွင်တွေ့ရှိ၍ မန္တလေးကုန်သွယ်ရေး ရုံးဝင်းသို့ခေါ်ယူစစ်ဆေးခဲ့ပါတယ်။ အသေးစိတ်စစ်ဆေးရာ ယာဉ်ပေါ်မှ စားသုံးရန်မသင့်တဲ့ တစ်ဖက်နိုင်ငံလုပ်ဆေးမျိုးစုံ ၂ ဖာ၊ ဆပ်ပြာဆီ ၂၀ ဖာ၊ အမွှေးတိုင်ထုပ်ကြီး ၄ ဖာ၊ လက်ဘက်ခြောက် ၃၁ ဖာ၊ ဘလက်ခ်လေဘယ်လ် ၈ ဖာ၊ ဂုံဂူး တံဆိပ်=ဝိုင်ပုလင်းဖာ ၄၀ ၊ ဒါလီဘီယာ သံဗူး ဖာ ၅၀၊ ရိုင်အိုတံဆိပ်ကော့တေးလ် ဖာ ၄၀၊ ကြက်အူချောင်း ၄၂ ဖာ၊ ဆီတို့ ဟူးပုလင်း ၁၈ ဖာ၊ ဂလူးကိုးစ်မှုန့် ထုပ် ၁၀ ဖာ၊ ကြက်သွန်ဖြူချဉ် ၅၀ ကီလိုဂရမ်၊ ပလပ်စတစ်ပုံးကြီး ၂ ပုံးနဲ့ ၄ လက်မ တံခါးပတ္တာ ဖာ ၅၀ ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ သိမ်းဆည်းရမိပစ္စည်းများအား မန္တလေး အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန် အမှုတွဲဖွင့်လှစ်အပ်နှံ သွားမယ်လို့သိရပါတယ်။

**MIRT**

## သကြားကို Re-export ခွင့်ပြုခြင်းကြောင့် မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုပမာဏတိုးတက်စေ

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁ ရက်မှ ၂၅ ရက် ထိကာလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၃ ဒသမ ၄၅၉ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၅၅ ဒသမ ၆၅၁ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅၉ သန်းကျော်ခဲ့ပါတယ်။ ကုန်သွယ်မှုပမာဏ အကောင်အထည်ဆောင်ရွက်နိုင်မှုက လျာထားချက်အပေါ် ၁၁၈ ရာခိုင်နှုန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုပမာဏတိုးတက်လာရခြင်းမှာ အာရှလမ်းမကြီးဖွင့်လှစ်ပြီးနောက် ယာဉ်စီးရေတိုးတက်များပြားလာခြင်း၊ သမားရိုးကျ ပို့ကုန်သွင်းကုန်များအပြင် Re-export သကြားခွင့်ပြုခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

အာရှလမ်းမကြီးဖွင့် လှစ်ပြီးနောက် ယာဉ်စီးရေတိုးတက်များပြားလာခြင်းအပေါ် လအလိုက်နှိုင်းယှဉ်ပါက တစ်ရက်ပျမ်းမျှ ဩဂုတ်လတွင် ယာဉ်စီးရေ ၁၆၆ စီးခန့်၊ စက်တင်ဘာလတွင် ၂၅၃ စီးနဲ့ အောက်တိုဘာလတွင် ၂၆၀ စီးခန့်ထိ တိုးတက်များပြားလာတဲ့အပြင် ၂၂ ဘီးဆွဲယာဉ်များပါသွားလာနိုင်ပြီလို့ သိရပါတယ်။

ပို့ကုန်သွင်းကုန်အပိုင်းတွင် သမားရိုးကျ ပို့ကုန်သွင်းကုန်များအပြင် သကြားနဲ့ကွမ်းသီးကို Re-exportနဲ့ ခွင့်ပြုပေးလိုက်ပြီဖြစ်ရာ ထိုင်းမှ သကြားကို တရုတ်သို့တင်ပို့နေပြီလို့ သိရပါတယ်။

မိမိတို့နိုင်ငံမှာ ဇူလိုင်၊ ဩဂုတ်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ပို့ကုန်တင်ပို့မှု လျော့နည်းတဲ့ အတွက် ကုန်သွယ်မှုပမာဏ တိုးတက်စေရေး Re-export သကြားကို လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ခွင့်ပြု ခဲ့တယ်လို့ သိရပါတယ်။အောက်တိုဘာလအတွင်း ကုမ္ပဏီ ၁၉ ခုမှ Re-export စနစ်နဲ့ သကြား ၁၅၀၈၇ တန်၊တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၇ ဒသမ ၂၄၂ သန်းဖိုးကို မြဝတီနယ်စပ်မှ အမှန်တင်သွင်းထားပြီးဖြစ်ပါတယ်။ Re-export စနစ်နဲ့ သကြားတင်သွင်းရာမှာ FDA ထောက်ခံချက် ပူးတွဲတင်ပြရန် မလိုသော်လည်း ပုံမှန်စနစ်နဲ့ တင်သွင်းမည်ဆိုပါက FDA ထောက်ခံချက် လိုအပ်မည်ဖြစ်ကြောင်း အသိပေးလိုက်ရပါတယ်။

**MIRT**

## ID ထက်ပိုမိုသယ်ဆောင်တဲ့ အချိုမှုန့်နဲ့ ဖူဆို ၁၀ ဘီးယာဉ်ပေါ်က အကောက်ခွန်မဲ့ ဆိုင်ကယ်များ ဖမ်းဆီးရမိ

အောက်တိုဘာလ ၁၇ ရက်နေ့ ၁၇း၄၅ ချိန်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်က Red Channel နဲ့ အစစ်ဆေးခံပြီး ထွက်လာတဲ့ ခြောက်ဘီးယာဉ် 9F/xxxx ပေါ်မှ သွင်းကုန်ကြေညာလွှာထက် ပိုမိုတင်ဆောင်လာတဲ့ အချိုမှုန့် ၂၅ ကီလိုဂရမ်ပါ အထုတ်ကြီးများပါရှိတဲ့ အချိုမှုန့်အိတ် သုံးအိတ်ကိုလည်းကောင်း၊ ၀၅း၀၀ ချိန်ကလည်း ဖူဆို ၁၀ ဘီးယာဉ် 3G/xxxx ပေါ်မှ အကောက်ခွန်မဲ့ဆိုင်ကယ် ခြောက်စီးကိုလည်းကောင်း၊ နောင်ချိုအေးရှားဝေါလ် တိုးဂိတ်အနီးယာယီအခြေပြု စစ်ဆေးရေးတာဝန်ထမ်းဆောင်တဲ့ လရ-၁ အဖွဲ့က ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်ထားတယ်လို့ သိရှိရပါတယ်။

**MIRT**

## မိုဘိုင်းအဖွဲ့များမှ အောက်တိုဘာလအတွင်း ကျောက်စိမ်းဖမ်းဆီးရမိအမှုတွဲ ခြောက်တွဲရှိ

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းမှာ ကျောက်စိမ်း ၂ ဒသမ ၈၄၆ တန် ၊ ခန့်မှန်းတန်ဖိုးကျပ် ၂၈၅ သန်း ဖိုးရှိ အမှုတွဲ ခြောက်တွဲကို မိုဘိုင်းအဖွဲ့က သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်အထိ ၂ နှစ်နဲ့ ၁၀ လတာကာလအတွင်းမှာ ကျောက်စိမ်း၊ အင်ကြင်းကျောက်၊ သလင်းကျောက်၊ စကျင်ကျောက်၊ သတ္တုကျောက်မှုန့်၊ သတ္တုရိုင်းနဲ့ ရွှေသိမ်းဆည်းရမိမှု အမှုတွဲပေါင်း ၁၉၃ ခုရှိခဲ့ပါတယ်။ ခန့်မှန်းတန်ဖိုး ကျပ် ၇၂၃၆ သန်းတန်ဖိုးရှိ သတ္တုတွင်းထွက်အရေအတွက် ၁၁၆ တန်ကို မိုဘိုင်းအဖွဲ့က သိမ်းဆည်းရမိခဲ့ပြီးဖြစ်ပါတယ်။

**MIRT**

## မောင်တောစခန်းရဲ့ ကုန်သွယ်မှုပိုမိုမြင့်တက်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအတွင်း ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၄၂၄ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၄၂၉ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ မောင်တော ကုန်သွယ်ရေး စခန်းရဲ့ အများဆုံး ပို့ကုန်များမှာ ရေငန်ပုစွန်၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ မတ်ပဲ၊ ကွမ်းသီး၊ လဲမှို့(အစေ့ပါ)၊ ဝါးကြီး၊ ဝါးသေးနဲ့ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ထွန်းရွှေဝါ၊ စောင်ပါးများ တင်ပို့နိုင်ခဲ့ပါတယ်။ သွင်းကုန်များမှာ ဒန်ရေတကောင်း၊ ပလတ်စတစ်ပုံး၊ တီရှပ်၊ ဖိနပ်တို့ တင်သွင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပိုမိုရခြင်းမှာ အောက်တိုဘာလတွင် မတ်ပဲ၊ ကွမ်းသီး၊ လဲမှို့ (အစေ့ပါ)၊ ရေငန်ပုစွန်တို့ ပိုမိုတင်ပို့နိုင်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လာမယ့်လများတွင် ကုန်သွယ်မှု လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ရေငန်ပုစွန်နဲ့ အခြားရေထွက်ပစ္စည်းများပါ ပိုမိုတင်ပို့နိုင်ရေး ကုန်သည်လုပ်ငန်းရှင်များနဲ့ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက် သွားမယ်လို့သိရပါတယ်။

**မြင့်မြင့်မာ**

## မိုဘိုင်းအဖွဲ့စတင်သည်မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ သန်းခုနစ်ရာခန့်တန်ဖိုးရှိ အေးခဲအသားများ သိမ်းဆည်းရမိ

မိုဘိုင်းအဖွဲ့များစတင်တာဝန်ချထားတဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ကာလအတွင်းမှာ အေးခဲအသားများ ၁၇၈ ဒသမ ၅၆၀ တန်၊ ခန့်မှန်းတန်ဖိုးကျပ် ၇၀၆ သန်း တန်ဖိုးကို အမှုတွဲ ၁၇၁ ခုဖွင့်လှစ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။အောက်တိုဘာလ အတွင်း ကျပ် ၁၈၇၃ သန်းတန်ဖိုးရှိအေးခဲအသား ၇ တန်ကို သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ ကျွဲနွားဆိတ်အရှင် ဖမ်းဆီးရမိမှုကတော့ ကျွဲ ၁၀၅ ကောင်၊ နွား ၉၉ ကောင်၊ဆိတ် ၄ ကောင်ဖြစ်ပြီး အမှုတွဲ ၁၅ ခု ခန့်မှန်းတန်ဖိုးကျပ် ၂၈၁ သန်းနဲ့ အမှုဖွင့်သိမ်းဆည်းခဲ့ပါတယ်။

**MIRT**

## အောက်တိုဘာလအတွင်း သစ်နှင့်သစ်တောထွက်ပစ္စည်း(အခြား)၊ ဆင်သားရေခြောက်များ ကျပ်သန်း ၂၀၀ ဖိုး မိုဘိုင်းအဖွဲ့များက သိမ်းဆည်းရမိ

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းမှာ သစ်နဲ့ သစ်တောထွက်ပစ္စည်း(အခြား)အမှုတွဲ ၁၇ မှု၊ ဆင်သားရေခြောက်အမှုတွဲ တစ်မှု အကောက်ခွန်အမှုတွဲဖွင့်တားဆီးခဲ့ရပါတယ်။သစ်နဲ့သစ်တောထွက်ပစ္စည်း (အခြား)ခန့်မှန်းတန်ဖိုး ကျပ် ၁၉၉ သန်း၊ တန်ချိန် ၅ တန်ကိုလည်းကောင်း၊ ဆင်သားရေခြောက် ၁ ပိဿာ ၊ ခန့်မှန်းတန်ဖိုး ကျပ် ၁ သန်းကို သိမ်းဆည်းရမိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ်အောက်တိုဘာလအထိ သစ်နဲ့သစ်တောထွက်ပစ္စည်း(အခြား) ၄၉၄ တန်၊ တမလန်းသစ် ၄၇၆ တန်၊ ပိတောက်သစ် ၉၉ တန်ကျော်၊သစ်ခွ ၁၁ တန်နီးပါး၊ ဆင်သားရေခြောက် ၁၂ ပိဿာ၊ မြွေ ၄၆၅ ကီလိုနဲ့ ၈၃၄ ကောင်၊လိပ် ၆၉ ကောင်၊ သင်းခွေချပ်အခွံ ၂၅ ပိဿာခွဲ၊ ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် ၃၁၈၅ သန်းဖိုးကို သိမ်းဆည်းရမိခဲ့ပြီးဖြစ်တယ်လို့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

**MIRT**




မြန်မာနိုင်ငံရဲ့ထင်ရှားတဲ့အချက်တွေထဲမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနဲ့ ဆန်ကိုအဓိကထား စားသုံးခြင်း က တစ်ခုပါဝင်ပါတယ်။ ကျွန်တော်တို့ငယ်စဉ်ကလေးဘဝထဲက "လယ်သမားကြီးဖိုးသာအောင်၊ စပါးစိုက်ကာ ပြည်ကျိုးဆောင်"ဆိုပြီး သင်ကြားခဲ့ရပါတယ်။ နောင်အင်္ဂလိပ်စာသင်တော့လည်း " Our staple food is rice. Rice is our staple food. Rice is our major export commodity "စသည်ဖြင့် ဆန်စပါးအရေးကြီးကြောင်း၊ စပါးစိုက် တောင်သူဦးကြီးများက ကျေးဇူးရှင်ကြီးတွေဖြစ်ကြောင်း အရိုးစွဲအောင်သိနေပါပြီ။ လက်ရှိကျွန်တော်တို့နိုင်ငံမှာ စပါးစိုက်ပျိုးတဲ့ ဧက ၁၅ သန်းကျော်ရှိပြီး တောင်သူဦးရေအနေနဲ့ ၃ ဒသမ ၅ သန်းလောက် ရှိတယ်လို့သိရပါတယ်။ ဒီဦးရေဟာ မြန်မာပြည်သူ ၅၁ ဒသမ ၄၆ သန်းနဲ့ဆိုရင် ၇ ရာခိုင်နှုန်းလောက်ရှိပါတယ်။ လယ်မြေဧက ပိုင်ဆိုင်မှုကို တစ်ဧကအောက်ပိုင်ဆိုင်သူ၊ ၅ ဧကအောက်ပိုင်ဆိုင်သူ၊ ၅ ဧကအထက် ၁၀ ဧကအထိ ပိုင်ဆိုင်သူ၊ ၁၀ ဧကအထက်ပိုင်ဆိုင်သူဆိုပြီး လေးစားခွဲကြည့်ချင်ပါတယ်။ ၁၀ ဧကအထက်ပိုင်တဲ့တောင်သူတွေ ကတော့ ဝင်ငွေကောင်းတဲ့ တောင်သူကြီးတွေလို့ပြောလို့ရပါတယ်။ ၅ ဧကကနေ ၁၀ ဧကအထိ ပိုင်ဆိုင်သူတွေ ကတော့ အထိုက်အလျောက်ဝင်ငွေရှိသေးတဲ့ တောင်သူတွေ၊ နောက်ပြီးတစ်ဧကအောက်ပိုင်ဆိုင်သူတွေကလည်း အများအပြားရှိပါတယ်။ တစ်ဧကအောက်ပိုင်ဆိုင်သူ တောင်သူတွေက ၅ ဒသမ ၈ သိန်းရှိပါတယ်။ သူတို့တွေကတော့ လယ်ဧကပိုင်ဆိုင်မှုနည်းရင် နည်းတဲ့အလျောက် ဝင်ငွေလည်းနည်းပြီး လယ်ယာလုပ်ငန်းဝင်ငွေနဲ့ ရပ်တည်ဖို့မလွယ်ပါ။ ဒါကြောင့် ၁၀ ဧကအထက်ပိုင်ဆိုင်သူက သုံးသိန်းကျော်ကျော်ပဲ ရှိပါတယ်။ တောင်သူ ၃ ဒသမ ၅ သန်းနဲ့ယှဉ်ကြည့်ရင် ၈ ဒသမ ၆ ရာခိုင်နှုန်းပဲရှိပါတယ်။ ၁၀ ရာခိုင်နှုန်းတောင် မကျော်ပါဘူး။ ၅ ဧကကနေ ၁၀ ဧကကြား အသင့်အတင့်ဝင်ငွေရှိတဲ့ တောင်သူတွေကတော့ ၆ ဒသမ ၇ သိန်းလောက်ပဲရှိပါတယ်။ တောင်သူစုစုပေါင်းရဲ့ ၁၉ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ၁၀ ဧကအထက်နဲ့ ၅ ဧကကနေ ၁၀ ဧကအထိ ပိုင်ဆိုင်သူတွေကို ထပ်ပေါင်းကြည့်ရင် ၉ ဒသမ ၇ သိန်းလောက်ပဲရှိပါတယ်။ တောင်သူစုစုပေါင်း ၃ ဒသမ ၅ သန်းရဲ့ ၂၇ ဒသမ ၆ ရာခိုင်နှုန်းပဲရှိပါတယ်။ တစ်နည်းအားဖြင့်ပြောရရင်တော့ တောင်သူ ၁၀ ယောက်မှာ ၃ ယောက်ကပဲ လယ် ၅ ဧကအထက်ပိုင်ဆိုင်တယ်လို့ပြောလို့ရပါတယ်။ ဒီလိုဖြစ်နေတော့ ဆန်စပါးဈေးတွေတက်နေတာ။ တကယ်ဝင်ငွေနည်းတဲ့ တောင်သူတွေ တကယ်အကျိုးရှိရဲ့လားဆိုတာ တွေးစရာဖြစ်လာပါလေရောဗျာ။

| စဉ် | ပိုင်ဆိုင်မှု | ခန့်မှန်း တောင်သူ ဦးရေ (သိန်း) | ပါဝင်မှု % | ခန့်မှန်း မိသားစု ဦးရေ (သိန်း) | တစ်နိုင်ငံလုံး လူဦးရေ အပေါ် ပါဝင်မှု % |
|---|---|---|---|---|---|
| (က) | တစ်ဧကအောက် | ၅. ၈၀ | ၁၆. ၅၂ | ၂၉. ၀၀ | ၅. ၆၇ |
| (ခ) | တစ်ဧကနှင့် ၅ ဧကကြား | ၁၉. ၆၀ | ၅၅. ၈၅ | ၉၈. ၀၀ | ၁၉. ၁၆ |
| (ဂ) | ၅ ဧကနှင့် ၁၀ ဧကကြား | ၆. ၇၀ | ၁၉. ၀၈ | ၃၃. ၅၀ | ၆. ၅၅ |
| (ဃ) | ၁၀ ဧကအထက် | ၃. ၀၀ | ၈. ၅၅ | ၁၅. ၀၀ | ၂. ၉၃ |
| စုစုပေါင်း | | ၃၅. ၁၀ | ၁၀၀.၀၀ | ၁၇၅.၅၀ | ၃၄. ၃၂ |

စဉ်းစားကြည့်ပါဦး။ လက်ရှိအချိန်မှာ ပြည်တွင်းဆန်ဈေးက ကမ္ဘာမှာ ထိပ်တန်းဆန်ထုတ်လုပ်တဲ့ ထိုင်းက ဆန်ဈေးတွေထက် တောင်ကြီးပါတယ်။ ဒါပေမဲ့ ခုပြောတဲ့ဝင်ငွေနည်း၊ ငါးဧကအောက်ပိုင်ဆိုင်သူ တောင်သူများ (တောင်သူစုစုပေါင်းအရေအတွက်ရဲ့ ၇၂ ဒသမ ၄ ရာခိုင် နှုန်း) အတွက် အကျိုးရှိမယ်ထင်ပါရဲ့လားခင်ဗျာ။

ကျွန်တော်တို့ အခုဘောဂဗေဒသီအိုရီတွေမှာ ခေတ်စားတဲ့စကားလုံးတွေမှာ Supply Chain, Value Chain ဆိုတာတွေကိုကြည့်ရင် Firm to mouth ဆိုတဲ့ ကုန်ပစ္စည်းစတင်ထုတ်လုပ်မှု၊ ကုန်ကြမ်းမှ စားသုံးသူရဲ့ပါးစပ်အတွင်း ရောက်ရှိသည့် လမ်းတစ်လျှောက်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းစဉ်အသီးသီးကို ဆိုလိုတယ်ကို နားလည်ရပါတယ်ခင်ဗျာ။ ဒီတော့ကာ ဆန်ဆိုတဲ့ကုန်ပစ္စည်းလို့ စတင်ထုတ်လုပ်တဲ့ လယ်မြေမှရတဲ့စပါးက စတင်ကြည့်ရင် မျိုးရောင်းချသူများ၊ မြေဩဇာ၊ ပိုးသတ်ဆေးရောင်းချသူများ၊ လယ်ယာလုပ်သားများရှိပါတယ်။ နောက်ပြီး လယ်ပိုင်ရှင်၊ လယ်သမားပေါ့ ခင်ဗျာ။ မျိုး၊ သွင်းအားစု၊ လုပ်အား၊ ရေတို့ကို မြေပေါ်မှာချ၊ စပါးကို စိုက်ပျိုးထုတ်လုပ်ပြီး စပါးရလာပါပြီ။ ကျွန်တော်တို့နိုင်ငံရဲ့အထွက်က ပျမ်းမျှ ၆၀ နဲ့ တင်း ၁၀၀ ကြားပဲ တစ်ဧကအပေါ်မှာ ထွက်ရှိပါတယ်။ ၅ ဧကပိုင်ဆိုင်သူ လယ်သမားအတွက် ရလာတဲ့စပါးကို တင်း ၁၀၀ နှုန်းနဲ့တွက်ရင် တင်း ၅၀၀ ပါ။ စပါးထွက်ပေါ်ချိန် စပါးပေါက်ဈေးက ယခင် ဒီဇင်ဘာ၊ ဇန်နဝါရီမှာ တင်း ၁၀၀ ကို လေးသိန်းကျပ်ဝန်းကျင်နဲ့ ပေါက်ပါတယ်။ ဒီတော့ လေးသိန်းကျပ်ကို တင်း ၅၀၀ နဲ့မြှောက်ရင် သိန်း ၂၀ ရပါတယ်။ ဆိုလိုတာက စပါး တင်း ၅၀၀ က ရတဲ့ဝင်ငွေက သိန်း ၂၀ ပါ။ တွက်ကြည့်ပါအုံး။ ပုံမှန်အားဖြင့် တစ်ဧကကုန်ကျစရိတ်က နှစ်သိန်းလောက်ရှိပါတယ်။ အပေါ်ကတွက်ပြခဲ့တဲ့ မျိုး၊ လုပ်သားခ၊ မြေဩဇာဖိုး၊ ပိုးသတ်ဆေးဖိုးစသဖြင့်ပေါင်းရင်ကုန်တာပါ။ ဒီထဲမှာ ကိုယ့်မိသားစုလုပ်အားခတောင် ထည့်တွက်မထားရသေးဘူးထင်ပါတယ်။ ထားပါတော့။ အသားတင်အမြတ် (Net Profit) သက်သက်တွက်မယ်ဆိုရင် သိန်း ၂၀ ထဲက ၁၀ သိန်း ထပ်နုတ်ရပါဦးမယ်။ ဒါတောင် မျိုးဖိုးတို့ ဘာတို့က ကိုယ်ပိုင်ဆိုရင် ဒီထက်နည်းနည်းပိုကျန်တယ်ဆိုရမှာပေါ့။ ကဲတစ်နှစ်၊ တစ်ရာသီလုပ်လိုက်တာ မိသားစုအတွက် အကျိုးအမြတ်က ၁၀ သိန်းပဲရှိပါတယ်။ ဒါကို ၁၂ လနဲ့ ပြန်ချိုးကြည့်ရင် တစ်လဝင်ငွေက တစ်သိန်းတောင်မပြည့်တော့ပါလားခင်ဗျာ။

နောက်ပြီး ၅ ဧကလောက်ပိုင်တဲ့ တောင်သူအများစုက မိသားစု ၄၊ ၅ ယောက်တော့ရှိပါတယ်။ ဒါ့အပြင် လယ်ထဲမှာရှိတဲ့ စပါးတင်း ၅၀၀ လောက်ကို ဘယ်အချိန်မှာရောင်းရမှာလဲ။ လက်ထဲမှာ ဘယ်အချိန်ထိ သိုလှောင်ထားမှာလဲ။ စဉ်းစားကြည့်ပါဦး။ နဂိုအရင်းအနှီးတောင် ကောင်းကောင်းမရှိသူ၊ ၃၊ ၄ နှစ်မှာ တစ်ခါလောက် ရာသီဥတုဖောက်ပြန်ခဲ့ရင် စပါးအထွက် အလွန်အကျွံကျဆင်းတာကြောင့် နာလန်ထူအောင် မနည်းပြန်လုပ်ကြရပါတယ်။ ဒါကြောင့်ရှိတာလှောင်ဖို့ အသာထား၊ စားဖို့ချန်ပြီး အနည်းဆုံးတစ်ဝက်လောက် စရောင်းရတော့မှာပါ။ ဒါက ၅ ဧကသမားကိုပြောတာပါ။ တစ်ဧက၊ နှစ်ဧကသမားဆိုရင်တော့ စပါးမပေါ်ခင်ကတည်းက အတိုးနဲ့ယူထားခဲ့ ရလို့ စပါးပေါ်တာနဲ့ အကုန်လုံးကို ပေးသမျှဈေးနဲ့ ထိုးရောင်းရပါပြီ။ အတိုးပေးထားတဲ့ သူကလည်း စပါးခွဲနေကတည်းက လာစောင့်နေပါပြီ။ ဒါကြောင့် တင်းတစ်ရာကို လေးသိန်းရရင် ကံကောင်းလှပါပြီ။ နောက်တက် လာမယ့် စပါးဈေးက ၅ ဧကအောက် တောင်သူတွေနဲ့လားလားမှမဆိုင်တော့ပါဘူးဗျာ။ လယ်လုပ်ချိန်မှာ ဆန်ဝယ်စားရမှာကျိန်းသေနေပါတယ်။

ကျွန်တော့်မှာ လယ်လုပ်တဲ့ ယောက်ဖတစ်ယောက်ရှိပါတယ်။ ရမည်းသင်း၊ သစ်ဆုံဆည်ရေသောက် ချောင်းနားမှာပါ။ လယ် ၁၅ ဧကပိုင်တာပါ။ နွေ၊ မိုး နှစ်သီးလုပ်ပြီး အမြတ်တွက်တာ ၁၅ သိန်းပဲကျန်ပါတယ်။ ဒါကခုခေတ်စားနေတဲ့ Good Agricultural Practice ဆိုတဲ့ GAP ကို စနစ်တကျစာရင်းမှတ်ပြီးလုပ်တတ်တဲ့ ၁၀ ဧကအထက် လယ်သမားပါ။ ဒါကြောင့် စပါးဈေး၊ ဆန်ဈေးက စပါးထွက်တဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလမှာ မတက်ဘဲကျန်တဲ့ ကိုးလမှာတက်ရင်တော့ တောင်သူအများစု အကျိုးမများတာ သေချာတယ်ဆိုတာ တွက်လို့ရပါ တယ်။ ဒါကြောင့် အခုလိုသီတင်းကျွတ်ခါနီးအချိန်မှာ ဈေးတက်နေတာက ရေကြီးလို့ဆိုပေမယ့် ရေကြီးတာကိုအကြောင်းပြပြီး၊ ဆန်ဈေးကိုလှုပ်ခါစေတဲ့သူတွေလို့ပဲပြောချင်ပါတော့တယ်။ အပေါ်ယံအားဖြင့်တော့ ထိုထိုသော ပုဂ္ဂိုလ်တွေက ဆန်စပါးဈေးတက်တာ တောင်သူတွေအတွက်အကျိုးရှိတယ်။ ဒါကြောင့် ဆန်စပါးဈေးတက်တာ ကောင်းတယ်လို့ပြောချင်ကြပါတယ်။

ကျွန်တော်နောက်တစ်ခု ပြောချင်ပါသေးတယ်။ စားသုံးနေတဲ့ပြည်သူ ၅၁ သန်းအတွက် ဒီလူတွေကပြန်မကြည့်တော့ဘူးလား။ သူတို့ပြောတဲ့တောင်သူတွေအကျိုးရှိတယ်ပြောရအောင်က တောင်သူတွေမှာ စပါးမကျန်တော့မှ စပါးဈေးတက်တာ၊ တောင်သူက ဘယ်လိုအကျိုးရှိမှာလဲ။ ဆန်ဈေးတက်တဲ့ ဒီအချိန်မှာ အကျိုးအများဆုံးက ဆန်ကိုလက်ဝယ်ကိုင်ပြီး ကစားနေတဲ့ ကုန်သည်ကလွဲရင် ပြည်သူသန်း ၅၀ ရော၊ တောင်သူ သုံးသန်းကျော်နဲ့သူ့မိသားစုတွေပါဝင်နေတဲ့ ငါးသန်းသော တောင်သူငယ်မိသားစုတွေက အကျိုးနည်းနေပါတယ်ဗျာလို့သာ အော်လိုက်ချင်ပါတော့တယ်။

ကျွန်တော် Segment အလိုက်၊ အလွှာအလိုက် တွက်ကြည့်ချင်ပါတယ်-

ဥပမာ-

(၁) တောင်သူလယ်သမားများ




**ကျွန်တော်တို့ အစိုးရဌာနတွေကရော၊ ဒီဆန်စပါးနဲ့ သက်ဆိုင်တဲ့ အသင်းတွေကပါ ဆန်စပါးလောကရဲ့ အဓိကထုတ်လုပ်သူတွေလို့ ပြောရမယ့် တောင်သူတွေ အကျိုးရှိအောင်၊ အမြတ်ရှိအောင် လုပ်ပေးချင်တယ်ဆိုရင်တော့ စပါးပေါ်ချိန်မှာ တောင်သူတွေအတွက် သင့်တော်သော၊ အမြတ်ရှိသော ဈေးတစ်ခုရအောင် ပေးရပါမယ်။ ကျန်ကာလတွေမှာလည်း တောင်သူတွေ ဆန်ဝယ်မစားရအောင် လုပ်ပေးနိုင်ရပါမယ်။**

(၂) စပါးသိုလှောင်သူနှင့်စပါးပွဲစားများ၊ ဆန်စက်ပိုင်ရှင်များ၊ မျိုးသိုလှောင်သူများ
(၃) ဆန်သိုလှောင်သူများ၊ ဆန်ပွဲစား၊ ကုန်သည်များ
(၄) ယာဉ်ပိုင်ရှင်များ၊ သိုလှောင်ရုံပိုင်ရှင်များ
(၅) ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးရောင်းဝယ်သူများနှင့် လယ်ယာသုံးစက်ကိရိယာရောင်းဝယ်သူများ
(၆) ဆန်ပို့ကုန်လုပ်ငန်းရှင်များ
(၇) ဆန်စားသုံးသူများ (ပြည်သူ ၅၁ ဒသမ ၄ သန်း) ဆိုပြီး ခုနှစ်အုပ်စုခွဲခြားပြီး တွက်ကြည့်ချင်ပါတယ်။ တွက်ပြပါမယ်။

ဒီနေရာမှာ ကျွန်တော်လိုချင်တဲ့ ပစ်မှတ် အကြောင်းအရာကို အခြေခံပြီး ဒီဆောင်းပါးကို ရေးသားခြင်း မဟုတ်ပါဘူး။ ဖြစ်ပေါ်နေတဲ့ ကိန်းဂဏန်းများကပြောတဲ့ အကြောင်းတရားတွေကို တန်ဖိုးတစ်ခုအနေနဲ့စဉ်းစားပြီး ဖတ်ရှုသူတွေကို သတင်းအချက်အလက်စစ်စစ်ပေးခြင်းမျှသာဖြစ်ပါတယ်။ ဖတ်ရှုသူများက ကျွန်တော်ပေးတဲ့ သတင်းအချက်အလက်ကို တန်ဖိုးတစ်ခုအဖြစ်နဲ့ စဉ်းစားချင့်ချိန်ဝေဖန်မှုထည့်ပြီး ရယူလိုက်မယ်ဆိုရင် အဖိုးတန်တဲ့ အသိပညာတစ်ခုဖြစ်လာမယ်လို့ထင်ပါတယ်။

နှစ်တစ်နှစ်ရဲ့ ဇန်နဝါရီလမှာဖြစ်ပေါ်ခဲ့တဲ့ ဆန်ဈေးနှုန်း၊ ဇူလိုင်နဲ့ဩဂုတ်လတွေမှာဖြစ်ပေါ်ခဲ့တဲ့ ဆန်ဈေးနှုန်း၊ စက်တင်ဘာနဲ့အောက်တိုဘာလတွေမှာဖြစ်ပေါ်ခဲ့တဲ့ ဆန်ဈေးနှုန်းတွေကို ကျွန်တော် နောက်ကြောင်းပြန်ပြီး နှစ်အလိုက်ယှဉ်ပြပါမယ်။ ကြည့်ကြည့်ပါခင်ဗျာ။ ဧည့်မထဆန်အလတ်စ ဆန်တစ်အိတ်ဈေး တစ်မျိုးတည်းကို ယှဉ်ကြည့်ပါ -

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ
လအလိုက်ဖြစ်ပေါ်ခဲ့သော ဧည့်မထဆန်အလတ်စ တစ်အိတ်ဈေးနှုန်း
ရေတွက်ပုံ-ကျပ်/အိတ်

| စဉ် | လအမည် | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|
| ၁ | ဇန်နဝါရီ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၅၀၀ | ၁၇၅၀၀ | ၁၆၀၀၀ |
| ၃ | မတ် | ၁၄၃၀၀ | ၁၅၀၀၀ | ၁၂၃၀၀ | ၁၄၅၀၀ | ၁၆၅၀၀ | ၁၇၀၀၀ |
| ၄ | ဧပြီ | ၁၄၂၀၀ | ၁၅၀၀၀ | ၁၃၃၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၇၅၀၀ |
| ၅ | မေ | ၁၄၅၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၁၈၅၀၀ |
| ၆ | ဇွန် | ၁၅၀၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ |
| ၇ | ဇူလိုင် | ၁၆၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၈၅၀၀ | ၂၀၀၀၀ |
| ၈ | ဩဂုတ် | ၁၅၀၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၈၀၀၀ | ၁၈၁၀၀ | ၂၂၅၀၀ |
| ၉ | စက်တင်ဘာ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၁၀၀ | ၂၄၀၀၀ |
| ၁၀ | အောက်တိုဘာ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၅၀၀ |
| ၁၁ | နိုဝင်ဘာ | ၁၄၅၀၀ | ၁၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၇၅၀၀ | ၂၄၅၀၀ |
| ၁၂ | ဒီဇင်ဘာ | ၁၃၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | |

ဂရပ်နဲ့ဆိုရင်လည်း ဒီလိုမျိုးတွေ့ရပါမယ် -



နှစ်တိုင်းမှာ ဇန်နဝါရီလဟာ ဈေးအနည်းဆုံးကာလဖြစ်တယ်ဆိုတာတွေ့ရပါတယ်။ဈေးကွက်ထဲမှာ ဝယ်လိုအားထက် ရောင်းလိုအားများတာကြောင့်လို့ပြောစရာရှိပါတယ်။ ဒုတိယ ဧပြီလ အထိလည်း ဈေးသိပ်မတက် သေးပါဘူး။ ဈေးကွက်ထဲမှာ လက်ကျန်လျော့လာတာနဲ့အမျှ ဆန်ဈေးလိုက်တက်လာတာပါပဲ။ တစ်နည်းပြောရရင်တော့ တောင်သူလက်မှာ စပါးမကျန်ချိန်ဟာ ဈေးအမြင့်ဆုံးအချိန်တွေပါပဲ။ တောင်သူလက်ဝယ် စပါးရှိချိန်၊ စပါး ပေါ်ချိန်တွေဟာ နှစ်တစ်နှစ်ရဲ့ စပါးဈေးအနိမ့်ဆုံးအချိန်တွေများပါတယ်။

ကျွန်တော်တို့ အစိုးရဌာနတွေကရော၊ ဒီဆန်စပါးနဲ့သက်ဆိုင်တဲ့အသင်းတွေကပါ ဆန်စပါးလောကရဲ့ အဓိကထုတ်လုပ်သူတွေလို့ပြောရမယ့် တောင်သူတွေ အကျိုးရှိအောင်၊ အမြတ်ရှိအောင် လုပ်ပေးချင်တယ်ဆိုရင် တော့ စပါးပေါ်ချိန်မှာ တောင်သူတွေအတွက် သင့်တော်သော၊ အမြတ်ရှိသော ဈေးတစ်ခုရအောင် ပေးရပါမယ်။ ကျန်ကာလတွေမှာလည်း တောင်သူတွေ ဆန်ဝယ်မစားရအောင် လုပ်ပေးနိုင်ရပါမယ်။

နောက်ဆုံးတစ်ခုကတော့ အထွက်နှုန်းကိုပြောင်းလဲနိုင်တဲ့ မျိုး၊ ဈေးကွက်မှာ ရောင်းပန်းလှတဲ့မျိုး၊ အလားအလာရှိတဲ့မျိုး၊ ဈေးကွက်ကြိုက်တဲ့မျိုးတွေ ဖြစ်ရပါမယ်။ သွင်းအားစုဖြစ်တဲ့ မြေဩဇာ၊ ပိုးသတ်ဆေးတွေက တကယ်အရည်အသွေးမှန်၊ ဈေးသင့်တဲ့ အခြေအနေရှိရပါမယ်။ တောင်သူတွေ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကျဆင်းအောင် လုပ်ပေးနိုင်ရပါမယ်။ တခြားနိုင်ငံတွေထက် ထုတ်လုပ်မှုစရိတ်များနေရင် တောင်သူတွေ လုပ်သလောက်အကျိုး မခံစားရဘဲ ဆက်နစ်နေအုံးမှာပါ။

နောက်တစ်ကြောင်းနဲ့ကြည့်ရင်လည်း စပါးဈေး၊ ဆန်ဈေးကို ကျဆင်းအောင်လုပ်တာမျိုးမဟုတ်ဘဲ တစ်နှစ်လုံး အနိမ့်/အမြင့် နည်းပါးလှတဲ့ ဈေးတန်းတစ်ခုနဲ့ပဲသွားသင့်ပါတယ်။ ဆန်စပါးအဓိကအများဆုံးတင်ပို့တဲ့ ဒေသတွင်းနိုင်ငံတွေမှာ ဆန်စပါးဈေးနှုန်းဟာ စိုက်ပျိုးထွက်ရှိချိန်နဲ့ ကျန်တဲ့အချိန် ကျွန်တော်တို့ဆီမှာလောက် ကွာခြားမှုမများတာတွေ့ရပါတယ်။ ဒီအတိုင်းဈေးနှုန်းတည်ငြိမ်အောင် နှုတ်နဲ့၊ စာနဲ့ပြောနေ၊ ရေးနေလို့မရပါဘူး။ မဖြစ်မနေလုပ်ရမယ့် အစီအမံတွေရှိရပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘယ်လိုအစီအမံ (Mechanisam) က သင့်တော်မယ်ဆိုတာကတော့ ပညာရှင်များနဲ့ ကျွမ်းကျင်သူများ ညှိနှိုင်းတိုင်ပင် ချမှတ်ရပါမယ်။ ကျွန်တော်တို့အနေနဲ့ ဈေးကွက်ကလက်ခံပြီး အထွက်နှုန်းကောင်း၊ မျက်နှာပန်းလှပြီး သခင်လည်းမချစ်တဲ့ စပါးမျိုးလို ဈေးအသင့်အတင့်နဲ့ ရအောင် လုပ်ပေးရပါမယ်။ အရည်အသွေးမှန်၊ အလေးချိန်မှန်တဲ့ ဓာတ်မြေဩဇာနဲ့ပိုးသတ်ဆေးဖြစ်အောင် ဥပဒေနဲ့ညီညွတ်အောင် လုပ်ပေးနိုင်ရပါမယ်။ အိန္ဒိယနိုင်ငံနဲ့ နိုင်ငံတချို့မှာတော့ အစိုးရဌာနက ကျောထောက်နောက်ခံထားတဲ့ အဖွဲ့အစည်းတစ်ခုခုက Minimium Sopporting Price (MSP) လို တောင်သူတွေရှုံးပြီဆိုတာနဲ့ ထောက်ပံ့ကူညီတဲ့ဈေး၊ အမြတ်ရှိတဲ့ဈေးမျိုးနဲ့ ဝယ်ပေးနိုင်ရပါမယ်။

နောက်တစ်ချက်ကတော့ ဆန်ကိုဈေးကစားစရာ ကုန်စည်တစ်ခုလို သဘောထားလို့မရအောင် လုပ်ပေးနိုင် ရပါမယ်။ ခုတော့ ပေါ်ချိန်ဆိုဈေးချဝယ်၊ တောင်သူမှာ စပါးပြတ်ပြီဆိုတာနဲ့ တတိတိနဲ့ ဈေးကိုဆွဲတင်သွားပြီး တောင်သူနဲ့စားသုံးသူမှအပ ကျန်အမြတ်ကြီးစားများပဲ အကျိုးရှိစေတဲ့လုပ်ရပ်တွေကို တားဆီးဖို့၊ နည်းစနစ်တွေပြောင်းလဲဖို့တော့လိုပြီလို့ထင်ပါတယ်။ ကျွန်တော်ကတော့ တောင်သူအကျိုးရှိဖို့ဆိုပြီး လုပ်နေကြတဲ့ ပုဂ္ဂိုလ်ကြီးများ မညာတမ်းလေးစဉ်းစားကြပါ။ Corporate Social Responsibility ဆိုတာသိကြရဲ့လားလို့ ဆန်လောကကြီး တစ်ခုလုံးကိုမေးချင်ပါတယ်။ CSR ကိုနားလည်ရင်တော့ တောင်သူကိုပြန်ကြည့်သင့်ပါပြီ။ ကြည့်ရမယ့်နည်းကတော့ တောင်သူအတွက်၊ စပါးစိုက်ပျိုးသူအတွက် ယှဉ်တွဲစဉ်းစားရပါတော့မယ်လို့ပြောချင်ပါတယ်။

ကျွန်တော်တို့ကြားဖူးတဲ့ ဝက်မွေးသမားလိုဖြစ်နေပြီလားမဆိုနိုင်ပါဘူး။ ဝက်ကလေးကို သေသေချာချာ နေ့စဉ်ကျွေးမွေးပါတယ်။ နေ့တိုင်း အသားတိုးရဲ့လားလို့စဉ်းစားပြီး ဝက်ကလေးဝဖြိုးရေးကို အမြဲစဉ်းစားပြီး ကျွေးပါတယ်။ အားဆေးတွေ ထည့်ကျွေး၊ နေမကောင်းမဖြစ်အောင် ဆေးတောင်ထိုးပေးပါတယ်။ ဒါက ခြောက်လလောက်ပါ။ အသားကောင်းကောင်းတိုးလို့ ဈေးကောင်းတာနဲ့ပေါ်ရောင်းတော့တာပါပဲ။ ကျွန်တော်တို့တောင်သူတွေ ခများဝက်လိုဖြစ်နေလားလို့တောင်ထင်မိပါတယ်။ တောင်သူတွေကို ငွေချေးပေးတာ၊ မြေဩဇာကြိုထုတ် ပေးတာ၊မျိုးထုတ်ပေးတာတွေက စပါးပေါ်ချိန်ရောက်ရင် ဈေးနည်းနည်းနဲ့ရယူချင်လို့ပါ။ ဒါကိုအရင်းအနှီးမရှိတဲ့ ကျွန်တော်တို့တောင်သူတွေက သိရက်နဲ့မျက်စိမှိတ်ပြီး ခံစားနေရတာပါ။

ဆရာတစ်ယောက်က ကျွန်တော့်ကို ဆန်စပါးအကြောင်းပြောရင်း ပြောပြခဲ့ဖူးတာက လွတ်လပ်ရေးရပြီးကာလ အစိုးရအဆက်ဆက်က စပါးအထွက်တိုးအောင်ပဲ အဓိကလုပ်ခဲ့ကြတာ။ တောင်သူဝင်ငွေတိုးအောင် ဦးစားပေးလုပ်ခဲ့တာမရှိဘူးလို့ပြောခဲ့ပါတယ်။ တောင်သူကို ပညာတတ်တောင်သူဖြစ်အောင်၊ စီးပွားရေးနားလည်တဲ့ တောင်သူဖြစ်လာအောင် ချမ်းသာတဲ့တောင်သူဖြစ်အောင် တကယ်လုပ်မပေးနိုင်ခဲ့ကြပါဘူးတဲ့။

ကျွန်တော်တို့မှာ ခေါက်ရိုးကျိုးနေတဲ့ အတွေးအခေါ်တွေကြားက မထွက်နိုင်တာတွေ အများကြီးပါ။ စိုက်တဲ့စပါးအထွက်ကောင်းအောင်လုပ်တိုင်း ဈေးကောင်းမရနိုင်ပါဘူး။ ဈေးကွက်ကတောင်းဆိုတဲ့စပါးကို အထွက်ကောင်း၊ စရိတ်သက်သာစွာနဲ့ထုတ်နိုင်မှ တောင်သူအကျိုးရှိမှာပါ။ အခုချိန်ထိ အထွက်ကောင်းတဲ့မျိုးတွေ တီထွင်ပေမယ့် ဈေးကွက်မှာ ရောင်းပန်းမလှ၊ အမည်မရှိတဲ့စပါးတွေက သက်သေခံနေပါတယ်။ ဒါပေမယ့် ရွှေဘိုပေါ်ဆန်းလို စပါးမျိုးတွေ ဈေးကွက်ရှိပြန်တော့လည်း အထွက်ကောင်းအောင် လုပ်ဖို့ ခက်နေပြန်ပါတယ်။ ဒါကြောင့် တောင်သူအကျိုးစီးပွားရှိဖို့ဆိုရင် တောင်သူနှစ်သက်ရာစိုက်နိုင်ရပါမယ်။ စပါးမစိုက်ဘဲ စပါးထက် အကျိုးအမြတ်များတဲ့ သီးနှံဆိုရင်လည်းစိုက်နိုင်ရပါမယ်။ ပြည်တွင်းစားဖို့ မလုံလောက်ရင်လည်း ဆန်ရောင်းချင်တဲ့ နိုင်ငံတွေအများကြီး ရှိပါတယ်။ လက်ရှိအခြေအနေများကို ကြည့်ကြည့်ပါ။ ပြည်တွင်းမှာ ဈေးကြီးနေရင် ပြည်ပကိုတင်ပို့လို့မရနိုင်သလို ပြည်ပဆန်ကလည်း ပြန်ဝင်လာမှာပါပဲ။ ဒါကြောင့် တောင်သူအကျိုးစီးပွားရှိဖို့ဆိုရင် ပို့ကုန်သွင်းကုန်ဘဏ် (Exim Bank) စနစ်လိုမျိုးဘဏ်တွေရှိရပါမယ်။ ဘဏ်မှာ ပုံစံ (၇) ထွက်ပြီးတဲ့ လယ်တွေကို ပေါင်နှံငွေချေးခွင့်ရှိပါမယ်။ မိမိရှိတဲ့ သီးနှံကို အပေါင်ထားပြီး ငွေချေးလို့ရနိုင်ရင်လည်း သီးနှံကိုထားပြီး ကြိုက်ဈေးရမှ ထုတ်နိုင်မှာဖြစ်ပါတယ်။ တောင်သူလက်ဝယ်မှာ ရေရှည်သိုလှောင်နိုင်အောင် ထားနိုင်အောင် ကူညီဖို့လိုပါတယ်။ တခြားနည်းလမ်းတွေလည်း စဉ်းစားပြီး တောင်သူတကယ်ချမ်းသာရေး၊ စပါးဆန်ဈေးတက်ရင် တောင်သူအကျိုးရှိရေးတွေကို စဉ်းစားပြီး လုပ်ပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။ ■

## ပြောင်း

### အောက်တိုဘာလအတွင်း ပြောင်းတန်ချိန် တစ်သိန်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊လွယ်ဂျယ်၊ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းစုံမှ အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ ၁၀ ဒသမ ၃၉၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၄၂၃၄၃ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၉၆၆၀ တန်၊ ချင်းရွှေဟော်မှ ၁၀၁၄၈ တန်၊ လွယ်ဂျယ်မှ ၂၁၂၃ တန်နဲ့ ကန်ပိုက်တီးမှ ၄၁၂ တန်ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က ဒီစခန်းလေးခုပေါင်းမှ ပြောင်းတန်ချိန် ၃၀၅၉၆ တန်ခွဲ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု ၁၁၇၄၆ တန်ခွဲ ပိုမိုတင်ပိုနိုင်ခဲ့ပါတယ်။ အောက်တိုဘာလတစ်လလုံးအနေနဲ့ကတော့ ပြောင်းဖူးစေ့ ၁၂၆၃၄၁ တန်ကျော် တရုတ်နိုင်ငံသို့ တင်ပို့မှုရှိခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၃၀၉၆၈၁ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၁၀၃၀၀ ကျပ်သို့ အနည်းငယ်ဈေးမြင့်တက်လာခဲ့ပါတယ်။ နယ်အစုံမှလည်း ပြောင်းအဝင်ရှိသလို တရုတ်ဘက်ကလည်းအဆွဲသွက်နေကြောင်း၊ ပြောင်း ကီလို ၁၀၀၀ ကို တစ်ဘက်နိုင်ငံဈေး ၁၆၀၀ ယွမ်ဈေးဖြင့်အရောင်းအဝယ်ရှိကြောင်း မူဆယ်ကုန်စည်ဈေးကွက်အတွင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**



## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူတန်နှစ်သောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၂၄ ရက်မှ ၃၀ ရက်ထိကာလအတွင်း တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၁ ဒသမ ၃၅၁ သန်းတန်ဖိုးရှိ သကြားဖြူ ၁၉၀၄၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၄၂၂၃ တန်ကျော် လျော့နည်းခဲ့ပါတယ်။

တရုတ်နိုင်ငံ၌ သကြားဝယ်ယူသိုလှောင်ထားမှုများနေတဲ့အတွက် ယခင်တစ်ပတ်က တရုတ်ကုန်သည် များစွာ အဝယ်များခဲ့တဲ့ သကြားဟာ ယခုတစ်ပတ်အဝယ်လျော့ကျခဲ့ပြီး တင်ပို့မှုလျော့ခဲ့တယ်လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။ လက်ရှိသကြားဈေးကတော့ တစ်ပိဿာလျှင် ပေါက်ဈေး ကျပ် ၁၂၅၀ မှ ၁၃၀၀ ထိဈေးရှိတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

### နိုဝင်ဘာလ ပထမအပတ် မန်းသကြားဒိုင်မှ သကာပွက်ရည်နဲ့ သကြားတို့ရဲ့ ဈေးနှုန်း၊ ဈေးကွက်

မန္တလေးသကြားကုန်စည်ဒိုင် (မြန်မာနိုင်ငံသကြား၊ သကာရည်လုပ်ငန်းရှင်များကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) သကြား၊ သကာရည်လုပ်ငန်းရှင်များ၊ သကြားစက်ပိုင်များ ၁၀၀၀ ကျော် လာရောက် အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်တဲ့သကြား၊ သကာရည်ဈေးနှုန်းများမှာ သကြား A တစ်ပိဿာ ၁၃၀၀ ကျပ်၊ သကြား B တစ်ပိဿာ ၁၂၈၅ ကျပ်၊ သကြား C တစ်ပိဿာ ၁၂၇၀ ကျပ်ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်ပြီး၊ နေ့စဉ်သကြားအိတ် (ပိဿာ ၃၀ ဝင်အိတ်) တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ သကာရည် (ပွက်ရည်) မှာ တစ်ပိဿာ ၈၅၀ ကျပ်မှ ၈၇၀ ကျပ်ထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

(၁၆) မိုင် စစ်ဆေးရေးဂိတ်ဖြတ် စာရင်းအရ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတစ်လလုံးမှာ စုစုပေါင်း ၁၁၈၇၃ ဒသမ ၈၇ တန်(တစ်ရက်ပျမ်းမျှ ၃၈၃၀ ဒသမ ၂၅ တန်) စီးထွက်သွားကြောင်း သိရပါတယ်။ ထိုသို့စီးထွက်သွားခြင်းမှာ မြန်မာပြည်တွင်းထွက်ရှိသော သကြားများမဟုတ်ဘဲ၊ အခြားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဖြတ်ကျော်သွားသော ကုန်ပစ္စည်းများဖြစ်ပြီး၊ မြန်မာနိုင်ငံထွက်သကြားများအနေဖြင့် တစ်ရက်ပျမ်းမျှ တန် ၂၀ မှ ၃၀ ကြားသာ တင်ပို့မှု ရှိကြောင်း သကြားကုန်သည်ကြီးတစ်ဦးထံမှသိရပါတယ်။

သကြားကို ပြည်တွင်းနို့ဆီချက်စက်ရုံများ၊ မုန့်လုပ်ငန်းရှင်များ၊ အချိုရည်လုပ်ငန်းများ၊ အရက်ချက် လုပ်ငန်းများနဲ့ အခြားစားသုံးသူများ ပုံမှန်ဝယ်ယူမှုရှိတာကြောင့် ပြည်ပတင်ပို့မှုလည်း နည်းပါးကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ အောက်တိုဘာလအတွင်း အနီးစပ်ဆုံးလထက် ရော်ဘာ ပိုမိုတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၁၅၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၅၁ တန်ကျော်ကို မလေးရှားနဲ့ ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 တန် ၆၀ နဲ့ MSR- 50 ၄၀ တန်၊ ကိုရီးယားနိုင်ငံသို့ MSR- 20 ၅၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။

အောက်တိုဘာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၅၅၃ သန်းဖိုးရှိ ရော်ဘာ ၁၅၆၃ တန်ကျော်တင်ပို့နိုင်ခဲ့ပြီး အနီးစပ်ဆုံး စက်တင်ဘာလထက် ၁၇၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်စ ဧပြီလမှ အောက်တိုဘာလအထိ ရော်ဘာတန်ချိန် ၁၃၀၅၈ တန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ မှာ ကန်ဒေါ်လာ ၁၅ ဒသမ ၂၉၁ သန်းရှိပါတယ်။ ယမန်နှစ်ကာလတူအထိ ၉၇၂၃ တန်ခန့်သာတင်ပို့နိုင်ခဲ့တဲ့အတွက် ယခုနှစ်မှာ ၃၃၃၅ တန် ပိုမိုတင်ပို့ထားနိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေးကတော့ အတက်အကျအနည်းငယ်ရှိပါတယ်။ဒါ့ကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာရဲ့ FOB ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ရော်ဘာဈေးကိုဖော်ပြပေးလိုက်ရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀ - ၁၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀ -၁၀၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၈၅၀ - ၉၅၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ ၇၀၀ - ၈၀၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာလအတွင်း ရော်ဘာတင်ပို့မှု အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ အောက်တိုဘာလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၁၅၆ သန်းဖိုးရှိရော်ဘာ ၁၀၄၆ တန် တင်ပို့ခဲ့ပြီး၊ အောက်တိုဘာလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၂ ဒသမ ၈၀၈ သန်းဖိုးရှိရော်ဘာ ၂၅၄၂ တန် တင်ပို့ခဲ့ပါတယ်။

အနီးစပ်ဆုံး စက်တင်ဘာလတင်ပို့မှုထက် ၉၁ တန်ပိုမိုခဲ့ပြီး ယမန်နှစ်ကာလတူထက် ၁၃၆၈ တန် ပိုမိုခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်စ ဧပြီလမှ အောက်တိုဘာလကုန်ထိ တင်ပို့မှုမှာ ရော်ဘာတန်ချိန် ၂၉၂၇၇ တန်ကျော်ရှိပြီး၊ ယခင်နှစ် ကာလတူကတော့ ၁၉၁၆၇ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုနှစ်အတွင်း တင်ပို့မှုမှာ တန် ၁၀၁၁၀ ပိုမိုနေတာ တွေ့ရပါတယ်။

ရော်ဘာပေါက်ဈေးအနေနဲ့ကတော့ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်မှာ RSS-3 တစ်တန်ကို ၁၅၉၀၃၀၀ ကျပ်ရှိပြီး၊ ယခင်တစ်ပတ်ဈေးထက် ၉၆၆၂၆ ကျပ်ခန့်ဈေးကျနေပါတယ်။ မြိတ်ဒေသ ပေါက်ဈေးကတော့ RSS-3 တစ်ပေါင်ကို ၆၁၁ ကျပ်နဲ့ RSS-5 တစ်ပေါင်ကို ၅၅၆ ကျပ်ရှိနေပါတယ်။

မုဒုံဈေးကတော့ RSS-3 တစ်ပေါင်ကို လက်ငင်းဈေး ၆၅၅ ကျပ်နဲ့ ကြိုပွဲငွေ့ဈေးအနေနဲ့ ၆၄၀-၆၃၅ ကျပ်ရှိနေကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**



### တရုတ်နိုင်ငံ အစိုးရပိုင် Sinochem ကုမ္ပဏီသို့ ရော်ဘာတန်ချိန် နှစ်သိန်းရောင်းချရန် ထိုင်းနဲ့ တရုတ်တို့ စာချုပ်ချုပ်ဆိုမည်

ထိုင်းနိုင်ငံမှရော်ဘာများကို တရုတ်နိုင်ငံ Sinochem Group သို့ ရောင်းချနိုင်ရန် ထိုင်းအစိုးရနဲ့ တရုတ်နိုင်ငံ Sinochem Group ကုမ္ပဏီတို့ လက်မှတ်ရေးထိုးကြတော့မှာဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ Sinochem Group ကုမ္ပဏီဟာ ထိုင်းနိုင်ငံမှ ရော်ဘာတန်ချိန်နှစ်သိန်းကို ဝယ်ယူဖို့ ကမ်းလှမ်းခဲ့တာဖြစ်ပြီး စာချုပ်ချုပ်ဆိုတော့မယ် လို့ ထိုင်းနိုင်ငံစိုက်ပျိုးရေးနဲ့ သမဝါယမဝန်ကြီးဌာနဝန်ကြီးက ပြောကြားခဲ့ပါတယ်။

အခုလို စာချုပ် ချုပ်ဆိုလိုက်တာဟာ ထိုင်းနိုင်ငံအနေနဲ့ ပြည်တွင်းမှာ ပိုလျှံနေတဲ့ရော်ဘာတွေကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းချက်တွေအနက်က တစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။

ထိုင်းအစိုးရဟာ တရုတ်ဟိုင်နန် ရော်ဘာလုပ်ငန်းကိုလည်း တန်ချိန် ၄၀၈၀၀၀ ရောင်းချထားပြီး ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ရော်ဘာစိုက်တောင်သူများအတွက် ဘတ် ၁၂ သန်းကို အလုပ်အကိုင်ရှာဖွေရေး၊ ရော်ဘာဈေးကျဆင်းမှုကို ပြန်လည်ဆွဲတင်နိုင်ရေးအတွက် ထောက်ပံ့ပေးသွားမယ်လို့ သိရပါတယ်။ ကုန်ကျစရိတ်လျှော့ချရန်၊ ထုတ်လုပ်မှုကို တိုးမြှင့်ရန်၊ ပြည်တွင်းလိုအပ်ချက်တိုးလာစေရေးကို အစိုးရက ထည့်သွင်းစဉ်းစားပေးနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံရဲ့ပြည်တွင်းရော်ဘာဈေးများ ပြန်တက်လာနိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။

ထိုင်းနိုင်ငံဟာ ရော်ဘာအများဆုံး ထုတ်လုပ်တင်ပို့တဲ့နိုင်ငံ ဖြစ်ပြီး တရုတ်နိုင်ငံကတော့ ထိုင်းရော်ဘာကို အများဆုံးအသုံးပြုတဲ့နိုင်ငံဖြစ်ပါတယ်။

**CMK**

# ရန်ကုန်မတ်ပဲဈေးသည် ၂၀၁၅ ခုနှစ်စက်တင်ဘာလတွင် အမြင့်ဆုံးအထိဖြစ်လာ

|ကျော်မြင့်၊ ဇာခြည်ဖြိုးအောင်|

**ပုံ-၁၊ မြန်မာနိုင်ငံ၏ပဲမျိုးစုံတင်ပို့ရောင်းချမှု ( ၂၀၁၃-၂၀၁၄)**




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏စာရင်းများအရ၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပဲမျိုးစုံစုစုပေါင်းပို့ကုန် ၁ ဒသမ ၃ သန်း၏ ၄၉ ရာခိုင်နှုန်းမှာမတ်ပဲ၊ ၁၅ ရာခိုင်နှုန်းမှာပဲစင်းငုံနှင့် ၁၈ ရာခိုင်နှုန်းမှာ ပဲတီစိမ်းဖြစ်သဖြင့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းသုံးမျိုးစုစုပေါင်းမှာ ၈၂ ရာခိုင်နှုန်း ပါဝင်သောကြောင့် ပြည်ပပို့ကုန်ပဲမျိုးစုံအတွက် အဓိက အရေးပါသောပဲများဖြစ်ကြသည်။ အခြားပဲများ တင်ပို့မှု ပမာဏသည် ပဲမျိုးစုံစုစုပေါင်း ပို့ကုန် ၁ ဒသမ ၃ သန်း၏၁၈ရာခိုင်နှုန်းသာရှိသည်။ မြန်မာ့ပဲမျိုးစုံကိုအဓိက ဝယ်ယူတင်သွင်းသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံ ဖြစ်သည်။

**ရန်ကုန်မတ်ပဲဈေး။** ပြီးခဲ့သည့်ကာလများကဈေးကွက်သတင်းအချက်အလက် (historical market information) များပေါ်အခြေခံ၍ စိစစ်သုံးသပ်တင်ပြထားပါသည်။ ယခုဖော်ပြသောဈေးနှုန်းများသည် ငွေကြေးဖောင်းပွမှုပါဝင်သောနှစ်အလိုက်ပျမ်းမျှဈေးနှုန်းများ ( Nominal price) များဖြစ်ပြီး ရန်ကုန်ကုန်စည်ဒိုင် ( Yangon Crop Exchange Center-YGN-CEXC)တွင် အရောင်းအဝယ်ဖြစ်သော မတ်ပဲ (RC) ဈေးနှုန်း များဖြစ်ပါသည်။ ငွေကြေးဖေါင်းပွမှုဖယ်ထုတ်ထားသောဈေးကို (Real price )ဟု စိုက်ပျိုးရေး ထွက်ကုန်ရောင်းဝယ်မှုပညာရှင်များက ခေါ်ဝေါ်ကြပြီး (Consumer price index)ကိုအသုံးပြု၍ တွက်ချက်ကြပါသည်။

**ဇယား-၁။ရန်ကုန်ကုန်စည်ဒိုင် မတ်ပဲ (RC) နှစ်အလိုက်ပျမ်းမျှ ဈေး**

| ခုနှစ် | ရန်ကုန်ကုန်စည်ဒိုင်မတ်ပဲ ( RC) ဈေး | |
|---|---|---|
| | uy/y ó ။ | USD per tonne |
| ၂၀၀၈ | ၈၆၉ | ၄၄၃ |
| ၂၀၀၉ | ၁၀၉၈ | ၆၁၃ |
| ၂၀၁၀ | ၁၄၀၃ | ၈၄၂ |
| ၂၀၁၁ | ၉၈၀ | ၇၀၃ |
| ၂၀၁၂ | ၇၃၉ | ၅၅၃ |
| ၂၀၁၃ | ၈၆၂ | ၅၆၄ |
| ၂၀၁၄ | ၁၁၈၈ | ၇၃၅ |
| ၂၀၁၅ (ဇန်မှ စက်တင်ဘာထိ) | ၁၉၃၁ | ၁၀၂၃ |

ငွေကြေးဖေါင်းပွမှု (Inflation) ပါသော မတ်ပဲ ဈေး (Nominal price ) များဖြစ်ပါသည်။

**ပုံ-၂။ရန်ကုန်ကုန်စည်ဒိုင် မတ်ပဲ (RC) နှစ်အလိုက် ပျမ်းမျှဈေး ပြောင်းလဲမှု ( ၂၀၀၈ မှ ၂၀၁၅ စက်တင်ဘာထိ)**




ဇာစ်မြစ်။ www.etrademyanmar.com

၂၀၀၈ ခုနှစ်မှ ၂၀၁၅ခုနှစ် စက်တင်ဘာလကုန်ထိ ရန်ကုန်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောမတ်ပဲ ( RC) နှစ်အလိုက်ပျမ်းမျှဈေးကိုလေ့လာပါက ပထမဆုံးအကြိမ်အဖြစ် ၂၀၁၀ ခုနှစ်တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၄၂ထိဖြစ်ခဲ့သည်။ ထို့နောက် မတ်ပဲဈေးအတက်အကျများ ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၅ခုနှစ်ဇန်နဝါရီလမှ စက်တင်ဘာလကုန်ထိ ဒုတိယအကြိမ်အမြင့်ဆုံးအဖြစ် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၂၃ ထိဖြစ်လာခဲ့သည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ (၈) နှစ်တာကာလအတွင်း၊ မတ်ပဲအမြင့်ဆုံးဈေးအဆင့် (highest price level) သည် ၂၀၁၅ခုနှစ်တွင်ဖြစပေါ်လာခဲ့သည်။ နှစ်အလိုက် မတ်ပဲဈေးပြောင်းလဲမှုကို ဖော်ပြထားသည့် ပုံ-၂ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၃။ရန်ကုန်ကုန်စည်ဒိုင် မတ်ပဲ (RC) လအလိုက်ပျမ်းမျှဈေး ပြောင်းလဲမှု( ၂၀၀၈ မှ ၂၀၁၅ စက်တင်ဘာထိ)**




ဇာစ်မြစ်။ www.etrademyanmar.com

၂၀၀၈ ခုနှစ်မှ ၂၀၁၅ခုနှစ် စက်တင်ဘာလကုန်ထိ ရန်ကုန်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောမတ်ပဲ ( RC) လအလိုက်ပျမ်းမျှဈေးကို ဖေါ်ပြထားပြီး၊မတ်ပဲဈေး အလားအလာမျဉ်း (Trend line)ကိုပါ၊ ထည့်သွင်းရေးဆွဲဖေါ်ပြထားသည်ကိုပုံ-၃တွင်လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်စက်တင်ဘာလကုန်တွင် ဖြစ်ပေါ်သော မတ်ပဲဈေးသည် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၂၂ ဖြစ်သဖြင့်၊ ၂၀၁၄ ခုနှစ်မေလတွင် ဖြစ်ပေါ်ခဲ့သော မတ်ပဲ တစ်တနို အမေရိကန်ဒေါ်လာ ၇၆၁ ဈေးထက်၊ ၆၂ ရာခိုင်နှုန်းသိသာစွာ ပိုမိုလာသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။

**ပုံ-၄။ရန်ကုန်ကုန်စည်ဒိုင်၏မတ်ပဲ (RC) ဈေးဆနှုန်းကိန်း**
(Price indices) ၂၀၁၄ စက်တင်ဘာမှ ၂၀၁၅ စက်တင်ဘာ'




**ပုံ-၅။ ရန်ကုန်ကုန်စည်ဒိုင်၏ လအလိုက်ပျမ်းမျှ မတ်ပဲ (RC) ဈေး**
'၂၀၁၄ စက်တင်ဘာမှ ၂၀၁၅ စက်တင်ဘာ'




အိန္ဒိယနိုင်ငံ၏မတ်ပဲဝယ်လိုအားမြင့်မားလာခြင်းသည်ရန်ကုန်မတ်ပဲဈေးမြင့်မားလာခြင်းကိုဖြစ် ပေါ်စေခဲ့သည်။ အိန္ဒိယနိုင်ငံမွန်ဘိုင်း၊ချန်နိုင်းတွင်နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့မတ်ပဲ ဈေးအတက်အကျပေါ်အခြေခံ ၍၊ ရန်ကုန်မှ ပြည်ပတင်ပို့ရောင်းချသူများ၊ ကုန်သည်များက၊ နေ့စဉ် အရောင်းအဝယ် ဆုံးဖြတ်ချက် (Arbitrage decision)ကို ဆောင်ရွက်ကြသည်။

**ပုံ-၆။ ရန်ကုန်ကုန်စည်ဒိုင်မှမတ်ပဲ (RC) လအလိုက်ဈေး ပြောင်းလဲမှု ရာခိုင်နှုန်း (၂၀၀၈ မှ ၂၀၁၅ခုနှစ်စက်တင်ဘာလထိ)**




**ပုံ-၇။ ရန်ကုန် ကုန်စည်ဒိုင်မှမတ်ပဲ(ပျယ)တစ်နှစ်ပတ်လုံး ဈေးပြောင်းလဲမှု (Annual price volatility) ရာခိုင်နှုန်း (၂၀၀၈ မှ ၂၀၁၅ခုနှစ်စက်တင်ဘာလထိ)**




ပုံ-၆ ကိုလေ့လာပါက၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တို့တွင်လအလိုက်ဈေးပြောင်းလဲမှုသည် (+ ၂၀) ရာခိုင်နှုန်းအထက်ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၅ခုနှစ်တွင် (+၁၀) ရာခိုင်နှုန်းအထက်ဖြစ်ပေါ်ခဲ့သည်။ တစ်နှစ်ပတ်လုံး ဈေးပြောင်းလဲမှု (Annual price volatility) ရာခိုင်နှုန်းကိုပုံ-၇ တွင်လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်သည် အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်သည် ၂၀၁၀ ခုနှစ်နှင့်နှိုင်းယှဉ်ပါကအနည်းဆုံးဖြစ်ပေါ်ကြောင်းစီစစ်တွေ့ရှိရသည်။

ယခုအချိန်သည်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် မတ်ပဲအသစ်စိုက်ပျိုးချိန်ကာလဖြစ်သည်။ မိုးစပါးရိတ်သိမ်းပြီးပါက၊ မြေပြုပြင်၍ မတ်ပဲစိုက်ပျိုးခြင်း၊ မြေပြုပြင်ရန်မလိုအပ်သော ခုတ်ဖုံး-ရေလိုက်စနစ် (zero tillage ) ဖြင့်စိုက်ပျိုးခြင်း များဆောင်ရွက်ရန်ပြင်ဆင်သည့်ကာလဖြစ်သည်။ မတ်ပဲဈေးမြင့်လာခြင်းသည် မတ်ပဲစိုက်လယ်သမားများအား၊ မတ်ပဲပိုမိုစိုက်ပျိုးရေးကို တွန်းအားပေးသည့် အခြေအနေဖြစ်ပါသည်။

မတ်ပဲအသစ်စိုက်ချိန်နီးမှ မတ်ပဲဈေး သိသာစွာ မြင့်လာခြင်းသည်၊ စိုက်ပျိုးသူလယ်သမား ယင်းမြင့်မားသောဈေးမရရှိကြပါ။ မတ်ပဲအသစ် သည်ဖေဖေါ်ဝါရီလတွင်ဈေးကွက်သို့ စတင်ဝင်ရောက်ပြီး၊ သင်္ကြန် ( ဧပြီ) လတွင်လယ်သမာအငယ် အများစုကမိမိတို့မတ်ပဲအပိုအလျှံကိုရောင်းချကြပြီး၊ လယ်သမားကြီး အချို့သာ ဇွန်၊ ဇူလိုင်လထိသာသိုလှောင်ကြပြီး ဈေးမြင့်လာချိန်တွင်ရောင်းချရန်အချိန်စောင့်ကြသည်။ မတ်တ်ပဲအသစ် စိုက်ချိန် နီးလာသည်ထိ၊ လယ်သမားများက သိုလှောင်ခြင်းမရှိကြပါ။ ထို့နည်းတူ၊ကုန်သည်အငယ် (Small-scale traders ) များလည်း သိုလှောင်နိုင်စွမ်းမရှိပါ၊ ပြည်ပတင်ပို့ရောင်းချသူများ၏လက်ဝယ်တွင်လည်း ယခုအချိန်တွင် မတ်ပဲအရေအတွက် အများအပြား မရှိနိုင်တော့သဖြင့်၊ ဈေးသိသာစွာမြင့်လာသည့်အခြေအနေကို (Supply chain)တွင် ပါဝင်သူများလယ်သမား၊ ကုန်သည်အငယ် (Small-scale traders) ကုန်သည်အကြီး (Large-scale trader) ပြည်ပတင်ပို့ရောင်းချသူ (Local exporters)များအားလုံး ' မျှဝေခံစားရသည့်အခြေအနေမျိုးမဟုတ်ပါ။ ယခုအချိန်တွင်၊ ပဲခွဲစက်လုပ်ငန်းများကသာ ဈေးမြင့်ပေး၍ ဝယ်ယူကြိတ်ခွဲရသည့် အခြေအနေဖြစ်လာပါတော့သည်။

မည်သို့ပင်ဆိုစေ၊ ၂၀၁၆ ခုနှစ်မတ်ပဲအသစ်စိုက်ချိန်နီးမှ၊ မတ်ပဲဈေးသိသာစွာမြင့်လာခြင်းသည် လာမည့်နှစ်၊ မတ်ပဲပိုမိုစိုက်ပျိုးရေးကို တွန်းအားပေးသည့်အခြေအနေဖြစ်လာကြောင်းနှင့် ပြည်ပပို့ကုန်တိုးမြင့်လာရေးအတွက် အထောက်အပံ့ဖြစ်ကြောင်း၊ စီစစ် သုံးသပ်ဖော်ပြအပ်ပါသည်။

Vol: 15, No.43 Monday November 9 2015

# စားသုံးသူပြည်သူတွေ မကြာမီပျော်ရတော့မည်

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ ဦးစီးအရာရှိဒေါ်ဝါဝါခိုင်နဲ့ဒေါ်ထားထားလှိုင်တို့ နိုဝင်ဘာ ၃ရက်နေ့နှင့်၄ရက်နေ့တို့၌ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖွဲ့စည်းထားသည့် မိတ်ဖက်ဌာန၊ အဖွဲ့အစည်းများပါဝင်တဲ့FDA Networking Committee (ကွန်ရက် အဖွဲ့)ရဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ်အဖြစ် မင်္ဂလာတောင်ညွန့် မြို့နယ်၊ မင်္ဂလာဈေး၊ လှိုင်သာယာမြို့နယ်နဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များအတွင်း ဈေးကွက်ထောက်လှမ်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ရာ၌ Networking Committee (ကွန်ရက်) အဖွဲ့ဝင်များဖြစ်သည့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များ



နှင့်လုပ်ငန်းရှင်များအသင်းတို့နဲ့အတူ သက်ဆိုင်ရာမြို့နယ်များရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

ပူးပေါင်းအဖွဲ့တွေဟာ နိုဝင်ဘာ ၃ရက်နေ့မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးအတွင်း မှာရှိတဲ့ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ အလှကုန်ပစ္စည်းရောင်းချသည့် ဆိုင်များ၊ လှိုင်သာယာမြို့နယ် အတွင်းရှိ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့နေရာများနဲ့ နိုဝင်ဘာ ၄ရက်နေ့မှာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းရှိ ဆေးဆိုင်များ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့်နေရာများကို ကွင်းဆင်းပြီး မှတ်ပုံတင်ထားခြင်းမရှိတဲ့ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ သုံးစွဲရန်မသင့်ကြောင်း ကြေညာထားတဲ့ အလှကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ တို့ကိုစစ်ဆေးခြင်း၊ ရောင်းချခြင်းမပြုရန် နောက်ဆုံးအကြိမ်အဖြစ် သတိပေးခြင်း၊ အသိပညာပေး ဟောပြောခြင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာနတွင် ထောက်ခံချက်ရယူခြင်း၊ လျှောက်ထားခြင်းမရှိဘဲ သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ များအား ရှာဖွေဖော်ထုတ်သတိပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဒီလို ဆောင်ရွက်တဲ့အခါမှာ မင်္ဂလာဈေးအတွင်း အသိပညာပေးဟောပြောပွဲကို တက်ရောက်တဲ့ ဆေးရောင်းချသူတစ်ဦးက မြန်မာ နိုင်ငံမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ နိုင်ငံခြားဆေးဝါးများကို နိုင်ငံအတွင်း ဝင်ရောက်လာတဲ့ ဝင်ပေါက်မှာကတည်း ကပင် စတင်တားဆီးသင့်ကြောင်း အကြံပြုဆွေးနွေး တင်ပြချက်ဟာ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်သလို သက်ဆိုင်ရာဌာနများကလည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

Networking Committee (ကွန်ရက်) အဖွဲ့ရဲ့ခုလိုဆောင်ရွက်ချက်တွေကြောင့် ဆေးဝါးရောင်းချသူတွေ၊ အလှကုန်ရောင်းချသူတွေအနေနဲ့ သိသင့်သိထိုက်တဲ့အချက်တွေ၊ လိုက်နာသင့်တဲ့ အချက်တွေကို သိရှိလိုက်နာပြုပြင်ရောင်းချခြင်း၊ သောက်ရေသန့်ထုတ်လုပ်သူတွေအနေနဲ့လည်း တရားဝင်မှတ်ပုံတင်ကာ သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချလာမှာ ဖြစ်တဲ့အပြင် Networking Committee (ကွန်ရက်) အဖွဲ့အနေနဲ့ ရှေ့လာမယ့်လုပ်ရှားမှုတွေမှာ စစ်ဆေးခြင်းနဲ့အတူ အရေးယူ အပြစ်ပေးခြင်းကိုပါ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် စားသုံးသူပြည်သူတွေအနေနဲ့ ဘေးကင်းလုံခြုံ စိတ်ချရတဲ့ဆေးဝါးတွေ၊ သောက်ရေသန့်တွေကို ဝယ်ယူသုံးစွဲခြင်း၊ အလှကုန်တွေကို ဝယ်ယူအသုံးပြုနိုင်ခြင်း စတဲ့ စားသုံးသူတွေရဲ့ အခွင့်အရေးတွေကိုမကြာမီရရှိခံစားရတော့မှာဖြစ်ပါကြောင်း Commerce Journal မှတစ်ဆင့် သတင်းကောင်းပါးလိုက်ရပါတယ်။

**မောင်မျိုးချစ်**

# စားသုံးသူရေးရာကိစ္စများနှင့်ပတ်သက်၍ တိုင်ကြားနိုင်ရန် တိုင်ကြားမှုပုံစံပါ အချက်များကို ပြည်သူများသို့အသိပေးခြင်း

စားသုံးသူပြည်သူများအားလုံး ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းစွာဖြင့် ဝယ်ယူစားသုံးခြင်း၊ သုံးစွဲခြင်းပြုလုပ်နိုင်ရေးနှင့် ဥပဒေဆိုင်ရာအကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေရဲ့ ရည်ရွယ်ချက်အောင်မြင်စေရန်အတွက်လည်း ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ (အမှတ် ၃၈/၂၀၁၄) ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက် နိုင်ရန်နဲ့ စားသုံးသူများရဲ့ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းပေးနိုင်ရေးအတွက် ဗဟိုကော်မတီက ဥပဒေတွင် ပါရှိသည့် ပုဒ်မ (၁၆) အရ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းရန်တာဝန်ပေးအပ်ခဲ့ပါတယ်။

ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၇) တွင် ပြဋ္ဌာန်းထားသည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာစနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စာဖြင့် တိုင်ကြားနိုင် သည့် စားသုံးသူတိုင်ကြားလွှာပုံစံနှင့် နှုတ်ဖြင့်တိုင်ကြား နိုင်သည့် စားသုံးသူတိုင်ကြားလွှာပုံစံ များကို သတ်မှတ်ထုတ်ပြန်ခဲ့ပါ တယ်။

စားသုံးသူများအနေဖြင့် စာဖြင့်တိုင်ကြားသည်ဖြစ်စေ၊ နှုတ်ဖြင့်တိုင်ကြားသည်ဖြစ်စေ တိုင်ကြားသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် စသည့်အချက်အလက်များကို ပြည့်စုံစွာရေးဖြည့်ရပါမယ်။ ထို့ပြင် မိမိတိုင်ကြားမည့် စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီ/ဆိုင်အမည်/လိပ်စာ/ဆက်သွယ်ရန်ဖုန်းနံပတ်၊ ကုမ္ပဏီ Website (ရှိလျှင်)၊ ရောင်းချ သူအမည် (သို့) ဝန်ဆောင်မှုပေးသူအမည်၏ အချက်အလက်များ ပြည့်စုံစွာထည့်သွင်းရေးသား ဖော်ပြရမည့်အပြင် မိမိတို့ဝယ်ယူသည့် (သို့) ရောင်းချတဲ့ရက်စွဲ၊ ပေးချေခဲ့သည့်ငွေပမာဏ၊ ငွေပေးချေခဲ့သည့် နည်းလမ်း (ငွေသား ဖြင့်၊ အခြား နည်းလမ်းဖြင့်) တို့ကိုလည်း ဖော်ပြပေးရမှာဖြစ်ပါတယ်။ မိမိတို့ တိုင်ကြားလိုသည့် ပစ္စည်း၊ တိုင်ကြားသည့်နေ့ရက်၊ အချိန်၊ တိုင်ကြားလိုသည့်အကြောင်းအရာများကို ပြည့်စုံစွာရေးသားဖော်ပြ ပေးရမည့်အပြင် တိုင်ကြားမှုကိုလည်း မည်သည့်နည်းလမ်းဖြင့် ဖြေရှင်းစေလိုကြောင်း (ငွေပြန်လည်အမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ကုန်စည်ပေးပို့ခြင်း၊ ဝန်ဆောင်မှုပေးအပ်ခြင်း၊ အစားထိုးခြင်း၊ အခြား) စသည့် အချက်များထဲမှ ဖြေရှင်းပေးလိုသည့်နည်းလမ်းတစ်ခုကို ဖော်ပြပေးရမှာဖြစ်ပါတယ်။ တိုင်ကြားမှုကိုလည်း အခြားတရားရုံး၊ ဌာန၊ အဖွဲ့အစည်းတွင် အမှုဖွင့်ခဲ့ခြင်းရှိ/မရှိနဲ့ အကယ်၍ အမှုဖွင့်ခဲ့ခြင်းရှိပါက ပြုလုပ်ခဲ့သည့် တရားရုံး၊ ဌာန၊ အဖွဲ့အစည်း၊ အမည်၊ လိပ်စာအပြည့် အစုံတို့ကို ဖော်ပြပေးရမှာဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင် ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့က

(၁) စားသုံးသူများအား ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုတို့ကို သုံးစွဲရာတွင် လိမ်လည် လှည့်ဖြားမှု မခံရစေရန် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနဲ့အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်လျက် ရှိခြင်း။

(၂) စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့်ကိစ္စများကို မေးမြန်းလိုပါက မေးမြန်းနိုင်ခြင်း။

(၃) ပုဂ္ဂိုလ်ရေးရာ၊ မိသားစု (သို့မဟုတ်) အိမ်ထောင်စုအတွက် ဝယ်ယူသုံးစွဲသည့် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုနဲ့ ပတ်သက်သည့် တိုင်ကြားမှုများ၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့နဲ့ ပတ်သက်သည့်တိုင်ကြားမှုများကိုသာ ဖြေရှင်းဆောင်ရွက်ပေးခြင်း။

(၄) ပုဂ္ဂလိက ကဏ္ဍမှတစ်ဦးချင်းလုပ်ငန်းဆောင်ရွက်သူများ အချင်းချင်း တိုင်ကြားမှုနဲ့ စီးပွားရေးလုပ်ငန်းအတွက် ဆောင်ရွက်သည့်ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုတို့နဲ့ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ခြင်း။

(၅)တရားရုံးတွင် တိုင်ကြားသူ၏ကိုယ်စားအနေဖြင့် ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေကိုယ် စားလှယ်အဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် အမှုကိစ္စများကို လိုက်လံဆောင်ရွက်ခြင်း၊ တရားရုံးတွင် ကြားနာရန်စီစဉ်ဆောင်ရွက်ထားသော သို့မဟုတ် ကြားနာပြီးသော တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ သင့်လျော်သောဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဌာန သို့မဟုတ် အဖွဲ့အစည်းတို့မှ စုံစမ်း စစ်ဆေးနေဆဲဖြစ်သော သို့မဟုတ် ဖြေရှင်းဆောင်ရွက်နေသော တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက် ပေးခြင်းတို့ကို ပြုလုပ်ပေးမည်မဟုတ်ပါ။

(၆) အချို့သောတိုင်ကြားမှုများမှာ အခြားသက်ဆိုင်သည့်ဌာနများ၏ ဆုံးဖြတ်ပိုင်ခွင့် အာဏာအတွင်း ကျရောက်မည်ဖြစ်သောကြောင့် စားသုံးသူများအား သင့်လျော်သော ရွေးချယ်မှုပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးမည်။

(၇) တိုင်ကြားလွှာပုံစံကို ပေးပို့ပါကလည်း စာချုပ်များ၊ ကုန်အမှာလွှာများ (သို့မဟုတ်) အရောင်းပြေစာ များကို မိတ္တူနှင့်အတူ ပူးတွဲပေးပို့ရပါမည်။

ဟူသည့်အချက်များကို လုပ်ဆောင်ပေးမှာ ဖြစ်ကြောင်း စားသုံးသူများအနေဖြင့် သတိပြုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

စားသုံးသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များအား သိရှိလိုပါက စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲ၊ နေပြည်တော်၊ ရုံးအမှတ် (၅၂)၊ ဖုန်း ၀၆၇ ၄၃၀၂၁၇၊ ဖက်စ် ၀၆၇ ၄၃၀၂၀၃၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း ၀၁ ၃၇၅၀၅၈၊ ဖက်စ် ၀၁ ၃၇၅၀၅၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း စားသုံးသူပြည်သူများသိရှိစေရန် Commerce Journal မှ တစ်ဆင့် အသိပေးလိုက်ရပါတယ်။ **ခင်သီ (စားသုံးသူ)**

# အစားအသောက်သန့်ရှင်းရေးနှင့်ရောဂါပိုးမွှားကင်းစင်ရေးဝိုင်းဝန်းဆောင်ရွက်ပေး

ကမ္ဘာပေါ်တွင် လူတို့အသက်ရှင်သန်ရေး၊ သက်ရှည်ကျန်းမာရေးအတွက် အစာအာဟာရသည် မရှိမဖြစ်သောအရာဖြစ်ပါသည်။ တစ်နေ့တစ်ခြားတိုးပွားလာသော ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာဟာ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့်ပင်လယ်ငါးဖမ်းခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။ ထိုစားနပ်ရိက္ခာများကို လူသားတို့ စားသုံးသည့်အဆင့်ရောက်အောင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ဖြန့်ဖြူးရေး၊ ဝယ်ယူရေး၊ ချက်ပြုတ်ရေးဟူ၍ လုပ်ငန်းအဆင့်များကို စနစ်တကျ လုပ်ဆောင်ရန်လိုအပ်ပါသည်။ ထိုလုပ်ငန်းအဆင့်တိုင်းတွင် စားသုံးသူများ၏ အသက်အန္တရာယ်မဖြစ်စေရန်နှင့်ကျန်းမာရေးကို မထိခိုက်စေရန် အစားအသောက် သန့်ရှင်းရေး အဆိပ်အတောက်ပါဝင်သည့်ဓာတုပစ္စည်းများ ကင်းစင်ရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းပင် ဖြစ်ပါသည်။

စားသုံးသူများအနေဖြင့် အစားအသောက်သန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေးအတွက် အသိပညာဗဟုသုတကို သိတတ်သည့်အရွယ်မှစ၍ လူကြီးပိုင်းအထိ လေ့လာသိရှိပြီး လိုက်နာရန် လွန်စွာမှ အရေးကြီး လှပါသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးမှအစ အစားအသောက်သန့်ရှင်းရေးနှင့် ရောဂါပိုးမွှား ကင်းစင်ရေးအသိကို သိရှိလိုက်နာသူများစွာရှိသလို မသိ၍ မလိုက်နာသူပေါင်း မြောက်များစွာလည်းရှိနေပါသည်။ မိသားစုနေအိမ် မီးဖိုဆောင်မှအစ ဈေးတွင်းစားသောက်ဆိုင်များ၊ ကျောင်းတွင်းစားသောက်ဆိုင်များ၊ လမ်းဘေးစားသောက် ဆိုင်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံများ၊ ခေါင်းရွက်ဗျက်ထိုး စားသောက်ဖွယ်ရောင်းချသူများ ၊ ဟိုတယ်ကြီးများအတွင်းရှိ စားသောက်ဆိုင်များအထိ ယင်းလုပ်ငန်းများကို မဖြစ်မနေလိုက်နာဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ရန်များစွာလိုအပ်လှပါသည်။

ဈေးများတွင် အသားငါး၊ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများကို သန့်ရှင်းမှုအကောင်းဆုံးဖြင့် အဆင့်မြင့်စွာရောင်းချရန် လိုအပ်ပြီး တချို့ဈေးရောင်းသူများက အဆိုပါအသားငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လမ်းဘေးများ၊ လူသွားလမ်း ပလက်ဖောင်းများပေါ်တွင် ပလပ်စတစ်ခင်း၍ ရောင်းချ နေသည်ကို တွေ့မြင်နေရဆဲဖြစ်ပါသည်။ ဆိုင်ခုံများပေါ်တွင် သန့်ရှင်းစွာတင်၍လည်းကောင်း၊ စတီးဗန်း၊ စကော၊ သံမဏိဖြင့်ပြုလုပ်ထားသည့်ဇလုံ၊ ဗန်း၊ ခွက်၊ ခြင်းစသည်တို့တွင် ထည့်၍လည်းကောင်း ရောင်းချပေးခြင်းဖြင့် သန့်ရှင်းမှုရှိပြီးအဆင့်အတန်းများမြင့်မားလာမည်ဖြစ်ပါသည်။ ဈေးများသည် ယင်ကောင်၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ ကြွက်၊ ခွေး၊ ကြောင်များအတွက် စားကျက်ကြီးဖြစ်နေသကဲ့သို့ ပျော်ပွဲစားရုံကြီးများသဖွယ် ဖြစ်နေပါသည်။ ၎င်းတို့ပေါက်ဖွားတိုးပွားနှုန်းမှာလည်း တိုးတက်မြင့်မားလာ၍ စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်များစွာ ကျရောက်နိုင်ပါသည်။

အစာအဆိပ်ဖြစ်ခြင်းဆိုသည်မှာ စားလိုက်သောအစားအစာများသည် ဝမ်းဗိုက်အတွင်းသို့ရောက်ရှိ သွားပြီးနောက် ၁ နာရီမှ ၃၆ နာရီအတွင်း ဗိုက်နာခြင်း၊ဝမ်းသွားခြင်း၊အော့အန်ခြင်း၊ ဝမ်းသွားလိုက် အော့အန်လိုက်ဖြစ်ခြင်း (အထက်လှန် အောက်လျှော)ကိုဆိုပါသည်။ အစာအဆိပ်ဖြစ်ရခြင်း အကြောင်းအရင်းမှာ သန့်ရှင်းရေးအတွက် လိုက်နာရမည့်စည်းကမ်းများကို မသိရှိကြခြင်း၊ ဂရုမစိုက်ကြခြင်း၊ ပေါ့ဆခြင်းနှင့်စဉ်းစား ချင့်ချိန်မှုမရှိခြင်း၊ စားဖိုဆောင်သုံးပစ္စည်းများ သန့်ရှင်းမှုအဆင့်မမီခြင်း၊ စားသောက်ခန်းသန့်ရှင်းမှုမကောင်းခြင်းနှင့် အဆင့်မြင့်စွာထားရှိမှု မရှိခြင်းတို့ကြောင့် မတော်တဆမှုများ ဖြစ်တတ်ပါသည်။

ကျန်းမာရေးအတွက် ယင်လုံအိမ်သာများဆောက်ကြရန်၊ ရေကိုကြိုချက်သောက်ကြရန် နှိုးဆော်လျက်ရှိနေပါသော်လည်း စီးပွားဖြစ်ရောင်းချနေကြသည့် စားသောက်ဆိုင်များ၊ မုန့်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အလှူမင်္ဂလာပွဲများအတွက် ချက်ပြုတ်ကျွေးမွေးစီးပွားရှာနေသူများအနေဖြင့်လည်း သန့်ရှင်းမှု အဆင့်အတန်းမြင့်မားစွာ ကိုင်တွယ် ချက်ပြုတ် ထုတ်လုပ်ကျွေးမွေးကြရမည်ကို ဂရုပြုမှုလုံးဝမရှိကြခြင်း၊ အားနည်းခြင်း၊ ဂရုပြုရမည်ကို စနစ်ကျစွာ သင်ကြားပေးမှုမရှိခဲ့ခြင်းမှာ ယနေ့ထက်တိုင်ရှိနေကြဆဲဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက လူနေမှုပုံစံနှင့်စားသောက်မှုပုံစံတွေမှာ အန္တရာယ်ကင်းစွာ နေထိုင်စားသောက်ခဲ့ကြပါသည်။ ကိုယ့်နိုင်ငံနှင့်လိုက်ဖက်သည့် လူနေမှုပုံစံ၊ ဝတ်စားဆင်ယင်မှု၊ ကိုယ့်ရာသီဥတုနှင့်ကိုက်ညီသည့်စားသောက်မှုပုံစံဖြင့် ကျန်းမာပျော်ရွှင်ခဲ့ကြောင်း တွေ့ရပါသည်။ ယနေ့ခေတ်တွင် မြန်မာလူမျိုးများ၏ အလေ့အထများသည် ရှေးကလိုမဟုတ်တော့ပေ။ ရှေးမြန်မာများသည်ဘာလုပ်လုပ်လေးလေးနက်နက်ရှိသည်။ ၂၁ ရာစုလူများ၏ စားသောက်မှုပုံစံသည် ပေါ့ပေါ့နေပေါ့ပေါ့စားသည့် အလေ့အထများ ပိုမိုလွှမ်းမိုးလာသည်။ မနက်တွင် ထမင်းနှင့်ဟင်းကို ချက်ပြုတ်စားသောက်ကြပြီး နေ့လည်စာ၊ ညနေစာကို မနက်က ချက်သည့်ဟင်းကို နွှေး၍သော်လည်းကောင်း၊ အချို့က မနွှေးဘဲ(တစ်နည်း) မီးအပူမပေးဘဲ စားသုံးကြသည်လည်းရှိပါသည်။

ပေါ့ဆစွာလုပ်ကိုင်တတ်သည့် အလေ့အထများ၏ အကျိုးဆက်မှာ အသက်ပေါင်းများစွာ ဆုံးရှုံးခြင်း၊ ရောဂါအသစ်အဆန်းရရှိခြင်း၊ငွေကုန်ကြေးကျများပြားခြင်းစသော ဆိုးကျိုးများကိုသာရစေပါသည်။ ယင်းတို့မှာ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ဂရုတစိုက် မလိုက်နာ မကျင့်သုံးခြင်းများကြောင့် ဖြစ်ပါသည်။

တိုးတက်နေသော ကမ္ဘာ့နိုင်ငံကြီးများရှိမြို့များတွင် ရုံးအလုပ်၊ အပြင်အလုပ်ထွက်၍ လုပ်ကိုင်နေကြသူတိုင်းကဆိုင်များကိုသာ အားကိုးအားထားပြုပြီး စားသောက်နေကြရပါသည်။ ထို့သို့ဆိုင်မှအစားအစာများကိုသာ အားကိုးအားထားပြုပြီး စားသောက်နေကြသော်လည်း ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ အစာအဆိပ်သင့်ခြင်းများ ဘာလို့ဖြစ်လေ့မရှိကြပါသလဲဟုစဉ်းစားစရာများဖြစ်လာပါသည်။ ကမ္ဘာ့နိုင်ငံကြီးများရှိမြို့များအတွင်း ဟိုတယ်နှင့် အကြီးစားစားသောက်ကုန်လုပ်ငန်း၊ အသေးစားစားသောက်ကုန်လုပ်ငန်းများ၊ ထုတ်လုပ်သည့်စက်ရုံ၊ အလုပ်ရုံများ၊ မြို့ပြမှတောရွာအထိ စားသောက်ဆိုင်လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်နေသူများက စားသုံးသူ ပြည်သူများ အတွက်ရောဂါပိုးမွှားနှင့် ဓါတုဗေဒအဆိပ်အတောက်ကင်းစွာ အစားအစာထုတ်လုပ်နိုင်ရေး၊ စားသုံးနိုင်ရေး အတွက် ဆောင်ထားရမည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဂရုတစိုက် လိုက်နာကျင့်သုံးကြခြင်းကြောင့် ပင်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် အစားအသောက်သန့်ရှင်းရေးနှင့်ရောဂါပိုးမွှားများကင်းစင်ရေး ပညာဗဟုသုတ၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို စီးပွားရေးလုပ်ငန်းရှင်များ၊စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်သူများ၊ ဈေးသည်များသာမကစားသုံးသူမိဘပြည်သူများကိုယ်တိုင်ကလည်း လက်တွေ့လိုက်နာကျင့်သုံးရန်လိုအပ်ကြောင်း သို့မှသာကျန်းမာသန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

Nyein Wain Hnin (Loi Kaw)

## မြန်မာ-ကိုရီးယားဖက်စပ်ကုမ္ပဏီက ပြည်တွင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလမှစတင် ဆောင်ရွက်သွားမည်

မြန်မာကုန်စည်ပို့ဆောင်ရေး ဈေးကွက်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ စင်ကာပူသမ္မတနိုင်ငံ CJ Korea Express Asia Pte Ltd တို့ အကျိုးတူပူးပေါင်းထားသော ဖက်စပ်ကုမ္ပဏီဖြစ်တဲ့ CJ Korea Express RT Myanmar Co., Ltd မှ ကုန်တင်ယာဉ်အစီး ၆၀ ခန့်နဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှာ စတင်ဆောင်ရွက်တော့မယ်လို့သိရပါတယ်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို အင်းစိန်မြို့နယ် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ရန်ကုန်)မှာ အခြေပြုပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းနဲ့ ကုန်ပစ္စည်းသိုလှောင်ရုံလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းလာတဲ့ကုန်စည်များ၊ ပြည်ပသို့တင်ပို့တဲ့ ကုန်ပစ္စည်းများကို ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။

မြန်မာ့ကုန်စည်ပို့ဆောင်ရေးဈေးကွက်အတွင်း စားသုံးသူတွေထံရောက်ချိန်မှာ ဝန်ဆောင်မှုစရိတ်ကြီးမြင့် နေတာကြောင့် ကုန်ဈေးနှုန်းလျှော့ချ ဝန်ဆောင်မှုပေးချင်တဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ကိုရီးယားနိုင်ငံရဲ့ကုန်စည်ပို့ဆောင်ရေးနည်းပညာနဲ့စီမံခန့်ခွဲမှုတွေအတိုင်း စီစဉ်ဆောင်ရွက်ပေးသွားမယ်လို့ ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးက နိုဝင်ဘာလ ၅ ရက်နေ့က Novotel Hotel Max မှာ ကျင်းပပြုလုပ်တဲ့ လုပ်ငန်းမိတ်ဆက်ပွဲမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဈေးကွက်အတွင်း ထောက်ပံ့ပို့ဆောင်ရေး လိုအပ်ချက်များအလိုက် ဥပဒေများ၊ ဌာနဆိုင်ရာများရဲ့ စည်းမျဉ်းစည်းကမ်းခွင့်ပြုချက်များနဲ့အညီ ကုန်းတွင်းကုန်စည်သယ်ယူပို့ဆောင်မှု၊ ပြည်တွင်း/ပင်လယ်ရေကြောင်းနဲ့ ကုန်တင်ယာဉ်ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးသွားမယ်လို့သိရပါတယ်။

**MIRT**

## ဘုတလင်တောင်သူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်း၏ လမ်းညွှန်ချက်အရ ဘုတလင်မြို့နယ် ကျေးရွာအုပ်စု ငါးအုပ်စုသို့ စားသုံးသူရေးရာအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပရန် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ထုတ်ကုန်လုံခြုံစိတ်ချရေးဌာနမှူး၊ ဦးစီးမှူး ဦးသောင်းကြိုင်၊ မုံရွာမြို့နယ်တာဝန်ခံနှင့် ဘုတလင်မြို့နယ် လက်ထောက်မြို့နယ်တာဝန်ခံနှင့် အရာတော်မြို့နယ်တာဝန်ခံတို့ ပါဝင်သည့်အဖွဲ့မှ ကွင်းဆင်းသွားရောက်ခဲ့ ကြပါသည်။

အဆိုပါ ဟောပြောပွဲများအား အောက်တိုဘာလ ၂၆ ရက်နေ့မှ ၃၁ ရက်နေ့ထိ ကျင်းပခဲ့ရာ အုတ်ဖိုကျေးရွာအုပ်စုမှ တောင်သူ ၇၀ ဦး၊ ကွမ်းအုံကျေးရွာအုပ်စုမှ တောင်သူ ၆၅ ဦး၊ ကြီးကုန်းကျေးရွာအုပ်စုမှ တောင်သူ ၅၅ ဦး၊ ရဲထွက်ကျေးရွာအုပ်စုမှ တောင်သူ ၁၀၀ ဦးနှင့် ဒါန်းတိုင်ကျေးရွာအုပ်စုမှ တောင်သူ ၇၀ ဦး၊ စုစုပေါင်း တောင်သူ ၃၆၀ ဦးတက်ရောက်ခဲ့ကြကြောင်းသိရပါသည်။

ဟောပြောပွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အန္တရာယ်ရှိသော စားသောက်ကုန်များ၊ အိမ်တွင်းမီးဖိုချောင်ရှိ အန္တရာယ်များသော ဟင်းချိုမှုန့်၊ အရောင်တင်မှုန့်နှင့် ရောနှောစားဆီများအကြောင်း၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်ရောင်းချသည့် ပစ္စည်းများဝယ်ယူသုံးစွဲရာတွင် လိုက်နာစစ်ဆေးသင့်သည့် အချက်အလက်များအကြောင်းနှင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်သီးနှံများအတွက် ဓါတ်မြေဩဇာနဲ့ ပိုးသတ်ဆေးများသုံးစွဲရာတွင် လိုက်နာရမည့် အချက်အလက်များအကြောင်းတို့ကို တာဝန်ရှိသူများက အသီးသီးဟောပြောဆွေးနွေးခဲ့ကြရာ ဒေသခံတောင်သူများက စိတ်ဝင်စားစွာ ပါဝင်ဆွေးနွေးခဲ့သည်ဟုသိရှိရပါသည်။

**MIRT**

# JARKEN ကုမ္ပဏီများအုပ်စုမှ မြန်မာနိုင်ငံ၏အိမ်တွင်းအလှဆင်ခြင်း လုပ်ငန်းဈေးကွက်သို့ ဝင်ရောက်ရန်ပြင်ဆင်

ထိုင်းနိုင်ငံ၏ ဗိသုကာနှင့် အိမ်တွင်းအလှဆင်ခြင်းလုပ်ငန်းတွင် ထိပ်တန်းသို့ ရောက်ရှိနေသည့် ကုမ္ပဏီကြီးသုံးခုနက် တစ်ခုအပါအဝင်ဖြစ်သည့် JARKEN ကုမ္ပဏီများအုပ်စုသည် မြန်မာနိုင်ငံ၏အိမ်တွင်းအလှဆင်ခြင်း လုပ်ငန်းဈေးကွက်သို့ ဝင်ရောက်ရန် ပြင်ဆင်လျက် ရှိနေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှသတင်းထုတ်ပြန်ချက်များအရ သိရသည်။



အဆိုပါ JARKEN ကုမ္ပဏီများအုပ်စုသည် မြန်မာနိုင်ငံသာမက လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ဈေးကွက်များသို့လည်း ဈေးကွက်ချဲ့ထွင်သွားမည်ဖြစ်သည်။

လွန်ခဲ့သည့် ၁၂နှစ်တာကာလကတည်းက တည်ထောင်ခဲ့သည့် JARKEN ကုမ္ပဏီများအုပ်စုသည် ၎င်း၏လက်အောက်ရှိ ကုမ္ပဏီခွဲလေးခုမှတစ်ဆင့် အမျိုးမျိုးသောဒီဇိုင်းဆိုင်ရာဝန်ဆောင်မှုများကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ JARKEN ကုမ္ပဏီများအုပ်စုသည်ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက မြန်မာနိုင်ငံတွင်ပြသခဲ့သည့် ကုန်စည်ပြပွဲတစ်ခုဖြစ်သည့် Myanmar Build & Deco 2015 ပြပွဲတွင်လာရောက်ပြသခြင်းဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးချဲ့ထွင်ရန် ခြေလှမ်းစတင်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

“မြန်မာနိုင်ငံရဲ့ ဈေးကွက်ထဲကို ဝင်ရောက်တဲ့အခါမှာ ဈေးကွက်ယှဉ်ပြိုင်မှု၊ ယဉ်ကျေးမှု ကွာခြားချက်တွေ၊ ဘာသာစကားအတားအဆီးတွေ စတဲ့ အခက်အခဲတွေ အများကြီးကို ကြုံတွေ့ရပေမယ့် အဲဒါတွေကကျွန်မတို့အတွက် ပြဿနာတွေ မဟုတ်ပါဘူး။ ကျွန်မတို့က ဈေးကွက်ကို တစ်နှစ်ကျော်လေ့လာခဲ့ပြီး ကျွန်မတို့ရဲ့စီးပွားရေးလုပ်ငန်းစုကြီးက မြန်မာ့ဈေးကွက်အတွင်းမှာ မကြာခင်အချိန်အတွင်း ၅ ရာခိုင်နှုန်းအထိ နေရာယူလာမှာပါ။ နောက်လာမယ့် နှစ်နှစ်အတွင်းမှာ အထပ်မြင့်နဲ့ အထပ်နိမ့်လူနေအိမ်ရာ အဆောက်အအုံ ဆောက်လုပ်မှုစီမံကိန်းတွေကို အဓိကဦးတည်ပြီး စီးပွားရေးကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်လာဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းကို တိုးချဲ့ခြင်းက ဖောက်သည်တွေ လိုအပ်တဲ့ ဘယ်လိုဝန်ဆောင်မှုမျိုးမဆို ဖြည့်ဆည်းနိုင်မယ့် အခွင့်အရေးတွေ ရရှိနိုင်အောင်လို့ပါ။ ကျွန်မတို့အနေနဲ့ ဖောက်သည်တွေရဲ့ စီးပွားရေး ရည်မှန်းချက်တွေ အဆင်ပြေပြေနဲ့ ပြီးမြောက်အောင် ကူညီချင်ပါတယ်။ ခေတ်မီလှပတဲ့ အဆောက်အအုံတွေ၊ ဈေးဝယ်စင်တာတွေ၊ ဟိုတယ်တွေရဲ့ လှပတဲ့ဗိသုကာဒီဇိုင်းတွေ ဖန်တီးပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်”ဟုJARKEN ကုမ္ပဏီများအဖွဲ့၏ မန်နေဂျင်းဒါရိုက်တာ Ms. Siritorn Sitthiwattanawong က ပြောကြားခဲ့သည်။

JARKEN သည် စကန်ဒီနေဗီးယန်းဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှဒေသများမှ လုပ်ငန်းများအပါအဝင် ပြည်တွင်း ပြည်ပ အဆင့်မြင့်အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆေးရုံနှင့် စီးပွားရေးလုပ်ငန်းများအတွက် အိမ်တွင်းအလှဆင်ဒီဇိုင်းများ၊ ဗိသုကာလက်ရာများကို ပံ့ပိုးပေးနေသည့် ဈေးကွက်တွင် ထိပ်တန်းမှ ဦးဆောင်နေသော လုပ်ငန်းကြီးတစ်ခုဖြစ်သည်။ JARKEN ၏ ခံယူချက်မှာ နိုင်ငံတကာအဆင့်မီ အရည်အသွေး၊ ကျွမ်းကျင်မှုများနှင့်အတူ “ရိုးရှင်းသော ခေတ်မီဆန်းသစ်မှု”ကို ဖန်တီးပေးရန် ဖြစ်သည်။

**မယ်သီတာ**

## ကံထူးအောင် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ပုသိမ်-ရန်ကုန်-ကျိုက်ထို (ကျိုက်ထီးရိုး)ခရီးစဉ် ယာဉ်လိုင်းသစ်စတင်ပြေးဆွဲ

ဧရာဝတီတိုင်းဒေသကြီးတွင် ယခင်ကရေလမ်းကိုအဓိကထား၍ သွားလာလျက်ရှိရာ ရန်ကုန်မှတစ်ဆင့် နေပြည်တော်၊ မန္တလေး၊ ပျော်ဘွယ်၊ အထက်အညာဒေသများသို့ တစ်ညအိပ်၊ နှစ်ညအိပ်ခရီးစဉ်အဖြစ် သွားလာနေရသောကြောင့် အချိန်ကုန် ငွေကြေးကုန်ကျစရိတ်ပို၍ များပြားခဲ့ပါတယ်။ ယခုနောက်ပိုင်း လေးနှစ်၊ ငါးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ လမ်းပန်းဆက်သွယ်ရေးပိုမို ကောင်းမွန်လာသောကြောင့် နေပြည်တော်၊ မန္တလေးနှင့် အထက်အညာဒေသများသို့ ကုန်းလမ်းခရီးစဉ်မှ အဲယားကွန်းလေအိပ်ကားများဖြင့် အချိန်ကုန်ငွေကြေးကုန်ကျမှုသက်သာစွာဖြင့် သွားလာလျက်ရှိကြောင်း သိရပါ တယ်။

ယခင်မွန်ပြည်နယ် ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်ကို ရန်ကုန်မြို့မှတစ်ဆင့် သွားလာရာမှ ယခုအခါ ပုသိမ်မြို့ ကံထူးအောင် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ တစ်နေ့ကို နံနက် ၆ နာရီ၊ နံနက် ၈ နာရီ နှစ်ကြိမ်ပြေးဆွဲလျက်ရှိပြီး၊ ရွှေစေတီလမ်း ကားဂိတ် ဖုန်း ၀၉-၄၂၂၄၅၄၀၀၆၊ ၀၉-၄၂၂၄၅၄၀၀၇ သို့ ဆက်သွယ်၍ ကြိုတင်လက်မှတ်များမှာယူနိုင်ပြီး၊ စွယ်တော်စားသောက်ဆိုင် ကင်မွန်းစခန်း၊ ကျိုက်ထိုမြို့ ဖုန်း ၀၉-၉၇၇၉၀၆၇၆၀၊ ၀၉-၉၇၇၉၀၆၇၆၁ သို့ ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပြီး၊ ကျိုက်ထိုမြို့မှ ပုသိမ်မြို့သို့လည်း နံနက် ၆ နာရီ၊ နံနက် ၈ နာရီ တစ်နေ့ကို နှစ်ကြိမ်ပြေးဆွဲလျက်ရှိကြောင်း ကားဂိတ်တာဝန်ခံမှ ပြောပါတယ်။ **မင်းမင်းဦး-ပုသိမ်**

## အောက်တိုဘာလရဲ့ မန္တလေး–မူဆယ် ကုန်စည်သယ်ယူခနှုန်းထား

အောက်တိုဘာလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခနှုန်းများအနေနဲ့ တတိယပတ်မှစပြီး ကုန်သယ်ခတွေဈေးမြင့်တက်လာခဲ့ပြီး သွင်းကုန် (မြေဆီ) မှာ နောက်ဆုံးပတ်မှသာ ဈေးအနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ ကုန်စည်သယ်ယူမှုအနေနဲ့ကတော့ ပို့ကုန်ပိုင်းတွင် မြန်မာနိုင်ငံမှ ပဲ၊ ပြောင်း၊ နှမ်း၊ ဆန်၊ ရော်ဘာ၊ ရေထွက်ပစ္စည်း၊ ဖရဲသီး၊ သီဟိုဠ်စေ့၊ နှံစားပြောင်း၊ ပျားရည်နဲ့ စားဖိုဆောင်သုံးပစ္စည်းများ ပုံမှန်တင်ပို့နေသလို တရုတ်နိုင်ငံဘက်ကလည်း ဘိလပ်မြေ၊ ဓာတ်မြေဩဇာအစရှိတဲ့ အိမ်ဆောက် ပစ္စည်းအမျိုးမျိုး၊ ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်၊ ကာနေးရှင်းပန်း၊ လူသုံး/အိမ်သုံးပစ္စည်းမျိုးစုံတို့ကို နေ့စဉ် တင်သွင်းမှုရှိပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

**တန်ဖိုး-ပိဿာ/ကျပ်**

| ပို့ကုန် | ၃-၁၀-၂၀၁၅ မှ ၉-၁၀-၂၀၁၅ ထိ | ၁၀-၁၀-၂၀၁၅ မှ ၁၆-၁၀-၂၀၁၅ ထိ | ၁၇-၁၀-၂၀၁၅ မှ ၂၃-၁၀-၂၀၁၅ ထိ | ၂၄-၁၀-၂၀၁၅ မှ ၃၀-၁၀-၂၀၁၅ ထိ |
|---|---|---|---|---|
| ပြောင်း | ၈၅-၆၉ | ၇၀-၇၃ | ၇၃-၆၈ | ၆၈-၈၀ |
| ဆန် | ၇၈-၆၅ | ၇၀-၇၅ | ၇၅ | ၇၅-၇၈ |
| ပဲတီစိမ်း | ၈၀-၆၇ | ၇၂-၇၅ | ၇၅-၇၃ | ၇၁-၈၂ |
| နှမ်း | ၆၅-၅၉ | ၅၉-၆၀ | ၆၀-၅၈ | ၅၉-၆၁ |
| ရော်ဘာ | ၈၀-၆၈ | ၇၁-၇၆ | ၇၁-၇၆ | ၇၉-၈၀ |
| သွင်းကုန် | | | | |
| မြေဆီ | ၂၅-၂၂ | ၂၂ | ၂၂ | ၂၅ |

မော်မော်အောင်

## သီတင်းကျွတ်ပွဲတော်ကာလ ကားဈေးကွက်အရောင်းအားနေ

သီတင်းကျွတ်အပြီး နိုဝင်ဘာလဆန်းပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ ယခင်လဆန်းပိုင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ် အခြေအနေများထက်ပင် ပိုမိုအေးစက်လာကြောင်းသိရသည်။

ယခင်လရက်သတ္တပတ်များက အရောင်းအဝယ်ရှိခဲ့သော စလစ်ကပ်ကားများနှင့်ဖရီးပါမစ်ကားအချို့လည်း အောက်တိုဘာလကုန်ခါနီးကာလများတွင် ပြည်ပမှကြားသိရသောသတင်းများကြောင့် စလစ်ဈေးတန်း ပြန်ကျသွားသော်လည်း တစ်သိန်း နှစ်သိန်းဝန်းကျင်သာဖြစ်ကြောင်းသိရပြီး အရောင်းအဝယ်အေးသည့်ကြားမှ စလစ်ကပ်ကား တိုယိုတာဝှစ်၊မတ်(ခ်)တူး၊ ကရောင်းစသည့်ကားများ အဝယ်ရှိနေကြောင်း၊ သို့သော် ဆယ်ဂဏန်းကျော်ကျော်ပင်ဖြစ်ကြောင်း သိရသည်။

ကားပါကင်ဈေးတန်းမှာမူ ယခင်ပတ်များနည်းတူပင် ၈/၉/၁၀ သိန်း အတက်အကျပြေးနေကာ ဖရီးပါမစ်ကားဆိုလျှင်လတ်တလော အမှန်လိုအပ်သူသာ ဝယ်ယူကြပြီး ဝယ်ယူကြလျှင်လည်း နံပါတ်ထွက်ပြီး ကားများသာ အများဆုံးဝယ်ယူကြကြောင်း သိရသည်။ ကားအရောင်းစင်တာများနှင့်ကားပွဲစားတန်းများတွင်ပါ ဖရီးပါမစ်ကားလေးများ ယခုလဆန်းပိုင်းကာလတွင် အမေးနည်းလာရာမှ အမေးမရှိဖြစ်လာကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ကားပါကင်ဈေးနှုန်းကြီးမြင့်နေမှု၊ နံပါတ်အနက်ကိုယ်ပိုင်စီးကားများ အနီနံပါတ်ပြောင်းလဲခွင့်ပိတ်ထားခြင်းကြောင့်လည်းပါကြောင်း စသည်ဖြင့် ဝါရင့်ဝယ်ရောင်းအကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။

သို့ရာတွင် ရွေးကောက်ပွဲပြီးကာလအကျော် ဒီဇင်ဘာလအတွင်းကားတင်သွင်းခွင့်မူဝါဒများ အပြောင်းအလဲရှိလာလျှင် ကားဈေးကွက်အခြေအနေ ကောင်းမွန်လာနိုင်သည်ဟုမျှော်မှန်းပြီး ယာဉ်ဟောင်းအပ်နှံစလစ် လက်ထဲကိုင်ထားသူများလည်း ရေရှည်မစောင့်နိုင်သဖြင့် ကျဈေးအနည်းငယ်ဖြင့် ရောင်းချမှုများရှိလာနိုင်သဖြင့် လူသုံးများသည့်စလစ်ကပ်ကားများ ရက်ပိုင်းအတွင်း အမေးမြန်းရှိလာကြကြောင်းသိရပြီး ဖရီးပါမစ်ကားလေးများထဲမှ လုပ်ငန်းသုံး၊ လုပ်ငန်းခိုင်းသည့် အေဒီဗင်၊ ပရိဘောက်တို့မှလွဲ၍ ကျန်လူကြိုက်များကားငယ်များဖြစ်သော ဟွန်ဒါဖစ်၊ ဒီမီယို၊ ဘယ်(လ်)တာစသည်တို့မှနံပါတ်ထွက်ပြီး ကားများနှင့် အကွာရာတစ်တန်း၊ နှစ်တန်းနိမ့်ကားများ သူဈေးနှင့်သူ အရောင်းအဝယ်ရှိနေကြောင်း ၎င်းကပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.3 စီစီ |
| ၂။ | ရက်တစ်(၂၀၁၁) | ယာယီ | ၁၃၂ သိန်း | 1.3 စီစီ |
| ၃။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၂၀၅ သိန်း | 1.8 စီစီ |
| ၄။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၁၉၅ သိန်း | 2.0 စီစီ |
| ၅။ | မစ်(ခ်)အိပ်စ် (၂၀၀၅) | ယာယီ | ၂၆၅ သိန်း | 3.0 စီစီ |
| ၆။ | တိုယိုတာ(နွှ၍) (၂၀၀၃) | ယာယီ | ၁၈၀ သိန်း | 2.0 စီစီ |
| ၇။ | တိုယိုတာ (ခရောင်း) (၂၀၀၃) | ယာယီ | ၂၃၀ သိန်း | 2.5 စီစီ |
| ၈။ | ပါဆို (၂၀၁၀) | 5J | ၈၉ သိန်း | |
| ၉။ | အပ်ကား (မြန်မာမီနီ) | - | ၅၅ သိန်း | |
| ၁၀။ | စက်မှုဇုန်အပ်ကား | - | ၆၅ သိန်း | |

သင့်ကျန်းမာရေး

# အသည်းရောင် အီးရောဂါ

ဒေါက်တာလွင်သန့်

**မေး။** အသည်းရောင်အေ၊ ဘီ၊ စီဆိုပြီး သိထားပါတယ်။ အသည်းရောင်အီးအကြောင်း ဆွေးနွေးပေးပါဆရာ။

**ဦးဘနှစ်(မုံရွာ)**

**ဖြေ။** ကမ္ဘာပေါ်မှာ အသည်းရောင်အီးရောဂါ ကူးစက်ခံရသူ သန်း ၂၀ လောက်ရှိတယ်။

**ကူးစက်ခံရတဲ့ သန်း၂၀ထဲက** လေးသန်းလောက်ဟာ အသည်းရောင်အသားဝါ လက္ခဏာခံစားရတယ်။ နှစ်စဉ်လူနာ ၇၀၀၀၀ ယောက်ဟာ အသည်းရောင်အီးကြောင့် သေကြရတယ်။

**နောက်ဆက်တွဲ။** သောက်ရေမသန့်ရင်၊ အစားအစာထဲပိုးပါဝင်ရင်၊ အီးပိုးရှိတဲ့တိရစ္ဆာန်တွေရဲ့ အသားကိုစားသုံးရင် အသည်းရောင်အီးရောဂါဖြစ်တတ်ပါတယ်။ အသည်းရောင်အီးရောဂါပိုးကြောင့် အသည်းရောင်ခြင်း၊ပျို့အန်ခြင်း၊ ဆီးဝါခြင်းအသားဝါခြင်းနဲ့ တခြားအသည်းရောဂါများ ဖြစ်တတ်ပါတယ်။

**စတင်တွေ့။** အသည်းရောင်အီးရောဂါကို ရှာဖွေမတွေ့ရှိခင်က အေမဟုတ်၊ ဘီမဟုတ်ရောဂါလို့ခေါ်တယ်။

**၁၉၈၃ ခုနှစ်မှာ ရုရှားနိုင်ငံ** မော်စကိုမြို့မှာ ဗိုင်းရပ်စ်သုတေသနဌာနကြားရေးမှူးချုပ် ဒေါက်တာ "ဘလာရန် " က အေမဟုတ်ဘီမဟုတ် အသည်းရောဂါဖြစ်စေတဲ့ ရောဂါက တာဂျစ်ကစ္စတန်ပြည်နယ်မှာဖြစ်တော့ စုံစမ်းစစ်ဆေးမှုလုပ်ခဲ့တယ်။ ဒေါက်တာဘလာရန်နဲ့အဖွဲ့ဟာ ရောဂါဖြစ်နေတဲ့လူနာရဲ့ မစင်မှာတွေ့ရမယ်ဆိုတဲ့ ယုံကြည်မှုနဲ့မစင်ကို စစ်ဆေးခဲ့ပါတယ်။ ဒ့ါအပြင် ဒေါက်တာဘလာရန်က သူကိုယ်တိုင်ရောဂါပိုးကို ကူးစက်ခံပြီး သူရဲ့မစင်ကိုအဏုကြည့်မှန်ဘီလူးအောက်မှာ ကြည့်တဲ့အခါ အသည်းရောင်အီးရောဂါပိုးကိုတွေ့တယ်။ သူကိုယ်တိုင်ဆီးတွေဝါပြီး၊ အသည်းရောင်အသားဝါဖြစ်လာတယ်။ ဒါကြောင့် လူနာရဲ့မစင်၊ သောက်ရေ၊ အစာကကူးတာဖြစ်တဲ့အတွက် အဲဒီရောဂါကို အသည်းရောင်အီးရောဂါဆိုပြီး နာမည်ပေးခဲ့တယ်။

**အမျိုးအစား(၁)နှင့်(၂)ကို** ကမ္ဘာအနှံ့မှာ တွေ့ရတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုမိုတွေ့ရတယ်။ ပိုးရှိတဲ့မစင်ပါတဲ့ ရေနဲ့အစာကတစ်ဆင့် ကူးစက်တယ်။

**အမျိုးအစား(၃)နှင့်(၄)** ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတွေမှာ တွေ့ရတယ်။ တိရစ္ဆာန်များကတစ်ဆင့် ကူးစက်တယ်။ အစာအစိမ်းတွေနဲ့ထိလို့ ကူးစက်တယ်။ တောဝက်၊ သမင်တွေ တောလိုက်ရာက ကူးစက်တယ်။ ဂျာမနီနဲ့ပြင်သစ်နိုင်ငံတွေမှာ ကူးစက်တာတွေ့ရတယ်။

**ရောဂါရှာဖွေခြင်း။** သွေးဖောက်ပြီး အသည်းရောင်အသားဝါရောဂါ ဗိုင်းရပ်စ်ကိုရှာဖွေနိုင်သလို၊ မစင်မှတစ်ဆင့် ရှာဖွေရင်လည်းရတယ်။

**မြန်မာနိုင်ငံမန္တလေးမှာ** ၁၉၇၆ ခုနှစ်တုန်းက အကြီးအကျယ်ဖြစ်ပွားခဲ့တယ်။ မန္တလေးမြို့တော် ရေပေးဝေတဲ့ "သင်္ဂဟချောင်း"ထဲ ရွှေတစ်ချောင်းမြောင်းထဲက မသန့်တဲ့ရေထွက်ကနေပါသွားတယ်။ တစ်ရက်၊ လူနာ ၂၀ ကျော် အသည်းရောင်အသားဝါရောဂါနဲ့ မန္တလေးပြည်သူ့ဆေးရုံကို လာပြခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်မြို့မှာလည်း** နှစ်ကြိမ်အကြီးအကျယ်ဖြစ်ဖူးတယ်။ ၁၉၈၂ ခုနှစ်မှာ ရန်ကုန်မြို့ရေပေးဝေရေးပိုက်ကပေါက်ပြီး၊ မစင်ပိုက်နဲ့-ဆက်စပ် နေရာမှ ရောဂါကူးစက်သွားတယ်။ ဒုတိယအကြိမ် ၁၉၈၈ ခုနှစ်မှာ ကြည့်မြင်တိုင်ဒေသကောလိပ်မှာ လုံခြုံရေးတာဝန်ယူထားတဲ့ စစ်သားတွေမှာ အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီအချိန်ကလည်း မသန့်ရှင်းတဲ့ရေကြောင့် ဖြစ်ပွားခဲ့ရတာဖြစ်ပါတယ်။

**မော်လမြိုင်။** ၁၉၈၂ ခုနှစ်အတွင်းက မော်လမြိုင်မြို့မှာ အသည်းရောင်အီးရောဂါဖြစ်တယ်။ ကူးစက်မှုသိပ်မရှိခဲ့ဘူး။ အသည်းရောင်အီးရောဂါဟာ ရောဂါသိပ်မဆိုးလို့ ပေ့ါဆနေကြပေမယ့် ကပ်ရောဂါအသွင် ဖြစ်လာတတ်ပါတယ်။

# ကျန်းမာရေးဆိုင်ရာလုပ်သားများ အသည်းရောင်စီပိုးကူးစက်မှုမြင့်မားနိုင်

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဆိုင်ရာ အလုပ်သမားများသည်အသည်းရောဂါကို ပြင်းပြင်းထန်ထန်ဖြစ်ပွားစေနိုင်သည့် အသည်းရောင်စီပိုးကူးစက်မှု မြင့်မားနိုင်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က ထုတ်ဖော်ရေးသားခဲ့သည်။

သာမန်အလုပ်သမားများနှင့် ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများကို နှိုင်းယှဉ်ကြည့်ရာတွင် ကျန်းမာရေးဆိုင်ရာ အလုပ်သမားများသည် အသည်းရောင်စီပိုးကူးစက်မှုတွင် သာမန်အလုပ်သမားများထက် ၆၀ ရာ ခိုင်နှုန်းကျော် ရှိနေကြောင်းဖြင့် ဆေးပညာဆိုင်ရာ အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်သုတေသနပြုမှုအစီရင်ခံစာအရ သိရသည်။

အသည်းရောင်စီပိုးသည် သွေးမှတစ်ဆင့် ကူးစက်သည့်ရောဂါဖြစ်ပြီး လူတို့၏ခန္ဓာကိုယ်ချင်းထိတွေ့ရာမှ ကူးစက်တတ်သည့်ရောဂါမျိုးမဟုတ်ကြောင်း၊ သို့သော်ယခုအခါတွင် အဆိုပါရောဂါပိုးကို ဆေးထိုးအပ်မှတစ်ဆင့် သို့မဟုတ် ဆေးထိုးရန်ကိရိယာများကို ပြင်ဆင်ရာမှတစ်ဆင့် ကူးစက်လျက်ရှိကြောင်း၊ ထို့ပြင် ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလက အသည်းရောင်စီပိုးသည် လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်နိုင်သည်ဟုဆိုသော်လည်း ယခုစမ်းသပ်မှုများအရ သွေးမှတစ်ဆင့်ကူးစက်မှုသည် ပိုမိုများပြားလာကြောင်းဖြင့် အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

"သွေးနဲ့ ဆက်နွယ်နေတဲ့ဖြစ်ရပ်တွေ ဥပမာအားဖြင့် သွေးထွက်နေတဲ့လူနာကိုပြုစုခြင်း၊ ဆေးထိုးအပ်မှတစ်ဆင့် ကူးစက်ခြင်းဆိုတဲ့ဖြစ်ရပ်တွေကြောင့် အသည်းရောင်စီပိုးဟာ ကျန်းမာရေးလုပ်သားတွေကို ခြိမ်းခြောက်လာတဲ့ရောဂါတစ်ခု ဖြစ်နေပါတယ်"ဟု အဆိုပါ အစီရင်ခံစာကိုပြုစုသူ ကလော်ဒီယာဝက်စ်တာမန်းက ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင်ဆေးရုံဝန်ထမ်းများတွင် အသည်းရောင်စီပိုးကူးစက်နိုင် မှုမှာ ၂ ဒသမ ၂ဆရှိလာပြီး သွားဆရာဝန်များတွင် ၃ ဒသမ ၅ဆရှိလာနိုင်သည်ဟု ဆိုသည်။ ထို့ပြင်သူနာပြုများအနက် ၇၀ရာခိုင်နှုန်းကျော်သည် အဆိုပါရောဂါပိုးကူးစက်ခံရမှုနှုန်း မြင့်မားလာနိုင်သည်ဟုဆိုသည်။

**မယ်သီတာ**

# အီရတ်မှ ဆီးရီးယားနှင့်ကူဝိတ်နိုင်ငံတို့သို့ ကာလဝမ်းရောဂါများ ကူးစက်ပျံ့နှံ့လျက်ရှိ



အီရတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကာလဝမ်းရောဂါသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဆီးရီးယားနှင့် ကူဝိတ်နိုင်ငံတို့သို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အီရတ်နိုင်ငံရှိ ယူနီဆက်ရုံးမှ ဌာနကြားရေးမှူးက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည့်ကာလဝမ်းရောဂါကြောင့်လူပေါင်း ၂၂၀၀ ကျော်ဖြစ်ပွားခဲ့ပြီးခြောက်ဦး သေဆုံးခဲ့ကြောင်းဖြင့် ယူနီဆက်က ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါကာလဝမ်းရောဂါဖြစ်ပွားသူများသည် ရေဓာတ်ခမ်းခြောက်ခြင်းများ ဖြစ်ပွားပြီးနောက် ကျောက်ကပ်ပျက်စီးသည်အထိ ဖြစ်ပွားနိုင်ကြောင်း၊ထို့နောက် အသက်သေဆုံးသည်အထိ ဖြစ်လာနိုင်ကြောင်းဖြင့် ၎င်းကပြောကြားခဲ့သည်။

"အီရတ်နိုင်ငံထဲမှာ ဖြစ်ပွားခဲ့တဲ့ ကာလဝမ်းရောဂါဟာ အဲဒီနိုင်ငံတွင်းမှာ ဖြစ်ပွားရုံတင်မကဘဲ ကျွန်တော်တို့ ကူဝိတ်နိုင်ငံအထိ ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ နယ်စပ်ဂိတ်တွေကနေ ဝင်ရောက်လာတဲ့သူတွေကတစ်ဆင့် ကူးစက်ဖြစ်ပွားတာကြောင့် နယ်စပ်ဂိတ်တွေမှာ လူဝင်လူထွက်တွေကို စောင့်ကြည့်နေပါတယ်" ဟု ကူဝိတ်နိုင်ငံမှ ယူနီဆက်တာဝန်ခံဖြစ်သူ ပီတာဟော့ခ်ကင်းက ပြောကြားခဲ့သည်။

ကူဝိတ်နိုင်ငံမှ ရှီးယိုက်မွတ်ဆလင်များသည် လာမည့်ဒီဇင်ဘာလအတွင်း ဘာသာရေးဆိုင်ရာဝတ်ပြုဆုတောင်းပွဲကို အီရတ်နိုင်ငံတွင် သွားရောက်ကျင်းပကြမည်ဖြစ်ရာ ယင်းကာလဝမ်းရောဂါကို ထိန်းချုပ်နိုင်ခြင်းမရှိပါက အခက်တွေ့နိုင်မည်ဖြစ်ကြောင်း ဟော့ခ်ကင်းက ဆက်လက်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသည် စစ်အသုံးစရိတ်များကြောင့် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များတွင် သုံးစွဲရန်နှောင့်နှေးလျက်ရှိနေကြောင်း ၎င်းကပြောကြားသည်။

ယူနီဆက်အနေဖြင့် အီရတ်နိုင်ငံရှိ ကာလဝမ်းရောဂါဖြစ်ပွားသည့် ဒေသများသို့ ရေသန့်ဘူးများ၊ ဓာတ်ဆားထုပ်များ၊ ရေတိုင်ကီများကို ပေးဝေလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# တစ်နေ့လျှင် ခြောက်နာရီမျှ မတ်တပ်ရပ်ပေးခြင်းဖြင့်အဆီကျစေနိုင်

တစ်နေ့လျှင် ခြောက်နာရီမျှ မတ်တပ်ရပ်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ အဆီများ၏သုံးပုံတစ်ပုံခန့်ကို ကျဆင်းစေနိုင်ကြောင်းဖြင့် မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ တစ်နေ့တာကာလအတွင်း အချိန်ကြာမြင့်စွာ ထိုင်နေခြင်းသည် ဆေးလိပ် သောက်သုံးသူတစ်ဦးကဲ့သို့ နှလုံးရောဂါ၊ အဆုတ်ရောဂါနှင့် အဝလွန်ခြင်းကဲ့သို့သော ရောဂါများဖြစ်ပွားနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက ယူဆထားကြသည်။

တစ်နေ့လျှင် ခြောက်နာရီမျှမတ်တပ်ရပ်ပေးပြီး လှုပ်ရှားမှုပြုသူများသည် ခန္ဓာကိုယ်၏အဆီများကို လျှော့ချပေးနိုင်သည်ဟု တက္ကဆက်ပြည်နယ်မှ သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

အမေရိကန် သုတေသနသိပ္ပံပညာရှင်များသည် အရွယ်ရောက်ပြီးသူပေါင်း ၇၀၀၀ ကျော်၏ တစ်နေ့မှာ မတ်တပ်ရပ်နေတတ်သည့်အမူအကျင့်နှင့် BMI (ခန္ဓာကိုယ်ထုထည်ညွှန်းကိန်း)၊ ခန္ဓာကိုယ်အဆီ ရာခိုင်နှုန်း၊ ခါး အတိုင်းအတာတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစမ်းသပ်တွေ့ရှိချက်အရ တစ်နေ့လျှင် ခြောက်နာရီကြာ မတ်တပ်ရပ်နိုင်သည့် အမျိုးသားများသည် အဝလွန်နိုင်မှု ၃၂ ရာခိုင်နှုန်း လျော့ကျသွားကြောင်း သိရှိရသည်။ ထို့ပြင် တစ်နေ့တာ၏ နေ့တစ်ဝက်ခန့် မတ်တပ်ရပ်သူများသည် အဝလွန်မှုဖြစ်နိုင်ခြေ ၅၉ ရာခိုင်နှုန်းခန့်လျော့နည်းနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟုဆိုသည်။ အမျိုးသမီးများအနေဖြင့် တစ်နေ့တာ၏ လေးပုံတစ်ပုံခန့် သို့မဟုတ် တစ်နေ့တာ၏ လေးပုံသုံးပုံခန့်မတ်တပ်ရပ်ပေးခြင်းကြောင့် ခါးတစ်ဝိုက်ရှိ အဆီများ ကျဆင်းနိုင်ခြေမှာ ၃၅ ရာခိုင်နှုန်းမှ ၅၇ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟုဆိုသည်။ **မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၉-၁၁-၂၀၁၅ မှ ၁၅-၁၁-၂၀၁၅ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ကာယလုပ်အားဖြင့် ဝင်ငွေရရှိတတ်သည်။ နေ့စဉ်လုပ်ငန်းများကို ခိုင်မြဲစွာလုပ်ကိုင်ရတတ်သည်။ ဂုဏ်ဒြပ်နှင့်ကြည်ညိုလေးစားမှုချွတ်ယွင်းအားနည်းချက်ရှိသည်။ စားသောက်ကုန်လုပ်ငန်းများ အကျိုးပေးမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်ကံမကောင်းသေးပါ။ အတ္တဆန်သော ဟန်ဆောင်မေတ္တာသမားနှင့် တွေ့ရတတ်သည်။ အိမ်ထောင်ရှိသူဖြစ်လျှင် မေတ္တာတေးကို မဆိုနိုင်ဘဲ ဘဝအရေးအတွက် ကြိုးစားနေရတတ်သည်။ ကျန်းမာရေး သင့်တင့်ကောင်းမွန်နေမည်။ **ယတြာ။ ။ဆီထမင်းကိုအုန်းသီးဖြူး၍လှူပါ။**



**တနင်္လာသားသမီးများအတွက်** အသိုင်းအဝိုင်းကျယ်ပြန့်လာတတ်သည်။ ငွေဝင်မည်။ ထီပေါက်သကဲ့သို့ အလုံးအရင်းနှင့် ရရှိလိမ့်မည်။ စီးပွားရေးတွင် ဆီနှင့်ဆီထွက်သီးနှံများ အရည်ရွှမ်းသော အသီးအနှံများမှ အကျိုးဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် ဆရာများ နှင့်သင်ယူကျက်မှတ်ရတတ်သည်။ ရောဂါများများမရှိပါ။ ကျန်းမာရေးကောင်းမွန်နေတတ်ပါသည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျချစ်သူရတတ်သည်။

**ယတြာ။ ။သစ်ခွပော့်ရည်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ဆိုလျှင် အချိန်နှင့်အမျှ ကြိုးစားလုပ်ကိုင်မှ အောင်မြင်မှာဖြစ်ပါသည်။ လျှပ်စစ်ပစ္စည်းများ၊ စက်ကိရိယာများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှု အားကောင်းလာတတ်ပါသည်။ ဝင်ငွေ၊ ထွက်ငွေမျှနေသည့်ကာလဖြစ်ပါသည်။ ကျန်းမာရေးတွင် ဆေးဝါးကြောင့် ဖြစ်သော ဝေဒနာရှိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်သူခင်သူဝိုင်းဝိုင်း လည်နေတတ်ပါသည်။ ဘဝလက်တွဲရန် တိုင်ပင်ဆွေးနွေးနေရတတ်သည်။ ပျော်ရွှင်မှု အောင်မြင်မှုများ ရရှိလာတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ဆီမီးပူဇော်၍ ဂုဏ်တော်များရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လောကီအတတ်ပညာအမျိုးမျိုးကို စိတ်ဝင်စားပြီး လွယ်ကူစွာတတ်မြောက်နိုင်စွမ်းရှိလိမ့်မည်။ အမွှေးအကြိုင်နံ့သာများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ လုပ်လျှင် အကျိုးပေးပိုမိုကောင်းမွန်နေတတ်ပါသည်။ ကျန်းမာရေးတွင် ထုံကျင်ကိုက်ခဲသော ဝေဒနာခံစားရတတ်သည်။ ခန္ဓာကိုယ်တွင်း ဝေဒနာထက် ပြင်ပ အရေပြားယားယံခြင်း၊ အနာအဖုအပိန့်ဖြစ်ခြင်းတို့ရှိတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ဆန္ဒကိုလိုက်လျောနေရတတ်သည်။

**ယတြာ။ ။ ဘုရားသောက်တော်ရေသက်စေ့လှူတန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** အကြံပေးမှုညွှန်ကြားမှုများကို လွယ်လင့်တကူမယုံတတ်သကဲ့သို့အလွယ်တကူလည်းလက်ခံခြင်း၊ ကျင့်သုံးခြင်းများမပြုရပါ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်သာပြုလုပ်ပါ။ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းများ စီးပွားရေးကံကောင်းနေမည်။ အကျိုးပေး ကောင်းတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ရန် ခေတ္တစောင့်ရလိမ့်မည်။ ကျန်းမာရေးတွင် အစာအိမ်နှင့်ပတ်သက်သော ဝေဒနာ၊ အားအင်ကုန်ခမ်းသော နွမ်းနယ်သော ဝေဒနာဖြစ်တတ်သည်။ အချစ်ရေးတွင် စိတ်တိုင်းကျမှုအားနည်းနေလိမ့်မည်။ **ယတြာ။ ။ နို့ထမင်းလှူပါ။**



**သောကြာသားသမီးများအတွက်** အခက်အခဲများကို ကျော်လွှား၍ အောင်မြင်တိုးတက်မှုများရရှိရန်အတွက် အစွမ်းကုန်ကြိုးစား နေရတတ်သည်။ အလှကုန်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ၊ ဇိမ်ခံပစ္စည်းများ အကျိုးပေးလိမ့်မည်။ ကျန်းမာရေးတွင် လေနာရောဂါ၊ အစာအိမ် ရောဂါများဖြစ်တတ်သည်။ အချစ်ရေးတွင် ချစ်တမ်းကစားသူများသတိထားပါ။ အိမ်ထောင်ရှိလျှင် မိသားစုအရေးတိုက်ပွဲဆင်နွှဲရတတ်ပါသည်။ **ယတြာ။ သာကူလှူပါ။**



**စနေသားသမီးများအတွက်** အရည်အသွေးစွမ်းဆောင်ရည်တို့ မြင့်မားလာတတ်သည် လုပ်ငန်းနှင့်ပတ်သက်၍ ကျော်ကြားတတ်မည်။ ငွေကြေးအကျိုးအမြတ်တို့လည်းရရှိလာ တတ်ပါသည်။ ဇိမ်ခံပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်ကျောက်မျက်ရတနာ စသည်တို့ အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးအခြေအနေ သင့်တင့်ကောင်းမွန်နေ မည်။ အချစ်ရေးတွင် ဝေခွဲမရ ဆုံးဖြတ်နိုင်ခြင်းမရှိဖြစ်နေတတ်သောကြောင့် မိမိနှစ်သက် မြတ် နိုးရသူနှင့်ဝေးသွားရတတ်ပါသည်။

**ယတြာ။ ဆနွင်းမကင်းလှူပါ။**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဈေးကွက်ဝင်စက်မှုသီးနှံလျှော်ဖြူပင်စိုက်ပျိုးစို့

လျှော်ဖြူပင်ဟုလူသိများသော ဆေးကုလားမပင်ကို မိုးများလွန်းသောဒေသနှင့် အေးလွန်းသောဒေသမှလွဲ၍ နေရာဒေသမရွေး စိုက်ပျိုးနိုင်သလို ရေဝပ်သည့်မြေမှလွဲ၍ မြေအမျိုးအစားအမျိုးမျိုးတွင် မြေပြုပြင်ပြီးစိုက်ပျိုးပါကအပင် ရှင်သန်ဖြစ်ထွန်းမှု အားကောင်းမွန်ကြောင်းသိရပါတယ်။

လျှော်ဖြူပင်သည် လက်ပံပင်နှင့်ပုံသဏ္ဌာန်တူပြီး လက်ပံပင်ကဲ့သို့ အပွေး( ဆူး) ပါရှိခြင်းမရှိသည့် အပင်ကြီးမျိုးဖြစ်ကာ လျှော်ဖြူရိုးနီနှင့် လျှော်ဖြူရိုးစိမ်းဟူ၍ နှစ်မျိုးရှိကြောင်း၊ လျှော်ဖြူရိုးနီမှာ စစ်ကိုင်းတိုင်းဒေသကြီး ရာသီဥတုရေမြေနှင့် ကိုက်ညီ၍ဒေသမျိုးဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီး၌ ပိုမိုစိုက်ပျိုးကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်တိုင်းလုံး အနေဖြင့် လျှော်ဖြူစိုက်ဧက ၆၀၀၀ ကျော်ရှိပြီး အများဆုံး စိုက်ပျိုးသော မြို့နယ်များမှာ မုံရွာ၊ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ မြင်းမူ၊ ယင်းမာပင်၊ ကနီ၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ကသာမြို့နယ် များ၌ အများဆုံးစိုက်ပျိုးထားကြောင်း သိရပါတယ်။ ယခုနှစ်မိုးရာသီတွင် နေပြည်တော်၊ မြင်းခြံ၊ တပ်ကုန်း၊ နွားထိုးကြီးမြို့နယ်များမှ လျှော်ဖြူပျိုးပင် ၃၀၀၀၀ ကျော်ကို မုံရွာမြို့ရှိ ပျိုးခင်းပိုင်ရှင် တစ်ဦးထံမှ မှာယူစိုက်ပျိုးခဲ့ကြောင်း၊ တစ်ဧကလျှင် ပင်ကြား ၁၂ ပေ သို့မဟုတ် ၂၀ ပေခြား၍ စိုက်ပျိုး ပါက အပင် ၂၀၀/ ၂၅၀ ခန့် ဝင်ဆံ့နိုင်အောင် စိုက်ပျိုးနိုင်ကြောင်း၊ အပင်သက် ၄ နှစ်သားအရွယ်တွင် လျှော်ဖြူစေး စတင်ထွက်ရှိပြီး မိုးရာသီတွင် အစေးမခြစ်ဘဲ ဆောင်းရာသီနှင့် နွေရာသီတွင်သာ အစေးခြစ်ယူကြောင်း၊ ဆောင်းရာသီတွင် အစေးပိုမိုထွက်ရှိကြောင်း သိရပါတယ်။

လျှော်ဖြူစေးခေါ် ဆေးကုလားမ တစ်ပိဿာဈေးကွက်ပေါက်ဈေးမှာ A အဆင့် အဖြူမှန်ကြည်အမျိုးအစား ၁၅၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်၊ Bအဆင့် ကြက်သွေးရောင် အမျိုးအစား ၁၀၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်၊ C အဆင့် အနောက်အမျိုးအစား ၅၀၀၀ ကျပ်မှ ၆၀၀၀ကျပ် ဈေးပေါက်ကြောင်း ဈေးကွက်သတင်းအရ သိရှိရပါတယ်။ **သန်းသန်းတင်-မုံရွာ**

# Vietjet လေကြောင်းလိုင်းမှ လေယာဉ်မောင်မယ်များ ခေါ်ယူ

ဗီယက်နမ် လေကြောင်းလိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Vietjet လေကြောင်းလိုင်းသည် ပြည်တွင်းနှင့်နိုင်ငံတကာခရီးစဉ်များကို တိုးချဲ့ပျံသန်းလျက်ရှိရာ တိုးချဲ့လိုက်သည့်ခရီးစဉ်များအတွက်အရည်အချင်းပြည့်ဝပြီး ရင်းနှီးဖော်ရွေကာခရီးသည်များကို အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်မည့် လေယာဉ် မောင်မယ်အသစ်များအား ခေါ်ယူလျက်ရှိကြောင်း သိရသည်။



လေယာဉ်မောင်မယ်များအဖြစ် တာဝန်ထမ်းဆောင်လိုသည့် မြန်မာနိုင်ငံမှ ရိုးသားတက်ကြွသော လူငယ်မောင်မယ်များအနေဖြင့် Vietjet လေကြောင်းလိုင်းတွင် လုပ်ကိုင်လိုပါက farecruitement@ vietjetair.com သို့ အီးမေးလ်ဖြင့်လျှောက်လွှာများ ပေးပို့၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

Vietjet တွင် အလုပ်လုပ်လိုသူများအနေဖြင့် အသက် ၂၀ မှ ၃၀ အတွင်း ရှိရမည်ဖြစ်ပြီး အမျိုးသားများ အရပ် ၁ ဒသမ ၇ မီတာမှ ၁ ဒသမ ၈ မီတာ ၊ အမျိုးသမီးများမှာ ၁ ဒသမ ၆ မီတာမှ ၁ ဒသမ ၇၅ မီတာ ရှိရမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူများကို ၁ ဒသမ ၅၈ မီတာ အထိလက်ခံစဉ်းစားမည်ဖြစ်သည်။

ပညာအရည်အချင်းတွင် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပြီး အင်္ဂလိပ်စာစွမ်းရည်တွင် TOECI (The Test of English for International Communication) အမှတ် ၄၀၀ အထက် ရရှိထားသည့် အသိအမှတ်ပြုလက်မှတ်(သို့မဟုတ်) အခြားသင့်လျော်သည့် အသိအမှတ်ပြုလက်မှတ်ရှိရမည်ဖြစ်သည်။

အခြား လိုအပ်သည့်အရည်အချင်းများမှာ ရွှင်လန်းတက်ကြွပြီး အများနှင့် ပြောဆိုဆက်ဆံရာတွင် ပြေပြစ်သူ၊ လုပ်ငန်းခွင်အသစ်တွင် လိုက်လျောညီထွေစွာ လုပ်ကိုင်နိုင်သူ၊ ကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်စွမ်းရှိသူဖြစ်ရမည်ဖြစ်ကြောင်း Vietjet ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဟန္နိုင်းမြို့တွင် အင်တာဗျူးဖြေဆိုမည့်သူများအတွက် လျှောက်လွှာပိတ်ရက်မှာ နိုဝင်ဘာ ၁၅ ရက်နေ့ဖြစ်ပြီး ဟိုချီမင်းမြို့တွင် အင်တာဗျူးဖြေဆိုမည့်သူများအတွက် လျှောက်လွှာပိတ်ရက်မှာ နိုဝင်ဘာ ၃၀ ရက်ဖြစ်သည်။

# မြန်မာစင်တာတာဝါတွင် ဒီဇင်ဘာလမှစတင်၍ ရုံးခန်းများ ဝယ်ယူငှားရမ်းအသုံးပြုနိုင်

ရန်ကုန်မြို့၏ပထမဦးဆုံးသော ပထမတန်းစားအဆင့်ရှိသည့် နိုင်ငံတကာရုံးခန်းများ ဖွင့်လှစ်ရန်အကောင်းဆုံးသောစင်တာတစ်ခုဖြစ်သည့် မြန်မာစင်တာတာဝါတွင် လာမည့်ဒီဇင်ဘာလမှစတင်ကာ ရုံးခန်းများ ဝယ်ယူငှားရမ်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း မြန်မာစင်တာတာဝါ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါ မြန်မာစင်တာတာဝါတွင် နေထိုင်ရန် သို့မဟုတ် ရုံးခန်းဖွင့်လှစ်ရန် ဝယ်ယူငှားရမ်းလိုပါက တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၆၆ ဒေါ်လာနှုန်းဖြင့် ဝယ်ယူငှားရမ်းနေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က အဆိုပါမြန်မာစင်တာတာဝါတွင် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၇၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယခုအခါ အမေရိကန်ဒေါ်လာ ၆၆ ဒေါ်လာသို့ လျှော့ချ၍ရောင်းချပေးခြင်းဖြစ်ကြောင်း မြန်မာစင်တာတာဝါမှ သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာစင်တာတာဝါသည် စတုရန်းမီတာပေါင်း ၈၀၀၀၀ ကျယ်ဝန်းပြီး အထပ်ပေါင်း ၂၂ ထပ်ပါဝင်သည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ထိုနေရာတွင် လာရောက်ငှားရမ်းနေထိုင်သူများ၏ အကြိုက်နှင့်ကိုက်ညီသော အဆင့်အတန်းပြည့်မီသည့် အခန်းပုံစံများ ဖွဲ့စည်းထားရှိကြောင်း သိရသည်။

မြန်မာစင်တာတာဝါတွင် နေထိုင်သူများနှင့် ဧည့်သည်များအနေဖြင့် မြန်မာစင်တာတာဝါအတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် မည်သည့်နေရာနှင့်မှမတူသည့် တမူထူးခြားသည့်ခံစားမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ Lobby တွင်လည်း သဘာဝအလင်းရောင် ကောင်းကောင်းရရှိနိုင်မှာဖြစ်ပြီး တာဝါအပေါ်ထပ်များမှလည်း ရန်ကုန်မြို့တွင်းနှင့် အင်းယားကန်အပါအဝင် အနီးဝန်းကျင်ရှိ ရှုခင်းအလှများအား ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အသေးစိတ်လုံခြုံရေးစနစ်၊ မီးဘေးကာကွယ်ရေးနှင့် မီးသတ်ပစ္စည်း များအပြင် သီးသန့်လျှပ်စစ်မီးအားမြှင့်စက်တို့လည်း ပါဝင်မည်ဖြစ်သည်။ ကားအစီးအရေ ၄၀၀၀ ဆံ့သည့် ကားပါကင်ကြီးကိုလည်း မြေအောက်ထပ်တွင် ထားရှိမည်ဖြစ်ကြောင်းသိရသည်။

MCT သည် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းပေါ်တွင်တည်ရှိသောကြောင့် ရန်ကုန်မြို့လယ်ခေါင်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့အား အလွယ်တကူ ချိတ်ဆက်သွားလာ နိုင်သောနေရာတစ်နေရာဖြစ်သည်။ "MCTမှာရှိတဲ့ ဝန်ဆောင်မှုတွေကိုတော့ ရန်ကုန်မြို့က ဘယ်အဆောက်အအုံမှာမှ တွေ့မြင်ရမှာမဟုတ်ပါဘူး။ ဒီစင်တာဟာ ရန်ကုန်မြို့ရဲ့ ပထမဆုံးနဲ့ အကြီးဆုံး Grade A အဆင့်ရှိတဲ့ အဆောက်အအုံကြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ HAGLက ဒီ စီမံကိန်းကြီးကို အသက်သွင်းခွင့်ရခဲ့တာကို အလွန်ဂုဏ်ယူလျက်ရှိပါတယ်"ဟု HAGL ၏ မန်နေးဂျင်းဒါရိုက်တာ Mr. Cao DuyThinh က ပြောကြားသည်။



## မြို့ကြီးများ၏ ၉-၁၁-၂၀၁၅ မှ ၁၃-၁၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၉-၁၁-၂၀၁၅) | အင်္ဂါ(၁၀-၁၁-၂၀၁၅) | ဗုဒ္ဓဟူး(၁၁-၁၁-၂၀၁၅) | ကြာသပတေး(၁၂-၁၁-၂၀၁၅) | သောကြာ(၁၃-၁၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၃၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၈၉°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၈°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၇°C/၈၁°F | ၃၀% ၂၇°C/၈၀°F | နေသာ ၂၈°C/၈၃°F |
| လားရှိုး | နေသာ ၂၇°C/၈၁°F | နေသာ ၂၅°C/၇၇°F | ၄၀% ၂၄°C/၇၆°F | ၄၀% ၂၄°C/၇၅°F | ၃၀% ၂၄°C/၇၆°F |
| ကျိုင်းတုံ | ၃၀% ၂၈°C/၈၃°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၅၀% ၂၆°C/၇၉°F | ၃၀% ၂၇°C/၈၀°F |
| လွိုင်ကော် | ၄၀% ၂၇°C/၈၀°F | ၅၀% ၂၆°C/၇၉°F | ၄၀% ၂၆°C/၇၉°F | ၄၀% ၂၇°C/၈၀°F | ၄၀% ၂၈°C/၈၂°F |
| တောင်ကြီး | နေသာ ၂၃°C/၇၃°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F | ၄၀% ၂၂°C/၇၂°F | ၄၀% ၂၂°C/၇၂°F | ၃၀% ၂၂°C/၇၂°F |
| ဖော်လမြိုင် | ၈၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F |
| ဘားအံ | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၂°F | ၆၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မုံရွာ | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| ပုသိမ် | ၃၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F | ၃၀% ၃၂°C/၉၀°F |
| မြိတ် | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၃၀% ၃၄°C/၉၃°F | ၅၀% ၃၃°C/၉၂°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F |
| မကွေး | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၅°F | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F | ၄၀% ၃၂°C/၉၀°F |
| ဖလမ်း | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၆၉°F | ၄၀% ၁၉°C/၆၇°F | ၄၀% ၂၀°C/၆၈°F | နေသာ ၂၁°C/၆၉°F |

# ယီမင်နိုင်ငံတွင် ချာပါလာဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

ယီမင်နိုင်ငံ ကမ်းခြေဒေသများသို့ ဆိုင်ကလုန်းမုန်တိုင်း ချာပါလာ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူသုံးဦးထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀ နီး ပါးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့သတင်းတွင် ဖော်ပြထားသည်။

နိုဝင်ဘာလ ၃ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သည့် အဆိုပါအင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းသည် ယီမင်နိုင်ငံကမ်းခြေဒေသများသို့ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံ၏ ပဉ္စမမြောက် အကြီးဆုံးမြို့ဖြစ်သည့် မူကာလာမြို့တွင် အဆိုးရွားဆုံးသောရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၂၇၅၀ ဦးမှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။

အဆိုပါမုန်တိုင်းသင့်ဒေသများတွင် နေအိမ်ပေါင်း ၁၀၀ နီးပါးပျက်စီးခဲ့ရပြီး ကမ်းခြေဒေသရှိမြို့များတွင် ရွှံ့နွံများဖြင့် ဖုံးလွှမ်းခဲ့ကြောင်းဖြင့် ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် ဒုက္ခရောက်ကြရသည့်ပြည်သူများအား ယီမင်နိုင်ငံအစိုးရက အကူအညီများပေးထားသော်လည်း လုံလောက်မှုမရှိသဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် လုံလောက်သည့် စားနပ်ရိက္ခာများအားထောက်ပံ့ပေးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

Emirates 24/7 တွင် ဖော်ပြထားချက်များအရ ယီမင်နိုင်ငံ၏ဆိုကိုထရာကျွန်းတွင် အဆိုပါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး သုံးဦးသေဆုံးခဲ့ရသည်ဟု ဆိုသည်။

"ပျက်စီးမှုတွေက တော်တော်လေးကို များပါတယ်။ ဒီပျက်စီးမှုတွေကိုကြည့်ပြီး ပြည်သူတွေ တော်တော်လေး ထိခိုက်ခံစားရမယ်ဆိုတာကို သိနိုင်ပါတယ်"ဟု ဆိုကိုထရာကျွန်းမှ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ကာဖင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**



# အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်ပြီး မီးတောင်ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့

အင်ဒိုနီးရှားနိုင်ငံနှင့် တီမောနိုင်ငံတို့တွင် နိုဝင်ဘာ ၁ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ အဆိုပါငလျင်သည် အင်ဒိုနီးရှားနိုင်ငံ အနောက်-အနောက်မြောက်ပိုင်းဒေသ၊ ဩစတြေးလျနိုင်ငံမြောက်ပိုင်းနှင့် တီမောနိုင်ငံအရှေ့ပိုင်း အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကြားရှိ ပင်လယ်ပြင်ရေအောက်အနက် ၉ ကီလိုမီတာ(၅ ဒသမ ၆ မိုင်)ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံငလျင်တိုင်းတာရေးဗဟိုအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

သမုဒ္ဒရာထဲတွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ခြင်းမရှိ ပေ။ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံရှိ လုန်ဘောက်ကျွန်းရှိ ရင်ဂျာနီမီးတောင်ပေါက်ကွဲခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံသဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Sutopo Purwo Nugroho က ပြော ကြားခဲ့သည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်မှပြာများသည် အမြင့်ပေ ပေါင်း ၁၁၈၄၀ အထိမြင့်တက်ခဲ့ပြီး မီးတောင်အနီးတစ်ဝိုက်တွင် ပြာများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

မီးတောင်ပေါက်ကွဲပြီး ချော်ရည်ပူများ၊ မီးခိုးများ၊ ပြာများဖုံးလွှမ်းနေမှုကြောင့် ဘာလီကျွန်းရှိ ဘာလီ နိုင်ငံတကာ လေဆိပ်ကိုပိတ်ထားခဲ့ရကြောင်း သတင်းများက ဖော်ပြထားသည်။

ဘာလီနှင့် ဩစတြေးလျနိုင်ငံသို့ ပျံသန်းသည့် လေကြောင်းလိုင်းများကို ပိတ်ထားခဲ့ရပြီး လေဆိပ်ကိုပါ ပိတ်ထားခဲ့ရသဖြင့် လေဆိပ်တွင် ခရီးသည်များ သောင်တင်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းပြည်ပလေကြောင်းလိုင်း စုစုပေါင်း ၆၉၂ လိုင်းကို ပိတ်ထားခဲ့ရသည်ဟု ဆိုသည်။ မီးခိုးပြာများသည် အဆိုပါမီးတောင်တစ်ဝိုက်ရှိ လယ်ကွင်းများ၊ သစ်ပင်များပေါ်သို့ ဖုံးအုပ်လျက်ရှိသဖြင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.43 Monday November 9 2015



## အေအက်ဖ်စီမှချမှတ်သည့် ပြစ်ဒဏ်များအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အယူခံဝင်မည်

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့်အာရှယူ-၁၉ပွဲစဉ်မှဖြစ်ရပ်များအပေါ် အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)မှပြစ်ဒဏ်များချမှတ်ခဲ့မှုများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အယူခံဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်အောက်တိုဘာလဆန်းပိုင်းက မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၆ အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ပရိသတ်တစ်ဦးကွင်းထဲသို့ ဝင်ရောက်လာခြင်း၊ ရေသန့်ဘူးဖြင့် ပစ်ပေါက်ခြင်း၊ မီးရှူးမီးပန်းများဖောက်ခဲ့ခြင်းတို့ကြောင့် အေအက်ဖ်စီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား အမေရိကန်ဒေါ်လာ ၂၅၅၀၀၊ ပရိသတ်မပါဘဲ ပွဲစဉ်တစ်ပွဲ ကစားရန်နှင့် အိမ်ကွင်းတစ်ပွဲကစားခွင့်ပိတ်ရန်ဟူသည့်ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၉ နှင့် ဟောင်ကောင် ယူ-၁၉ အသင်းတို့၏ပွဲစဉ်တွင် ပရိသတ်တစ်ဦး ကွင်းအတွင်းသို့ဝင်ရောက်လာမှုကြောင့် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၆၀၀၀၊ ပြိုင်ပွဲတွင် လုံခြုံရေးအစီအစဉ် ချို့ယွင်းမှုကြောင့် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၄၅၀၀၊ ထို့ပြင် မြန်မာ ယူ-၁၉အသင်းနှင့် ဗီယက်နမ် ယူ-၁၉အသင်းတို့၏ ပွဲစဉ်တွင် ကွင်းအတွင်းရှိ ပရိသတ်များ၏ အပြုအမူကြောင့် ဒဏ်ငွေအမေရိကန်ဒေါ်လာ ၇၅၀၀၊ လုံခြုံရေးအစီအစဉ် အားနည်းချို့ယွင်းမှုကြောင့် ဒဏ်ငွေအမေရိကန်ဒေါ်လာ ၇၅၀၀၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၅၅၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခဲ့မှုများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာရှဘောလုံးအဖွဲ့ချုပ်ထံသို့ အယူခံဝင်ထားကြောင်း သိရသည်။

## အသက် ၁၃နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်း ဆွတ်ခူး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ 100 Plus မှ အဓိကကူညီပံ့ပိုးသည့် အသက် ၁၃နှစ်အောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအမျိုးသမီး ဘောလုံးပြိုင်ပွဲ (MFF U13 Girls 100 Plus Super Cup 2015)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးက ချန်ပီယံဆုကိုဆွတ်ခူးရရှိသွားကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲကို နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာကွင်း၌ ကျင်းပခဲ့သည်။အဆိုပါဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလားကို ကိုင်မြှောက်နိုင်ခဲ့သည်။

တတိယနေရာလုပွဲကို အဆိုပါနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့) အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ တတိယ ရရှိသွားခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ချန်ပီယံဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား ချန်ပီယံဆုဖလားနှင့် ဆုကြေးကျပ်သိန်း ၂၀၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအား ဆုကြေးကျပ် ၁၅ သိန်း၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား ကျပ် ၁၀သိန်းနှင့် စတုတ္ထရရှိသည့် ပဲခူးတိုင်းဒေသကြီး(အရှေ့) အသင်းအား ကျပ် ၅သိန်း အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ပြည်နယ်တိုင်းဒေသကြီးများမှ အခြေခံပညာအဆင့် အသင်း ပေါင်း ၁၈သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

လာမည့်နှစ်များတွင်လည်း အဆိုပါ ကစားသမားများ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယူ-၁၄ ပြိုင်ပွဲများကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲဝင် မြန်မာအမျိုးသမီးယူ–၂၁အသင်း နိုင်ပွဲနှစ်ပွဲဆက်တိုက်ရရှိ

ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ်များကို ဟိုချီမင်းမြို့တွင်ကျင်းပလျက်ရှိရာ မြန်မာအမျိုးသမီး ယူ-၂၁အသင်းသည် နှစ်ပွဲဆက်တိုက်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ပထမပွဲအဖြစ် နိုဝင်ဘာ ၄ရက်က မြန်မာအမျိုးသမီး ယူ-၂၁အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ဝင်းသိင်္ဂီထွန်းက ဟက်ထရစ် သွင်းယူပေးခဲ့ပြီး လှယဉ်ဝင်းက နှစ်ဂိုးနှင့် မေသူကျော်က တစ်ဂိုးသွင်းယူပေးခဲ့ကြောင်း သိရသည်။

ဒုတိယပွဲစဉ်အဖြစ် နိုဝင်ဘာ ၆ ရက်တွင် ဟောင်ကောင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ခင်မိုးမိုးထွန်းက တစ်ဂိုး၊ ဝင်းသိင်္ဂီထွန်းက နှစ်ဂိုး သွင်းယူပေးခဲ့ကြောင်းသိရသည်။

မြန်မာ အမျိုးသမီးအသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဇယားတိုင်၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာအမျိုးသမီးအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့ ဆက်လက်ယှဉ် ပြိုင်ရမည်ဖြစ်သည်။

အိမ်ရှင် ဟိုချီမင်းစီးတီးအသင်းသည်လည်း နှစ်ပွဲကစား နှစ်ပွဲနိုင်ခြောက်မှတ်ရရှိထားပြီး သွင်းဂိုးအများဆုံးဖြင့် ဇယားတိုင်၏ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

အဆိုပါပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ ဝင်းသိင်္ဂီထွန်းသည် သွင်းဂိုးပေါင်း ငါးဂိုးဖြင့် ဂိုးသွင်းအများဆုံးဖြင့် ရပ်တည်နေကြောင်း သိရသည်။

## တန်းဆင်းတိုက်ပွဲတွင် ကမ္ဘောဇအသင်းကို အနိုင်ယူပြီး ရခိုင်ယူနိုက်တက်အသင်း တန်းတင်ကျန်ရစ်

မြန်မာနေရှင်နယ်လိဂ်၏ နောက်ဆုံးရက်သတ္တပတ်ပွဲစဉ်တစ်ပွဲဖြစ်သည့် အပြင် ရခိုင်ယူနိုက်တက်၏ နောက်ဆုံးတန်းဆင်းဇုန်တိုက်ပွဲလည်း ဖြစ်သည့် ရခိုင်ယူနိုက်တက်နှင့် ကမ္ဘောဇအသင်းတို့၏ ပွဲစဉ်တွင် ရခိုင်ယူနိုက်တက်အသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူကာ တန်းဆင်းဇုန်တိုက်ပွဲမှ လွတ်မြောက်အောင် ရုန်းကန်နိုင်ခဲ့သည်။



မြန်မာနေရှင်နယ်လိဂ်(၁) ပွဲစဉ်တွင် တန်းတင်ကျန်ရစ်နိုင်ရေးအတွက် နိုင်ပွဲ ရယူရန်မဖြစ်မနေ လိုအပ်သည့် ရခိုင်ယူနိုက်တက်အသင်းသည် စုဖွဲ့မှုအားကောင်းစွာဖြင့် အသင်းကြီးတစ်သင်းဖြစ်သည့် ကမ္ဘောဇအသင်းကို ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို အောင်စိုးမိုး၊ ညီညီနိုင်နှင့် ပြေမိုးတို့ကသွင်းယူပေးခဲ့ကြပြီး ကမ္ဘောဇအသင်းအတွက် ဂိုးများကို အိုဘာဒင်နှင့် ဖိုလန်တို့က သွင်းယူပေးခဲ့သည်။

ရခိုင်ယူနိုက်တက် အသင်းသည် စုစုပေါင်း ၂၂ ပွဲကစားခဲ့ရာတွင် ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၃ ပွဲရှုံး၊ ရမှတ် ၂၁ မှတ်ဖြင့် အဆင့် ၁၀နေရာတွင်ရပ်တည်ခဲ့သည်။တန်းဆင်းဇုန်တွင် တည်ရှိနေသည့် နေပြည်တော်အသင်းသည် ဟံသာဝတီယူနိုက်တက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ၂၂ ပွဲကစား၊ လေးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၃ ပွဲရှုံး၊ ရမှတ် ၁၇မှတ်သာရရှိခဲ့ပြီး လိဂ်(၂) သို့ တန်းဆင်းသွားခဲ့ရသည်။

ထို့အတူ မနောမြေအသင်းကလည်း ရတနာပုံအသင်းကို သုံးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ၂၂ ပွဲကစား၊ ငါးပွဲနိုင်၊ လေးပွဲ သရေ၊ ၁၃ပွဲရှုံး၊ ရမှတ် ၁၉ မှတ်သာရရှိခဲ့ပြီး လိဂ်(၂)သို့တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။

## ယူနန်–အာဆီယံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဟံသာဝတီအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၌ နိုဝင်ဘာလ ၂၀ ရက်မှ ၃၀ ရက်အထိကျင်းပမည့် ယူနန်-အာဆီယံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယူနန်ပြည်နယ်သည် အာဖရိကန် ကစားသမားများအား ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခြင်း မပြုသဖြင့် ဟံသာဝတီယူနိုက်တက် အသင်းအနေဖြင့် အသင်းမှ နိုင်ငံခြားသားကစားသမားများဖြစ်သည့် အာဖရိကလူမျိုးဘောလုံးသမားများအား ခေါ်ယူသွားမည်မဟုတ်ကြောင်း သိရသည်။

“အဲဒီပြိုင်ပွဲကို မြန်မာနိုင်ငံက ကလပ်အသင်းတွေသွားရောက်ယှဉ်ပြိုင် ကစားရင်အသင်းနဲ့အတူပါလာတဲ့ အာဖရိကန်ကစားသမားတွေကို ဗီဇာမပေးပါဘူး။ ၂၀၁၃ ခုနှစ်က ကျွန်တော်တို့အသင်းသွားပြိုင်တုန်းကလည်း အာဖရိကန်ကစားသမားတွေကို ဗီဇာမပေးသလို ၂၀၁၄ခုနှစ်က ရတနာပုံအသင်း သွားပြိုင်တုန်းကလည်း ဗီဇာမပေးခဲ့ပါဘူး။ ဒါကြောင့် အခုပြိုင်ပွဲမှာ အာဖရိကန်ကစားသမားတွေကိုခေါ်သွားမှာမဟုတ်ပါဘူး”ဟု ဟံသာဝတီယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် တရုတ်ကလပ် အသင်းရှစ်သင်း၊ တောင်အာရှနှင့် အာဆီယံဒေသတွင်းနိုင်ငံများမှ ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။




# ဧပြီလ ၉ရက်နေ့တွင် ပက်ကွီအိုနှင့် ထိုးသတ်ရန် ကမ်းလှမ်းချက်များကို အေမာခန်းလက်မှတ်ရေးထိုး

ဗြိတိန်လက်ဝှေ့ကျော် အေမာခန်းသည် ၂၀၁၆ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုနှင့် ထိုးသတ်ရန် ကမ်းလှမ်းချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အေမာခန်းသည် ပက်ကွီအိုဘက်မှ ကမ်းလှမ်းချက်များကို သဘောတူညီကြောင်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ပက်ကွီအိုအနေဖြင့်လည်း အဆိုပါ ကမ်းလှမ်းချက်များအပေါ် ဆုံးဖြတ်ရန် သာလိုတော့ကြောင်း အဆိုပါလက်ဝှေ့ပွဲစီစဉ်သူ ဘော့အာရမ်က ပြောကြားခဲ့သည်။

ပွဲစီစဉ်သူ ဘော့အာရမ်သည် အေမာခန်းနှင့် ပက်ကွီအိုတို့၏ စိန်ခေါ်ထိုးသတ်ပွဲကို အမေရိကန်ပြည်ထောင်စုရှိ လာ့စ်ဗေးဂတ်မြို့၌ ဧပြီလ ၉ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီးဖြစ်သည်။ အဆိုပါ ထိုးသတ်ပွဲပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ကြောင်း ပက်ကွီအိုက ကြေညာခဲ့သည်။

ဘော့အာရမ်သည် အဆိုပါပွဲစဉ်ကို ဒီဇင်ဘာလတွင် ကျင်းပနိုင်ရန် စီစဉ်ထားခဲ့သော်လည်း ပက်ကွီအို၏ ပခုံးဒဏ်ရာကြောင့် ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ပက်ကွီအိုကလည်းအေမာခန်းနှင့် ထိုးသတ်မည့်ပွဲအတွက် အကြမ်းဖျဉ်း သဘောတူညီထားပြီးဖြစ်ကြောင်းကို ဘော့အာရမ်က ပြောကြားခဲ့သည်။

နောက်ဆုံး သဘောတူညီချက်များကို အေမာခန်းနှင့်ပက်ကွီအိုတို့ထိုးသတ်ပွဲမတိုင်မီ အမေရိကန်နိုင်ငံတွင် တွေ့ဆုံ၍ အပြီးသတ်ညှိနှိုင်းကြမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပက်ကွီအိုနှင့် အေမာခန်းတို့၏ ပွဲစဉ်သည် စိန်ခေါ်ထိုးသတ်ပွဲစဉ်တစ်ပွဲဖြစ်ရာ ထိုးသတ်ကြေး မြင့်မားသည့် စိန်ခေါ်ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ပြီး ယင်းပွဲကိုလည်း မေဝဲသားနှင့်ပက်ကွီအိုတို့၏ ပွဲစဉ်ကဲ့သို့ပင် တိုက်ရိုက်ကြည့်ရှုလက်ငင်းငွေချေစနစ်ဖြင့်ပင် ပြသရန် ညှိနှိုင်းလျက်ရှိကြောင်း ဘော့အာရမ်က ပြောကြားခဲ့သည်။

ယင်းစိန်ခေါ် ထိုးသတ်ပွဲအပြီးတွင် ပက်ကွီအိုသည် လက်ဝှေ့လောကမှ အနားယူပြီး နိုင်ငံရေးနယ်ပယ်တွင် ကျင်လည်တော့မည်ဖြစ်သည်။ ပက်ကွီအိုသည် ၂၀၁၆ ခုနှစ် ဖိလစ်ပိုင်ရွေးကောက်ပွဲတွင် အထက်လွှတ်တော်အမတ်အဖြစ် ဝင်ရောက်ရွေးကောက်ခံရန် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သိရသည်။

ရှုံးပွဲမရှိစံချိန်ရှင် မေဝဲသားက ၎င်းအနားယူပြီးသည့် နောက်တွင် ပက်ကွီအိုအား ကမ္ဘာ့လက်ဝှေ့လောကကို စိုးမိုးနိုင်မည့်သူအဖြစ် ခန့်မှန်းပေးခဲ့သည်။ သို့သော် ယခုပွဲစဉ်အပြီးတွင် ပက်ကွီအိုလည်း အနားယူတော့မည်ဖြစ်ရာ ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ပိုင်ရှင်မည်သူဖြစ်မည်ကို ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်စားလျက်ရှိသည်။

# ငွေညှစ်ရန် ကြိုးစားမှုဖြင့် ဘင်ဇီမားကို ဗာဆိုင်းရဲတပ်ဖွဲ့ကဖမ်းဆီး



ဗာဆိုင်းရဲတပ်ဖွဲ့သည် ရီးရဲလ်မက်ဒရစ်၏ ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူး ဘင်ဇီမားအား ငွေညှစ်ရန်ကြိုးစားမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဘင်ဇီမားသည် ၎င်း၏ကစားဖော်ဖြစ်သူ လိုင်ယွန်အသင်း၏ ပြင်သစ်ကွင်းလယ်ကစားသမား မက်သယူးဗယ်လ် ဗျူနာအားလိင်မှုဆိုင်ရာ တိတ်ခွေအတွက် ငွေညှစ်ရန်ကြိုးစားမှုတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဗာဆိုင်းရဲတပ်ဖွဲ့ကထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ ဘင်ဇီမားကလည်း အဆိုပါအမှုတွင် ပါဝင်ပတ်သက်နေကြောင်း ဖြောင့်ချက်ပေးခဲ့သဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါအမှုကို စစ်ဆေးသည့် အဖွဲ့တွင် ပါဝင်ခဲ့သည့် အစိုးရအဖွဲ့ရှေ့နေတစ်ဦးကမူ "ဘင်ဇီမားဟာဒီအမှုမှာ တိုက်ရိုက် ပါဝင်နေတာမျိုးတော့မဟုတ်ပါဘူး။ တစ်ဆင့်ခံပါဝင်နေတာမျိုးပါ။ ဗီဒီယိုတိတ်ခွေကို လက်ဝယ်ရှိတဲ့သူက ဘင်ဇီမားရဲ့ဆွေမျိုးတွေကို အသုံးချပြီး ဘင်ဇီမားကတစ်ဆင့် ငွေညှစ်ဖို့ ကြိုးစားခဲ့တာပါ။ ဘင်ဇီမားရဲ့ဆွေမျိုးတစ်ယောက်က ဘင်ဇီမားကို ဗယ်နာဗျူဆီ ဖုန်းဆက်ခိုင်းပြီး ငွေညှစ်ဖို့ ကြိုးစားခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

လိုင်ယွန် ကွင်းလယ်ကစားသမား ဗယ်နာဗျူသည် ၎င်းနှင့်အမျိုးသမီးတစ်ဦးတို့ လိင်ဆက်ဆံနေသည်ကို ခိုးယူရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းတစ်ခုအတွက် ငွေညှစ်ခံနေရခြင်းဖြစ်သည်။ အဆိုပါအမှုတွင် ဘင်ဇီမားပါဝင်ပတ်သက်နေကြောင်း သေချာပါက ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။



# ဒူးဒဏ်ရာပြဿနာနှင့် ဆီရီနာဝီလျံရင်ဆိုင်နေရ ယူအက်စ်အိုးပင်းပြိုင်ပွဲနှင့် လွဲချော်မည်ကို စိုးရိမ်နေ

အမေရိကန် တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည် ၎င်း၏ဒူးဒဏ်ရာကြောင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် လွဲချော်ရတော့မည်ဖြစ်ကြောင်း ၎င်း၏နည်းပြဖြစ်သူ ပြင်သစ်လူမျိုး ပက်ထရစ်က ပြောကြားခဲ့သည်။

ဆီရီနာ၏ ဒူးဒဏ်ရာသည် ရာဖေးနာဒယ်၏ ဒူးဒဏ်ရာနှင့်ဆင်တူကြောင်း၊ အဆိုပါဒူးဒဏ်ရာကြောင့် နှစ်လကြာ အနားယူပြီးနောက် လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိလာသည့် ဆီရီနာသည် အဆိုပါဒဏ်ရာကြောင့် အပေါ့စား လေ့ကျင့်ခန်းများကိုသာ ပြုလုပ်နိုင်သေးကြောင်းဖြင့် ပက်ထရစ်က ပြောကြားခဲ့သည်။

ဆီရီနာသည် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် WTA ဖိုင်နယ်ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခဲ့ခြင်းနှင့် ပတ်သက်၍ ဝေဖန်မှုများကို ခံခဲ့ရသော်လည်း ၎င်း၏နည်းပြကမူ ဆီရီနာ၏ဒူးဒဏ်ရာသည် ပြင်းထန်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ဆီရီနာသည် ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဘက်ကစားသမားတစ်ဦးဖြစ်သည့် ရော်ဘတ်တာဗင်ချီနှင့် ယှဉ်ပြိုင်နေစဉ် လဲကျခဲ့ပြီးနောက် ၎င်း၏ဒူးဒဏ်ရာဟောင်းအား ပြန်လည်ထိခိုက်မိခဲ့ခြင်းဖြစ်သည်။

# ရှစ်နှစ်ကြာလက်တွဲခဲ့သည့် ဖီးလ်မိုက်ကယ်လ်ဆန်နှင့် နည်းပြဘတ်ချ်ဟာမွန်းတို့ လမ်းခွဲကြပြီ



အမေရိကန် ဂေါက်သီးအကျော်အမော် တစ်ဦးဖြစ်သည့် ဖီးလ်မိုက်ကယ်လ်ဆန်သည် ၎င်းနှင့်ရှစ်နှစ်ကြာလက်တွဲခဲ့သည့် နည်းပြဖြစ်သူ ဘတ်ချ်ဟာမွန်းနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သိရသည်။

မိုက်ကယ်လ်ဆန်သည် ဘတ်ဟာမွန်းနှင့် လမ်းခွဲမည့်ကိစ္စကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက လာ့စ်ဗေးဂတ်စ်မြို့တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဟာမွန်းက ကျွန်တော့်ရဲ့တကယ့်ကို သမိုင်းတွင်စေမယ့် ဆရာတစ်ဦးပါ။ သူဟာ ကျွန်တော့်ကို ဂေါက်သီးသမိုင်းမှာ နာမည်တစ်လုံးကျန်နေရစ်အောင် ပြုလုပ်သင်ပြပေးခဲ့တဲ့ ဆရာတစ်ဦးပါ။ သူဟာကမ္ဘာပေါ်မှာ နာမည်ကျော် ဂေါက်သီးနည်းပြတစ်ဦးဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သူဟာ World Golf Hall of Fame တစ်ဦးပါ"ဟု ပြောကြားခဲ့သည်။

မိုက်ကယ်လ်ဆန်သည် ၂၀၁၀ ခုနှစ် မာစတာစီးရီးဂေါက်သီးပြိုင်ပွဲနှင့် ၂၀၁၃ခုနှစ် အိုးပင်းချန်ပီယံရှစ်ပြိုင်ပွဲများတွင် ဟာမွန်း၏ လေ့ကျင့်သင်ပြပေးမှုဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါလမ်းခွဲမှုနှင့်ပတ်သက်၍ ဘတ်ဟာမွန်းက မိုက်ကယ်လ်ဆန်နှင့် အတူတူတွဲပြီး ပြိုင်ပွဲများဝင်ရသည်မှာ အလွန်ပင်ပျော်ရွှင်မိပါကြောင်း၊ ၎င်းတို့ နှစ်ဦးပေါင်းစပ်၍ အောင်မြင်မှုများကို ရယူနိုင်ခဲ့ပါကြောင်း၊ မိုက်ကယ်လ်ဆန်နှင့်အတူနေခဲ့သည့် ရှစ်နှစ်တာကာလအတွင်း ၂၀၁၃ ခုနှစ်က ရခဲ့သည့်အိုးပင်းချန်ပီယံရှစ်ပြိုင်ပွဲသည် အမြင့်ဆုံးဆုပင်ဖြစ်ပါကြောင်း၊ မိုက်ကယ်လ်ဆန်အနေနှင့် တခြားသူများ၏ အကြံဉာဏ်များကို ရယူလိုပါကလည်း ယူနိုင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မိုက်ကယ်လ်ဆန်သည် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း Augusta National ၌ကျင်းပမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် အနိုင်ရရှိရန်အတွက် နည်းပြဖြစ်သူ ဘတ်ဟာမွန်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် သူသည် ၂၀၁၆ ခုနှစ်အတွင်း ကျင်းပမည့် Tour Championship ပြိုင်ပွဲများတွင်လည်း အနိုင်ရရှိရန်အတွက် နည်းပြသစ်တစ်ဦးကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

Vol: 15, No.43 Monday November 9 2015

# အဖူး၊ အငုံနဲ့ သီးကင်းကလေးများ အကြွေမစောကြရအောင်



မောင်မောင်အေး (လှိုင်ကော်)

အရင်တစ်ပတ်မှာ တင်ပြခဲ့သလို ခုခေတ်လူငယ်စာရေး ဆရာများထံမှလည်း မှတ်သားစရာတွေရှိသလို ငယ်ငယ်ကဖတ်ခဲ့စွဲလမ်းခဲ့ရတဲ့ စာရေးဆရာကြီးများထံမှလည်း မှတ်သားစရာတွေအပြင်လက်တွေ့ အသုံးချ ခဲ့မိတာတွေကိုလည်း သတိရမိသေးတယ်။

ငယ်ငယ်ကနွေကျောင်းပိတ်ရင် အစ်ကိုတွေ၊ အစ်မတွေ၊ ဦးလေးတွေအဒေါ်တွေရဲ့ စာအုပ်၊ ဘီရိုသေတ္တာတွေလှန်လှောမွှေနှောက်ပြီး စားချိန်မသိ၊ သောက်ချိန်မသိ ဖတ်ရှုဖြစ်ခဲ့တယ်။အကြိုက်ဆုံးတွေထဲက တစ်ဦးကဆရာမောင်သာရပေ့ါ။ဝတ္ထုနာမည်အပေးကလည်းကောင်း၊ အရေးအသားကလည်း တိုတိုပြတ်ပြတ်၊ ဘေးနားထိုင်ပြီး နှုတ်တိုက်စကားလာပြောနေသလိုပဲ။'မျိုးမမပကာသနီ'တို့၊ 'ညှာရွေတစ်ခက် ကြွေရက်ကယ်စော' ဆိုတာတွေဟာ ကိုယ့်ဆရာတွေပေ့ါ၊ဘယ်လိုဆရာတုံးဆိုတော့ ဆရာမောင်သာရရဲ့စကားလုံးအသုံးအနှုန်းတွေ ကနုလွန်း၊လှလွန်းတော့ ရည်းစားစာတွေထဲ ကူးချမိတာပေ့ါ။ ခွင့်လွှတ်တော်မူပါဆရာရယ်။ခုလည်း 'ညှာရွေတစ်ခက် ကြွေရက်ကယ်စော'ကို ယူပြီး သုံးခွင့်ပြုပါဆရာ။

ကျောင်းသားအရွယ် ကလေးငယ်လေးတွေ မူလတန်း၊အလယ်တန်းနဲ့ အထက်တန်းကျောင်းသူ ကျောင်းသားများကို အဓိကထားပြီး ပြောလိုပါတယ်။သူတို့တစ်တွေဟာ နိုင်ငံတော်က အဓိကအားထားနေရတဲ့ မျိုးဆက်သစ်တွေပါ။အရိပ်တကြည့်ကြည့်နဲ့ ဘက်စုံကဏ္ဍစုံတိုးတက်အောင် ပြုစုပျိုးထောင်ပေးနေကြပါတယ်။ တာဝန်ရှိတဲ့နိုင်ငံတော်အကြီးအကဲလူကြီးသူမများက ဘက်ပေါင်းစုံက စောင့်ရှောက်ကြပ်မတ်ပေးနေကြသလို မိမိကိုယ်မိမိလည်း အတ္တာဟိ အတ္တနော နာထော ဆိုသလို ကာကွယ်စောင့်ရှောက်ပေးနေကြပါ၊ နေထိုင်၊ စားသောက်တဲ့စနစ်၊ပုံစံကလေးများသတိရှိကြပါစေ၊ စည်းရှိကြပါစေ၊ ကျွန်တော်တို့ လူကြီးပိုင်းများကလည်း သူတို့တစ်တွေ လမ်းမှား၊ စိတ်ကူးမှား၊ အတွေးအခေါ်မှား၊ ဆုံးဖြတ်ချက်မှားတွေမဖြစ်ရအောင် ကောင်းမွန် သင့်မြတ်တဲ့ ပတ်ဝန်းကျင်ကောင်းကလေးတွေ ဖန်တီးပေးကြရမှာ ကျွန်တော်တို့ရဲ့တာဝန်ပါ။

သူတို့တွေအတွက် အစားအသောက်ကိစ္စကိုပြောလိုပါတယ်။ အိမ်မှာကတော့ မိဘကိုယ်စီက ပူပူနွေးနွေး ချက်ပြုတ်ကျွေးလိုက်လို့ ကိစ္စမရှိပေမယ့် ကိုယ့်သားသမီးကျောင်းမှာ မျက်နှာမငယ်ရအောင် ကိုယ့်အင်အားအလိုက် မုန့်ဖိုးဆိုတာကလေးတွေ ကိုယ်စီပေးလိုက်ကြပါတယ်။သူများသားသမီးတွေကျောင်းမုန့်ဈေးတန်းမှာ ဝယ်ကြ၊ စားကြပြီဆိုရင် ကိုယ့်ကလေးမှာဝယ်စားစရာ မုန့်ဖိုးကလေးမှမပါရင် ပါးစပ်အဟောင်းသားနဲ့ မျက်နှာငယ်မှာစိုးတာ တစ်ဦးမကျန်မိဘများရဲ့ ရင်ထဲကစေတနာ သဒ္ဓါတရားပါ။ကဲ. . ဒါဆိုရင်ကျောင်းသူကျောင်းသားတိုင်းလိုလိုရဲ့ လက်ထဲမှာ ကျောင်းမုန့်ဈေးတန်းမှာ ဝယ်စားစရာ မုန့်ဖိုးကိုယ်စီပါတယ်ဆိုတာသိရပါပြီ။

ကဲ. . ကျောင်းမုန့်ဈေးတန်း ဈေးရောင်းသူများအနေနဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ခေါင်းဆောင်လောင်းလျာ ကလေးများကို ဘယ်လိုပုံစံအနေအထားနဲ့ မုန့်တွေပြင်ဆင်ထားသိုပြုပြင်ပြီး ရောင်းကြမလဲ။သားသမီးချင်း ကိုယ်ချင်းစာလွန်းလို့ မှတ်မိသမျှ၊ ဖတ်မိသမျှတွေကို တစ်ဆင့်ဖောက်သည်ချစမ်းပါရစေ။

ကျောင်းစားသောက်ဆိုင်နေရာ အခင်းအကျင်းကို အရင်ကြည့်ရအောင်၊ကျောင်းစားသောက်ဆိုင် နေရာဟာ လေကောင်းလေသန့်ကောင်းမွန်စွာရရှိပြီး ရေဝပ်တဲ့နေရာမျိုးမဖြစ်စေရပါ။ ကျောင်းအိမ်သာများနဲ့လည်း မနီးစေရပါ။သန့်ရှင်းမှုရရှိပြီး အလွယ်တကူဆေးကြောသန့်စင်နိုင်ရပါမယ်။စားပွဲ၊ကုလားထိုင်၊ ပန်းကန်ခွက်ယောက်၊ အစားအစာတွေကို သန့်ရှင်းစွာထားရှိရပါမယ်။ စားပွဲဆိုရင်အနည်းဆုံး ပလတ်စတစ်စားပွဲခင်းနဲ့ ခင်းထားရန် လိုပါတယ်။

ရောင်းချတဲ့အစားအစာတွေကို လုံခြုံစွာ ဖုံးအုပ်ထားပြီး ယင်၊ဖုံ၊အညစ်အကြေးနဲ့ အခြားအမှိုက်သရိုက်များ မဝင်နိုင်အောင် ကာကွယ်တားဆီးထားရမှာ ဖြစ်ပါတယ်။ ပလတ်စတစ်အိတ်၊ ဇာ၊ အုပ်ဆောင်းတို့နဲ့ ရောင်းချရန်သင့်တော်သော်လည်း တံခါးပါမှန်လုံအိမ်နဲ့ ရောင်းချနိုင်ရင် ပိုကောင်းပါတယ်။

ပန်းကန်ခွက်ယောက်စတဲ့ အသုံးအဆောင်တွေကလည်းအထူးသန့်ရှင်းရပါမယ်။မယ်လမင်း၊ ကော်၊ ပလတ်စတစ်နဲ့ ဖော့ဗူးတွေကို မသုံးဘဲ ဖန် ၊ကြွေ၊စတီးတွေကိုသာ အသုံးပြုသင့်ပါတယ်။အက်ကွဲနေမှုလည်း မရှိရပါ။ အိုးခွက်ပန်းကန်သန့်စင်ဆေးကြောတဲ့ ရေကိုလည်း ဖောဖောသီသီသုံးနိုင်ရပါမယ်။ ရေကိုမကြာခဏ လဲလှယ်ပေးရန် လိုပါတယ်။သုံးရေအပြင် သောက်ရေကလည်း ကျန်းမာရေးနဲ့ ညီညွတ်ရပါမယ်။ရေသန့်ဘူးများမှာသတ်မှတ်တဲ့ အရည်အသွေးများနဲ့ ပြည့်စုံရမှာဖြစ်ပြီး ရေခဲအသုံးပြုမည်ဆိုပါက ရေသန့်ရေခဲများသာ ဖြစ်သင့်ပါတယ်။စားကြွင်းစားကျန်နဲ့ အစားအသောက်ထုပ်ပိုးပစ္စည်း ပလတ်စတစ်အိတ်ခွံ၊ ဖက်ရွက်၊ ဘူးခွံစတဲ့ အမှိုက်တွေကိုလည်း အဖုံးပါတဲ့ အမှိုက်ပုံးမှာ သေချာစွာ စွန့်ပစ်ရမှာဖြစ်ပါတယ်။

ကျောင်းဈေးရောင်းချသူများဟာလည်း တစ်ကိုယ်ရေသန့်ရှင်းမှုကောင်းမွန်ရပါမယ်။သန့်ရှင်းတဲ့ အဝတ်အစားများကို ဝတ်ဆင်ပြီး ခြေသည်းလက်သည်း၊ဆံပင်၊ဝဲနာ၊ယားနာ၊ ဆီး၊ဝမ်း၊သန်ကောင်၊ သွေးသလိပ်၊ကူးစက်ရောဂါများရှိမရှိ စတာတွေစစ်ဆေးထားရပါမယ်။ မုန့်များကို တစ်ခါသုံးလက်အိတ်၊ တူ၊ ညှပ်ဇွန်းတို့နဲ့ပဲ ကိုင်တွယ်သင့်ပါတယ်။ဒါတွေကတော့ ကျောင်းမုန့်ဈေးတန်းနဲ့ ပတ်ဝန်းကျင်မှာရှိသင့်ရှိထိုက်၊ပြုလုပ်သင့်ပြုလုပ်ထိုက်တာတွေဖြစ်ပါတယ်။

ဒီပတ်ဝန်းကျင် အခင်းအကျင်းတွေ ပြည့်စုံပြီဆိုရင်တော့ ကလေးတွေကို ရောင်းချမယ့် အစားအစာများအကြောင်းဖြစ်ပါတယ်။ ချက်ပြုတ်ကြော်လှော်ရောင်းချရတဲ့ ပူပူနွေးနွေးနဲ့ သန့်ရှင်းလတ်ဆတ်မှု ရှိရမှာဖြစ်ပြီး ယခုခေတ်က Ready made ခေတ်ဆိုတော့ အသင့်အစား အစာတွေကလည်း တွင်ကျယ်လှပါတယ်။ ကျွန်တော်တို့ပြောနေကျအတိုင်းပြောရရင် အချိုလွန်ကဲတဲ့အစာများမရောင်းချရ၊ မလတ်ဆတ်သော၊ မသန့်ရှင်းသော အစားအစာများ မရောင်းချရ၊ အမှည့်လွန်သော ယင်နားစာများ မရောင်းချရ၊ထုပ်ပိုးမှုပျက်စီးပြီး မှိုတက်နေတဲ့ အစားအစာများ မရောင်းချရ၊ တံဆိပ်မပါသော မုန့်များ၊ ကုန်ဆုံးရက်ဖော်ပြမထားတဲ့ အစာများမရောင်းရ၊ သစ်သီးဝလံများကိုလည်း ဆားရေနဲ့ စနစ်တကျ ဆေးကြောရောင်းချရမှာဖြစ်ပြီး တာရှည်ခံပစ္စည်းများပါတဲ့အစား အစာများ ရောင်းချခြင်းမပြုလုပ်ရစသည်ဖြင့် တားမြစ်ထားရမှာဖြစ် ပါတယ်။

အထက်မှာဖော်ပြထားတဲ့ အကြောင်းအချက်များဆောင်ရန်၊ ရှောင်ရန်များကိုလည်း လိုက်နာမှု ရှိမရှိကျောင်းကျန်းမာရေးဌာနနဲ့ ဆရာ၊ ဆရာမများက အနီးကပ်နေ့စဉ်ကြပ်မတ် ထိန်းကွပ် ပေးရမှာ ဖြစ်ပါတယ်။

ဒီစည်းကမ်းတွေကို ပေ့ါပေ့ါလျော့လျော့ဆောင်ရွက်မိရင်ဘာဖြစ်မလဲ။ဆရာမောင်သာရရဲ့ ဝတ္ထုခေါင်းစဉ်ကိုငှားသုံးရရင် 'ညှာရွေတစ်ခက်ကြွေရက်ကယ်စော' ကြပါလိမ့်မယ်။ လုံးဝကြွေမသွားရင်လည်း သစ်ပင်များ သင်းသပ်ထားသလို ကြီးထွားသန်မာမှုမရှိတော့ဘဲ 'ရှင်လျက်သေဘဝ'များနဲ့ 'မတ်တတ်ခြောက်' ဘဝများမှာ ရှင်သန်သွားကြပါလိမ့်မယ်။

ဒီကလေးတွေရဲ့ အနာဂတ်ဟာ နိုင်ငံတော်ရဲ့ အနာဂတ်ပါပဲ။ သူတို့တစ်တွေဟာ ကျန်းကျန်းမာမာ ကြံ့ကြံ့ခိုင်ခိုင်နဲ့ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးစွာ ကြီးထွားပါမှ နိုင်ငံတော်ရဲ့အနာဂတ်ဟာ သာယာလှပမှာပါ။ဒ့ါကြောင့် အနာဂတ်မှာ လှပစွာ ပွင့်လန်းကြမယ့် အဖူးအငုံကလေးများအကြွေမစောကြရအောင် ကျောင်းမုန့် ဈေးတန်းများက အစ ပတ်ဝန်းကျင်ကောင်းများ၊အခင်းအကျင်းကောင်းများ ပြုပြင်ဖန်တီးပေးကြရမှာ အသက် အရွယ်ရနေတဲ့ကျွန်တော်တို့အားလုံးရဲ့ တာဝန်ပဲမဟုတ်ပါလားခင်ဗျာ။

## ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ဦးစီးမှူးရုံးတွင် ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးသင်တန်း (Mobile Training) ဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)အတွင်းရှိ ဝန်ထမ်းများအား ဌာနတွင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ ကုန်သွယ်မှုဆိုင်ရာ အသိပညာနှင့် ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှု နှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံးတွင် ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (Mobile Training) ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့ထိ (၃)ရက်တိုင် ဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သင်တန်း ဖွင့်ပွဲကို နိုဝင်ဘာလ ၂ ရက်နံနက်က ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးချုပ် ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နောမူတာကပေါက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက ကျေးဇူးတင်နှုတ်ဆက်စကား ပြောကြားကာ သင်တန်းဖွင့်လှစ်ပေးခဲ့ပါတယ်။

သင်တန်း ပထမနေ့တွင် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲဆိုင်ရာ အကြောင်းအရာများ MyanTrade PROJECT အကြောင်း သိကောင်းစရာများ၊ Quality Management (CTQM), SMEs Development စီမံကိန်းရေးဆွဲခြင်းနှင့် စာရင်းဇယားများပြုစုရေးဆွဲခြင်းဘာသာရပ်၊ ထုတ်ကုန်လုံခြုံမှုဆိုင်ရာအကြောင်း သိကောင်းစရာများ၊ ဒုတိယနေ့တွင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများ (ITC) ကတ်ဖြင့် ပို့ကုန်သွင်းကုန်ဆောင်ရွက်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း နှင့် ကုန်သွယ်မှု ဆိုင်ရာဖြေလျှော့မှုများ၊ ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေများအကြောင်း၊ တတိယနေ့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာများအကြောင်း စသည့် ဘာသာရပ်များအား ရုံးချုပ်မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများကအသီးသီးပို့ချ ဆွေးနွေးခဲ့ကြပါတယ်။

သင်တန်းနောက်ဆုံးနေ့တွင် Brain Stronging Season(Group Presentation) အားအဖွဲ့လေးဖွဲ့ဖြင့် ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့ကြရာ ပို့ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရေး မြန်မာ့ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး (SMEs) ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းများစသည်ဖြင့် ခေါင်းစဉ်လေးမျိုးဖြင့် တင်ပြဆွေးနွေးကြပြီး သိလိုသည်များ အပြန်အလှန် ဆွေးနွေးခြင်း၊ သင်တန်းနည်းပြများမှတစ်ဆင့် ဖြည့်စွက်ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ပါတယ်။ သင်တန်းသို့ သာယာဝတီခရိုင် နှင့် ပြည် ခရိုင်တို့မှ အရာထမ်း အမှုထမ်း သင်တန်းသား/သူ ၇၁ ဦးတက်ရောက်ခဲ့ကြပါတယ်။

ခင်ဆွေဝင်း-ပြည်

# သန်လျင်၊ ကျောက်တန်းမြို့နယ်များမှာပဲတီစိမ်းစိုက် တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်ဆိုင်ရာ အသိပညာပေးသင်တန်းပို့ချ



အီးယူနိုင်ငံများသို့ ပဲပင်ပေါက်ပြုလုပ်ရန် (Bean Sprouting) အတွက် မြန်မာ့ပဲတီစိမ်းများတိုးတက်တင်ပို့နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး)၊ စိုက်ပျိုးရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) နှင့်ပဲတီစိမ်းတင်ပို့မည့်ကုမ္ပဏီများပူးပေါင်း၍ ပဲတီစိမ်းစိုက်တောင်သူများသို့ ကောင်းမွန်သောစိုက်ပျိုးရေးနည်းစဉ် (GAP) နဲ့ သန့်ရှင်းသောစိုက်ပျိုးရေးအလေ့အကျင့် ( GHP) ဆိုင်ရာ အသိပညာပေးသင်တန်းများကို အောက်တိုဘာ ၂၉ ရက်မှာ ကျောက်တန်းမြို့နယ် ချောင်းစောက်ကျေးရွာမှာ ပဲတီစိမ်းစိုက်တောင်သူ ၈၆ ဦးအားလည်းကောင်း၊ အောက်တိုဘာလ ၃၀ ရက်မှာ သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာမှာ ပဲတီစိမ်းစိုက်တောင်သူ ၇၅ ဦးတို့အား လည်းကောင်း သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း သိရှိပါတယ်။

အဆိုပါသင်တန်းကို နိုဝင်ဘာလအတွင်းမှာ ပဲတီစိမ်းစိုက်ပျိုးရာဒေသများဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နဲ့ခရမ်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ သနပ္ပင်မြို့နယ်များသို့လည်း သွားရောက်ပြီး သင်တန်းများ ဆက်လက်ပို့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။

**အောင်မြင့်-သန်လျင်**

# ဧရာဝတီတိုင်းဒေသကြီးမှာ ပို့ကုန်ဈေးကွက် ကဏန်းများစနစ်တကျ မွေးမြူထုတ်လုပ်ပြီး နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိဒီရေတော၊ ပင်လယ်ကမ်းခြေနဲ့ နီးစပ်မှုရှိတဲ့ လပွတ္တာမြို့နယ် ရေချိုရေငံစပ်များမှာပေါက်ပွားသော ရွှံ့ကဏန်း (ဒီရေတောကဏန်း) များမှာ အရွယ်အစားကြီးမားပြီး နိုင်ငံခြားဈေးကွက်ဝင်သောကြောင့် လပွတ္တာမြို့နယ်အတွင်းရှိ ကျောက်ဖြူကျေးရွာ၊ သယ်န်းကြီးကျေးရွာ၊ မိချောင်းအိုင် ကျေးရွာနဲ့ ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ကဏန်းများကို စနစ်တကျမွေးမြူ၍ နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။

ကဏန်းများမွေးမြူရာတွင် တစ်ဧကမှ လေးဧကအထိကျယ်ဝန်းသောကန်များမှာ မွေးမြူပြီး သဘာဝအလျောက် မွေးမြူတဲ့စနစ်ဖြစ်တဲ့အတွက် မြစ်ချောင်းများမှ ရေငံများထည့်သွင်းရန် ရေလွှယ်မြောင်းများထားရှိပြီး၊ ရေစတင်ဝင်သောနေရာမှာ ရေလှောင်ကန်၊ ရေစစ်ကန်ထားရှိပြီး မွေးကန်ရဲ့ရေအနက် ၄ပေ ၅ လက်မခန့် သဘာဝ ရေငံထည့်သွင်းပြီး မွေးကန်အတွင်း ရေသန့်ရှင်းမှုရှိ၊ မရှိ စစ်ဆေးပြီးရေသန့်မှသာ ကဏန်းပျော့မွေးမြူခြင်းကိုစတင်နိုင်မှာဖြစ်ကြောင်း၊ အဝယ်ဒိုင်မှ ဝယ်ယူထားသော ရွှံ့ကဏန်းများကိုမျိုးအဖြစ် ပြန်လည်ဝယ်ယူပြီးတစ်ဆင့်မွေးမြူခြင်းဖြစ်ကြောင်း၊ ရေ၊ သယံဇာတများ ထိန်းသိမ်းနိုင်ရန်နှင့် ကဏန်းများစဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် ကဏန်းပျော့မွေးမြူကန်များနှင့် ကဏန်းအဝယ်ဒိုင်များပူးပေါင်းပြီး တစ်လတစ်ကြိမ် ကဏန်းမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို လစဉ်ဆောင်ရွက်ပြီး ကဏန်းအရွယ်အစားစုံ ၃၀၀ ကီလိုဂရမ်မှ ၇၀၀ ကီလိုဂရမ်အထိ ကဏန်းမများကို ကပ္ပလီပင်လယ်ဝ၊ ရွှေမြစ်ဝများတွင် ပြန်လည်လွှတ်ပေးခဲ့ပြီး ပင်လယ်ဝတွင် မျိုးချရာ ပိုမိုအောင်မြင်မှုရှိကြောင်း သိရပါတယ်။

ကဏန်းပျော့ မွေးမြူရာမှာ ကျွေးမွေးတဲ့အစာ ကောင်းမွန်ပါကထည့်သွင်းတဲ့အလေးချိန်ထက် ၁၀ ကီလိုဂရမ်မှ ၄၀ကီလိုဂရမ်ထိ ပြန်လည်ရရှိနိုင်ကြောင်း၊ မွေးကန်မှရရှိတဲ့ကဏန်းပျော့များကို အအေးခန်းစက်ရုံသို့မပို့မီ ဇလုံထဲမှာ ရေချိုစိမ်ထားရပြီး ပလတ်စတစ်ဗန်းများမှာထည့်လို့ ရေစိုအဝတ်ဖုံးကာ စနစ်တကျစီထပ် ပြီး မွေးကန်မှ စက်ရုံသို့တင်ပို့ရကြောင်း၊ ပြည်ပနိုင်ငံများသို့တင်ပို့ရန် အရွယ်ညီ ကဏန်းပျော့များအား နိုင်ငံခြားမှတင်သွင်းထားသော အဖုံးပါစက္ကူဘူးများနဲ့ ထုပ်ပိုးရပြီး၊ အလေးချိန်အားဖြင့် ၁ ကီလိုဂရမ်မှ ၁ဒသမ၅ကီလိုဂရမ်အထိရှိကြောင်း၊ စက်ရုံမှတစ်ဆင့်ရန်ကုန်သို့ အအေးခန်းကားနဲ့တင်ပို့လျက်ရှိပြီး၊ ရန်ကုန်မှတစ်ဆင့် အအေးခန်းပါသော ကုန်သေတ္တာများနဲ့ ဂျပန်၊ ဥရောပ၊ အမေရိကန်၊ စင်္ကာပူ၊ မလေးရှားနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တ င်ပို့လျက်ရှိကြောင်း၊ လပွတ္တာမြို့နယ်မှ တစ်လကို ကဏန်းပျော့ တန် ၃၀ အနည်းဆုံး ထုတ်လုပ်တင်ပို့လျက်ရှိပြီး၊ ကဏန်းပျော့ ထုတ်လုပ်ခြင်းကို နှစ်စဉ်တိုးချဲ့လျက် မိမိမှာရှိတဲ့ အရင်းအနှီးနဲ့ တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းလည်းဖြစ်သလို၊ မွေးမြူရေးကန်များနဲ့ စီးပွားဖြစ်ကဏန်းများ ထုတ်လုပ်သောလုပ်ငန်းမှာ ပြည်ပသို့တန်ဖိုးမြှင့်ထုတ်ကုန် တင်ပို့နိုင်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ဒေသတွင်းစီးပွားရေး လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်းသိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ဧရာဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI )၏ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းပိုင်ကုမ္ပဏီဖြစ်ပေါ်စေရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်



ဧရာဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ၏ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းပိုင် ကုမ္ပဏီဖြစ်ပေါ်စေရေး ညှိနှိုင်းဆွေးနွေးပွဲကို ပုသိမ်မြို့၊ ပုသိမ်ဟိုတယ် အစည်းအဝေးခန်းမတွင် အောက်တိုဘာလ ၂၉ ရက်၊ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ (ARCCI ) အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းအစည်းအဝေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းများအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး၊ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ARCCI အသင်းပိုင် ကုမ္ပဏီဖြစ်ပေါ်လာရေးနှင့် ကုမ္ပဏီအမည်ပေးရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

အသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းက အသင်းအဖွဲ့စည်းမျဉ်း၊ အသင်းအဖွဲ့မှတ်တမ်းများအား ဖတ်ကြား၍ တက်ရောက်လာသော အသင်းသားများက လိုအပ်သည်များကို ဆွေးနွေးပြောကြားပြီး၊ အသင်းသားများ၏ တင်ပြချက်များကိုလည်း ညှိနှိုင်းကာ အသင်း၏ ဖွဲ့စည်းပုံမှတ်တမ်းကို အတည်ပြုပေးခဲ့ပြီး အသင်း၏ ယာယီ ရုံးခန်းငှားရမ်းခဲ့မှုနှင့် ရုံးခန်းအခြေအနေတို့ကို သတင်းပြန်ကြားရေးကော်မတီအတွင်းရေးမှူး ဦးထွန်းဇံဖြိုးက တင်ပြဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးရဲဒင်က အသင်းအတွက် အသုံးပြုခဲ့သည့် ငွေစာရင်းများနှင့် ရှေ့လုပ်ငန်းစဉ်များတွင် သုံးစွဲရန်လိုအပ်သည့် ရသုံးငွေခန့်မှန်းစာရင်းများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဗဟိုအလုပ်အမှုဆောင်၊ အမှုဆောင်တို့မှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့ကုန်သွယ်မှုနဲ့ ငြိမ်းချမ်းရေးမြှင့်တင်ဖို့ သဘောတူ

ဂျပန်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ ရဲ့ ဆက်ဆံရေးမပြေလည်တဲ့ လက္ခဏာတွေ ပြသနေချိန်မှာ ဂျပန်နိုင်ငံရဲ့ အတိတ်နဲ့ပတ်သက်တဲ့ တင်းမာမှုတွေ သက်သာစေဖို့အတွက် သုံးနှစ်ခွဲခန့် ပြတ်တောက်ခဲ့ရတဲ့ နှစ်စဉ်ကျင်းပမြဲ သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲတွေကို နိုဝင်ဘာ ၁ ရက်နေ့မှာ ပြန်လည်စတင်ခဲ့ကြောင်း တူဒေးအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများနဲ့ စစ်ကာလအတွင်း တစ်ဦးနဲ့တစ်ဦး အမြင်အမျိုးမျိုးကွဲပြားနေပေမယ့် သုံးနိုင်ငံက အနာဂတ်ကာလကို ပူးပေါင်းချိတက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ ကတိပြုခဲ့ကြကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွင်ဟီးက ထိပ်သီးဆွေးနွေးပွဲမှာ ပြောပါတယ်။

ကမ္ဘာ့စီးပွားရေးရဲ့ ၂၀ ရာခိုင်နှုန်းပါဝင်နေပြီး တခြားနယ်ပယ်များမှာလည်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ဖို့အတွက် သုံးနိုင်ငံ အပြန်အလှန်လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုတွေကို အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်ဖို့ အစည်းအဝေးမှာ သဘောတူညီခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ တရုတ်ဝန်ကြီးချုပ် လီကဲ့ချန်းတို့ဆိုးလ်မြို့မှာ ကျင်းပတဲ့ အစည်းအဝေးအပြီး ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စပတ်က ပြောပါတယ်။

"အရှေ့မြောက်အာရှဒေသရဲ့ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောမှုအတွက် အရေးပါတဲ့မူဘောင်ဖြစ်တဲ့ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုစနစ် ပြန်လည်ရှင်သန် လာတာက ထူးခြားတဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

စီးပွားရေးဆိုင်ရာ သဘောတူညီချက်အပြင် သုံးနိုင်ငံတို့က နျူကလီးယား လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ လူငယ်လူရွယ်ဖလှယ်ရေး စတဲ့ နယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ သဘောတူခဲ့ကြတယ်လို့ ဆိုပါတယ်။



# ဒိုဟာ ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ဖို့ နိုင်ရိုဘီ WTO ဆွေးနွေးပွဲမှာ နည်းလမ်းရှာမည်

ဒိုဟာဖွံ့ဖြိုးရေးအစီအစဉ် (Doha Development Agenda - DDA) ရဲ့ လက်ကျန်ပြဿနာများအားလုံး ဖြေရှင်းနိုင်အောင် စေ့စပ်ညှိနှိုင်းပါမယ်ဆိုတဲ့ ကတိကဝတ်ကို နိုင်ရိုဘီဝန်ကြီးအဖွဲ့ရဲ့ ကြေညာချက်မှာ ဆက်လက်အတည်ပြုပေးဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများက နှိုးဆော်တိုက်တွန်းကြောင်း အဖွဲ့ဝင်သုံးဦးပါဝင်တဲ့ ဆွေးနွေးပွဲဖြစ်မြောက်ရေး အထောက်အကူပြုအဖွဲ့ရဲ့ အောက်တိုဘာ ၂၉ ရက် နေ့က ပြောကြားချက်ကို ကိုးကားပြီး Livemint ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ဒိုဟာဆွေးနွေးပွဲအစီအစဉ်ကို ရပ်ဆိုင်းမည်ဆိုပါက ဒီဇင်ဘာ ၂၅ ရက်နေ့မှာ စတင်ကျင်းပမယ့် နိုင်ရိုဘီဆွေးနွေးပွဲမှာ ပွင့်ပွင့်လင်းလင်း ကြေညာမယ်ဆိုရင်လည်း ပိုမိုသဘောကျကြောင်း ကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။

နိုင်ရိုဘီဆွေးနွေးပွဲမှာ ဒိုဟာအစီအစဉ်ကို ရပ် တန့်ပေးလိုတဲ့ ကိုယ်စားလှယ်က အမေရိကန်ပြည်ထောင်စုကိုယ်စားလှယ်ဖြစ်ကြောင်း အမည်မဖော်လိုသူ ကုန်သွယ်ရေးသံတမန်အများစုက ပြောပါတယ်။

ဆွေးနွေးပွဲဖြစ်မြောက်ရေး အထောက်အကူပြု အဖွဲ့ရဲ့အဆိုအရ ကျန်ရှိနေသေးတဲ့ ဒိုဟာအစီအစဉ် ပြဿနာတွေကို ဆက်လက်စေ့စပ်ညှိနှိုင်းဖို့ နိုင်ငံအများအပြားက သဘောတူကြပေမယ့် ဒိုဟာအစီအစဉ်က ဆောင်ရွက်ခဲ့တဲ့ တိုးတက်မှုတွေကို ထိခိုက်မယ့် ကြေညာချက်မျိုးကို လက်ခံမှာမဟုတ်ဘူးလို့ ပြောပါတယ်။ ဝန်ကြီးအဆင့် ဆွေးနွေးပွဲကြေညာချက်အတွက် အခြေခံအချက်တွေကို ပြင်ဆင်ဖို့ WTO ညွှန်ကြားရေးမှူးချုပ် ရော ဘတ်တိုအဇယ်ဗယ်ဒိုက ဆွေးနွေးပွဲဖြစ်မြောက်ရေးအဖွဲ့ကို အဖွဲ့ဝင်သုံးဦးနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဖွဲ့ဝင်သုံးဦးမှာ ကိုလံဘီယာသံအမတ် ဂါဘရီယယ်ဒူဟေး၊ ကင်ညာသံအမတ် စတီဘင်ကာဂိုနဲ့ နော်ဝေသံအမတ် ဟာရယ်နက်ပယ်တို့ဖြစ်ပါတယ်။

အထောက်အကူပြုအဖွဲ့က မေးခွန်းသုံးခုကို ဆွေးနွေးညှိနှိုင်းဖို့အတွက် ညှိနှိုင်းပွဲကို ကျင်းပရာ နိုင်ငံပေါင်း ၅၇ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပါတယ်။ အထောက် အကူပြုအဖွဲ့က နိုင်ရိုဘီဝန်ကြီး အဆင့်ကြေညာချက်ရဲ့ 'ဖွဲ့စည်းတည်ဆောက်ပုံ'၊ 'ကြေညာချက်မှာပါဝင်တဲ့ အခြေခံအချက်တွေ'နဲ့ အားလုံးက လက်ခံတဲ့ ကြေညာချက်အဖြစ် ထုတ်ပြန်နိုင်ဖို့အတွက် ဆောင်ရွက်ရမယ့် 'လုပ်ငန်းစဉ်'တွေနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို မေးမြန်းခဲ့ပါတယ်။

# စားနပ်ရိက္ခာလုံခြုံရေးအတွက် FAO နဲ့ WTO တို့ ပူးပေါင်းဆောင်ရွက်



အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာကုန်သွယ်ရေးနဲ့ လုံခြုံရေး တိုးမြှင့်ဖို့ရည်ရွယ်ပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) နဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တို့က ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ဖို့ သဘောတူခဲ့ကြကြောင်းနဲ့ ဒီလိုဆောင်ရွက်ရာမှာလည်း အများပြည်သူရဲ့ အာဟာရတိုးတက်ကောင်းမွန်ဖို့နဲ့ အပြည်ပြည်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးဈေးကွက်အတွင်းသို့ အသေးစားထုတ်လုပ်သူတွေ ဝင်ရောက်နိုင်စေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း Leadership သတင်းမှာ ဖော်ပြပါတယ်။

FAO နဲ့ WTO ပူးပေါင်းဆောင်ရွက်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာထုတ်ကုန် ကုန်သွယ်မှုကို တရားမျှတမှုရှိတဲ့ ကုန်သွယ်မှုအဖြစ် ပေါ်ထွန်းလာအောင် ဆောင်ရွက်ဖို့FAO က ဆောင်ရွက်သွားမှာဖြစ်ကြောင်း FAO ညွှန်ကြားရေးမှူးချုပ် ဟိုဆေးဂရာဇီယိုဒါဆေးလ်ဗားက WTO ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုကို ပြောပါတယ်။

တစ်ဖက်ကကြည့်ရင် အစားအစာလိုအပ်နေတဲ့ နိုင်ငံတွေထဲက တစ်စတစ်စကြီးထွားလာတဲ့ ဝယ်လိုအားကို ဖြည့် ဆည်းဖို့အတွက် ကုန်သွယ်ရေးက အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိနေပါတယ်။ ဒါပေမယ့် ကုန်သွယ်မှုကို အဆမတန် ဖွင့်ပေးလိုက်မယ်ဆိုရင် ပြည်တွင်းက ထုတ်လုပ်သူတွေရဲ့ ထုတ်လုပ်မှုစွမ်းရည်ကို ချိုးနှိမ်လိုက်သလို ဖြစ်လာနိုင်တယ်လို့ သူကပြောပါတယ်။

လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေ ထုတ်လုပ် ကုန်သွယ်မှုနဲ့ ဆက်နွယ်နေတဲ့ ပြဿနာတွေကို အဖြေဖော်ထုတ်ရာမှာ ချိန်သားကိုက်ညီတဲ့ အဖြေတစ်ခုကိုရဖို့ လိုအပ်ပါတယ်။ အဲဒီလိုမရဘူးဆိုရင်တော့ ကမ္ဘာ့ငတ်မွတ်မှုတိုက်ဖျက်ရေးအတွက် ချမှတ်ထားတဲ့ အစီအစဉ်တွေ လမ်းချော်သွားနိုင်ကြောင်း ဂရာဇီယိုဒါဆေးလ်ဗားက သတိပေး ပြောကြားပါတယ်။

# စင်ကာပူ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက အာဆီယံသဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအတွက် ပထမဆုံးဖက်စပ်အဖွဲ့အစည်းအဖြစ် ထူထောင်မည်

ဒေသတွင်းမှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အတွက် စင်ကာပူပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက ပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားပြီးဖြစ်ရာ ဖွဲ့စည်းတည်ထောင်တဲ့သက်တမ်း တစ်နှစ်ရှိ အဆိုပါ အဖွဲ့အစည်းမှာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးအဖွဲ့ရဲ့ ပထမဆုံးသော ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုဖြစ်လာကြောင်း တူဒေးအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ကုမ္ပဏီလေးခုရဲ့ မဟာမိတ်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Corportate Citizen Foundation (CCF) နဲ့ သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးလူသားချင်း စာနာမှု အကူအညီပေးရေးဆိုင်ရာ အာဆီယံပေါင်းစပ် ညှိနှိုင်းရေးစင်တာ (ASEAN Coordinating Centre for Humanitarian Assistance - AHA Centre) တို့က နိုဝင်ဘာလ ၁ ရက်မှာ သဘောတူစာချွန်လွှာ (Memorandum of Intent - MOI) ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

သဘာဝဘေးဒဏ်ခံစားရတဲ့အချိန်မှာ လျင်မြန်စွာ အရေးယူဆောင်ရွက်ဖို့နဲ့ ပိုမိုပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ဖို့အတွက် ယခုသဘောတူညီမှုအရ အဖွဲ့အစည်းနှစ်ခုတို့က ငွေကြေး၊ ကျွမ်းကျင်မှုနဲ့ ကွန်ရက်တို့ကို တိုးမြှင့်သုံးစွဲဖော်ဆောင်သွားမှာဖြစ်ကြောင်း AHA Centre ညွှန်ကြားရေးမှူး မစ္စတာဆက်ဖိုင်ဆယ်က ပြောပါတယ်။

CCF အဖွဲ့ဝင်တွေအနေနဲ့ ယခုလို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းဆောင်ရွက်တဲ့ အခါမှာ လိုအပ်တဲ့ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေရမှာဖြစ်သလို AHA Centre က အစီအစဉ်များအရ ဆောင် ရွက်တဲ့ လေ့ကျင့်ရေးအစီအစဉ်တွေမှာလည်း ပါဝင်နိုင်တဲ့ အခွင့်အလမ်းတွေရရှိနိုင်မှာဖြစ်ပါတယ်။

"ယခုလို ပူးပေါင်းဆောင်ရွက်မှုက AHA Centre နဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတို့ ဆောင်ရွက်တာ ပထမဆုံး ပူးပေါင်းမှုဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး အာဆီယံက ဖြေရှင်းရာမှာ 'တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်ဆောင်ရွက်မှု'(One ASEAN, One Response) ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်တော်တို့ ဆက်လက်ချီတက်သွားမှာဖြစ်တယ်"လို့ သူက ပြောပါတယ်။

ယခု သဘောတူညီချက်အရ CCF အနေနဲ့ ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးတွေ ရနိုင်လိမ့်မယ်လို့ CCF ဥက္ကဋ္ဌ လင်ချူးချန်က ပြောပါတယ်။ ယခင် ၂၀၁၄ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ စူပါတိုင်ဖွန်း ဟာဂူပစ်ကာလအတွင်း ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့သလို ကာလန်တန်ရေဘေးဒုက္ခသည်များအတွက် ရေနဲ့ အစားအစာရရှိအောင် CCF က ဆောင်ရွက်ပေးခဲ့ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ဗီယက်နမ်ပြည်တွင်းဘဏ်များ အကျိုးအမြတ်ကျဆင်း

ပြန်လည် ပေးဆပ်နိုင်မှာမဟုတ်တဲ့ ကြွေးဆုံးလျာထားချက်တွေ မြင့်မားလာတဲ့အတွက် ဗီယက်နမ်ပြည်တွင်းကူးသန်းရောင်းဝယ်ရေးဘဏ်များ ရရှိတဲ့ အမြတ်က ယခင်နှစ်ကအမြတ်နဲ့ နှိုင်းယှဉ်ရင်လျော့ကျခဲ့ကြောင်း အမျိုးသားဘဏ္ဍာရေးကြီးကြပ်မှုကော်မရှင် (NFSC) ရဲ့ အစီရင်ခံစာကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။




ဗီယက်နမ် ကူးသန်းရောင်းဝယ်ရေးဘဏ်များရဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ အီကွိတီရှယ်ယာများပြန်ရနှုန်း (Return on Equity - ROE) မှာ ၄ ဒသမ ၁၆ ရာခိုင်နှုန်း ရှိခဲ့ရာ ၂၀၁၃ ခုနှစ်က ရရှိခဲ့တဲ့ ၆ဒသမ၄ ရာခိုင်နှုန်းနဲ့ ၂၀၁၄ ခုနှစ်က ရရှိခဲ့တဲ့ ၄ဒသမ၁၆ ရာခိုင်နှုန်းမှ ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း အစိုးရရဲ့ ဘဏ္ဍာရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က တင်ပြတဲ့အောက်တိုဘာ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အလားတူ ဘဏ်များရဲ့ အက်ဆက်နဲ့ပြန်ရနှုန်း (Return on Asset- ROA) မှာလည်း ၂၀၁၃ ခုနှစ်က သုည ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ သုည ဒသမ ၃၆ ရာခိုင်နှုန်းနဲ့ ၂၀၁၅ ခုနှစ်မှာ သုည ဒသမ ၃၂ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ပါတယ်။

ဘဏ်များက ကြွေးဆုံးများကို ဖြေရှင်းရန် အရန်ငွေအမြောက်အမြားခွဲဝေလျာထားရမှာဖြစ်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး ဘဏ်များရဲ့ အကျိုးအမြတ်ကျဆင်းရခြင်းမှာ ကြွေးဆုံးများအတွက် လျာထားငွေကြောင့်ဖြစ်ကြောင်း အမျိုးသားဘဏ္ဍာရေးနဲ့ ငွေကြေး မူဝါဒ အကြံပေးကောင်စီအဖွဲ့ဝင် ထရန်ဒူလစ်က ပြောပါတယ်။

ထုတ်ချေးငွေ ဖွံ့ဖြိုးနှုန်းမြင့်မားပြီး အသားတင်အတိုးနှုန်း အနည်းငယ်မြင့်တက်ခဲ့ပေမယ့် စွန့်စားမှုအန္တရာယ်အတွက် လျာထားငွေများ မြင့်တက်မှုကြောင့် ဘဏ်များရဲ့ ယခုနှစ်အတွက် အကျိုးအမြတ်က ကျဆင်းခဲ့ပါတယ်။

ဘဏ်လုပ်ငန်းစနစ်ရဲ့ အကျိုးအမြတ်ဖြစ်ထွန်းမှုမှာ လောလောဆယ်တွင် ကျဆင်းလျက်ရှိရာ ဘဏ်များရဲ့ ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်များ ကျဆင်းပါက လိုအပ်တဲ့ နည်းပညာဆိုင်ရာ ပစ္စည်းများကို ဝယ်ယူနိုင်မှာ မဟုတ်တဲ့အတွက် ပြိုင်ဘက်ဘဏ်များနဲ့ ယှဉ်ပြိုင်ရာမှာ နောက်ကျကျန်ရစ်နိုင်မယ့် အန္တရာယ်ရှိကြောင်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးသိပ္ပံ ညွှန်ကြားရေးမှူး လေဖွမ်ငီယာက ပြောပါတယ်။

# ပညာရှင် ဝန်ထမ်းရရှိရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများနဲ့ စင်ကာပူမိသားစုလုပ်ငန်းများ ရင်ဆိုင်နေရ

ကုမ္ပဏီများရဲ့ ရေရှည်အနာဂတ်အတွက် ပညာရှင်ဝန်ထမ်းရရှိရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးများကို အဓိကစိန်ခေါ်မှုများအဖြစ် စင်ကာပူမိသားစု စီးပွားရေးလုပ်ငန်းများက ရှုမြင်နေကြတယ်လို့ ယူနိုက်တက် အိုဗာဆီးဘဏ် (United Overseas Bank - UOB) နဲ့ စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ် မိသားစုစီးပွားရေးလုပ်ငန်းသိပ္ပံတို့က နိုဝင်ဘာလ ၂ ရက်မှာ ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားကြောင်း CNA သတင်းဌာနမှာ ဖော်ပြပါတယ်။



ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာမှာ တည်ငြိမ်မှုနဲ့ ရေရှည်ဆက်လက်တိုးတက်မှုတို့ကို အချိုးညီညီဖြစ်ပေါ်ရေးအတွက် အထူးအလေးပေးဆောင်ရွက်နိုင်ရန် စင်ကာပူမိသားစုစီးပွားရေးလုပ်ငန်း ငါးခုအနက် လေးခုက အလိုရှိကြောင်း စစ်တမ်းအရ သိရပါတယ်။

တရုတ်နိုင်ငံနဲ့ အရှေ့တောင်အာရှရဲ့ တခြားနိုင်ငံတွေမှာရှိကြတဲ့ မိသားစုလုပ်ငန်းတွေနဲ့ နှိုင်းယှဉ်ပါကထို စီးပွားရေးလုပ်ငန်းများကဆုံးရှုံးနိုင်ခြေရှိတဲ့ အန္တရာယ်ကို ရှောင်ရှားလိုစိတ်ပိုရှိကြပြီး ၂၉ ရာခိုင်နှုန်းကသာ စွန့်စားပြီး ဆောင်ရွက်လိုတဲ့သဘောရှိပါတယ်။ စစ်တမ်းမှာပါဝင်တဲ့ တခြားနိုင်ငံများမှာ တရုတ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေး ရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ပါတယ်။

စင်ကာပူရှိ မိသားစု စီးပွားရေးလုပ်ငန်းများအနက် စင်ကာပူစတော့ဒိုင် (SGX) များ စာရင်းဝင်တဲ့ ကုမ္ပဏီက ကုမ္ပဏီစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်း ရှိပါတယ်။

စင်ကာပူရှိ မိသားစုစီးပွားရေးလုပ်ငန်းများကို ဒုတိယမျိုးဆက်က ဦးဆောင်လည်ပတ်လျက်ရှိပြီး တတိယမျိုးဆက်လက်ထဲသို့ လွှဲပြောင်းပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အစီရင်ခံစာတင်သွင်းရာမှာပါဝင်သူ ပါမောက္ခ အန်နီခိုးက ပြောပါတယ်။ တတိယမျိုးဆက်ကိုလွှဲပြောင်းပေးတဲ့အခါမှာ ကုမ္ပဏီရေရှည်တည်တံ့ရေးက အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ကြောင်း သူမက ပြောပါတယ်။

"တချို့မိသားစုပိုင် လုပ်ငန်းတွေမှာ မိသားစုဝင်မဟုတ်တဲ့ သူတွေက ကုမ္ပဏီနဲ့အတူ ကြီးပြင်းလာကြသူတွေဖြစ်ကြပါတယ်။စီမံခန့်ခွဲမှုထဲမှာ ပါဝင်သူတချို့ရဲ့ကလေးတွေက စီးပွားရေးလုပ်ငန်းရှင်နဲ့ မိသားစုဝင်တွေ ဖြစ်နေတဲ့ အတွက် မူလ မိသားစုဝင်မဟုတ်တဲ့သူတွေကပိုမိုပြီး ယုံကြည်အားကိုးထိုက်သူတွေ ဖြစ်နေတာကိုတွေ့ရပါတယ်" လို့ သူမကပြောပါတယ်။

"အာရှစီးပွားရေးလုပ်ငန်း မိသားစု အတော်များများက လုပ်ငန်းတွေ ကို နောက်မျိုးဆက်ကို လွှဲပေးဖို့ ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းဆက်လက်ကြီးထွားပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ဆက်လက်မြင့်တက်နေဖို့အတွက် ပညာရှင်တွေရဲ့ အကူအညီလိုအပ်ကြောင်း သူတို့က အသိအမှတ်ပြုကြပါတယ်"လို့ UOB ဘဏ် အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာအီရစ်သမ်းက ပြောပါတယ်။

# ကုန်သွယ်မှုမြှင့်တင်ရေး မဟာဗျူဟာများကို ထိုင်း စီးပွားရေးနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက ရှာဖွေ

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဖွံ့ဖြိုးရေးကော်မတီက ကုန်သွယ်မှုမြှင့်တင်ရေး ငါးနှစ်မဟာဗျူဟာနဲ့ အစီအမံများကို ရေးဆွဲဖို့နဲ့ ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှုစာချုပ် TPP မှာ ထိုင်းနိုင်ငံ ပါဝင်ဖို့သင့် မသင့် ဆုံးဖြတ်ဖို့ ထိုင်း စီးပွားရေးနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက အဆိုပြုထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ကုန်သွယ်မှုတိုးမြှင့်ရေး စီမံကိန်းများကို ပိုမိုရေရှည်တည်တံ့နိုင်မယ့် နည်းလမ်းဖြင့် ရေးဆွဲဖော်ဆောင်နိုင်ရေးအတွက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှရရှိတဲ့ ပြဿနာရပ်များနဲ့ အဆိုပြုချက်များကို စုစည်းဆောင်ရွက်သွားမှာဖြစ်ကြောင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆူဗစ်မာအဲဆင်စီးက ပြောပါတယ်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ဖွံ့ဖြိုးမှုကော်မတီ အစည်းအဝေးကို ဒီဇင်ဘာလ ၉ ရက်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။

ကော်မတီက ကုန်သွယ်မှုမြှင့်တင်ရေး စီမံကိန်းများကို ရေးဆွဲရုံသာမက သီးနှံဈေးနှုန်းတွေ တည်ငြိမ်ဖို့နဲ့ လယ်သမားများရဲ့ ဝင်ငွေတိုးတက်အောင် ပြည်တွင်းစီးပွားရေး မြှင့်တင်ပေးနိုင်မယ့် နည်းလမ်းတွေကိုပါ ရှာဖွေသွားမှာဖြစ်ပါတယ်။

"ဝန်ဆောင်မှုကုန်သွယ်ရေးက ရေရှည်တည်တံ့နိုင်ပြီး နိုင်ငံအတွက် အကျိုးအမြတ်မြင့်မားစွာ ရနိုင်တဲ့အတွက် ဝန်ဆောင်မှုကုန်သွယ်ရေး စီမံကိန်းကို ရေးဆွဲဖို့ ဝန်ကြီးဌာနက အဆိုပြုထားပါတယ်"လို့ ဆူဗစ်က ပြောပါတယ်။

ဝန်ဆောင်မှုကုန်သွယ်ရေးက ယခုအခါ စုစုပေါင်းပြည်တွင်းထုတ်ကုန်ရဲ့ ၃၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေပြီး ဒီအချိုးအစားက ငါးနှစ်အတွင်းမှာ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာလိမ့်မယ်လို့ သူကပြောပါတယ်။

# ကျေးလက်စီးပွားရေး မြှင့်တင်ဖို့ အင်ဒိုနီးရှားအစိုးရက ဆဋ္ဌမ မူဝါဒ အစီအစဉ်ကို ကြေညာ

အင်ဒိုနီးရှားနိုင်ငံက အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသစီးပွားရေး ပြန်လည်ဖွံ့ဖြိုးလာဖို့ကို ရည်ရွယ်ပြီး ဆဋ္ဌမမြောက် စီးပွားရေးမူဝါဒအစီအစဉ်ကို အင်ဒိုနီးရှားအစိုးရက နိုဝင်ဘာလ ၅ ရက်နေ့က ကြေညာခဲ့ကြောင်း အန်တာရာသတင်းမှာ ဖော်ပြပါတယ်။

"ဒီအစီအစဉ်ကို အခြေခံပြီးတော့ အစိုးရက အထူးစီးပွားရေးဇုန် (Special Economic Zone - SEZ) ရှစ်ခုကို သတ်မှတ်ထားပြီး ဒီဇုန်တွေကနေ ပြည်တွင်းအရင်းအမြစ်တွေ ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"လို့ နိုဝင်ဘာလ ၅ ရက်နေ့က သမ္မတရုံးမှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ စီးပွားရေးဝန်ကြီး ဒါမင်နာဆုရှင်းက ပြောခဲ့ပါတယ်။

အစိုးရရဲ့ ထုတ်ပြန်ချက်အရ သတ်မှတ်ထားတဲ့ နယ်မြေရှစ်ခုမှာ ဘန်တင်းရှိတန်ဂျန်းလီဆန်း၊ မြောက်ပိုင်းစုမားတြားရှိ ဆေးမန်ကေး၊ ဗဟိုစူလာဝေစီ ဒေသရှိပါလူးစတဲ့ နယ်မြေတွေပါဝင်ပြီး စုစုပေါင်းနယ်မြေဒေသ ရှစ်ခုရှိပါတယ်။

"လောလောဆယ်မှာ ယခုနှစ်အတွင်း သမ္မတက အတည်ပြုကြေညာပေးထားတဲ့ အထူးစီးပွားရေးဇုန် နှစ်ခုသာရှိပါသေးတယ်။ ကျန်ဒေသတွေမှာ ကတည်ဆောက်ဆဲအခြေအနေသာ ရှိပါသေးတယ်"လို့ ဒါမင်းက ပြောပါတယ်။

မူဝါဒကို ထုတ်ပြန်ပေးခြင်းဖြင့် သေချာရေရာမှု ရှိစေပါတယ်။ အထောက်အပံ့ပစ္စည်းများနဲ့ပတ်သက်ပြီး အစိုးရက စည်းမျဉ်းဥပဒေများချမှတ်ဆောင်ရွက်လျက်ရှိသလို အထူးစီးပွားရေးဇုန်တွေမှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ဖို့ လွယ်ကူမှုတွေရှိလာတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ဒါမင်းက ပြောပါတယ်။

အစိုးရက စည်းမျဉ်းဥပဒေတွေ ထုတ်ပြန်ပေးခြင်းအားဖြင့် အထူးစီးပွားရေးဇုန်တွေကို ဆွဲဆောင်မှုအမျိုးမျိုး ဖြစ်ပေါ်စေရုံသာမက အထူးစီးပွားရေးဇုန်တွေမှာ ပြည်တွင်းအရင်းအမြစ်တွေကို အခြေခံတဲ့ လုပ်ငန်းနယ်ပယ်တွေကို အားပေးရာ ရောက်စေမှာဖြစ်ကြောင်း ဒါမင်းက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### အေသင်

ယခုနှစ်အစောပိုင်းက လက်မှတ်ရေးထိုးခဲ့တဲ့ ကယ်တင်မှုချေးငွေ ယူရို ၈၆ ဘီလီယံကို ပထမအကြိမ် ပြန်လည်သုံးသပ်စဉ်မှာ အောင်မြင်မှုရရှိနိုင်ဖို့အတွက် ရည်ရွယ်ပြီး ယူရိုဇုန် ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ ပြင်ဆင်မှုအဖြစ် ဂရိပါလီမန်က ပြုပြင်ပြောင်းလဲရေး ဥပဒေမူကြမ်းများကို နိုဝင်ဘာလ ၆ ရက်နေ့က အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### လန်ဒန်

ဥရောပ ပြန်လည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးရေးဘဏ် (EBRD) အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ဖို့အတွက် လွန်ခဲ့တဲ့ ရက်အနည်းငယ်က လျှောက်ထားခဲ့တဲ့ တရုတ်နိုင်ငံရဲ့လျှောက်ထားမှုကို ဘုတ်အဖွဲ့က သုံးသပ်ပြီးနောက် ရှယ်ယာရှင်များရဲ့ သဘောထားကို တောင်းခံသွားမှာဖြစ်ကြောင်း ဘဏ်ရဲ့စီးပွားရေးပညာရှင်အကြီးအကဲ Hans Peter Lankes ရဲ့ နိုဝင်ဘာလ ၅ ရက်က ပြောကြားချက်ကို ကိုးကားပြီး AFP သတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံက လွတ်လပ်တဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေကို ပါဝင်ချုပ်ဆိုတဲ့အခါ အားသာချက်ရှိတဲ့ နိုင်ငံတွေ၊ ဈေးနှုန်းသက်သာတဲ့ သွင်းကုန်တွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေက ပို့ကုန်ဈေးကွက်တွေနဲ့ ပတ်သက်တဲ့ နောက်ဆုံးရသတင်းအချက်အလက်တွေ၊စားသုံးသူ အလေ့အထတွေနဲ့ နိုင်ငံခြားတိုင်း ပြည်တွေရဲ့ သွင်းကုန်မူဝါဒတွေကို သိထားဖို့လိုကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ထရန်တူအန်အန်းက ပြောပါတယ်။

### ဂျကာတာ

စားအုန်းဆီထုတ်လုပ်တဲ့ နိုင်ငံများကောင်စီ (Council of Palm Oil Production- CPOP) ထူထောင်ရန်အတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် စားအုန်းဆီစံနှုန်းများကို တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက် အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့က လောလောဆယ်မှာ ကြိုးပမ်းလျက်ရှိကြောင်း အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ရေကြောင်းသွားလာမှုဝန်ကြီး ရီဇာရမ်လီရဲ့ နိုဝင်ဘာလ ၆ ရက်က ပြောကြားချက်ကို ကိုးကားပြီး အန်တာရာသတင်းမှာ ဖော်ပြပါတယ်။

**EU**

## ECB ရဲ့ မူဝါဒကို ဒီဇင်ဘာတွင် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ပြော

ဒီဇင်ဘာလမှာ ဥရောပဗဟိုဘဏ် (ECB) အစည်းအဝေးကျင်းပတဲ့အခါ ဆောင်ရွက်ထားခဲ့တဲ့ ငွေကြေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်တွေရဲ့ထိရောက်မှု အတိုင်းအတာကို ပြန်လည်လေ့လာသုံးသပ်ပြီး လိုအပ်ပါက လိုအပ်သလို စီစဉ်ဆောင်ရွက်သွားဖို့ အသင့်ရှိကြောင်း နိုဝင်ဘာလ ၃ ရက်နေ့က ECB ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

၁၉ နိုင်ငံ ပါဝင်တဲ့ ယူရိုဇုန်ရဲ့ စားသုံး သူ ဈေးနှုန်းတွေက စက်တင်ဘာလမှာ သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ဘဏ်ကရည်မှန်းထားတဲ့ နှစ်ရာခိုင်နှုန်း အောက် များစွာကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ဗဟိုဘဏ်က အက် ဆက်တွေဝယ်ယူဖို့ တစ်လလျှင် ယူရို ဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံ)ထပ်မံသုံးစွဲဖို့ သတ်မှတ်ခဲ့ပါတယ်။

ယူရိုဇုန်ရဲ့ ပြည်တွင်းဝယ်လိုအားက ခိုင်မာတောင့်တင်းနေဆဲဖြစ်ပေမယ့် ထွန်းသစ်စဈေးကွက်တွေမှာ တည်ရှိနေတဲ့ ဖွံ့ဖြိုးမှုအလားအလာတွေအတွက် ဖြစ်ပေါ်နေတဲ့ စိုးရိမ်မှုတွေက ငွေကြေးဖောင်းပွမှုကို ပြသနေကြောင်း ဒရပ်ဂီက ပြောပါတယ်။ ဒါကြောင့် ငွေကြေးမူဝါဒ အကောင်အထည်ဖော်မှုရဲ့ထိရောက်မှုအတိုင်းအတာကို ဒီဇင်ဘာလမှာကျင်းပမယ့် အုပ်ချုပ်ရေးကောင်စီ (Governing Council) အစည်းအဝေးမှာ ပြန်လည်သုံးသပ်ဖို့လိုကြောင်း သူက ပြောပါတယ်။

ဒီဇင်ဘာလမှာ ECB ဝန်ထမ်းများထံမှ ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်သစ်ကို ရတဲ့အခါ အမှုဆောင်ဘုတ်အဖွဲ့နဲ့ အဖွဲ့ဝင် ၁၉ နိုင်ငံက ဗဟိုဘဏ်အကြီးအကဲတွေပါဝင်တဲ့ ECB ရဲ့ အုပ်ချုပ်ရေးကောင်စီက လိုအပ်တဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ဖို့ အဆင်သင့်ရှိကြောင်း ဒရပ်ဂီက ယခင်လက ပြောထားပါတယ်။

**EAST ASIA**

## ဇိမ်ခံပစ္စည်းများအတွက် ပေးထားတဲ့ အခွန်သက်သာခွင့်များကို တောင်ကိုရီးယားအစိုးရ ပြန်လည်ရုပ်သိမ်းမည်

ပုဂ္ဂလိက ငွေကြေးသုံးစွဲမှုကို အားပေးတဲ့ အစီအစဉ်တစ်ရပ်အဖြစ် ဇိမ်ခံပစ္စည်းဖြစ်တဲ့ အိတ်၊ လက်ပတ်နာရီနဲ့ တခြားခေတ်မီပစ္စည်း အသုံးအဆောင်များအတွက် စားသုံးခွန်ကို ဩဂုတ်လအတွင်းက လျှော့ချပေးထားတာကို တောင်ကိုရီးယားအစိုးရက ပြန်လည်ရုပ်သိမ်းတော့မှာဖြစ်ကြောင်း တောင်ကိုရီးယားသတင်း ဌာနချုပ်ဆန်းသတင်းမှာ ဖော်ပြပါတယ်။



ဇိမ်ခံ ကုန်အမှတ်တံဆိပ်တွေက ဈေးနှုန်းတွေ လျှော့ချပေးဖို့ငြင်းဆန်ခဲ့ပြီး စားသုံးသူတွေ အပိုကုန်ကျစရိတ်မြင့်တက်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် အစိုးရရဲ့ ဆောင်ရွက်မှုက အရာမထင်ဖြစ်ခဲ့ရကြောင်း အစိုးရက ပြောပါတယ်။ ဒါပေမယ့် ဝေဖန်လေ့လာသူတွေက အစိုးရကိုသာ အပြစ်တင်ကြပါတယ်။

အခွန်လျှော့ချခွင့်တွေက နိုဝင်ဘာလကုန်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။

"ကျွန်တော်တို့ ဈေးကွက်ကို စောင့်ကြည့်လေ့လာတဲ့အခါ ဇိမ်ခံကုန်အမှတ်တံဆိပ်တွေကို အစိုးရက အခွန်လျှော့ချပေးသလို ကုမ္ပဏီငွေက ဈေးနှုန်းတွေကို ချမပေးတာ တွေ့ရပါတယ်။ သဘောကတော့ စားသုံးသူတွေက အကျိုးခံစားခွင့် လုံးဝမရကြဘူးဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် ဒီအစီအစဉ်ကို ရုပ်သိမ်းဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပါတယ်" လို့ မဟာဗျူဟာနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဂျေးအွန်က ပြောပါတယ်။

အခွန်သက်သာခွင့် ရပ်ဆိုင်းတဲ့အခါ အကျုံးဝင်မယ့် ထုတ်ကုန်တွေက အိတ်၊ လက်ပတ်နာရီ၊ ပရိဘောဂ၊ ကင်မရာနဲ့ ကော်ဖောစတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။

ပုဂ္ဂလိက စားသုံးမှုအခွန်သတ်မှတ်ဖို့ အမြင့်ဆုံးသတ်မှတ်ချက်ကို အိတ်၊ နာရီနဲ့ လက်ဝတ်ရတနာများအတွက် ဝမ်နှစ်သန်းမှ ဝမ် ငါးသန်းအထိလည်းကောင်း၊ ပရိဘောဂများအတွက် ဝမ်ငါးသန်းမှ ၁၀ သန်းအထိ လည်းကောင်း အစိုးရက ဩဂုတ်လ ၂၆ ရက်နေ့မှာ တိုးမြှင့် သတ်မှတ်ပေးခဲ့ပါတယ်။

ဒါပေမယ့် ဈေးနှုန်းများ လျှော့ချဖို့အတွက် ဌာနချုပ်မှ အတည်ပြုချက် လိုအပ်တယ်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ Chanel နဲ့ Louis Vuitton တို့က အဆိုပြုချက်ကို ပယ်ချခဲ့ပါတယ်။

**USA**

## အမေရိကန်ပြည်ထောင်စုရှိ နန်းကျောက်မှရေနံထုတ်လုပ်တဲ့ ကုမ္ပဏီတို့ ၂၀၁၆ ခုနှစ်အတွက် ဘတ်ဂျက်ကို ဆက်လက်လျှော့ချမည်

ရေနံစိမ်းဈေးများ ထက်ဝက်ခန့် ကျဆင်းလာပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုရှိ နန်းကျောက်မှ ရေနံထုတ်လုပ်တဲ့ ကုမ္ပဏီတို့က ၂၀၁၅ ခုနှစ်က ဘတ်ဂျက်အသုံးစရိတ်ကို အတော်များများ လျှော့ချခဲ့ပါတယ်။ ရေနံစိမ်းဈေးနှုန်းများက ရေရှည်ကျဆင်းမယ့် အလားအလာရှိနေတဲ့အတွက် ၂၀၁၆ ခုနှစ်မှာလည်း ဆက်လက်လျှော့ချဖို့ စီစဉ်ထားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ နန်းကျောက်မှ ရေနံထုတ်လုပ်လျက်ရှိတဲ့ ကုမ္ပဏီများအနက် Devon Energy Corp, International Resources Inc နဲ့ Marathon Oil Corp. တို့ ပါဝင်ပါတယ်။ ဒီကုမ္ပဏီတွေက ၂၀၁၆ ခုနှစ်အတွက် ထုတ်ပြန်တဲ့ ပဏာမစီမံကိန်းများအရ ဘတ်ဂျက်သုံးစွဲမှု ကျဆင်းတဲ့ ရာခိုင်နှုန်းက ဆယ်ဂဏန်းအထိရှိခဲ့ပါတယ်။

ယခုနှစ်အတွင်း ရေနံထုတ်လုပ်ရေးလုပ်ငန်းရဲ့ အသုံးစရိတ်လျှော့ချမှုက ၃၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိရှိခဲ့ပြီးနောက်ပိုင်း ဘတ်ဂျက်လျှော့ချမှုတွေက ၂၀၁၄ ခုနှစ်မှာရှိခဲ့တဲ့ အမြင့်ဆုံးအခြေအနေအောက် အများကြီး ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ကုန်ကျစရိတ်ကျဆင်းမှုနဲ့ ထုတ်လုပ်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာမှုကြောင့် နန်းကျောက်မှထွက်ရှိတဲ့ ရေနံကို ဈေးမတင်ဘဲ ကုမ္ပဏီကြီးတွေက အကြာကြီးထိန်းထားနိုင်မယ့် လက္ခဏာရှိပါတယ်။

အိုကလာဟိုးမားပြည်နယ် အခြေစိုက်ကုမ္ပဏီအနေနဲ့လည်း ၂၀၁၆ ခုနှစ်အတွက် ဘတ်ဂျက်ကို လျှော့ချသွားမှာဖြစ်ကြောင်း Chesapeake Energy Corp. မှ အမှုဆောင်ချုပ် ဒေါက်လောလာက ပြောပါတယ်။ ဒါပေမယ့် ကိန်းဂဏန်းအတိအကျကို ဖော်ပြခြင်းမရှိပါဘူး။

**EAST ASIA**

## တရုတ်အွန်လိုင်း ဈေးဝယ်သူတွေအတွက် မကျေနပ်စရာပိုများလာ

၂၀၁၄ ခုနှစ်အတွင်း တရုတ် စားသုံးသူတွေ အများဆုံးမကျေမနပ်ဖြစ်တဲ့ ကိစ္စက အွန်လိုင်းကနေ ဈေးဝယ်ရာက ဖြစ်ပေါ်ရတဲ့ ကိစ္စတွေဖြစ်ကြောင်း တရုတ်နိုင်ငံရဲ့ ထိပ်တန်းဥပဒေရေးရာအဖွဲ့အစည်းတစ်ခုက နိုဝင်ဘာ ၃ ရက်နေ့က ထုတ်ပြန်တဲ့ အစီရင်ခံစာကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အင်တာနက်ကနေ ဈေးဝယ်တာကို အကြောင်းပြုပြီး မကျေနပ်လို့ တိုင်တန်းမှုတွေနဲ့ အငြင်းပွားမှု အရေအတွက်က တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပြီး အင်တာနက်ကွန်ရက်က အတုအပတွေရောင်းချစရာ စားကျက်ကြီးတစ်ခုလို ဖြစ်နေကြောင်း အမျိုးသားပြည်သူ့ကွန်ဂရက်ရဲ့ အမြဲတမ်း ကော်မတီလက်အောက်ရှိ ဥပဒေရေးရာ အကောင်အထည်ဖော်တဲ့အဖွဲ့က တင်သွင်းတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

၂၀၁၄ ခုနှစ်မှာ တရုတ်နိုင်ငံ စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေး အာဏာပိုင်တွေ ဖြေရှင်းပေးခဲ့ရတဲ့ အွန်လိုင်းဈေးဝယ်မှုနဲ့ပတ်သက်တဲ့ တိုင်တန်းချက်ပေါင်း ၇၈၀၀၀ ကျော်ရှိခဲ့တဲ့အတွက် နှစ်အလိုက်နှိုင်းယှဉ်ရင် ၃၅၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ စားသုံးသူအသင်းက ဖြေရှင်းခဲ့ရတဲ့ အမှုတွဲပေါင်း ၂၀၁၃၅ ခုအနက် အွန်လိုင်းဈေးဝယ်မှုနဲ့ပတ်သက်တဲ့အမှုက ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အွန်လိုင်းအရောင်းအဝယ်လုပ်ငန်းမှာ စားသုံးသူတွေရဲ့ ရပိုင်ခွင့်ကို ဥပေက္ခာပြုတာနဲ့ အတုတွေကိုရောင်းတာမျိုးတွေ အတော်တွင်ကျယ်နေတာကို တွေ့ရပါတယ်လို့ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ယန်ဂျွန်ကီက ပြောပါတယ်။

နိုင်ငံတော်စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနဲ့ အုပ်ချုပ်ရေးဌာနက ၂၀၁၄ ခုနှစ် အတွင်း ဆောင်ရွက်ခဲ့တဲ့ကျဘမ်းစစ်ဆေးမှုများအရ အွန်လိုင်းကရောင်းတဲ့ ပစ္စည်းတွေအနက် ၅၇ ဒသမ ၇ ရာခိုင်နှုန်းသာ အစစ်ဖြစ်ကြောင်း တွေ့ရပါတယ်။

**ညဏ်တင်-စုစည်းတင်ပြသည်**




အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဒီဇင်ဘာမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ပိုမိုအားကောင်းလာတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ အမေရိကန်ငွေတိုက် စာချုပ်တွေရဲ့ အတိုးနှုန်းတွေ တန်ဖိုးမြင့်တက်လာပြီး ထွန်းသစ်စ အာရှငွေကြေးတွေတန်ဖိုး ကျဆင်းခဲ့ရပါတယ်။ အထူးထုတ်ယူခွင့်ငွေကြေး အုပ်စု (Special Drawing Rights-SDR) မှာ တရုတ်ယွမ်ငွေကြေးကို ထည့်သင့်၊ မထည့်သင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်သေးတဲ့အတွက် ယွမ်ငွေကြေးတန်ဖိုးအနည်းငယ်ကျဆင်းလာတာကိုလည်း တွေ့ရပါတယ်။

အမေရိကန်ဒေါ်လာ တန်ဖိုးက အဓိကငွေကြေးခြောက်ခုနဲ့ ဖလှယ်တဲ့အခါအမြင့်ဆုံးနှုန်းဝန်းကျင်မှာ တဝဲလည်လည်ဖြစ်နေပြီး ငွေတိုက်စာချုပ်တွေရဲ့ အတိုးနှုန်းကလည်း ၂၀၁၁ ခုနှစ် ဧပြီလနောက်ပိုင်း အမြင့်ဆုံးနှုန်းအထိ ခုန်တက်လာခဲ့ပါတယ်။

ထုတ်ပြန်တော့မယ့် အမေရိကန် အလုပ်အကိုင် အခြေပြကိန်းဂဏန်းတွေကို ဈေးကွက်တွေက စောင့်ကြည့်နေပေမယ့် ရင်းနှီးမြှုပ်နှံသူတွေကတော့ အလုပ်အကိုင်အခြေအနေတွေ စိတ်ပျက်စရာဖြစ်လောက်အောင်ကျဆင်းမသွားဘူးဆိုရင် ဒီဇင်ဘာမှာ အတိုးနှုန်းမြှင့်တင်ပေးမယ့် ကိစ္စကိုပိုမို စိတ်ဝင်စားကြပါတယ်။

**တရုတ်ယွမ်**

တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းနှေးကွေးနေဆဲဖြစ်ပြီး ဒီဇင်ဘာမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးမယ့် အလားအလာပိုမိုမြင့်တက်လာတဲ့အတွက် ဟောင်ကောင်ရှိ ယွမ်ငွေကြေးရဲ့တန်ဖိုးက ရက်သတ္တပတ်အလိုက်နှိုင်းယှဉ်ရင် ဩဂုတ်လနောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ ကုန်ချောထုတ်လုပ်မှု တိုးတက်နှုန်းက အောက်တိုဘာလမှာ တတိယမြောက်လအဖြစ်ကျဆင်းခဲ့ပြီး ပို့ကုန်လုပ်ငန်းတွေကလည်း စတုတ္ထမြောက်လအဖြစ် ကျဆင်းနေတာကို တွေ့ရပါတယ်။

ဘလွမ်းဘတ် သတင်းဌာနက ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီ ၄၄မိနစ်မှာ ယွမ်ငွေကြေး တန်ဖိုးကယခုရက်သတ္တပတ်ထဲမှာ သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး တစ် ဒေါ်လာကို ၆ ဒသမ ၃၆၁၆ ယွမ်နှုန်းရှိခဲ့ပါတယ်။ ရှန်ဟဲဈေးကွက်မှာတော့ အောက်တိုဘာ ၃၀ ရက်နဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၄၉ ရာခိုင်နှုန်းကျဆင်းပြီး နိုဝင်ဘာ ၆ ရက်နေ့မှာတစ်ဒေါ်လာကို ၆ ဒသမ ၃၄ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်တွေက အမေရိကန်ဒေါ်လာကို ဆက်လက်ဝယ်ယူနေတဲ့အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှာ နိုဝင်ဘာ ၆ ရက်နေ့က အမေရိကန် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၂ ရူပီးကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၅ ဒသမ ၈၇ အမေရိကန် ရူပီးနှုန်းရှိခဲ့ပါတယ်။ တစ်လအတွင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံငွေတွေ ဆက်တိုက်စီးထွက်နေမှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှာကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေကပြောပါတယ်။ ဒါပေမဲ့ ပြည်တွင်းဈေးကွက်မှာ ရှယ်ယာဈေးနှုန်းတွေမြင့်တက်လာမှုနဲ့ ပင်လယ်ရပ်ခြားဈေးကွက်မှာ တခြားငွေကြေးနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးကျဆင်းမှုကို သက်သာစေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

အမေရိကန်ဗဟိုဘဏ်က ဒီဇင်ဘာလမှာ အတိုးနှုန်းတွေမြှင့်တင်တော့မယ်ဆိုတဲ့သတင်းကြောင့် အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ယန်းငွေတန်ဖိုးအားနည်းကျဆင်းလာတာကိုတွေ့ရပါတယ်။ တိုကျိုဈေးကွက်မှာ နိုဝင်ဘာလ ၅ ရက်နေ့က အမေရိကန် တစ်ဒေါ်လာကို ၁၂၁ ဒသမ၈၀ ယန်းနဲ့ ၁၂၁ ဒသမ ၈၁ ယန်းအကြားရှိတာကို တွေ့ရပါတယ်။ နိုင်ငံခြားဈေးကွက်တွေမှာတော့ အမေရိကန်တစ်ဒေါ်လာကို ၁၂၂ ယန်းရှိတာကို တွေ့ရပါတယ်။

အမေရိကန် နှစ်နှစ်သက်တမ်းဘွန်းစာချုပ်တွေရဲ့ အတိုးနှုန်းနဲ့ ဂျပန်နှစ်နှစ်သက်တမ်း ရှိဘွန်းစာချုပ်တွေရဲ့ အတိုးနှုန်းကိုနှိုင်းယှဉ်ကြည့်ရင် အမေရိကန်ဘွန်းစာချုပ်တွေက သုည ဒသမ ၈၂၅ ရာခိုင်နှုန်းသာလွန်နေပါတယ်။ ဒီလိုသာလွန်မှုက ဒေါ်လာငွေကြေးမြင့်တက်ဖို့ အခွင့်အလမ်း ပိုမိုရရှိစေတာကို တွေ့ရပါတယ်။

**မလေးရှားရင်းဂစ်**

ယခုနှစ်အတွင်းမှာ အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်ပေးလိမ့်မယ်ဆိုတဲ့သတင်းက ရင်းဂစ်ငွေကြေးအပေါ် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်စိတ်ကို ကျဆင်းစေတဲ့အတွက် နိုဝင်ဘာ ၆ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်ငွေကြေးတန်ဖိုးကျဆင်းလာတာကို တွေ့ရပါတယ်။ အမေရိကန် ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးတို့ရဲ့ဖလှယ်နှုန်းက နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၉၂၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မနက် ၉ နာရီ ၁၈ မိနစ်မှာတစ်ဒေါ်လာကို ၄ ဒသမ ၂၉၄၀ ရင်းဂစ်နှုန်းထိ ရောက်ရှိကာ ဒေါ်လာဈေးတက်ပြီး ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။

တခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျ အမျိုးမျိုးရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အမေရိကန်အလုပ်အကိုင် ဈေးကွက် အစီရင်ခံစာမထွက်ပေါ်မီ ကြိုတင်ပြီး ရင်းနှီးမြှုပ်နှံသူတွေက တောင်ကိုရီးယား ရှယ်ယာများကိုရောင်းထုတ်လာတဲ့အတွက် ကိုရီးယားစတော့ရှယ်ယာတွေရဲ့ တန်ဖိုးက သုည ဒသမ ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဇီဝဗေဒဆိုင်ရာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဈေးတွေ မြင့်တက်မှုကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အကျသက်သာစေခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းနိုင်ငံဗဟိုဘဏ်က နိုဝင်ဘာ ၄ ရက်က ကျင်းပတဲ့အစည်းအဝေးမှာ အတိုးနှုန်းကို မပြောင်းလဲဘဲထားခဲ့တဲ့အတွက် ယခုလိုမပြောင်းလဲဘဲထားခဲ့တာ လေးကြိမ်မြောက် ဆက်တိုက် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ငွေကြေး လှုံ့ဆော်တွန်းအားပေးအစီအစဉ်နဲ့ အစိုးရအသုံးစရိတ်တွေက စီးပွားရေးအတွက်မောင်းနှင်အားဖြစ်စေခဲ့ပါတယ်။

နေ့အလိုက်ကြည့်ပါက နိုဝင်ဘာ ၆ ရက်နေ့မှာ အမေရိကန်ဒေါ်လာနဲ့ ဘတ်ငွေဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၅ ဒသမ ၅၆ ဘတ်နှုန်းရှိပြီး သုည ဒသမ ၀၆ ရာခိုင်နှုန်းမြင့်တက်ခဲ့တာတွေ့ ရပါတယ်။ ယခုနှစ်မှာ ယခုချိန်ထိ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဘတ်ငွေတန်ဖိုးက ၇ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## ဘဏ်လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်တွေ လျှော့ချဖို့ မလေးရှားဗဟိုဘဏ်က တိုက်တွန်း

ချေးငွေတွေ ပြန်လည်ပေးဆပ်တဲ့အခါမှာ အသုံးပြုတဲ့ငွေသားနဲ့ ချက် လက်မှတ်တွေကို ကိုင်တွယ်ဖြေရှင်းတဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်ဖို့အတွက် ဘဏ်လုပ်ငန်းအနေနဲ့ ထိရောက်တဲ့ အစီအမံတွေကို ဆောင်ရွက်ဖို့လိုကြောင်း၊ ဒီလို လုပ်ငန်းဆောင်ရွက်ရာမှာ နှစ်စဉ် ရင်းဂစ် ၂ ဒသမ ၄ ဘီလီယံ အသုံးပြုနေရကြောင်း ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

ဒီလို နှစ်စဉ်အသုံးပြုနေတဲ့အတွက် အသုံးစရိတ်တွေ သက်သာအောင် တခြားနည်းလမ်းတွေနဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင် လက်ရှိကုန်ကျနေတဲ့ အသုံးစရိတ်တွေကိုလျှော့ချနိုင်မှာဖြစ်ကြောင်း မလေးရှားဗဟိုဘဏ် (Bank Negare) ဒုတိယအုပ်ချုပ်ရေးမှူး ဒါတွတ်မိုဟာမက် အီဘရာဟင်က ပြောပါတယ်။

"ငွေပေးချေမှုနည်းလမ်း အမျိုးမျိုးအတွက် ကုန်ကျစရိတ်သက်သာဖို့နဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု အလားအလာရှိတဲ့ နယ်ပယ်တွေကို ဖော်ထုတ်နိုင်ဖို့အတွက် ဘဏ္ဍာရေးအဖွဲ့အစည်းတွေက သူတို့ရဲ့ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို အဆင့်မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်"ဟု နိုဝင်ဘာလ ၃ ရက်နေ့က ကွာလာလမ်ပူမြို့မှာ ကျင်းပတဲ့ "Payment System Forum and Exhibition 2015" ဖွင့်ပွဲ အမှာစကားပြောကြားရာမှာ သူက ပြောပါတယ်။

၂၀၁၄ ခုနှစ်အတွင်းမှာ ငွေသားနဲ့ရော ချက်နဲ့ပါ ငွေပေးချေမှုပြုလုပ်တဲ့အခါ ကုန်ကျစရိတ်အများကြီးနဲ့ ဆောင်ရွက်ခဲ့ရတဲ့ ငွေပေးငွေချေ ဆောင်ရွက်တဲ့ အကြိမ်ပေါင်း ၁၀၁ သန်းရှိခဲ့ကြောင်း မိုဟာမက်က ပြောပါတယ်။

## တတိယမြောက် ကယ်တင်မှုချေးငွေက မူလ စီစဉ်ထားတာထက် နည်းမယ်လို့ အီးစီဘီက ပြောကြား

ဥရောပဗဟိုဘဏ် အီးစီဘီက ဂရိဘဏ်များရဲ့ ကြံ့ခိုင်မှုစွမ်းရည်စစ်ဆေးချက်အရ မတည်ငွေရင်း ဖြည့်ဆည်းပေးဖို့ အနည်းငယ်လိုအပ်တယ်လို့ တွေ့ရှိခဲ့ရတဲ့အတွက် ယူရိုဇုန်ရဲ့ တတိယမြောက် အရန်ကယ်တင်မှုချေးငွေက မူလခန့်မှန်းထားတဲ့ ယူရို ၈၆ ဘီလီယံအောက် ကျဆင်းနိုင်ကြောင်း ယူရိုဇုန်ကယ်တင်မှုရန်ပုံငွေအဖွဲ့ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အောက်တိုဘာလ ၃၁ ရက်နေ့က အီးစီဘီ စစ်ဆေးချက်ရလဒ်များအရ မပေးဆပ်ရသေးတဲ့ ကြွေးကျန်မြင့်တက်မှုကို ပြည့်မီဖို့အတွက် ဂရိဘဏ်တွေက နောက်ထပ်လိုအပ်မယ့် ငွေကြေးက ယူရို ၁၄ ဘီလီယံသာ ရှိမယ်ဆိုတာကို တွေ့ရပါတယ်။

ကြွေးကျန်များကျန်ရှိနေတဲ့ အဓိကအကြောင်းရင်းမှာလည်း ဂရိလက်ဝဲအစိုးရနဲ့ အပြည်ပြည်ဆိုင်ရာ မြီရှင်တို့ ပြုပြင်ပြောင်းလဲရေးများနဲ့ပတ်သက်ပြီး အငြင်းပွားခဲ့ကြပြီးနောက် ကြွေးမြီပြန်လည် မပေးဆပ်နိုင်တဲ့ ဂရိလူမျိုးများနဲ့ ပြန်လည်ပေးဆပ်ဖို့ ဆန္ဒမရှိတဲ့ ဂရိလူမျိုးအရေအတွက် မြင့်မားလာလို့ဖြစ်ပါတယ်။

ဘဏ်များမှ ငွေထုတ်ယူမှုများကို ထိန်းချုပ်မှုများက စီးပွားရေးကို ကျပ်တည်းမှုဖြစ်စေတဲ့အတွက် ပြန်လည်ပေးဆပ်နိုင်မယ့် အနေအထားမရှိတဲ့ ချေးငွေပမာဏက ယူရို၇ ဘီလီယံ ထပ်မံမြင့်တက်ပြီး ယူရို၁၀၇ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။



## ခရီးသွားသံတမန်အဖြစ် ခန့်အပ်ခံရတဲ့ လီမင်ဟိုနဲ့ ဆိုဟွန်း

တောင်ကိုရီးယားနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဌာနဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူကြီးလူငယ်ကျားမမရွေးကြိုက် နှစ်သက်ကြတဲ့ မင်းသားချော လီမင်ဟိုနဲ့ မင်းသမီးချော ဆိုဟွန်းတို့ကို ခရီးသွားရာသီရဲ့ သံတမန်များဖြစ် ခန့်အပ်လိုက်တယ်လို့ ဆိုပါတယ်။

လီမင်ဟိုနဲ့ ဆိုဟွန်းတို့ဟာ ၂၀၁၆ ခုနှစ် ခရီးသွားရာသီကာလကနေ ၂၀၁၈ ခုနှစ်ခရီးသွားရာသီကာလအထိ ခရီးသွားသံတမန်များအဖြစ် တာဝန်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ တောင်ကိုရီးယားအစိုးရဟာ နိုဝင်ဘာလ ၆ ရက်နေ့ကစပြီး ခရီးသွားကာလအဖြစ် သတ်မှတ်ခဲ့ပါတယ်။

သံတမန်အသစ်နှစ်ဦးဖြစ်တဲ့ လီမင်ဟိုနဲ့ ဆိုဟွန်းတို့ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးဟာ ခရီးသွားလာရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာဖို့အတွက် အစီအစဉ်အမျိုးမျိုးကိုလည်း လုပ်ဆောင်ရမှာဖြစ်သလို ခရီးသွားမြှင့်တင်ရေးအတွက်လုပ်ဆောင်မယ့် အခမ်းအနားတွေ၊ ပွဲတော်မှာလည်း တက်ရောက်ဖျော်ဖြေပေးရမှာဖြစ်ပါတယ်။

အဲဒီပွဲတော်တွေအနက် ကေပေါ့ရဲ့ဂီတဖျော်ဖြေပွဲတွေအပါအဝင် ကေ ပေါ့အက ပြိုင်ပွဲများ၊ K-Smile ပြိုင်ပွဲများမှာလည်း အကဲဖြတ်ဒိုင်အနေနဲ့ ပါဝင်လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးဟာ ၂၀၁၈ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၊ ပြုံးချောင်းမှာပြုလုပ်မယ့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက်ကိုပါ အထူးသံတမန်အနေနဲ့ တာဝန်ယူပေးရမှာဖြစ်ပါတယ်။

## စပိုက်ဂဲလ်အဖွဲ့နဲ့ ပူးတွဲသီချင်းဆိုချင်တဲ့ Little Mix

ဗြိတိသျှပေါ့ပ်အမျိုးသမီး အဆိုတော်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Little Mix အဖွဲ့ဟာ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က ထင်ရှားကျော်ကြားခဲ့တဲ့ စပိုက်ဂဲလ် (Spice Girls) အဖွဲ့ဝင်တွေနဲ့ပူးတွဲပြီး သီဆိုမှုတွေ ပြုလုပ်ချင်တယ်လို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။

Little Mix အဖွဲ့မှာပါဝင်တဲ့သူတွေကတော့ ပယ်ရီအက်ဒဝပ်၊ ဂျေဆီနီလ်ဆင်၊ဂျိတ်သီရ်ဝဲလ်နဲ့ အန်နီပီနော့တို့ပဲဖြစ်ပါတယ်။

သူတို့လေးဦးဟာ လာမယ့် ၂၀၁၆ ခုနှစ်အစပိုင်းမှာ ဂီတဖျော်ဖြေပွဲခရီးစဉ် တစ်ခုကို ပြုလုပ်ဖို့ရှိနေတာကြောင့် အဲဒီခရီးစဉ်မှာ စပိုက်စ်ဂဲလ်အဖွဲ့က အဖွဲ့ဝင်တွေအားလုံးနဲ့အတူတူ သီဆိုဖျော်ဖြေ ချင်တာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် သူတို့အဖွဲ့ဟာ စပိုက်စ်ဂဲလ်အဖွဲ့ဝင်တွေကို ပြန်လည်စည်းလုံး စေချင်တဲ့ဆန္ဒနဲ့ အခုလိုပြောကြားရ တာဖြစ်တယ်လို့ Little Mix အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ပယ်ရီအက်ဒဝပ်က ပြောကြားခဲ့ပါတယ်။

Little Mix အဖွဲ့ဟာ စပိုက်စ်ဂဲလ်အဖွဲ့က သီဆိုတဲ့ Wannabe ဆိုတဲ့သီချင်းကို ကြိုက်နှစ်သက်တဲ့အတွက် အဲဒီသီချင်းကို သီဆိုဖျော်ဖြေရင်းက လူသိများလာခဲ့ရတာဖြစ်တယ်လို့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ဂျိတ်သီရ်ဝဲလ်က ဒေးလီးစတားသတင်းကို ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက စပိုက်စ်ဂဲလ်အဖွဲ့ ပြန်လည်ပေါင်းစည်းတော့မယ်ဆိုတဲ့သတင်းကို ကြားရတဲ့အတွက် အလွန်ပဲဝမ်းသာမိပေမယ့် စပိုက်စ်ဂဲလ်အဖွဲ့မှာ ဗစ်တိုးရီးယားမပါဝင်တော့ဘူးဆိုတဲ့အတွက်လည်း ဝမ်းနည်းမိပါတယ်လို့ Little Mix အဖွဲ့သားတွေက ပြောကြားခဲ့ပါတယ်။



## ငလျင်ဒဏ်ခံစားခဲ့ရတဲ့ နီပေါနဲ့ ပါပူဝါနယူးဂီနီနိုင်ငံတွေကို သွားရောက်ခဲ့တဲ့ ဒေးဗစ်ဘက်ခမ်း

အင်္ဂလန်နိုင်ငံရဲ့ ဘောလုံးသူရဲကောင်းတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းဟာ ငလျင်ဒဏ်ခံစားခဲ့ရတဲ့ နီပေါနဲ့ ပါပူဝါနယူးဂီနီနိုင်ငံတွေကို သွားရောက်ပြီး ငလျင်ဒဏ်ခံစားခဲ့ရတဲ့ပြည်သူတွေကို အားပေးနှစ်သိမ့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။



နိုဝင်ဘာလ ၆ ရက်က နီပေါနိုင်ငံကို သွားရောက်ခဲ့တဲ့ ဒေးဗစ်ဘက်ခမ်းဟာ နီပေါနိုင်ငံရဲ့ ငလျင်ဒဏ်ခံစားခဲ့ရတဲ့ မြို့တစ်မြို့ဖြစ်တဲ့ Bhaktapur မြို့ရှိ Bhaktapur Durbar Square မှာ ကျောင်းသားလူငယ်တွေနဲ့အတူ ဘောလုံးကစားခဲ့ပါတယ်။

နီပေါနိုင်ငံမှာ ပြီးခဲ့တဲ့ ဧပြီလအတွင်းက လှုပ်ခတ်ခဲ့တဲ့ငလျင်ကြောင့် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများသာမက စိတ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများနဲ့ပါ ရင်ဆိုင်နေရပါတယ်။

ဒါကြောင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ရဲ့ စေတနာ့ဝန်ထမ်း သံတမန်တစ်ဦးဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းဟာ နီပေါနိုင်ငံရဲ့ ငလျင်ဒဏ်ခံစားရတဲ့ဒေသက ကလေးငယ်တွေဆီကို အရောက်သွားပြီး အားပေးနှစ်သိမ့်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဘက်ခမ်းဟာ နီပေါနိုင်ငံမှာ ကလေးငယ်များနဲ့အတူ ဘောလုံးကစားခြင်း၊ စားပွဲတင် တင်းနစ်ကစားခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် ဘက်ခမ်းဟာ ပါပူဝါနယူးဂီနီနိုင်ငံကိုလည်း သွားရောက်ခဲ့ပြီး အဲဒီနိုင်ငံက ကလေးငယ်များနဲ့အတူ ဘောလုံးသရုပ်ပြသကစားခဲ့ပါတယ်။ သူဟာ တောင်အာရှဒေသမှာရှိတဲ့ သဘာဝဘေးအန္တရာယ်ခံစားနေရတဲ့ နိုင်ငံကြီး ခုနစ်နိုင်ငံကို သွားရောက်ပြီး ဘေးဒုက္ခရောက်နေတဲ့ကလေးငယ်တွေကို အားပေးနှစ်သိမ့်မှုတွေ ပြုလုပ်ပေးသွားမယ်လို့ ဆိုပါတယ်။

## နှစ်သစ်ကူး ဂီတဖျော်ဖြေပွဲအတွက် အဆင်သင့်ဖြစ်နေတဲ့ PSY

Gangnan Style သီချင်းနဲ့ ကမ္ဘာတစ်လွှားအောင်မြင်ကျော်ကြားခဲ့တဲ့ PSY ဟာ သူ့ရဲ့ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်သီချင်းအယ်လ်ဘမ်ကို ထွက်ရှိတော့မှာဖြစ်တယ်လို့ ကြေညာလိုက်ပါတယ်။ တေးသီချင်းသစ်ရဲ့အမည်ကို ထုတ်ဖော်ပြောကြားခြင်းမပြုသေးပေမယ့် သူ့သီချင်းသစ်ကို ဒီဇင်ဘာ ၁ ရက်မှာစတင်ဖြန့်ချိမှာဖြစ်တယ်လို့ ဆိုပါတယ်။ သူ့ရဲ့သီချင်းသစ်ထွက်ပြီးချိန်မှာ သူဟာ ဂီတဖျော်ဖြေပွဲတစ်ပွဲကိုပြုလုပ်မှာဖြစ်ပါတယ်။ဖျော်ဖြေပွဲကို သုံးရက်ကျင်းပမှာဖြစ်ပြီး ခရစ္စမတ်ပွဲတော်မကျင်းပမီ တစ်ရက်အလိုကစပြီး ကျင်းပမှာဖြစ်ပါတယ်။

အဲဒီဂီတဖျော်ဖြေပွဲကို ဆိုးလ်မြို့မှာရှိတဲ့ ကျွမ်းဘားအားကစားရုံမှာ ကျင်းပမှာဖြစ်ပါပြီး ဒီပွဲကို PSY & All Night Standလို့ အမည်ပေးထားကာ ခရစ္စမတ်ပွဲတော်မှာ အားလုံးပျော်ရွှင်ကြဖို့ ရည်ရွယ်ပြီး ကျင်းပပေးတာဖြစ်တယ်လို့ ဆိုပါတယ်။ PSY ဟာ သူ့ရဲ့ဂီတဖျော်ဖြေပွဲအတွက် လက်မှတ်တွေကို နိုဝင်ဘာလ ၁၀ ရက်နေ့က စတင်ပြီး ရောင်းချမှာဖြစ်ပါတယ်။ ဂီတဖျော်ဖြေပွဲအတွက် ကြော်ငြာကို ကိုရီးယားရိုးရာဝတ်စုံနဲ့ သိုင်းကွက်နင်းထားတဲ့ ပုံစံမျိုးနဲ့ရိုက်ကူးပြီး ကြော်ငြာခဲ့တာကြောင့် ကိုရီးယားပြည်သူတွေ အားလုံးက သဘောကျနေကြတယ်လို့ ဆိုပါတယ်။



# The Commerce Journal

## တွင်

## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာခနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅"× ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅"× ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅"× ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |





**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) – ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် – ၀၁–၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

# COMMERCE INTERNATIONAL

# အိန္ဒိယက ပဲတန် ၁၀ သန်း တင်သွင်းဖို့ လိုအပ်မည်



ပြည်တွင်းထုတ်လုပ်မှုနဲ့ စားသုံးမှု ကွာဟချက်ဖြစ်နေတာကို ပေါင်းကူးပေးမယ်ဆိုရင် အိန္ဒိယနိုင်ငံက ပဲတန် ၁၀ သန်းတင်သွင်းရမှာဖြစ်တဲ့အတွက် ဒီ တာဝန်က အစိုးရအတွက်ကြီးမားတဲ့ တာဝန်တစ်ရပ်ဖြစ်ကြောင်းအိန္ဒိယ ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း Assocham ရဲ့လေ့လာချက် စစ်တမ်းကိုကိုးကားပြီး သည် ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

"၂၀၁၅ -၁၆ ခုနှစ်မှာ မိုးနည်းလိမ့်မယ်လို့ ခန့်မှန်းထားတာကြောင့် ဒီနှစ်အတွက် ပဲထုတ်လုပ်မှုက တန် ၁၇ သန်းထိ ကျဆင်းနိုင်တဲ့အတွက် ၂၀၁၄-၁၅ ခုနှစ်ကထွက်ရှိခဲ့တဲ့ ပမာဏနဲ့ နှိုင်းယှဉ်ရင် အနည်းငယ်ကျဆင်းတာကိုတွေ့ရပါတယ်။ တိုးလာမယ့် ဝယ်လိုအားကိုပါ ထည့်သွင်းတွက်ချက်မယ်ဆိုရင် ပဲစုစုပေါင်း တန် ၁၀ ဒသမ ၁ သန်းလောက် ပြည်ပကနေ တင်သွင်းရမယ့် အခြေအနေရှိပါတယ်" လို့သတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ကမ္ဘာ့ရောင်းလိုအား ကျဆင်းနေချိန်ဖြစ်တဲ့အတွက် ယခုနှစ်အတွင်း ရောင်းလိုအားနဲ့ ဝယ်လိုအား ကွာဟချက်ကို ဖြည့်ဆည်းရာမှာ အခက်အခဲတွေ့နိုင်ပါတယ်။

"ဒီနှစ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ ကျွန်တော်တို့ ရုန်းကန်လှုပ်ရှားနေတဲ့ အချိန်မှာ အခြေခံအစားအစာတွေရဲ့ ဈေးနှုန်းတွေက မိုးထိအောင်ထောင်တက်နေတဲ့အတွက် ဆိုးရွားတဲ့ဂေဟစနစ်နဲ့ ဆိုးရွားတဲ့လမ်းကြောင်းတွေဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီလိုဖြစ်လာရင် အစားအစာ ဈေးနှုန်းတွေမြင့်တက်ပြီး ငွေကြေးဖောင်းပွမှု နှုန်းလည်းမြင့်တက်စေနိုင်ပါတယ်လို့ Assocham အထွေထွေ အတွင်းရေးမှူး မစ္စတာဒီအက်စ်ရာဝတ်က ပြောပါတယ်။

အိန္ဒိယနိုင်ငံအတွင်းရှိ မိုးပဲစိုက်ပျိုးထုတ်လုပ်တဲ့ဒေသများအနက် မဟာရသျှတ္တရက အကြီးဆုံးဒေသဖြစ်ပြီး ကာနာတာကာ၊ ရာဂျက်စသန်၊ မဒ္ဒရာပရာဒေ့ရှ်နဲ့ ဥတ္တရာပရာဒေ့ရှ် ဒေသတို့ကလည်း ထင်ရှားတဲ့ ဒေသတွေဖြစ်ပါ တယ်။ ဒီပြည်နယ်ငါးခုရဲ့ ပဲစိုက်ပျိုးထုတ်လုပ်မှုက တစ်နိုင်ငံလုံးစုစု ပေါင်းစိုက်ပျိုးထုတ်လုပ်မှုရဲ့ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ ဒီပြည်နယ်ငါးခုမှာလည်း ရာသီဥတုနဲ့ ဆက်နွယ်ပြီး ဖြစ်ပေါ်နေတဲ့ပြဿနာတွေရှိနေတာကြောင့် ထုတ်လုပ်မှုကို ထိခိုက်လျက်ရှိပါတယ်။

ပြည်တွင်း ပဲ လိုအပ်ချက်ကိုဖြည့်ဆည်းရေးက ကြီးမားတဲ့ ပြဿနာ တစ်ရပ်ဖြစ်ပြီး ပြည်ပမှ တင်သွင်းရေးကိစ္စကလည်း စိန်ခေါ်မှုတစ်ခုလိုဖြစ်နေပါတယ်။ ထွက်ရှိသမျှလေးနဲ့ လောက်လောက်ငှငှဖြစ်အောင် ဖြန့်ဖြူးရေးကမူဝါဒရေးဆွဲသူတွေအတွက် ခေါင်းခဲစရာဖြစ်စေနိုင်ပါတယ်။ ဒါကြောင့်ဈေးနှုန်းထိန်းချုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရတွေအတွက် အခက်အခဲရှိစေနိုင်ပါတယ်။ **UNT**


စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်မာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တုရင့်ခေါင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၄၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၄၄ x ၄၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၄၈၀၊၀၂-၃၀၄၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< October And November Sailing Schedule >>

DATE : 9th November 2015
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | 9.10.2015 | | | | 10.10.2015 | 11.10.2015 | | | | 19.10.2015 | 23.10.2015 | |
| | S/O CUT | | | | 5.10.2015 | | | | 6.10.2015 | 7.10.2015 | | | | | | |
| MV.HOEGH CHENNAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | 27.10.2015 | 25.10.2015 | | 28.10.2015 | 29.10.2015 | | | | | 10.11.2015 | |
| | S/O CUT | | | | | 23.10.2015 | 21.10.2015 | | 24.10.2015 | 25.10.2015 | | | | | | |
| MV.CITY OF MUMBAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | 8.11.2015 | | | 9.11.2015 | 10.11.2015 | | 4.11.2015 | | | 25.11.2015 | |
| | S/O CUT | | | | | 4.11.2015 | | | 5.11.2015 | 6.11.2015 | | | | | | |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | 26.11.2015 | | | | 25.11.2015 | 24.11.2015 | | 29.11.2015 | | 8.12.2015 | 12.12.2015 | |
| | S/O CUT | | | | 22.11.2015 | | | | 23.11.2015 | 20.11.2015 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။